ရွှေသွေးပေါင်းချုပ်

အတွဲ ၆၊ အမှတ် ၁၄၂ ၂၆ ထိ

ရွှေသွေး ဂျာနယ်ဝ

၁၃၃၅ - ခု၊ မြှာသိုလဆန်း - ၁၃ - ရက်၊ စနေနေ့

(၅ - ၁ - ၇၄)

ပုဂ္ဂ - ကြိမ်မြောက်
ကျွတ်လပြည့်ရောနေ့
နှင့် - ဒေ - နှစ်မြောက် ရွှေသွေး
ဂျာနယ်ကို ကျော

စနေနေ့တိုင်း ထုတ်ဝေသည်။

လွတ်လပ်ခြင်း အထိုရဝတ်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ကျော်ဘုန်း

၂၇ ကြိမ်မြောက် လွတ်လပ်ရေးနေ့သို့ ရောက်ရန် ၂ ရက်သာလိုပါတော့သည်။ ဦးဘအောင်တို့ ရပ်ကွက်တွင် လှုပ်လှုပ်ရှားရှားရှိကြ၏။

ရပ်ကွက်ကော်မတီရုံး အဆောက်အအုံတွင်

ရုံးခြံဝင်းပေါက်နားရှိကား

ရပ်ကွက်ထဲတွင်လည်း ရပ်ကွက် လူကြီးများက တအိမ်တက်ဆင်း လှည့်၍ -

ထိုအခိုက် ဦးဘအောင် အိမ်မြန်လာစဉ် -

လမ်းတွင် ရပ်ကွက်လူကြီးများနှင့် တွေ့ရာ

ဒီလိုလဲ ဘယ်ဟုတ်မလဲ - ဦးဆအောင်ရဲ့ လွတ်လပ်ရေးနေ့ဆိုတိုင်း အလကားနေလို့ တယ်ဖြစ်ပါ့မလဲ...

အေးလေများ ကြည့်လို့ပါ ကြတာပေါ့!

လွတ်လပ်ရေးနေ့တွင် မိုးလင်းစ ကထဲက

ပြေးခုန် ကစားကြတော့၏။

သို့သော် ဦးဘအောင်တယောက် ပေါ်မလာ ချေ။

ဟာကွာ- ဘကြီးဦးဘအောင် ဘယ်များ ရောက်ရော မြန်လို့ မည်ဘူး

ကြေးဝိုင်းပေါင်း

မိုးဟ ဒိုးဒါး

အေးဟယ်- ဘကြီးဦးဘအောင် ကလဲ- ဒီနေ့မှ ပေါ်မလိုဘူး

အိကြာကွေ့ ပျာပျာ နွေးနွေး

ကျီးဒိုးဒယိုင် ဆိုတာပဲ

တရုတ် ဟြား-

နေလယ်ပိုင်းသို့ ရောက်ပြီး တရပ်ကွက်လုံး လုပ်အားပေးရန် ထွက်လာကြစဉ်—

အသံဩဇာကြီးဖြင့် တကိုယ်တော် တေးသံ တခု ပေါ်လာပါတော့သည်

ဦးဘအောင်သည် အရက်မူးလာပြီး



လုပ်အားပေးသူတို့ကို နှောင့်ရှက်တော့၏။

မကြာမီ ပြည်သူရဲများ ရောက်လာပြီး ဖမ်းဆီး
သွားကာ ချုပ်ထားလိုက်လေ၏။

အမူးပြေ၍ နိုးလာသောအခါ

ဒါကြီးလွန်ပေါ်

သူဟာ နည်းနည်းပါးပါးဘဲ ချွတ်တတ်ထော့ ပုံကောင်းကောင်း ချွတ်နိုင်ဘို့ရာ အတော် အခက်အခဲတွေ့နေတယ်။

မျောက်ညိုလေးဟာ သူအတွက် အင်္ကျီတထည်ချုပ်ဖို့ ကြိုစည်နေတယ်။

မျောက်ညိုလေးဟာ အပြင်ကို ပြေးထွက်လာတယ်။

ပထမဆုံး ဖိုးဆင်နှင့် တွေ့တယ်။

နောက် ကိုခြင်္သေ့နှင့် တွေ့တယ်။

သစ်ကုလားအုပ်ကြီးကတော့

ဝက်ပုလေးနှင့် တွေ့တဲ့အခါကျတော့လဲ

မျောက်ညိုလေးဟာ အိမ်ကိုပြန်လာပြီး သူ့အင်္ကျီ
စကို ချုပ်တော့တယ်။

မျောက်ညိုလေးဟာ အင်္ကျီပြီးသွားတာနဲ့ ဝတ်
ပြီး ရွာထဲကို ထွက်လာတယ်။

သူယေးချင်းတွေက သူ့ကို ဝိုင်းဟားတယ်။

ကြက်တွေ၊ ဘဲတွေက သူ့ကိုမြင်တော့ ကြောက်
လန့်ပြီး ထွက်ပြေးကြတယ်။



ခွေးတွေကလဲ ဝိုင်းဟောင်ကြတယ်။

ဟိုခွေး ဟိုခွေး

ဟတ်ဟတ်

ဟတ်ဟတ်

နွားသိုးကြီးကတော့ မျက်စိနောက်ပြီး ခွေလိုက်တယ်။

မျက်စိ နောက်လှတာ ကဲကွာ

အမလေး ဟု

မျောက်ညီဟာ အရှိန်နဲ့ မြောက်တက်သွားပြီး သူ့အိမ်ခေါင်မိုးကတဆင့် အိမ်ထဲကို ကျသွားတယ်။

အား

ဟဲ့၊ ဟုတ္ထေါ့-ဟင် အဟက်ကိုဖြစ်လာတာလဲ သားရယ်

မျောက်ညီက သူ့အမေကို အကြောင်းစုံ ပြောပြလိုက်တယ်။

ဟားဟား-သားအာဂ်ကြီးပုံကိုလဲ ပြန်ကြည့်ဦးဗျ၊ မေမေကြောင် မျက်စေ့ရှုပ်လာပြီ

ဟျာ

သားလဲ သူငယ်ချင်းတွေ အိုက အကြံကောင်းကြီးမှ သူတို့အကြံက လိုက်ချည် တာဘဲတာ

သူတို့အကြံကတော့ ဟုတ်တာပေါ့၊ ဒီမေမေ့သားက အတုခိုးတွေးတော့ ကိုယ်နဲ့ သင့်မှာင့်မတွေးစားနိုင်ကောင်းပါ့

ဟုတ်တယ် ငါ့ကြောင့် အကြီးတစ်ဆူးရတာ ဘဲ-ဟင်း

လူသုံးပစ္စည်းများ

ရှေးဦးလူများ အဝတ်အထည်နှင့် မြေတွင်းဖိနပ်အစရှိသော အသုံးပြုကြောင်း။

တိရစ္ဆာန်တို့၏အရေခွံ သို့မဟုတ် သားရေကို လူတို့သည် မပျက်မစီးရအောင် စီမံခဲ့ကြရုံမက နူးညံ့ပျော့ပျောင်း၍ နှစ်ပေါင်းများစွာ တာရှည်အသုံးပြုနိုင်အောင် ပြုပြင်ခဲ့ကြလေသည်။

ရှေးဦးကာလ လူများ အတွင်း၌ နေထိုင်သော သူတို့သည် သတ်ဖြတ်၍ ရရှိခဲ့သော သားကောင်တို့၏ အရေခွံများကို မပျက်စီးရအောင်ပြုပြင်၍ ခြေစွပ်အဖုံးများနှင့် အဝတ်အထည်အဖြစ် အသုံးပြုခဲ့၏။ အီဂျစ်လူမျိုးတို့သည် တိရစ္ဆာန် အရေခွံတို့ကို အခိုင်အခဲ့ သုံးစွဲနိုင်ရန် ပြုပြင်စီမံ၍ ထားရှိခဲ့ရာ နှစ်ပေါင်း ၃၀၀၀ ကျော်လာသည့် ယနေ့တိုင်အောင် ပကတိ ကောင်းမွန်စွာ တွေ့ရှိရ၏။ ဗက်ဗီလုံးနိုးယန်း လူမျိုးတို့သည်လည်း သားရေကို ပြုလုပ်ခဲ့သည်။ ယနေ့အသုံးပြုနေသော သားရေ နယ်နည်းသည် ဟီဗရူးများက စတင်၍ ဖော်သွားခဲ့သော နည်းဖြစ်၏။

မြောက်အမေရိကတိုက်မှ အင်ဒီးယန်း လူမျိုးတို့သည် ယင်းတို့ထက် ရှေးကျသော လူများ၏ လုပ်ကိုင်ပုံနည်းကိုယူ၍ သမင် ဒရယ်တို့၏ အရေခွံကို သားရေ ပြုလုပ်ခဲ့လေသည်။ သူတို့သည် ဦးစွာခွာယူထားသော အရေခွံများကို တခုပေါ်တခုထပ်၍ စုပုံထား၏။ ထိုသို့ စုပုံထားသဖြင့် အသားမျင်တို့သည် ဆွေးမြည့် ကာ ရိ၍ ကျလာလေသည်။ အရေခွံ၏ အတွင်းပိုင်း အသားများကိုမူ ခြစ်၍ ချရ၏။ အသားစင်သွားသော အရေခွံကို တိရစ္ဆာန်တို့၏ ဦးနှောက်နှင့် အဆီများဖြင့် ဖိသိပ်ကာ နယ်ပေးလေသည်။ ထိုနယ်ပြီးသော အရေခွံကို နောက်ဆုံး မှိုင်းတိုက်ပေး၏။ သို့ဖြင့် ပျော့ပျောင်း၍ ကောင်းမွန်သော သားရေကို ရရှိလေတော့သည်။

တိရစ္ဆာန်တိုင်း၏ သားရေစိမ်းနှင့် အရေခွံ တို့ကို

ဘတွက် သားရေ စိုးလွင်မြင့်

သားရေအဖြစ် နယ်ကာ ပြုပြင်နိုင်၏။ သားရေနယ်ရန် အကောင်းဆုံးမှာ ကျွန်းတို့၏သားရေစိမ်းပင်ဖြစ်သည်။ သို့သော် သိုးနှင့်ဆိတ်တို့၏ အရေခွံများကိုလည်း သားရေအဖြစ် အများအပြား ပြုလုပ်ကြ၏။ အခြားမြေ၊ မိကျောင်းနှင့် ဖွတ်သားရေတို့ကိုလည်း လူများအသုံးပြုကြ၏။ ငမန်းနှင့် ဂုက်ကလားအုပ်တို့၏ အရေခွံတို့ကိုလည်း သားရေအဖြစ် နယ်ကာ ပြုပြင်ကြ၏။

ယခုအခါ၌ ရှူးနှင့်အခြားဖိနပ် အမျိုးမျိုးကို ပြုလုပ်ရန်သားရေကို အများဆုံး အသုံးပြုကြ၏။ သို့သော် အခြား အသုံးအဆောင် လုပ်ငန်းတို့တွင်လည်း သားရေသည် လွန်စွာ အရေးပါကြောင်း တွေ့ရသည်။ ဓာတ်အားပေး စက်ရုံများ၌ ခါးပန်းကြိုးအဖြစ်ဝင်း၊ မြင်းကကြိုးတန်ဆာနှင့် မြင်းကုန်းနီး ပြုလုပ်ရာ၌ဝင်း၊ လက်ဆွဲအိတ်၊ လက်စွပ်အိတ်၊ ခြောက်လုံးပူးအိတ်၊ သေတ္တာ၊ အုန်းဖုန်၊ မွေရာခင်း၊ ဂျာကင်နှင့် အဝတ်အထည်များ ပြုလုပ်ရာ၌ဝင်း အသုံးပြုလေသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့သားရေထုတ်လုပ်သော နိုင်ငံများတွင် ဦးဆောင်နိုင်ငံ ဖြစ်လေသည်။





တနေ့ ဇော်ဇော်၊ ငထွေးနှင့် နီလာတို့ ကျောင်းမှ ပြန်လာကြရာ

သို့ဖြင့် ကျောင်းဝိတ်ရက် ရောက်သော်

သူတို့ လျှောက်လာကြစဉ်

ဟိုမှာ မင်းမေမေ
အာ ဘယ်ကလာ ငါ့မေမေရဲ့မှာလဲ၊ ငါ့မေမေက ဈေးလျှောက်ရောင်းနေတယ်ကွ တောက် ငါက တကယ်မှတ်လို့ မျက်ဦးတောင်းရအောင် လိုက်လာတာ ဟွန်း
ထိုကြောင့်
ကျမတို့လဲ လိုက်ရှာတာပေါ့ မတွေ့ဘူး
ရှာမနေကြပါနဲ့တော့ကွယ်... ငါတွေတော့မှာ မှတ်ပါဘူး၊ ဟီးဟီး ဒီခလေးတွေ ဘယ်သိတွေမှားလျှောက်သွားနေတယ် မယိပါဘူး
ဟွန့်... ငါ့အားနဲ့သမီးကို ဘယ်သူတွေနိုးထားကြသလဲဟေ့... ဟီဟီ... အိပ်ခိုန်းကပဲကြီးပဲနှစ်ရက်လို အိပ်ခိုန်းကပဲကြီး ပဲနှစ်ရက်လို... တွန့်ခိုင်တဲ့နှယ်
ဟာ ဟင် အိုး...
ထိုစဉ် လျှောက်လာသော လူကြီးတယောက်က
ဒီအဘိုကြီးက ရူးနေတာကွဲ့ တလောက ဟိုဘက်ကမ်းကို သမ္မဒိန့်အားလမ်းမှာ သမ္မဒိန် မြောက်ကြီးဟူသောနဲ့ သမီးကလေး ရေနစ်ကြီး ဆုံးသွားကတဲ့က ခုလို မိတ်ဆွေကသွားတာကို... အင်း ကိုးလကျော်ဆယ်လများခဲ့ရတာကိုး၊ မိခင်မေတ္တာဆိုတာ ကြီးမားသားကလားကွယ်...
ဟေ့... အားစာမကျက်ဘဲ ဘာလို့မေမေ့ကို ဒီလောက်တောင် ချစ်ကြည်နှူးရတာတုံးကွ...
ဖြောင်... ဒို့လယ်က အရွာမကြီးအကြောင်း တွေးမိတိုင်း မိခင်မေတ္တာကြီးမားပုံကို စဉ်းစားမိတတ်ပါ မေမေ...
ဇွီး
ဇော်ဇော်၏နားထဲတွင် လူကြီးပြောသွားသော စကားများကို ဖျောက်ဖျက်၍ မရတော့ပေ။
မိခင်မေတ္တာဆိုတာ ကြီးမားသားကလားကွယ်...

ပင်လုံကျောက်တိုင်



၍ မော်ကွန်းကျောက်တိုင် ပေါ်ပေါက် လာရခြင်းမှာ ၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပခဲ့သော ပင်လုံညီလာခံကြီးကြောင့် ဖြစ်လေသည်။

ဗြိတိသျှနယ်ချဲ့၏ပရိယာယ်အမျိုးမျိုးဖြင့် သွေးခွဲမှုကြောင့် ပြည်နယ်နှင့်ပြည်မ သွေးကွဲခဲ့ကြရသည်။ တိုင်းရင်းသား အချင်းချင်း မညီမညွတ် ဖြစ်ခဲ့ရသည်။ ထိုသို့သောအခြေအနေမှ ဥမတွဲသိုက်မပျက် ညီညွတ်စည်းလုံးသော ပြည်ထောင်စုကြီး ဖြစ်လာရေးကို ရှေ့ရှုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင် ၂၂ ဦးတို့သည် ပင်လုံမြို့တွင်တွေ့ဆုံကာ စာချုပ်ချုပ်ဆိုခဲ့သည်။ ခေါင်းဆောင် ၂၂ ဦးမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ခွန်ပန်းစိန်၊ စဝ်ရွှေသိုက်၊ စဝ်ဟုံဖ၊ စဝ်နွဲ၊ စဝ်ထွန်းအေး၊ ခွန်ပန်း၊ ဦးဘင်အေး၊ ဦးကြာပု၊ စဝ်ယစ်ဖ၊ ဆမားဒူးဝါဆင်ဝါးနောင်၊ ဒူဝါဇော်ရစ်၊ ခွန်ထီး၊ ဦးထွန်းမြင့်၊ ခွန်စော၊ ဦးဖြူ၊ တန်ရဒေါင်၊ ဒူဝါဇော်လွန်း၊ လဘန်းဂရောင်း၊ ဦးလှမောင်၊ ဦးသောင်ဇာခုတ်၊ ဦးဝမ်းကိုဟောတို့ ဖြစ်ကြသည်။

ညီလာခံ ကျင်းပသောနေ့ကို ပြည်ထောင်စုနေ့ အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ခဲ့လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

သက်သေ ရှိပါတယ်

ထွန်းအုံသည် အသက် ကိုး နှစ်မျှသာရှိသေးသည်။ သို့သော် စာ အလွန် ဖတ်သူ ဖြစ်၏။ ကျောင်းမနေမီ စာမတတ်မီက ပင် စာအုပ်တွေ့လျှင် အငမ်းမရ ဆွဲလှန်တတ်သူ ဖြစ်၏။ ယခု စတုတ္ထတန်း ရောက်ပြီ။ စာ လည်း ဒေါင်ဒေါင်ပြေးအောင် ဖတ်တတ်ပြီ ဖြစ်ရာ ဖတ်လိုက် သည့်စာမှာ မေမေကော ဖေဖေ ပါ ညည်းယူရ လောက်၏။ "နံနက် သတင်းစာ ရောက်ပြီ ဟေ့" ဟုဆိုလျှင် သူကဦးအောင် ယူပြီးဖတ်လေ့ရှိ၏။ ထို့ကြောင့် ဖေဖေက သူအတွက် ရွှေဆောင် လူငယ်၊ တေဇ၊ ရွှေသွေး စာ စောင်များကို အပတ်စဉ် လစဉ် မပျက် ဝယ်ပေးရ၏။

ထွန်းအုံသည် စာအုပ်နှင့် ပတ်သက်လာလျှင် အလွန်စနစ် ကျသည်။ စည်းကမ်း ရှိသည်။ ကျောင်းစာအုပ်က အစ စနစ် တကျ သန့်သန့် ရှင်းရှင်း ကိုင် တွယ်လေ့ရှိ၏။ သူစာအုပ်များ ညစ် ပတ် မည်၊ စုတ် ပြဲ မည်၊ ပျောက်ရှမည်ကိုအလွန်စိုးရိမ်သူ ဖြစ်သည်။ ထို့ကြောင့် သူစာ အုပ်တိုင်းတွင် သူ နာမည်လေး ကို မမေ့မလျော့ ရေးထားတတ် ၏။ ရွှေဆောင်လူငယ်၊ တေဇ၊ ရွှေသွေး ဂျာနယ် တို့ကိုလည်း အတွဲလိုက်ချုပ်ထား၏။ နောက် မည်သူကိုမျှ လက်ဆင့်ကမ်းပြီး ပေးမငှားချေ။ သူ့ရွေ့ မှာသာ ဖတ်ခွင့်ပြုသည်။ သူမျက်ကွယ် သို့ ယူဆောင်သွားခွင့် မပြုချေ။ ဤမျှအထိ ထွန်းအုံသည် စာ အုပ်နှင့်ပတ်သက်လာလျှင် စည်း ကမ်းရှိသည်။ ရိုသေသည်။ သူ စာအုပ်တွေနှင့် ပတ်သက်၍ မ ကြာခဏပင် သူအစ်ကို ထွန်း ဝင်း နှင့်လည်း ရန်ဖြစ် ရ၏။ အစ်မ အေးအေး နှင့်လည်း တ ကျက်ကျက်။

လွန်ခဲ့သည့် အပတ်ထဲကပင် အေးအေးနှင့်ထွန်းအုံ ရန်ဖြစ်ခဲ့ရ သေး၏။ အေးအေးသည် ထွန်း အုံ့ မသိအောင် သူသူငယ်ချင်း ဖြူဖြူအား ခြောက်အုပ်တဲ့ ချုပ် ထားသော ရွှေဆောင် လူငယ် တစ်ခဲ့ကို ငှားလိုက်၏။ ထွန်းအုံ့ သည် သိလျှင်သိချင်း ဒေါသ ကြီးလေတော့သည်။

"ငါ့စာအုပ်တွေပြန်တောင်း ပေး။ ခု သွားတောင်း။ မ တောင်းယင် ခားနဲ့ကိုခုတ်သတ် ပစ်မယ်"

ထွန်းအုံ့ ၏ ဘီလူးကြိမ်း ကြိမ်းသံသည် တအိမ်လုံးဆူညံ နေ၏။ မေမေနှင့် ဖေဖေက ဖျောင်းဖျ သော်လည်း မရ။ နောက်ဆုံး အေးအေးကိုယ်တိုင် ဖြူဖြူ့အိမ်သို့ သွားပြီး စာအုပ် တွေ ပြန်ယူလာခဲ့ရ၏။ ထို့နေ့မှ စ၍ ထွန်းအုံ့သည် သူစာအုပ် မှန်သရွေ့ကို မည်သူ့ကိုမျှ ထိခွင့် မပြုတော့ချေ။

"သားကလဲကွယ်- အမတွေ အကိုတွေကိုလဲ ပေးဖတ်မှပေါ့ ကွဲ့။ သူတို့လဲ ဖတ်ချင်မှာပေါ့"

ဖေဖေက ကြားဝင် ဖျောင်း ဖျသော်လည်း ထွန်းအုံ့က မမှု၊ ခေါင်းလေးကိုသာ ခါယမ်းပြ လိုက်၏။

"ဟင့်အင်း– သားစာအုပ် ဆိုယင် ဘယူမှမထိရဘူး။ မမ နဲ့ကိုကိုလဲ မထိရဘူး။ ဖေဖေနဲ့ မေမေလဲ မထိရဘူး"

× × ×

ထွန်းအုံသည် အကြီး အကျယ် အံ့သြနေရလေပြီ။

ယနေ့ထုတ် သတင်းစာပါ သတင်းတပုဒ်သည် သူအတွက် အလွန်အံ့သြစရာကောင်းနေ၏။ ဤသတင်းနှင့်အတူ သူနှင့် ရွယ်တူခန့်ရှိဦးမည့် မိန်းကလေးတဦး၏ဓာတ်ပုံ သည်လည်း အလွန် စိတ်ဝင်စားဖို့ ကောင်းသည်။ ဓာတ်ပုံ အောက်တွင် စာလုံးမဲသေးသေးလေးနှင့် ရေးထား သော စာကြောင်း သုံးလေး ကြောင်းကို သူသည်ထပ်ကျော့ ပြန်ဖတ်မိပြန်၏။

"ရန်ကုန်မြို့တာမွေ့ အ-မ-က မှ စတုတ္ထတန်းကျောင်းသူလေး မသီတာက အသုံးလုံးကော်မီတီ သို့ စာအုပ် စာတမ်းများ လှူဒါန်းနေစဉ်"

ဓာတ်ပုံအောက်တွင်သတင်း အစုံအလင်ကို အသေးစိတ်ဖော် ပြထားသည်။ သတင်းအချုပ် မှာ မသီတာသည် မိမိ၏မှုံဘိုး သားရေစာဖြင့် ဝယ်ယူ ထား သော ရွှေဆောင်လူငယ်၊ တေး ဂျာနယ်၊ ရွှေသွေး စာစောင် များကို အသုံးလုံး ကော်မီတီသို့ စေတနာဖြင့် လှူဒါန်း သွား သည်ဟူ၍ ဖြစ်၏။ တဆက် ထည်းပင် အသုံးလုံး ကော်မီတီ လူကြီး တဦး၏ ဝမ်းမြောက် ကျေးဇူး တင်ကြောင်း ပြော ကြားချက် ကိုလည်း ဖော်ပြ ထား၏။

ဤသတင်းကို ဖတ်နေစဉ် တွင် ထွန်းအုံသည် အကြီး အကျယ် အံ့သြနေရသည်။

"စာအုပ်တွေ လှူဒါန်းပစ် တယ်ဆိုတော့ နှမြောစရာကြီး၊ ဒီကောင်မလေးကလဲ တုံးလိုက် တာ"

သို့သော် သတင်းဆုံးသည် အထိ ဖတ်ပြီးသော အခါတွင် ထွန်းအုံ၏ရင်သည် ခုန်လာလေ သည်။

"စာပေ ဆိုသည်မှာ တဦး တည်း မောင်ပိုင် သိမ်းဆည်း မထားသင့်ကြောင်း။ သိသူက မသိသူသို့ဆင်း၊ တတ်နိုင်သူက မတတ်နိုင်သူသို့ဆင်း ပေးကမ်း ဝေငှသင့်ကြောင်း"

အသုံးလုံးကော်မီတီ လူကြီး၏ သတင်းပါ ပြောကြားချက် သည် ထွန်း အုံ့ ၏ နား ထဲ သို့ စိမ့်ဝင်လာသည်။ ထွန်းအုံသည် နောင်တ ရလေပြီ။ သူအမှားကို သူမြင်လာလေပြီ။

"ဟုတ်ပီ–ဟုတ်ပီ၊ငါ့စာအုပ် တွေ အများကြီး စုမိလာယင် စာကြည့်တိုက်တွေ အသုံးလုံး ကော်မီတီ တွေကို လှူမယ်"

ယခု လောလော ဆယ်တွင် မူကား သူမှာရှိသော စာအုပ် ဟူသရွေ့ကို ဖတ်ချင်သည့် သူ ငယ်ချင်းအားလုံးအား ငှားရမ်း ဖတ်ရှုခွင့်ပေးလိုက်တော့ရန် ဆုံး ဖြတ်ချလိုက်လေသည်။

ကမ္ဘာတည် ဗမာပြည်

အဖိနှိပ်ခံ ကျွန်ဘဝက၊
လွန်ကြရပြီ ဗမာပြည်။

ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးလို့၊
ကိုယ့်ဟန်နည်းနဲ့ ရှေ့သို့ချီ။

နှစ်ကာလမှာ နှစ်ဆယ့်ငါးပေါ့၊
ဇာနည်များတော့ မသိပြီ။

အသက်သွေးတွေ ပုံစတေးတဲ့၊
လွတ်လပ်ရေးကြီး အခွန့်ရှည်။

ကျွန်ရစ်ကြသူ တို့အများက၊
စည်းလုံးအားနဲ့ ထိန်းရမည်။

တိုင်းရင်းသားစုံ ညီညွတ်ကြမှ၊
လွတ်လပ်ရေးက တည်တံ့မည်။
ကမ္ဘာတည် ဗမာပြည်။ ။

ကျော်စမ်းမင်း (လှိုင်မြေ)

R. 517



ဖတောင်ငုံး

တောင်ငုံးမျိုးကို မြေငုံး ဟူ၍၎င်း၊ မြေကုန် ဟူ၍၎င်း ခေါ်ကြသေးသည်။ တောင်ငုံး၏အလျားမှာ ၎စ်လက်မရှိ၏။ မျက်စိကိုပတ်နေသော အနက်စင်းသည် လည်ကုပ်အနောက်ဖက်သို့ ရောက်ရှိ၍ ကော်လာသဏ္ဌာန်ဖြစ်နေသည်။ အဝေးသို့ ပုံသန်းသွားရာ၌ အတောင်တွင် အဖြူကွက်များ ပါရှိသော မဲပြာရောင်ကို ထင်ရှားစွာ မြင်ရသည်။

သစ်ပင်ပေါ်၌ နားနေရင်း သာယာငြိမ့်ညောင်းစွာ လေချွန်တတ်လေသည်။

မိုးရာသီတွင် ဝဲခူးရိုးမရှိ ကျွန်းတောများ၌ ကျက်စားလေ့ရှိသည်။ တောင်ငုံးများ သားပေါက်ချိန်မှာ ဧပြီလမှ ဇူလိုင်လအထိ ဖြစ်သည်။ တောအတွင်း ချောင်းကမ်းပါးများတွင် အသိုက်ကို တွေ့ရတတ်၏။ အသိုက်ကို အများအားဖြင့် သစ်မြစ်များအကြားတွင် ချောင်းဖက်သို့ မျက်နှာမူလျက်လုပ်ထားကြသည်။ ဥ တဥလျှင် ပျမ်းမျှ အလျား ၁.၀၄လက်မနှင့် ပြက် ၀.၈၄ လက်မ ရှိ၏။

တောင်ငုံးကို အာဖရိကတိုက်၊ အာရှတိုက် တောင်ပိုင်းနှင့် ဩစတြေလျတိုက် တို့၌ အနှံ့အပြား တွေ့ရ၏။ မြန်မာနိုင်ငံတွင် ရခိုင်ပြည်တောင်ပိုင်း၊ ဝဲခူးရိုးမ၊ ကော်သူးလေပြည်နယ်၊ တောင်ပိုင်းရှမ်းပြည်နယ်နှင့် တနင်္သာရီနယ်တို့၌ တွေ့နိုင်သည်။ များသောအားဖြင့် နွေရာသီ၌ လာရောက်လည်ပတ်ကြသော ငှက်မျိုး ဖြစ်လေသည်။

စိုးမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၂၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဖ၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး

ဂျာနယ်ဝ

မောင်မေတ္တာ၏ စေတနာခရီး

ကြာလမန်း ခင်သစ္စာ

၁၃၃၅-ခု၊ ပြာသိုလဆုတ် ၅ ရက် (၁၂-၁-၇၄)

တခါတုန်းက ဘုရင်တပါးတွင် ဒေဝီခေါ် သမီးတော် တပါးရှိလေသည်။ ဘုရင်ကြီးသည် သမီးတော်အား အလွန်ချစ်မြတ်နိုးသည်။ တနေ့တွင် သမီးတော်လေး သည် အလွန်နေမကောင်းဖြစ်၏။

စဆုံးနှုတ်ကိုင်းထုတ်ဝေသည်။

အာခင့် သမီး...
ဘာများ စိတ် ချင်
ပါသလဲ
သရက်သီးမှည့်ကလေး
စိတ် ချင်လိုက်တာ..
သို့သော် သရက်သီး ပေါ်ခြင်း
မဟုတ်၍ သမားတော် ကြီးများ
အခက်တွေ့နေရ၏။ သို့ဖြင့် ဘုရင်
ကြီးအား တင်လျှောက်ကြရာ–
ဘုရင်ကြီးက သရက်သီးအမှည့် ရှာဖွေဆက်သနိုင်သူ
ကို ဆုတော်ပေးမည်ဟု ကြေညာလေသည်။
တိုင်းပြည်၏ အစွန်ဆုံးရွာကလေး တရွာ
တွင် ဦးသီလခေါ်အဖိုးကြီးတဦး ရှိသည်။
သူ၏ သရက်ပင်တွင် သရက်သီးမှည့်များ
အချိန်မဟုတ်ပဲ သီးနေကြ၏။
ဦးသီလသည် သရက်သီးမှည့် ငါးလုံးကို ခြင်းကလေး
တွင်ထည့်ကာ သားကြီး မောင်မလအား နှန်းတော်သို့
ပို့ခိုင်းလိုက်သည်။
တညတာ
တညတာ ခိုခွင့်
ပေးပါ
မောင်မလသည် လမ်းခုလတ်တွင် သူ
တော်စင်တဦး နေထိုင်ရာ တဲငယ်ကို
တွေ့ရသည်။

အမောင်... ခြင်းထဲတွင် ဘာတွေ ပါလာပါသလဲ
သရက်သီး ခဲ့ယင် တောင်း စား တော့မယ်.. ဒီကော့...
ဖွဲ့ပြာ တွေပါ
ထိုညတွင် သူတော်စင်၏ တပည့် သာဂိက ခြင်းထဲကို ဖွင့်ကြည့် ရာ သရက်သီးများကို တွေ့ရ လေသည်။
နောက်နေ့ မိုးလင်းသော် မောင်ဗလ ခရီးဆက်ခဲ့ရာ နန်းတော်သို့ ရောက်ရှိ သွားသည်။
ဟယ်
မင်းသမီး ဒေဝီအား သရက်သီးခြင်းကို ဆက်သ၍ မင်းသမီးလေးက ဝမ်းသာအား ရ ဖွင့်ကြည့်လိုက် သောအခါ ဖွဲ့ပြာများ ဖြစ်နေလေတော့သည်။
ဘုရင်ကြီးက မောင်ဗလအား အပြစ်ဒဏ် ပေးသည်။
ဦးသီလသည် မောင်ဗလ အကြောင်းကို ကြား သော် သရက်သီးငါးလုံးကို ခြင်းကောင်းတွင် ထည့်၍ သားလတ်ဖြစ်သူ မောင်ဝဏ္ဏအား နန်း တော်သို့ ပို့စေပြန်သည်။

ဟိုး.. ခြင်းတဲမှာ ဘာတွေပါသလဲ အမေရေ
မောင်ဝဏ္ဏလည်း သရက်သီးမှည့်များ ကို မပေးလိုသဖြင့် လိမ်လည်ကာ –
ခဲလုံးများသာ ပါပါတယ်ခင်ဗျာ
သာဂိသည် မောင်ဝဏ္ဏ၏ခြင်းကို ဖွင့်ကြည့် သောအခါ သရက်သီးများကို တွေ့ရ၏။
နန်းတော်ရောက်၍ဘုရင်ကြီးအား သရက်သီးခြင်း ကို ဆက်သရာဖွင့်ကြည့်သော် ခဲလုံးများဖြစ်နေ၏။
တော်ကဲ့!
ဘုရင်ကြီးသည် အလွန်စိတ်ဆိုးသွားပြီး မောင် ဝဏ္ဏကို ထောင်သွင်းအကျဉ်းချထားစေသည်။
ဦးသီလသည် သားလတ်၏သတင်းကို ကြား သော် အပင်တွင်ကျွန်သော သရက်သီးငါး လုံးကိုခူး၍ သားတွေး မောင်မေတ္တာအား နှုတ်ကော်သို့ပို့စေပြန်လေသည်။

အရင် အသီးတွေလို
မကောင်းဘူးပေါ့ကွယ်
ပင်ကျန်အသီးတွေကိုး
ရှိတာကိုပဲသွားပေ
စတော့.. သါးငယ်
မောင်မေတ္တာသည်လမ်း ခု
လတ်တွင် သူအစ်ကိုများ
တည်းခိုခဲ့သော သူတော်
စင်ထံ တည်းခိုသည်။
အမောင့် ခြင်းတဲမှာ
ဘာတွေများပါသလဲကွဲ.
သရက်သီးပါအုံး.. အုံး
စားဘဲ သရက်သီးတလုံး ကနေတော့
ခဲ့ပါရစေ..
သာခု..
သါခု....
သူတော်စင်အား သရက်သီးတလုံး ပေးခဲ့
ပြီး နောက်နေ့ခရီးဆက်ခဲ့ရာ နန်းတော်သို့
ရောက်ရှိသွားသည်။
ဒီတယောက်လဲ
ထောင်သွင်းခံ
ရဒဲ့များဘာဘဲ
ဘုရင်ကြီးသည်မောင်မေတ္တာဆက်သသော
ခြင်းတောင်းကို ဖွင့်ကြည့်လိုက်သော အခါ
သရက်သီးမျည့်များကို မြင်တွေ့ရလေသည်။
မောင်မေတ္တာမှာမူ သူယူ
ခဲ့စဉ်က သရက်သီး လေး
လုံးမျှသာဖြစ်သော်လည်း
ယခုတဆယ့်လေးလုံး ဖြစ်
နေ၍ အံ့ဩရ၏။

မင်းသမီးလေး ဒေဝီသည် သရက်သီးစားရသဖြင့် ရောဂါဝေဒနာပျောက်ကင်း သွားသည်။ ဘုရင်ကြီးမှာ များစွာဝမ်းသာသွားလေသည်။

သာဂီသည် လိမ်လည်ပြောသော အစ်ကို နှစ်ယောက်၏ ခြင်းထဲမှ သရက်သီးများကို ယူထားပြီး မှန်ကန်သောစကားကိုဆိုသော မောင်မေတ္တာ၏ ခြင်းထဲသို့ ထိုသရက်သီးများကို ထည့်ပေးလိုက်ခြင်း ဖြစ်လေသည်။

ခပင်လည်း ခပင့်
ကြွက်လည်း ကြွက်
ရေးသားဖန်းသန့်
သရုပ်ဖော် - စိုးဖြင့်



လူ့အသုံးဝင် ဝုံလျော်
စိုးလွင်မြင့်

ဒီလောရယ်တဲ့ မိုနတို၊ ဟင်းချိုအောင် ပုစွန်ခတ်ပါလို့၊ ကိုသာမြတ်သူလယ်တော၊ ဒီလောရယ်တဲ့ မိုနတို....။ ဟူသည့် ကျေးလက်တေးသံ ကလေးကို ရှေးနှစ်ပေါင်းများစွာကပင် မြန်မာ တောင်သူ လယ်သမားတို့ သီဆိုခဲ့ကြလေသည်။ ဒီလောရွက်သည် မြန်မာ့ကျေးလက် တောင်သူလယ်သမားတို့၏ ဟင်းသီးဟင်းရွက်ဖြစ်၏။ ထို့အပြင် ယနေ့စိုက်ပျိုး ထုတ်လုပ်နေသော ဝုံလျော်လည်း ဖြစ်၏။ သီးတောင့်ရှည် ဝုံလျော်ကို မြန်မာ့တောင်သူလယ်သမားတို့က ဒီလောဟုခေါ်ပြီး သီးလုံးပုဝုံလျော်ကို ဒီလခါးဟုခေါ်သည်။ မြန်မာကလေးငယ်တို့သည် သီးလုံးပုဝုံလျော်ကို ပေါင်ပေါင်ဖောက်၍ ကစားတတ်ကြသည်။

ဆီးရီးယား၊ အီဂျစ်၊ အိန္ဒိယ စသည့် နိုင်ငံများတွင် အဆိုပါ ဝုံလျော်မျိုးများကို ရှေးအခါကပင် စိုက်ပျိုးခဲ့၍ ဟင်းသီးဟင်းရွက်အဖြစ် လူတို့စားသုံးခဲ့ကြ၏။ အီဂျစ်လူမျိုးများသည် ရှေးနှစ်ပေါင်း ၄၀၀၀ ခန့်ကပင် နိုင်းမြစ်ဝှမ်းတလျှောက်၌ ဝုံလျော်များကို စိုက်ပျိုး၍ အဝတ်အထည်များကို ရက်လုပ်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် ဝုံလျော်စိုက်ပျိုးသော နိုင်ငံများမှာ အိန္ဒိယ၊ ပါကစ္စတန်၊ ဗဂျီး၊ တိုင်ဝမ်၊ နီပေါ၊ မြန်မာ၊ ထိုင်း၊ အီရန်၊ ခမာ၊ ဗီယက်နမ် နှင့် ဂျပန်နိုင်ငံတို့ ဖြစ်၏။ ကမ္ဘာ့ ဝုံလျော် အထွက်၏ ၉၀ ရာခိုင်နှုန်းခန့်သည် အိန္ဒိယနှင့် ပါကစ္စတန်တို့မှ ထွက်လေသည်။

ဝုံလျော်ပင်သည် ပိုက်ဆံပင်နှင့် လုံးဝကွဲ

အောင်ဇင်

ပြားခြောက်နားသည်။ သို့ရာတွင် အသုံးချရာ၌ ဝိုက်ဆံပင်နှင့် အလားတူဖြစ်၍ နှစ်မျိုးစလုံးကို လျော်ထုတ်ရန် စိုက်ပျိုးကြသည်။ ဂုံလျော်စေ့ကိုမူ ဝိုက်ဆံဆီ ပြုလုပ်ရာ၌ အသုံးပြုရ၏။ ယင်း ဝိုက်ဆံဆီသည် သတ္တေါဆေးနှင့် အရောင်တင် ဆေးများ ပြုလုပ်ရာ၌ဝင်း၊ ကြမ်းခင်းဆီစိမ်ရွက်ထည်နှင့် ဆီစိမ်အဝတ်ပြုလုပ်ရာ၌ဝင်း၊ အရှိဆေးဝါးများကို ဖော်စပ်ရာ၌ဝင်း များစွာအသုံးဝင်လေသည်။

အစေ့အလိုင်ငှာ စိုက်ပျိုးသော အပင်များကို အသီးများမှည့်နေစဉ် ရိတ်သိမ်းရ၍ လျော်အတွက်ကိုမူ အသီးမမှည့်ခင် ရိတ်သိမ်းရလေသည်။ မှည့်သွားပါက လျော်သည်ကြမ်းတမ်း၍ အလွန်မာကျောသွားတတ်လေသည်။

ဂုံလျော် အမျိုးပေါင်း များစွာရှိသော်လည်း အများအားဖြင့် စိုက်ပျိုးသော ဂုံလျော်မှာ သီးလုံးပုနှင့် သီးတောင့်ရှည် ဖြစ်၏။ ကျန် ဂုံလျော်မျိုးများသည် ယနေ့တိုင် အရိုင်းအတိုင်းပင် ရှိနေကြသေးသည်။ ဂုံလျော်ကို ရိတ်သိမ်းရာ၌ဝင်း၊ ရေစိမ်ရာ၌ဝင်း၊ လျော်ခွါရာ၌ဝင်း စနစ်တကျ ပြုလုပ်ရန် လိုပေသည်။ သို့မဟုတ်က မျိုး၊ မြေဩဇာနှင့် စိုက်ပျိုးပုံတို့ မည်မျှ ကောင်းမွန်စေကာမူ အဆင့်လည်းမမြင့်၍ လျော်ထွက်လည်း ကောင်းမည် မဟုတ်ပေ။

ဝါကို အထည်ရက်လုပ်ရာ၌ အဆင့်ဆင့် ပြုလုပ်ရသကဲ့သို့ ဂုံလျော်ကိုလည်းချည်ပြုလုပ်ရာတွင်အဆင့်ဆင့်ပြုလုပ်ရလေသည်။ ဂုံလျော်မှ ရွက်ထည်ကော်ဇော၊ ခြေသုတ်ဖုန်၊ ကုလားထိုင်ဖျင်၊ လွယ်အိတ်၊ ကုတ်အင်္ကျီအတွင်းခံဖျင်၊ ချည်ကြိုး၊ ထမ်းပိုးကြိုး၊ ဂုံနီအိတ်၊ ဂုံနီဖျင်၊ ဂုံနီကြိုးစသည်တို့သာမက ပိုးတု သက္ကလတ်စသည်တို့ကိုလည်း အမျိုးမျိုး ပြုလုပ်သုံးစွဲနိုင်လေသည်။ ရှေး နှစ်ပေါင်း ၄၀၀၀ ခန့်က အီဂျစ်လူမျိုးတို့သည် မမ္မီခေါ် လူသေ အလောင်းများအား ဂုံလျော်မှ ရရှိသောချည်ဖြင့် ကျပ်စည်းထုပ်ပိုးခဲ့ကြသည်။ ဂုံလျော်ကိုကန့်လန့်ကာများ၊ ဆံပင်တုများ၊ ဆွဲကားများ ပြုလုပ်ရာ၌ဝင်း၊ နံရံများ၊ အသံလုံကန့်လန့်ကာများပြုလုပ်ရာ၌ဝင်း အသုံးပြုရသေးသည်။

ဇော်မြ

မြတ်မင်းကိုဇင်

ဦးတိုးသည် စာအုပ် အရောင်းအဝယ် လုပ်ငန်းဖြင့် ကြီးပွား ချမ်းသာနေသူဖြစ်သည်။

သူသည် "တိုးစာပေတိုက်" ပိုင်ရှင်ဖြစ်သော်လည်း အလွန် ကပ်စေးနဲသည်။

သူ ဆိုင်မှ စာအုပ်များကို ဈေးဆစ်၍ ဝယ်လျှင် အလွန် စိတ်ဆိုးတတ်သည်။

စာအုပ်ထုပ်များကို လူငှားဖြင့် သယ်ပါက ပိုက်ဆံ ပေးရမည်စိုး၍ ကိုယ်တိုင် သယ်ယူ ပို့ ဆောင်လေ့ရှိသည်။

တနေ့တွင် သူ၏ ခြေတောက်ပေါ်သို့ စာအုပ် စည်းတခု ပြုတ်ကျသဖြင့်

ခြေထောက် ရောင်နေလေသည်။
ဆရာဝန်ကို သွား ပြကြည့်ပါ လား.. ကိုတိုး...
သွားပြယင် ခရီး စရိတ် ကုန်မှာပေါ့ကွ စာအုပ်လာဝယ်မှ ပြတဲ့ ဂုတာတဲ့ တာ...
နောက်တနေ့တွင် သူဆိုင်သို့ ဒေါက်တာညီမောင် စာအုပ်လာဝယ်သဖြင့်
ဆရာ.. ကျွန်တော့် ခြေထောက်ကြောင့် နေလို့ကြည့်လေပါ
ဆရာဝန်သည် ဦးတိုး၏ ခြေထောက်ကို စမ်းသပ် ကြည့်ပြီး
ဖြစ်စဖက ပြယင် ဆေးတလုံးထိုးတာ နဲ့ ပျောက်တယ် အခု တော့ ဒီမှာဆေးပါ ဝယ်ဂု လိမ့်မယ်..
ကဲ့.. အဲဒီ ဆေးကို ဥအောင် ဂျာဝယ်ပါ..
ဦးတိုး.. ဒီစာအုပ်တွေ အားလုံး ဘယ်လောက် ကျသလဲဗျ -

အားလုံး တဆယ်မိုး
ကျပါတယ်.. မလျှော့နိုင်
တဲ့ ဈေးပါဘဲ ဆရာ...

ဒါဖြင့် ကျွန်တော်
ပေးဖို့ မလိုတော့
ဘူး ပေါ့ဗျာ..

ဟင်.. ဘာဖြစ်
လို့လဲ ဆရာ...

ခေဆးတိုက်မှာလာပြတာ
ဆိုယင်.. ငါးကျပ်ယူပါတယ်
ခုလို ဓာတ်ပြင်မှာကြည့်ရတာသို့
ယင်.. တဆယ်ယူတယ်လေ..
ခြေကြွေခ ငါးကျပ်ကိုးဗျ -


ဆရာဝန်သည် စာအုပ်များကို ပွေ့၍
ပြန်သွားတော့သည်။

အလုပ်သမားခ ပေးရမည်စိုးသော၊ ခရီးစရိတ်
ပေးရမည် စိုးသောဦးတိုးသည် ငိုင်၍၊ မှိုင်၍ ကျန်ခဲ့
လေတော့သတည်း။

မဟာမန္ဒုလသည် မြန်မာ့သမိုင်းတွင် တိုက်ရည် ခိုက်ရည် အလွန်ပြည့်ဝသော စစ်သူကြီး ဖြစ်၏။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၀၂၄-၁၀၂၆ အတွင်း ဖြစ်ပွားခဲ့သော ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ဗြိတိသျှနယ်ချဲ့တို့ကို မဟာမန္ဒုလသည် ရွှဲရွှဲပါအောင် ခေါင်းဆောင် တိုက်ခိုက်ခဲ့သည်။

ရခိုင်ပြည် ပန်းဝါအရပ်တွင် အင်္ဂလိပ်တပ်များကို မဟာမန္ဒုလဦးစီးသော မြန်မာ တပ်များက ချေမှုန်းနိုင်ခဲ့သည်။ ထို အချိန်တွင် အင်္ဂလိပ်တို့က ရေကြောင်းမှ နေ၍ ရန် ကုန်မြို့ကို အလုံးအရင်းနှင့် ဝင် တိုက်သည်။ မဟာမန္ဒုလလည်း ပန်းဝါမှ ရန်ကုန်သို့ ချက်ချင်း ချီတက်လာသည်။ သို့သော် မြန်မာတပ် မှာ အရေးရှုံးနိမ့် ဆုတ် ခွာခဲ့ရသည်။

တိုက်ရင်းဆုတ် ခွာပြုလုပ်လာရာ ဓနုဖြူမြို့ သို့ ရောက်သောအခါ စစ်သူကြီး မဟာမန္ဒုလ သည် မုံးဆံ ထိမှန်၍ ကျဆုံးသွားရှာသည်။ ကျဆုံးသည့် အထိမ်း အမှတ်အဖြစ် မဟာ မန္ဒုလ ကြေးရုပ်ကို ဓနုဖြူမြို့တွင် သွန်းလုပ်၍ စိုက်ထူထားပေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

လနှင့်မန္ဒလေး ဘယ်ဟာကပိုဝေး

မျက်ခုံးစွန်းမှ အမာရွတ်

သိန်းထင်နိုင်



ဇော်ကြီးမှာ ကျွန်တော့် အစ်ကိုဖြစ်သည်။ ကျွန်တော့် ထက် ၈ သက် တန်စ်ခွဲခန့်ကြီး သည်။ အစ အလွန်သန်သည်။ အစားကြီးသည်။ အငယ်များ ကို လည်း အနိုင် ကျင့် တတ် သည်။

ကျွန်တော်တို့ ညီအစ်ကို ကျောင်းသို့ ဘတ်စကားဖြင့် သွားကြရသည်။ ကျွန်တော် သည် ဇော်ကြီးကိုသာ အား ကိုး၍ ကျောင်းတက်ရသည်။

မနက်ဖက်တွင် မေမေက အကြော်နှစ်ခုစီ ကျွေးတတ်၏၊

"အကြော် တ ဝက် မ ယင် ကျောင်းကို မင် နဲ့ ငါ အတူ မသွားဘူး" ဆိုသဖြင့် ဇော် ကြီး အား ပဝက်အမြဲ ကျွေး ရပါ ၏။

ညနေ ကျောင်းဆင်းလျှင် သူ၏ ဂေါ်လီဝိုင်း ပြီးသည်အထိ တိုင်စောင့်ရသည်။ သူကစား ဝိုင်းပြီးမှ အိမ်ပြန်ရသည်။

ကျောင်းပိတ်ရက် သူငယ် ချင်းများနှင့် ကစားကြလျှင် လည်း –

"ဟို နေ့က ငါ့စာ အုပ် ပျောက်တာ မေမေ့ကို မဝိုင်မှ မင်းပါရမယ်" ဟူ၍ငင်း၊

"မင်းပါချင်ယင် ညကျယင် ငါ့စာတွေ ကူးပေးရမယ်" ဟူ ၍ငင်း အမြဲအနိုင်ကျင့်တတ်၏။

ကစားဖော်များ ဖြစ်ကြ သော အောင်သန်း၊ ဝကြီးနှင့် မွတ် တား တို့ မှာ လည်း သူ၏ တပည့်များသာ ဖြစ်ကြသည်။ သူဖက်က အမြဲ ပါ ကြ သည်။ ကျွန်တော့်တွင်လည်း သူငှိမ့ လွဲ၍ ကစားဖော် မရှိသ ဖြင့် ဇော်ကြီး ခိုင်းသည်ကို အမြဲ လုပ်ပေးခဲ့ရသည်။

ကျောင်းပိတ်ရက် တရက် တွင် ဖြစ်သည်။

အိမ်ဘေး ခြံထဲတွင် ကျွန် တော်တို့လူစု ဂေါ်လီ ထောင် ပစ်ကြသည်။

ကျွန်တော် ဂေါ်လီ အလုံး နှစ်ဆယ်ကျော်နိုင်သည်။ ဇော် ကြီးအပေါ်တွင် အကြွေးဆယ့် ငါးလုံးတင်နေသည်။ သူတို့ရှုံး ၍ ညစ်ချင်ကြသည်။

တ လှည့် တွင် ကျွန် တော် ခေါင်အလုံးကိုထိရာ –

"ဖိုးပိန် ထိပြီဟေ့၊ လူ ကြ၊ ဝိုင်းလုံကြ"

သူတို့ ဂေါ်လီများကိုလုပြီး မိုးပေါ် သို့ မြောက်ပစ်ကြရင်း ကျွန်တော့်ကို ဝိုင်းစလေတော့ သည်။

"ဖိုးပိန် – ဖိုးပိန်၊ ဝက်ချေး စား"

"ဟော့ကောင်တွေ မေမေနဲ့ တိုင်ပြောမယ်"

ကျွန်တော်က ငိုသံပါပါဖြင့် ပြောလိုက်သည်။

သို့သော် သူတို့အစကားမ ရပ်။ ဇော်ကြီးက အဆိုးဆုံး။ ကျွန်တော် အလွန်စိတ်ဆိုး၏။ ဒေါသကို မထိန်း နိုင် သ ဖြင့် အနီးရှိ နှီဆီခွက်ဖြင့် ဇော်ကြီး အား လအား ပေါက်လိုက်မိ လေသည်။

"အား"

"ဟာ သွေးတွေ၊ သွေးတွေ၊ မျက်လုံးမှန်သွားပြီ"

ကျွန်တော် ဘာလုပ်ရမှန်း မသိ။ အိမ်ပေါ် သို့ တက်ပြေးမိသည်။

မေမေ၊ ဦးလေးနှင့် ဒေါ်လေးတို့ အိမ်ပေါ်မှ ပြေးဆင်းလာကြသည်။ ဇော်ကြီး၏ငိုသံ၊ လူကြီးများ၏ တယောက် တပေါက်အသံများ ဆူညံသွားတော့သည်။

သွေးချင်းချင်း နီနေသော ဇော်ကြီး၏ မျက်နှာကိုသာ ကျွန်တော်မြင်နေမိသည်။ ဝမ်းနည်းစိတ်၊ ကြောက်စိတ်တို့ဖြင့် ထောင့်တထောင့်တွင် ငိုနေမိသည်။

ဇော်ကြီးကို ဆေးရုံသို့ခေါ်သွားကြသည်။ လက်ဝဲဖက် မျက်ခုံးစွန်းတွင် နှီဆိုခွက်သံ ပြားဖြင့်ရှၫ် တလက်မခွဲခန့် ကွဲသွားသည်။ ဆေးရုံမှ ငါးချက် ချုပ်ပေး လိုက်ရသည်ဟု ဆိုသည်။

"ရန်ဖြစ်တာ နှစ်ယောက်စလုံးမှာ အပြစ်ရှိတယ်။ ဇော်လေးက ပို အပြစ်ရှိတယ်" ဟု မေမေက ပြောသည်။ ကျွန်တော် ကြိမ်လုံးဖြင့် သုံးချက် အရိုက်ခံရသည်။ ဇော်ကြီးက ဒဏ်ရာရသွား၍ အရိုက် လွတ်သွားသည်။

ပြီးသော် မေမေက –

"ညီအကိုချင်း ရန်ဖြစ်တာ ကောင်းသလား ဟင်။ ခုတော့ အကြီးကစတယ်။ အငယ်က နှီဆိုခွက်နဲ့ ပေါက်တယ်။ ဒီမှာ ဇော်လေး၊ မင်းကိုကိုကို နှီဆိုခွက်နဲ့ ပေါက်လိုက်တာ မျက်စိထိပြီး မျက်စိ ကန်းသွားယင် ဘယ့်နှယ်လုပ်မလဲ။ မေမေမွေးတုန်းကအကောင်း။ သူကလာစယင် မေမေတို့ကို တိုင်ပေါ့။ သူအရိုက်ခံရမှာပေါ့။ နောက် ဒီလိုအရမ်းမလုပ်ရဘူးနော်"

"ဟုတ်ကဲ့ မေမေ"

"ဇော်ကြီးကလဲ ညီလေးကို သိပ်စတာဘဲ။ ညီလေးက ဒေါသထွက်ပြီး ခုလို လုပ်လိုက်တော့၊ ဟင်း– ကံကောင်း လို့ မျက်စိမကန်းတာ။ ညီအကို ချင်း သင့်မြတ် စည်းလုံးမှု သူများ အစော်ကား မခံရမှာ။ ညီအကိုဆိုတာ တယောက်ကို တယောက် ချစ်ခင်ရတယ်၊ သည်းခံရမယ်၊ ယိုင်းပင်းရမယ်။ ကြားလား။ နောက်ကို ရန်ဖြစ်အုံးမလား"

"မဖြစ်တော့ပါဘူး မေမေ"

ကျွန်တော်တို့ နှစ်ယောက် လုံးဝမ်းနည်းသံဖြင့် အဖြေပေး လိုက်ကြပါသည်။

ဇော်ကြီး၏ မျက်ခုံးစွန်းမှ အမာရွတ်ကလေးကို မြင်တိုင်း ကျွန်တော် ဒေါသအလျောက် ပြုမိခဲ့သည့်အပြစ်ကို နောင်တရ၍မဆုံး ရှိတော့သည်။

အမာရွတ်ကလေး ရှိပြီးသည့်နောက် ဇော်ကြီးကလည်း ယခင်ကလို အစမသန့်တော့ပါ။ အနိုင်မကျင့်တော့ပါ။

လူယဉ်ကျေး

မောင်မောင်နဲ့ မမ၊
သိမ်မွေ့ပါလှ လိမ္မာလှ။

မိဘဆရာ ရှေ့ကသာ၊
ဖြတ်သွားဖြတ်လာ ပြုံတဲ့ခါ။

ကိုယ်ကိုညွတ်ကာ ခပ်ကျုံ့ကျုံ့၊
ခေါင်းလေး တငုံ့ငုံ့။

ခွန်းတုံ့ပြန်လို့ မငြင်းဆန်၊
မိဖစကား မတော်လှန်။

ဆုံးမပြန်ယင် နာခံကြ၊
ရိုသေလှတဲ့ မောင်နှမ။

မတော်တဆ ငိုက်မိလျှင်၊
ကန်တော့ကန်တော့ ဆိုမြဲပင်။

အစဉ်အလာ ထိန်းသိမ်းကြ၊
ယဉ်ကျေးပါတဲ့ မောင်နှမ။ ။

ခင်သိရိမာ

ပန်းရည်စုတ်



ပန်းရည်စုတ်သည် နှဖြီစုတ်ကဲ့သို့ သေးငယ်သော ငှက်မျိုးဖြစ်၍ အလျား လေးလက်မခန့် ရှိသည်။ ပုံသန်းသည့်အခါ စူးစူးရှရှ အော်တတ်၏။ ငှက်ဖိုသည် ပင်မြင့်ပေါ်တွင် နားရင်းသာယာနာပျော်ဘွယ်တေးကို သီတတ်သည်။ ယင်းတို့သည် ပန်းပွင့်များမှ ပန်းဝတ်ရည်ကို သောက်သုံးရုံသာမက ပိုးမွှား အသေးစား၊ ခူကောင်၊ ပင့်ကူနှင့် ယင်များကိုလည်း စား၏။ ထို့ကြောင့် ယင်းတို့ အများဆုံး ကျက်စားရာနေရာမှာ ဥယျာဉ်ပန်းခြံများ ဖြစ်လေသည်။

ဖေဖော်ဝါရီလမှ ဇွန်လအထိ သားပေါက်၏။ သားပေါက်ချိန်တွင် ပန်းရည်စုတ်ငှက်ဖို၏ အမွေးအတောင်များသည် မည်းနက်နေ၍ နေရောင်တွင် သတ္တုအပြာရောင် သို့မဟုတ် ခရမ်းနုရောင် တောက်ပ ပြောင်လက်နေ၏။ သာမန်အချိန်တွင် အဖိုသည် အမနှင့်ဆင်တူသည်။ အမတွင် အထက်ပိုင်း၌ အညိုရောင်ရှိ၍ အောက်ပိုင်း၌ အဝါရောင် ရှိသည်။

အသိုက်ကို မြက်နု၊ သစ်ကိုင်းခြောက်၊ သစ်ရွက်၊ အဝတ်စုတ် စသည်တို့ဖြင့် သစ်ပင်တွင် ပြုလုပ်တတ်၏။ ကမြုံလျှင် နှစ်ဥမှ သုံးဥအထိ ရှိ၏။ ဥ၏အရောင်မှာ မွဲပြာပြာတွင် အရောင်ရင့်များ သမ်းနေသည်။ တဥလျှင် ပျမ်းမျှ အလျား ဝ.၆၃ လက်မနှင့် ပြက် ဝ.၄၅ လက်မ ရှိသည်။

ဤငှက်မျိုးကို အရှေ့တိုင်း နိုင်ငံများတွင် အနှံ့အပြားတွေ့ရ၏။ မြန်မာနိုင်ငံရှိ ကွင်းပြင်နှင့် တောင်ခြေများတွင်ရင်း၊ ရှမ်းပြည်နယ်၌ရင်း တွေ့မြင်နိုင်ပေသည်။

စိုးမြင့်

ရန်ကုန်မြို့၊ ၅၂-၅၃ ကုန်သည်လမ်း စာပေပြိမာန်အုပ်ချုပ်ရေးမဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ဝ၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဖ်ဝ ပြည်လမ်း၊ စာပေပြိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဂဝ၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်ဝ

၁၃၃၅ ခု၊ ပြာသိုလဆုတ် ၁၂ ရက် (၁၉-၁-၇၄)



စိတ်ကူးသော ခွေး

ဖန်ဆိုးဖြူးသူ ကိုဝင်းခန့်-နန္ဒ

မှီခိုစရာ နေအိမ်မရှိသဖြင့်–

တခါက စားရမဲ့သောက်ရမဲ့ ဝိန်လှီနေသော
ခွေးလေး ခွေးလွင့်ကလေး တကောင် ရှိ၏။

တခါတရံ အစာမရသည့်အဆုံးဌ ကြွက်များ
ကိုပင် ဖမ်းစားရရှာသည်။



ညညကျမှသာလျှင် အမွှေးပုံတွင် သွား၍
အစားအစာ ရှာရလေသည်။

သူရေသောက်နေကျ ဖြစ်သော ရေကန်
ကလေးတွင် မကြာမကြာ တွေ့ရသူကား—

ထိုသူငယ်ကလေး အနားသို့ ကပ်သွားပြီး

အီး:

အဆီအစေ့
နေတဲ့-ခြေသလုံး
လေးကို-
ကိုက်ထဲ့
လိုက်မယ်

တနေ့တွင်—

ဟင်

ငါ့ကို ခွိပ်စက်တဲ့
လူသားပါလား။ ဒင်း တယောက် ထဲ
ရှိတုန်း . ဝလဲ့စား ချေဖျင်းကောင်းမယ်

ထိုအခိုက် ထိုသူငယ်သည် လှေကလေးကို
လှမ်းဆွဲလိုက်စဉ် ချက်တရက် ရေထဲ လိမ့်ကျ
သွားရာ—

ဝုန်း

ဟိုက်!
ဘယ်လို
မြစ်သွား တာ
ပါလိမ့်ခဲ့

ဟင့်အင်....
ဒီကောင် ဘာလို့
ရေမကူးပါလိမ့်။
ဦးခွေးတွေကတော့
ရေထဲရောက်
တာနဲ့ ကူးတာ
တာဘဲ။
လူသားများဟာ
ရေမကူး
တတ်ဘူး
လား
မသိ


ဟိုဟို
ယက်ကန်
ယက်ကန် -မြစ်နေမှာ
ဝမ်းသာလိုက်တာ
ခစ်ခစ်

သူငယ်မှာ ရေမကူးတတ်၍ အတော်ကြာ
ရှန်းကန်နေသည်ကို မြင်လျှင်
ဟာ -
ခုတော့လဲ
သနားစရာ
မြစ်နေပြီ။
ရေနစ်
သေနိုင်တယ်။


စိတ်ပြောင်းပြီး ကုန်းပေါ် ဆယ်တင်လိုက်၏။


ခွေးယေသည် သူကိုယ်သူ ခါလိုက်၏။

သူငယ်ကား ငြိမ်နေပြီး အားပြု၍ အသက်
ရှူနေသည်ကို တွေ့သော်-
ဟေ- ဒီကောင်
သူ့ကိုယ်ကရေတောင်
မခါတတ်ပါလား။
လူသား
ဆိုတာ
တယ်
ညံ့ပါ
လား
ဟောဟော
ဟောဟဲ့

အတန်ကြာသော် သတိရလာပြီး -

သို့သော် ခွေးငယ်သည် သူ့ကို ရိုက်မည် ထင်၍ တောထဲသို့ ပြန်ပြေးလေ၏။

တောတွင်း မိတ်ဆွေများထံ ရောက်လျှင်

မိတ်ဆွေ တောကြောင်က

ရန်သူ လူသား ကိုတွေ့ယင် ရက်စက် ကြမ်းတမ်း နိုင်မှ တော်ကျ ကြတယ်။ ဖွတ်ထား။ တောက်! အ-တာက လွန်နေတာဘဲကို့။

မြေခွေးကလည်း အပြစ်တင်၏။

ထို့ကြောင့် ခွေးငယ်မှာ သူငယ်လေးကို ကယ်ဆယ်မိ၍ စိတ်မကောင်း ဖြစ်မိနေလေ၏။

ထိုနေ့ည၀တွင် သူငယ်လေးသည် အိပ်ရာထဲ၌ တွေးတောနေလေသည်။

ငါ့ဒီနေ့ ရေထဲလိမ့်ကျတုန်းက ဟိုခွေးလေးဟာ မလာယင် - ရေနစ်ပြီးသေမှာဘဲ။ ဒါဒီခွေးလေးကို ရအောင် လိုက်ရှာမှီ့ ဘယ်လိုမျှား ကျေးဇူး ဆပ် ရပါ့မလိမ့် မသိဘူး.....

သူငယ်လေး အိပ်ပျော်သွားပြီး ည၀နက်ခေါင်အချိန်တွင် အသံ တခုကြောင့် နိုးလာလေသည်။

ဂျီး...

ဂျီး...

ဂျီး...

ခွေးအကြီးပါလား.....

ဟာ- ဟိုခွေးလေး အသံနဲ့တူပါတယ်။ သွားမှီ့ ကြည့်အုံမှ ဘဲ့

ဂျီး

ဂျီး

ဂျီး

ဟုတ်ပါပြီ... ဟိုခွေးလေးဘဲ..... ဟိုလူတွေ တော်လောင်ထောင် ထား တဲ့ သံထောင်ချောက်မှာ မိနေတယ် ထင်တယ်

အနီးကပ် သွားသောအခါ ခွေးငယ်သည် ကြောက်ကြောက်နှင့် မာန်ဖီနေ၏။

ဂရုမစိုက်ဝဲ သံညှပ်ကို ဖြုတ်ပေးလျှင်

ခွေးငယ် ထွက်ပြေးမည်ပြုကာ

အို အို - လာလာ -

နောက်ဆုတ် နောက်ဆုတ် လုပ်နေရာ သူငယ်လေးက လေကလေးချွန်၍



မကြာမီ သူငယ်လေးသည် ခွေးငယ်အနား ရောက်လာပြီး ပွေ့ချီလိုက်၏။

သို့ဖြင့် အိမ်ရောက်သွားကြလေ၏။

ဓာတ်ငွေ့ရေနံတွင်းတူးခြင်း

၁။ ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ ဆိုဆိုင်ယတီကျွန်းစုတွင် အသုံးပြုသောငါးဖမ်းလှေဖြစ်၏။ ယင်းတွင် အုန်းလက်အုန်းရွက်များကို ရွက်အဖြစ် ထောင်ထား၍ ခြင်းတောင်းရှည်ကြီးကို ငါးဖမ်းရန် အသုံးပြုလေသည်။

၂။ အမျိုးသမီးတဦးက လှော်၍ ပန်းများကို လှည့်လည်ရောင်းချနေသော လှေကလေးများကို မြောက်အမေရိကတိုက် မတ္တဆီကို အနီးရှိ ဇိုချီမီကိုရေအိုင်တွင် တွေ့ရ၏။ မြန်မာနိုင်ငံ အင်းလေးဒေသမှ ပန်းနှင့် ဟင်းသီး ဟင်းရွက်များကို လှေနှင့် လှည့်လည်ရောင်းချသကဲ့သို့ဖြစ်၍ ယင်း ရေအိုင်တွင် အင်းလေးမှာကဲ့သို့ပင် ကျွန်းမျောများ ရှိလေသည်။

၃။ တရုပ်နိုင်ငံ ယန်ဆီမြစ်အတွင်း၌တွေ့ရသော မြန်မာနိုင်ငံမှ တုန်ကင်းနှင့် အလားတူလှေကြီးများဖြစ်၏။ ယင်းပေါ်၌ပင် လူများသည် နေအိမ်သဖွယ်ပြုလုပ်၍ နေထိုင်ကြ၏။

၄။ အုန်းသီးများကိုဖောင်ဖွဲ့၍ မြစ်အတွင်းမျောကာ အနီးဆုံး ဈေးများသို့ လှည့်လည်ရောင်းချသည်ကို ဖိလစ်ပိုင်နိုင်ငံတွင် တွေ့ရ၏။

ရေကြောင်းဟာသ

ကျေးဇူးစိုးလွင်ဖြိုး

၁။ ကတ္တူခေါ် တရုပ်လှေကြီးများကို အရှေ့ဖျားနိုင်ငံများတွင် တွေ့ရှိရတတ်၍ လက်ဖက်ခြောက်၊ ဟင်းခတ် အမွှေးအကြိုင်နှင့် အခြားကုန်စည်တို့ကို တင်ဆောင်လှည့်လည် ရောင်းချလေသည်။

၆။ စမ်ပန် သို့မဟုတ် သမ္ဗန်များကို ကျပန်၊ တရုပ်နှင့် အရှေ့တောင်အာရှ နိုင်ငံများရှိ မြစ်ရိုးတလျောက်နှင့် ပင်လယ်ကမ်းခြေတဝိုက်တွင် တွေ့ရလေသည်။

၇။ ရွက်ကြိုးတန်ဆာဆင်ပြီး ကန္ဦးခေါ်လှေကို ပစိဖိတ် ကျွန်းသူကျွန်းသားတို့ ခရီးဝေးသွားလာရန် အသုံးပြုလေသည်။

၈။ အီရုပ်နိုင်ငံတွင် အသုံးပြုသော ကူဖာခေါ် လှေသည် လုံးဝိုင်း၍ ပုတ်နှင့် သဏ္ဌာန်တူ၏။ ခြင်းတောင်းကဲ့သို့ ရက်လုပ်ကာ သားရေဖြင့် ကာရံထားလေသည်။

၉။ အက်စကီးမိုးတို့၏ ကယက်ခေါ်လှေသည် ပင်လယ်ဖျံ၏ အရေခွံဖြင့် ပြုလုပ်ထား၍ ၁၆ ပေခန့်အထိ ရှည်လျားသည်။

ပါကိုးကောင်း

သမ္မာဖော် မြတ်ရမယ်လှိုင်

ဆက်လက်ဖော်ပြရန်ရှိပါသည်



တပည့်ဖြစ်သူလည်း ပါလာသော ဓားဖြင့် အချက်ပေါင်းများစွာ ဝင်ခုတ်ရာ ကျားမှာ သေသွားတော့၏။

ထိုနောက် ကျားအရေခွံကို ဆုတ်ပြီး သွားရောင်းရာ ဓားဒဏ်ရာ များလွန်းသဖြင့် ဈေးကောင်းမရပေ။

အိမ်ပြန်ရောက်လျှင် တပည့်ကို ကြိမ်းမောင်းလေ၏။

တပည့်ဖြစ်သူလည်း ပြန်မပြောဝံ့ ဝမ်းနည်းနေလေ၏။

သို့ဖြင့် လယ်အလုပ်များ ပါးရှ ထင်းခုတ်ယူက်ကြပြန်လေ၏။

ဤအကြိမ်တွင်မူ ဝက်ဝံတကောင်ရောက်လာပြီး လယ်ပိုင်ရှင်ကြီးကို ကိုက်ပြန်၏။



တပည့်ဖြစ်သူလည်း အော်သံကြားရာသို့ အပြေးအလွှား ရောက်လာ၏။



သို့သော် သတိတခု ဝင်လာသဖြင့် ....

ချက်ကောင်းကို ခုတ်မိရန် နေရာရွေးနေလေ၏။

ချက်ကောင်းမရမချင်း ဟောကိုင်၍ စောင့်နေရာ .... ချက်ကောင်း ချက်ကောင်း ချက်ကောင်း . ချက်ကောင်း . ချက်ကောင်း ချက်ကောင်း ချက်ကောင်း ချက်ကောင်း .

နောက်ဆုံး ဝက်ဝံကြီး၏ ချက်ကောင်းကို ရှာမရမီ ဝက်ဝံကြီးက လယ်ပိုင်ရှင်ကြီး၏ ချက်ကောင်းကို မိသွားလေတော့၏။

တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲတွင် မြန်မာတို့၏ မင်းလှခံတပ်သည် အရေးပါသော ခံတပ်တခု ဖြစ်၏။ မြန်မာနိုင်ငံကို သိမ်းပိုက်ရန် ရည်ရွယ်ကာ နယ်ချဲ့ အင်္ဂလိပ်တို့သည် ရောဝတီမြစ်ကို အမြောက်တင် စစ်သင်္ဘောများဖြင့် ဆန်တက်လာကြသည်။ စစ်သင်္ဘောများ ပေါ်တွင် ခေတ်မီ လက်နက်များ ကိုင်ဆောင်ထားသော စစ်သား အများအပြား ပါလာသည်။ လမ်းတလျှောက်လုံး မြန်မာတပ်များက ရောဝတီမြစ် ဝဲယာကမ်းမှ အင်္ဂလိပ်ရေတပ်ကို တိုက်ခိုက် ခုခံကြသည်။

၁၈၅၂ ခု နိုဝင်ဘာလ ၁၇ ရက်နေ့၌ အင်္ဂလိပ် ရေတပ်သည် မင်းလှသို့ ရောက်လာကာ ခံတပ်ကို အကြီးအကျယ် ပစ်ခတ်တိုက်ခိုက်တော့သည်။ မင်းလှခံတပ်ကို ကွပ်ကဲအုပ်ချုပ်သူမှာ လက်ရွေးကြီး လေ့သင်းမိုလ် မင်းထင် မင်းလှရဲခေါင် သူရိန် ဖြစ်၏။ မင်းလှတိုက်ပွဲမှာ အပြင်းထန်ဆုံး တိုက်ပွဲတခုဖြစ်သည်။ ခံတပ်ကို စီးမိရန် အင်္ဂလိပ်တို့ သွေးမြေကျ တိုက်ခိုက်ခဲ့ကြရသည်။ မင်းလှခံတပ်တိုက်ပွဲတွင် အင်္ဂလိပ်ဘက်မှ ကျဆုံးသူ ဒဏ်ရာရသူ စုစုပေါင်း ၃၁ ယောက်ရှိသည်။ မင်းလှမြို့၏ အနောက်တောင်ဖက်တွင် အင်္ဂလိပ်စစ်မိုလ် "ဂျုရီ" ၏ သင်္ချိုင်းဂူရှိသည်။

ရောဝတီမြစ်အတိုင်း စုန်ဆင်းလာလျှင် မြစ်၏ညာဖက်ကမ်း မင်းလှမြို့အဝင်၌ မင်းလှခံတပ်ဟောင်းကြီးကို ယနေ့တိုင် ထီးထီးမားမား မြင်တွေ့နိုင်ပေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

ကောင်းတာဘဲလုပ်မယ်

မေမေ့ရင်လွတ်သာပါစေ

မောင်ညီအောင်

"ဒီကောင်လေး ဘယ်တော့မှ ခိုင်းမရဘူး၊ အလကား အသုံးမကျတဲ့ ပျင်းဘဲ"

ကျွန်တော့်ကို ခိုင်းမရဆုံးဖြင့် ဖေဖေက ဆိုနှယ် ပြောတတ်ပါသည်။ ဖေဖေသာမက ဖွားဖွားနှင့် ဒေါ်လေးကပါ ဤလိုပြောတတ်ပါသည်။ သူတို့ ပြောချင်သလို ပြောပါစေ။ ကျွန်တော်ကား အိမ်အလုပ်လုပ်ပေးရမည့်လောက် မျှင်းစရာကောင်းတာ မရှိဟု ထင်မှတ်လက်ခံလာပြီးဖြစ်သည်။ ကျောင်းက ပြန်ရောက်လျှင် လုယ်အိတ်ကို ပစ်ချ၍ မြင့်ခိုင်တို့ စီးဝင်းတို့နှင့် ဘောလုံး ကန်နေရလျှင် ကျေနပ်ပြီ။

မေမေ ကတော့ တာမျှ မခိုင်း။ လုပ်ခိုင်းလျှင် ကိုယ်တိုင် ထ သည်။ နှင့် ခိုင်းရတာထက် ကိုယ်တိုင်ထလုပ်တာကမှ သက်သာသေးတယ်" ဟု ရယ်မော ပြော တတ် သည်။ တဦးတည်း သားမို့ မေမေက အချစ်ပိုနေသည်။ဖေဖေတို့ဒေါ်လေးတို့ကလည်း ကျွန်တော့်ကို ဆူ မာန်ဂွကလွဲ၍ နာကျင်အောင်မရိုက်စဘူး။ ထို့ကြောင့်ပင် ကျွန်တော်ကား လွတ်လပ်၊ နေပါတော့သည်။ ကစားမည်၊ စားမည်၊ အိပ်မည်၊ ကျောင်းသွားမည်၊ အချိန်တန်၍ စာမေးပွဲကောင်လျှင်ပြီးရော၊ တခြားလုပ်ခရာ ကျွန်တော့်တွင်မရှိ။

ယနေ့ဥပုသ်နေ့မို့ ကျောင်းပိတ်ပါသည်။ ဖေဖေက သမိုင်းချည်စက်မှ လုပ်သားကြီး ဖြစ်သည်။ အလုပ်သမားကြိုသောကားက ဖေဖေ့ကိုလာခေါ် သွားပြီး၊ ဖွားဖွားနှင့် ဒေါ်လေးက ဘုန်းကြီးကျောင်းသို့ ဥပုသ် စောင့်ရန်သွားသည်။ ခဏကြာလျှင် အိမ်တွင်မေမေတယောက်သာ ကျန်ရစ်တော့မည်။ ကျွန်တော်ကား မြင့်ခိုင်တို့နှင့် ဘောလုံးခြိန်းပွဲ သွားကစားရန် ပြောထားပြီး ဖြစ်သည်။

"ဟေ့ -- သိန်းတန် သွားစို့ဟေ့၊ အချိန်နီးလာပြီကွ"

မြင့်ခိုင်တို့အသံ ဖြစ်သည်။

"သားရယ်မသွားပါနဲ့လား၊ မေမေ ခေါင်းတွေ မူးလာလို့ပါ။ ဈေးထိပ်မှာ ဆိုက်ကား သွားငှားပေးစမ်းပါကွယ်။ ပြီးတော့ ဆေးတိုက် လိုက်ပို့အုံးနော်"

ကျွန်တော် မယုံပါ။ စောစောကတင် အကောင်းသား။ ကျွန်တော် ဘောလုံးသွားကန်မည် ဆို့မှ ခေါင်းမူးသည်တဲ့။ ပိုးရွာထဲ ဘော လုံး ကန် လျှင် ဖျားမည်စိုး၍ မသွားရန် မေမေ ဉာဏ်ဆင်ခြင်းသာ ဖြစ်ရမည်။ အရင်အပတ်က မိုးမိ၍ ကျွန်တော် ဖျားဘူးသည်။ ကျောင်းနှစ်ရက်ပင် ပျက်ရသည်။ ထို့ကြောင့် မေမေ စိုးရိမ်ခြင်း ဖြစ်မည်။

သည်အတွေးနှင့်ပင် ဆိုက်ကားငှားပေးမည်ဟု မေမေ့ကို ပြောခဲ့ပြီး မြင့်ခိုင်တို့နှင့် ဘောကွင်း ထွက်ခဲ့သည်။ ဘောလုံးကွင်းတွင် ကျွန်တော်တို့ဖက်က နိုင်သည်။ ကျွန်တော်တို့ ပျော်လိုက်ကြသည်ဖြစ်ခြင်း။

သို့သော် -

သို့သော် ကျွန်တော့် ပျော်

ရှင်မှုသည် အိမ်ပြန်ရောက်လျှင် ပျောက်တော့သည်။ အိမ်တွင် ခေါင်း ရင်း အိမ်မှ လူကြီးနှင့် အိမ်နီးချင်းအချို့ကိုတွေ့ရသည်၊ ဖွားဖွားကား လွန်စွာ စိုးရိမ်ထိတ်လန့်နေပုံရသည်။

"မေမေကောမေမေ၊ မေမေ လေ–ဘယ်မှာလဲဗျ"

ဖွားဖွားက ကျွန်တော်မေး ပါမှ မျက်ရည်တွေတွေ ကျလာသည်။မေမေ့အတွက်ကျွန်တော် စိုးရိမ်လာပါပြီ။ မေမေ ခေါင်း မူးတယ်ဆိုတာ တကယ်ပါလား ဟု ကျွန်တော် သဘောပေါက်ပါပြီ။ ကျွန်တော် နောင်တရလေပြီ။

ကျွန်တော် သဘောပေါက် နောက်ကျခဲ့ပြီကော။ နောင်တရ နောက်ကျ လေပြီ ကော။ ခေါင်းမူးနေသော မေမေသည် ကုတင်ဘေးတွင် သံမန်တလင်း နှင့် ခေါင်းရိုက်မိသော ဒဏ်ရာ ဖြင့် လဲနေခဲ့သည်။ ဖွားဖွားတို့ နောက်မှတွေ့သဖြင့် အိမ်နီးချင်း အချို့ကို အကူအညီ ခေါ်ပြီး ဒေါ်လေးက ဆေးရုံလိုက်ပို့ နေသည်ဟုဆိုသည်။ မေမေအသက်မှ ရှင်နိုင်ပါတော့မည်လား။

မေမေမျှား ဆုံးပါးသွား လျှင်တော့ ကျွန် အဖြစ် သည် ကျွန်တော့်အဖြစ်သာ ဖြစ်ရပေမည်။ ကျွန်တော်သာ ကစား မမက်ခဲ့ပါမူ.... မေမေ့ စကားကို နားထောင်၍ ဆေးတိုက် လိုက်ပို့ပေးခဲ့ပါမူ....

"ကျနော် ကစား မမက်တော့ပါ မေမေ၊ မေမေတို့ခိုင်း သမျှ ကူလုပ်ပေးပါတော့မယ်။ ကျနော် အလုပ်လုပ်ရမှာမပျင်းတော့ပါဘူးမေမေရယ်၊ ကျနော့်ကို ခွင့်လွှတ်ပါတော့၊ ကျနော့်ကို ခွဲမသွားပါနဲ့နော် မေမေ"

အိုးစည်းဝိုင်း

ဖြောင်းဖြောင်းခွပ်ခွပ်ဝေးမပီ၊
ဝါးလက်ခုပ်ကမြည်။

သံစီစီ ညောင်နာကြွေး၊
သံလွင် စည်းစုပ်လေး။

နွဲ့နွဲ့အေးအေး တာတာကီ၊
နဲ့ကြီးအော်ကာမြည်။

ရွှေအိုးဝည် ဗေထုံလွှမ်း၊
နားဝင်မကြည်ချမ်း။

ဂျမ်းရွှမ်ဂျမ်းရွှမ် လင်းကွင်းသံ၊
လေမှာဝဲလို့ပို့ပျံ။

တေးမဆံ နာဘွယ်ကင်း၊
တခုတခုချင်း။

ယိုင်းပင်းစုဝည်း တီးမှုတ်သော်၊
အိုးစည်ဝိုင်းဟုခေါ်။

ကိုယ်နှင့်တော်ရာကိုယ်ဝင်ထမ်း၊
သာယာအံ့မခန်း။

စန္ဒာမြင့်

မော်တော်ဘုတ် လုပ်ရအောင်



ပုံ-၁

ပုံ-၂

ပုံ-၃

အလျား ၁၀ လက်မ အနံ ၅ လက်မ ရှိသော ထင်းရှူးပြားတခုကို (ပုံ–၁) ပုံစံမျိုးရအောင် လွှင်းနှင့်ဖြတ်ပါ။

ယက်မအတွက် အလျား ၂ လက်မ အနံ ၁ လက်မအရွယ် (ပုံ–၂) ထင်းရှူးပြားငယ်ကိုလည်း လွှန်ဖြင့်ဖြတ်ပါ။

(ပုံ-၃)အတိုင်း ယက်မပြားကို မော်တော်ဘုတ် နောက်ဖက်တွင် ရာဘာကွင်းဖြင့် လိမ်၍ တပ်ပါ။ ယက်မကို နောက်ပြန် ဆွဲတပ်ထပ်ရစ်၍ ရေထဲချလိုက်လျှင် ဒရွယ်ပို ခုတ်သွားပါလိမ့်မည်။

ဇော်ဇော်

မိုးကောင်းငှက်

ငှက်ခါးနှင့် မျိုးတူဖြစ်သော မိုးကောင်း ငှက်သည် အလျား ၁၂ လက်မခန့်ရှိသည်။ ပုံသန်းသည့်အခါ တောင်ပံ ဂဖက်တချက်တွင် အဖြူကွက်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် ဤငှက်မျိုးကို တခါတရံ ပြွတင်းမှန်ကွက်ငှက် ဟူ၍လည်းခေါ်ကြ၏။ နားနေသောအခါ၌ မည်းနက်သော အဆင်းနှင့် နီရဲသော နှုတ်သီးကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

မိုးကောင်းငှက်၏ အသံသည် စူးရှ၍ မကြာမကြာအော်တတ်၏။ သို့သော်ငှက်ခါးလောက် မဆူညံပေ။ ဝဲခူးရိုးမရှိကျွန်းတောများတွင် အတွေ့ရများ၏။ သစ်ခြောက်ပင်၏ ထိပ်ဖျားရှိသစ်ကိုင်းတို့၌ မလှုပ်မရှက်နားနေတတ်၏။ နားနေရာ၌ ဦးခေါင်းကို ရင်အုပ်နှင့် ပခုံးရှိအမွေးများကြားတွင် ဖုံးဝှက်ကာ ထား၏။ ပူပြင်းသော နေရောင်အောက်တွင် ကြာရှည်စွာ နေနိုင်သည်။ သာမန်အားဖြင့် ပျင်းရိလေးကန်သော်လည်း စိတ်ထကြွသည့်အခါ လျင်မြန် ဖျတ်လတ်သည်။ သစ်စားပိုး၊ ပုစဉ်းရင်ကွဲ၊ နှံကောင်စသည်တို့ကို စားသည်။

ဗြိုလမှ မေလအတွင်း ငှက်များ သားပေါက်ကြ၏။ အသိုက် လုပ်လေ့မရှိ။ သစ်ပင်အခေါင်းတွင် အုလေ့ရှိ၏။ တမြို့လျှင် သုံး၌မှ လေးဥအထိရှိတတ်၍ တဥလျှင် ပျမ်းမျှအလျား ၁.၄၄ လက်မနှင့် ပြက် ၁.၁၁ လက်မရှိသည်။



မိုးကောင်းငှက်ကို အရှေတိုင်းနိုင်ငံများနှင့် အနောက်ဖက်တွင် ဟိမဝန္တာ တောင်တန်းအလယ်ပိုင်းအထိတွေ့ရသည်။ မြန်မာနိုင်ငံတွင် တောင်ခြေရှိသစ်တောများတွင်တွေ့ရသည်။

စိုးမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

K. 517

ရွှေသွေး ဘာနယ်ဝ

ဘဝဝ၅ ခု၊ တပိုတွဲလဆန်း ၄ ရက် (၂၆-၁-၇၄)

စနေနေ့တိုင်း ထုတ်ဝေသည်။

ခွေးလေးကို ခေါ်ခဲ့ပြီး အိမ်ထဲ ရောက်လျှင် အနှာကို ဆေးထည့်ပေးပြီးသော် -

ဇလုံဟောင်းလေးထဲ ထမင်းဟင်းထည့်ပေးလိုက်လေသည်။

ထိုနောက် သိပ်ထားခဲ့ရာ ခွေးလေးသည် စိတ်ကူးရင်း အိပ်မျော်သွားလေ၏။

နံနက်လင်းလျှင်



သူငယ်လေးသည် မိခင်ထံ ပြေးလာပြီး

နောက်ထနေ့တွင်
ရေကျိုးတဲ့ အကြောင်းကို ခဲ့ -မိန္ဒသန့်ပြီး လှလာမှာ
ဒကွမ်ကဲ့၊ ဘိုးဘိုရဲ့နဲ့လောင်းပြီး မွတ်ထိုက်ပါလိမ့်

ဆင်းရဲ-တယ်မိန်တာကိုး ကွ--- လည်ပင်းလေးကသေး သေးလေး။ မျှားမျှားတာ၊ မျှားမျှားတာ၊ မှ-လှလာမှာ

ဟဲ့တော်ငိုင်-ဆေပါဘုံးကွ။ ဆင်းရဲကိုယ်ဆင်း မှန်ထဲကြည့် စမ်း၊ ဝ.လာပြီ၊ လှလာပြီ သနဲ့လာပြီ

ဒီတခါ-ဘဝကြီး ပစ်လိုက် ပေတော့၊ ဘီအောင် လိုက်မယ်နော်.... ဒုတ် ထုတ်

ဟာ-ခဲ့ခေါက် တို့ပါလား နေကေါင်း ကြာတယ် နော် တွေ့ ရတာ ဝမ်းသာ လိုက် တာ

မြေခွေးကြီးက –
ဧည့်လည်ပင်းမှာ
လည်ပတ်ကြိုးနဲ့
ပါလား.....
ငါ့ဦးရဲ့ ရန်သူ
လူသားတွေရဲ့
ဦးဆိုင်ရာကို
ခရမ်းပါပါ..
အလကား
ဘကောင်

ထောင်ပြုပြီးကြိုးဝင်
အောင်မယ် မင်းက ယဉ်ကျေး
သွားမှာကိုး၊ ငါ့ဦးလို မကြိုးတော့ဘူး
ပေါ့။ ဂုဏ်ရောကျော်း လိုက်တာ.

ဒီမှာ - ရဲဘော်တို့၊ ရဲဘော်တို့ကမြော်တယ် -
(ကြင်နာစိတ်ဒဏ်ရာတာ မကောင်းဘူး)လို့၊ အဲဒါ
မှားနေမှီ၊ ကြင်နာစိတ်ဒဏ်ရာတာ သိပ်ကောင်း၊ အရမ်း
ကောင်း၊ ထောင်းမကောင်း။
ကျနော်ဟာ -
လူသားပေါ်မှာ
ကြင်နာစိတ်
ထား လို့...
ခုလိုလှ - ခုလိုဝ -
ခုလိုပေါ့ -
ခုလိုမော် နိုင်တာမျှ


ဘိုးဘိုး
သစ္စာ
ဖေါက်
ဟော -
သူခေါ်နေမှီ
ဘောလုံး
ကောက်မှီ
မြေးသွား
မှာဘဲ
ဘိုးဘိုး

သူယေလေးထံ ပြန်ပြေးသွား၏။

ခွေးလေးကား တသက်လုံး ကြင်နာစိတ်၏
အကျိုးကို ခံစားကာ နေသွားလေသတည်း။
မင်းလို
ကြိုးလာမှီ -
အိမ်ထောင်
ချပေးရ
အုံးမယ်
ဟုတ်ကဲ့
မြို့ဆို

ဝေယန္တီမြေအလေး မိန်ခြွေ

ချွေးခဲ့ဘဝင်း တည်ဝတ်ပုံ ဇာတ်

ဂျုံလေး - စိတ်ညစ်မနေနဲ့ - ကျွဲတွေကျပြီ - မင်းဟာ
မင်း ကော်ကသွားပြီး အာဆိုနိုတာနဲ့
တော့ပြုန်လာခဲ့ - ဟုတ်လား

ကောပါသေးရဲ့ - အာမေရိကလို့ - နို့မို့ဖွဲ့
တာကျပ်ဘယ်လိုကြာမယ်ဆိုတာမသိဘူး
ကံကောင်းလို့ - ဂျိုး

ညနေစောင်းလျှင် အာမယ် - တယ်ဟုတ်ပါ
လား - ငါသား ကြွေတကျပ်ကြေအောင် ဘယ်လို
ကြံခဲ့တယ်ဆိုတာ ပြောပါဦး
ဟိုး - ဟိုး
ဟား - အဲ့

ဦးဘောသည်သူ့သား ဆီမှကြွေတကျပ်ကိုယူ၍
ရေတွင်းထဲပစ်ချလိုက်သည်။

နောက်နေ့တွင်လည်း မောင်သုတကလာသော
ကြွေတကျပ်ကိုရေတွင်းထဲ ပစ်ချလိုက်ပြန်သည်။

နောက်နေ့ ဂျင်မ - မောင်သုတကိုခွေလေး
လား - ဘာလား မကျပ်နဲ့နော် -
သူ့ကိုသူ့အားသူ့အင်နဲ့ ကြွေချင်မိတ်မွေး
လေးနော် - ပြီးတော့
ကြွေကျတာခက်မှန်း သိပြီး
အသုံးအဖွဲ့ချောတာ
ချင်လာအောင်
သင်လေးနော်
နားလည်လား

ဟင်-ဒီနေ့အစောကြီးလာဘူး-လူနေ
ဆောင်းလို့မဖွေမရဘူး-ငါအိမ်ကထွက်ရ
လိမ့်မယ်-ခက်ပါပါဘိ

အမေ့ကိုမျှော်နေလို့မဖြစ်ဖူး-
ငါ့ခွန်ငါ့အားအားသုံးချပြီး
ထွက်ရမှာဘဲ-

မောင်သုတသည်ထမင်းပိုးနှင့်
ရေပုံးကိုယူကျွေရထမင်း
ကျေးသည်

ပေါက်ဝူးပေါက်သည်-

လူနေစောင်းလျှင်အိမ်ကိုးဆိုမှ
ထွေအသုတ်ကျပ်ရလေသည်။

ဦးဘောလက်သို့ထွေအပ်လိုက်ရတော့မှ ထဲ
သွားချမည်အုပ်- နေပါဦးဗျာ-ဒါကျွန်ု
ခွန်အားနဲ့ချွေးထွက်မှရခဲ့တဲ့ထွေပါ
ရတော့ထဲချမပစ်ပါနဲ့-

မောင်သုတသည်ဖခင်လက်မှထွေကိုပြန်
ယူလိုက်ပြီး ထွေရှာတတ်ဘယ်လောက်
ခက်သလဲဆိုတာသားနှားလယ်ပါပြီ-အရှမ်း
မကုန်နိုင်လဲသိပါ
ပြီ-
ဦးဘောသည်ပိတိဖြာသွားတော့ရော။ ပြီး

အဖိုးတန် ပိုးချည်



"ရှင်ဘုရင့်ပုဆိုး ပိုးချည်း" ဟူ၍ မြန်မာစကားရှိပေရာ ပိုးချည်ထည်သည်အလွန်တန်ဘိုးရှိသော အထည်ဖြစ်ကြောင်း၊ ကောင်းမွန် ရှားပါးသဖြင့် လူတိုင်း မဝတ်ဆင်နိုင်ကြောင်းမှာ ထင်ရှား ပေသည်။ တောက်ပြောင်လှပ၍ ခိုင်ခံ့သော ပိုးထည်များကို မင်းခမ်းမင်းနား၊ အလှူ၊ ဒည်ခံပွဲစသည်တို့တွင် တန်ဘိုးထား၍ ဝတ်ဆင်ကြ၏။

ပိုးချည်သည် ဝါချည်ကဲ့သို့ အပင်မှ ရသော ချည်မျှင်မဟုတ်ပဲ ပိုးကောင်မှ ထွက်သော ချည်မျှင်ဖြစ်လေသည်။ ပိုးချည်ကို ခရစ်မပေါ်မီ နှစ်ပေါင်း ၂၇၀၀ ခန့်ကပင် တရုတ်နိုင်ငံမှ စတင်တွေ့ရှိအသုံးပြုခဲ့ကြောင်း ရှေးဟောင်းပုံပြင်တခုအရ သိရှိရသည်။ ယင်း ပုံပြင်မှာ မိဖုရားကြီး ဆီလင်ရှိသည် နန်းတော် ဥယျာဉ်တွင်း၌ ပိုးစာပင် တပင်ကို မော့ကြည့်မိရာ ပိုးကောင် တကောင်

သည် ပါးစပ်မှထွက်သော တောက်ပသည့် ချည်မျှင်ကလေးများဖြင့် မိမိကိုယ်ကို မိမိပတ်နေသည်ကို မြင်တွေ့ရာမှ အစပြုသည် ဟု ဆိုလေသည်။ ဤသို့ဖြင့် မိဖုရားကြီးသည် ပိုးမျှင် ကောင်များကို

မွေး၍ ယင်းတို့မှ ထွက်သော ချည်မျှင်များဖြင့် အဝတ် အထည် ရက်ကာ ချုပ်လုပ် လေတော့သည်။ ဆီလင်ရှိ မိဖုရားခေတ် နောက် အနှစ် ၂၀၀၀ ကျော်အထိ ပိုးချည် လုပ်ငန်းကို တရုပ် လူမျိုးမှတပါး ကမ္ဘာပေါ်၌ မည်သည့် လူမျိုးမှ မတတ် မသိခဲ့ကြပေ။ ထိုအခါက ပိုးကောင်နှင့် ဥများကို ခိုးယူသူအား တရုပ်တို့သည် သေဒဏ် အထိပင် အပြစ်ပေးခဲ့၏။

ပိုးချည်ကို ပိုးဖလံ တမျိုး၏ ပေါက်ဖတ် သို့မဟုတ် ပိုးမျှင်ကောင်မှ ရရှိလေသည်။ ပိုးမျှင်ကောင်များ ပိုးချည်များဖြင့် အိမ်ဖွဲ့ ရစ်ပတ် နေ



ပိုးချည်ခင်နှင့်ပိုးချည်ထုပ်

ပိုးအိမ် တခုတွင် ပိုးချည်မျှင် ကိုက် ၅၀၀ မှ ၁၂၀၀ အထိ ရှိတတ်သည်။

ပိုးချည်မျှင်များကို စက်ရက်ကန်း၊ လက်ရက်ကန်းတို့ဖြင့် ပိုး၊ ဖဲ၊ ကတ္တီပါ၊ ကရစ်၊ ဘရိုကိတ် စသော အထည် အလိပ်များ ရက်လုပ်ကြ၏။ လက်ဖြင့်ရက်သည့် ပိုးထည်များမှာ စျေးအလွန်ကြီးလေသည်။ စွပ်ကျယ်၊ အတွင်းခံ အင်တိ အထည်၊ ဆိုဖာ၊ အုံးဖုန်၊ကော်ဇော၊ မွေရာ၊ ခန်းဆီးများ ပြုလုပ်ရာနှင့် အလှအပ ပန်းပွား၊ အမြိတ် အနားများ တပ်ဆင်ရာ၌လည်း ပိုးချည်ကိုအသုံးပြုကြသည်။ ဂျပန်၊ အိန္ဒိယ၊တရုပ်၊ ပြင်သစ်၊ အီတလီ နိုင်ငံတို့မှ ပိုးချည်မျှင် အမြောက်အမြား ရရှိ၏။ အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာတွင် ပိုးချည်အများဆုံး ထွက်သော နိုင်ငံ ဖြစ်လေသည်။

ချိန်တွင် ပတ်ဝန်းကျင်၌ ဆူဆူညံညံ မဖြစ်စေရန် သတိပြုရ၏။ ဆူညံပါက ပိုးကောင်များသည် အမျှင်မထုတ်ပဲ နေတတ်သည်ဟု ဆိုသည်။

ဥမှပေါက်စ ပိုးကောင် ကလေးများသည် ပိုးစာရွက်အစိမ်းကို အထူး နှစ်သက်ကြ၏။ ရက်သတ္တငါးပတ်မျှဆက်၍ ပိုးစာရွက်များကို စားသဖြင့် ကြီးထွားနှုန်း အလွန် လျင်မြန်သည်။ ပိုးကောင်သည် အလျား သုံးလက်မခန့် ရှည်ပြီး လက်မဝက်ခန့် တုတ်လာသောအချိန်၌ ပိုးအိမ် ဖွဲ့ရန် အသင့်ဖြစ်နေ၍ အစာ မစားတော့ပေ။ ပိုးကောင်၏ကိုယ်ထဲရှိ ကော်နှင့် တူသောအရည်များကို အပေါ် နှုတ်ခမ်းရှိ အပေါက်တပေါက်မှ ထုတ်ပေးရာ ထိုအရည်အစေးတို့သည် လေနှင့် ထိသည်နှင့်တပြိုင်နက် မာသွားပြီး ပိုးချည်မျှင် ဖြစ်သွားသည်။ ပိုးချည် ထုတ်သည်နှင့် အမျှ ပိုးကောင်၏ ကိုယ်လုံးလည်း သေး၍ သွား၏။

ကြေးကွာ မှာကို

မေမွန်ဝင်း
ဂရေးဆွဲ
သဘုတ်ဖော်သည်



ဒေါးဦတောကွတွေမှာက နာဂိမ္ဂဂိပေ
မယ်လို့- ခေန - ခဲ့. ကြက်တွန်သံ ဟာနာဂို
ဘဲပေါ့- ခေ့ ကို "ခေ" ကြည့် ည ဆို
"ကြက်တွန်သံ"ကို နားထောင်ပြီး ဘယ်
နှစ်နာရီကျို့လဲ ဆိုတာ
ပြောနိုင်တယ်

"နေထွက်ထပြူ" ဆိုယင် မနက် (၆) နာရီ


"နေထန်းတဖျား" ဆို
(၀) နာရီ

"ဘုန်းကြီးတွေ
ဆွမ်းစံပြန်" ဆို
(၉) နာရီ

၀၂ နာရီကို "နေမွန်းတည့်"

နာရီပြန်တချက်ကို
"နေမွန်းတိမ်း"

(၂) နာရီခန့် အရိပ်ကို
"နေစောင်း"

(၁)နာဂိဆို "နေကျ "(၎)နာဂို
ဆို "နေစွယ်ကျိုး"(၅)နာဂိကို
"နေဒေး"(၆)နာဂိခွဲ ကို
"နေဝင်ဆည်းဆာ"ဆိုပြီးနေ
ကိုအဖြိုဖြုပြီး နေ့မှာ
နာဂိသဘော သုံးတယ်ကွဲ.

အဲ - ညကျတော့ ကြက်တွန်သံကို အမှီပြုပြီး မှတ်သားပုံက ည (၆) နာရီဆို ကြက်တွေ အိပ်ခါနီးတွန်လို့ "အိပ်တန်းတက်"

(၇) နာရီကို "သူငယ်တိတ်ဆိတ်" က လေး ငယ်လေးတွေ အိပ်မော်တဲ့ အချိန်ကို တွန်တာ

(၁၀) နာရီကို "သက်ကြီးခေါင်းချ" အသက်အရွယ်ကြီးတဲ့လူကြီးတွေ အိပ်မော်ချိန်ပေါ့

(၁၁) နာရီကို "လုလင်ပြန်" တဲ့၊ ရွာရိုးလျှောက်လယ်ကြတဲ့ ကာလသားတွေ ကိုယ့်အိမ်ကိုယ် ပြန်ကြချိန်လေ။

(၁၂) နာရီ အချိန်ကို "သန်းခေါင်ကြက်"

မနက် (၃) နာရီဆို "ကြက်ဦးတွန်" တဲ့။

မနက် (၅) နာရီကို "လင်းကြက်ဆော်" တဲ့။ နေထွက်ခါနီးကို တွန်တာပေါ့ကွယ်။ ဒါ့ကြောင့် ဒို့တောကွာတွေမှာဆို ဇနီးကို "ဇနီး" သူကို ကြက်တွန်သံ "ဒဲဒါ" တွေ့ဒါမျှတ် ဒါသားပြုပြီး - သူ့ဒါချိန်နဲ့ သူ့လုပ်ငန်းပြီးအောင် လုပ်ကြဂတယ်ကွဲ့ -

ကျေးဇူးပါဘဲ ဒါကိုးလေး-ကျနော်တို့ တော်တော်မဟုတ်တတ်ပါဘူးဗျာ- ဖြူဖြူ ကျော်ယင်ကျောင်းက သူငယ်ချင်းတွေ ပြောပြဂဲ့ဒုံးမယ် -

အင်းဝတန်တား

မန္တလေးမှ စစ်ကိုင်းသို့ ကား သို့မဟုတ် မီးရထားဖြင့်သွားလျှင် ဧရာဝတီမြစ်ကို ဖြတ်ဆောက်ထားသော အင်းဝတန်တားကြီးကို တွေ့ရမည်။ ယင်းတန်တားသည် ၁၀၂ ပေမြင့်ပြီး ၃၉၄၀ ပေ ရှည်လျားသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်တပ်များတက်လာ၍ အင်္ဂလိပ်တပ်များ မြစ်ကြီးနားသို့ ဆုတ်ခွာစဉ်က ထိုတန်တားကြီးကို မိုင်းမုံးဖြင့် ဖောက်ခွဲခဲ့၍ တန်တားဘောင်ကြီးများ အကြီးအကျယ် ပျက်စီးသွားသည်။ ပြန်လည်ပြင်ဆင်ခ ၅၇ သိန်းကျော် ကုန်ကျခဲ့သည်။

ဤတန်တားကို စစ်ကိုင်းမြို့နှင့် ဆက်ထားသောကြောင့် အချို့က စစ်ကိုင်း တန်တားဟုလည်း ခေါ်ကြသည်။ ရန်ကုန်မှ မြစ်ကြီးနားတိုင်အောင် ကားလမ်း ရထားလမ်းများ ပေါက်ရောက်နိုင်ခဲ့သည်မှာ ဤမြစ်ကူး တန်တားကြီးကြောင့်ဖြစ်၏။ ကားရော မီးရထားပါ ကူးနိုင်ရန် တန်တားကြီးကို ဆောက်လုပ်ထားသည်။

ဤတန်တားကြီးကို ၁၉၃၄ ခု ဇန်နဝါရီလက စတင်ဖွင့်လှစ်ခဲ့ရာ ၁၉၇၄ ခု ဇန်နဝါရီလတွင် တန်တားကြီး၏သက်တမ်းအနှစ် ၄၀ ပြည့်မြိုဖြစ်၏။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

ခေါင်းထဲမှာ မှတ်မှမထားဘဲ



သူငယ်ချင်း တယောက်ကို ခင်ရှိုင်ရသောအဖြစ်သည် ကျမ အဖို့ ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။ ကျမသည် ငယ်စဉ်မှယခု ပဉ္စမတန်း ကျောင်းသူဘဝအထိ သူငယ်ချင်း တယောက်သာ ထား တတ်ပါသည်။ တတိယတန်းမှ စ၍ "မြမြ"သည် ကျမ၏ အချစ်ဆုံး သူငယ်ချင်း ဖြစ်၏။ ကျမတို့ နှစ်ယောက် ကျောင်းသွား ကျောင်းပြန် အတူတူသွားကြ၏။ ကျောင်းပိတ်ရက်များတွင် တယောက် အိမ် တယောက် ကူး၍ စာဖတ်ခြင်း၊ ကစားရခြင်းများမှာ ပျော်စရာပင်ဖြစ်သည်။ သို့သော် ကျမ သူ့အတွက် ငိုခဲ့ရပါပြီ။ အကြောင်းမှာ "မြမြ"သည် ကျမတို့နှင့်ရွယ်တူ မိန်းကလေး တယောက်နှင့် ကျောင်းသွားရန် ကျမကို လာခေါ်ပါသည်။ ထိုမိန်းကလေး၏ အမည်မှာ "အေးအေး" ဖြစ်၏။ အိမ်သို့ရောက်သည်နှင့် မြမြက–

"ခင်လေးရေ၊ မြတို့ တော့် အဖော် တယောက် တိုးလာပြီ။ သူက ပုသိန်ကပြောင်းလာတာ၊ သူမေမေက မြတို့ ဖေဖေနဲ့ သိပ်ရင်းနှီးတာ၊ မြတို့ ကျောင်းမှာ အပ်ထားပြီးပြီ"

မြမြသည် ကျမထက် ခင်သူကို တွေ့နေပြီဟု ကျမ ထင်လိုက်ပါသည်။ တယောက်ဆို တယောက်သာ ခင်တတ်သော ကျမအဖို့ ကျမသူငယ်ချင်းသည်လည်း ကျမ တယောက်တည်းကိုသာ ခင်စေချင်ပါသည်။ ကျောင်းသို့ ရောက်သော် ဆရာက အေးအေးကို ကျမတို့ ထိုင်သော ခုံတန်းမှာပင် နေရာချပေးပါသည်။

မြမြသည် အေးအေးကိုသာ မပျင်းရန် အချိန်ရတိုင်း စကားလှမ်းပြောနေသည်။ အေးအေးနောက် ကျသော စာများ ကို ကူ၍ကူးပေးနေသည်။ နေ့လယ်မုံစား ဆင်းချိန် တွင် လည်း ခါတိုင်းကဲ့သို့ ကျမနှင့် အတူ အိမ်ပြန်၍ ထမင်း မစား တော့ပါ။ မြမြသည် ထိုအခါမှ စ၍ အေးအေးနှင့်သာမက အခြားသူငယ်ချင်းများနှင့်ပါ ကစားပါသည်။ ကျမ တယောက်သာ အဖော်မဲ့နေ၏။ ထို့နေ့ လည်း ကျမ၏ မအောင့်နိုင် တော့သော စိတ်ကြောင့် –

"မြမြ၊ ခင်လေးတို့ ထမင်းပြန်စားရအောင် လိုက်ခဲ့ပါ"ဟု ခေါ်၏။ မြမြက –

"မြ–မလိုက်တော့ဘူး၊ ခင်လေး ဆာရင် မုံစား ပါ လား၊ ကစားရအောင်လေ"ဟု အမှတ်မထင် ပြောလိုက်၏။ ကျမကို မခင်တော့ ဟူသော သံသယသည်မှန်ကန်နေပြီဟူ၍ သိသည်နှင့် အိမ်သို့ တန်းတန်း မတ်မတ် ပြန်ခဲ့ပါသည်။ အိမ်ရောက်သည်နှင့် –

"မေမေ၊ မြမြက သမီးကို မခင်တော့ဘူး၊ သူမှာ သူငယ်ချင်းတွေ အများကြီး ရှိနေပြီ" ဟုပြောပြီး အားပါးတရ ငိုလိုက်

ပါသည်။ အဖော်မဲ့သူ ဟူသော အတွေးက ကျမအား ရှက်စေ ပါသည်။

"သမီး ကျောင်းမတက်ချင် တော့ဘူး၊ သိပ်ရှက်တာဘဲ" ဟု အကြိမ်ကြိမ်ပြော၍ ငိုနေသော ကျမအတွက် မေမေက နေမ ကောင်း ဟူသော အကြောင်း ပြ ချက်ဖြင့် ကျောင်းမှ လွယ် အိတ် သွား ယူ ပေး ပါ သည်။ ညနေဘက် ကျမတို့ မိသားစု ထမင်းစားပြီးနောက် စာကြည့် စားပွဲတွင် တွေတွေလေးထိုင်နေ သော ကျမ အနားသို့ မေမေ ရောက်လာပါသည်။

"နွေ လယ် က သ မီး လွယ် အိတ်သွားယူတော့ သမီးသူငယ် ချင်းတွေက ဘာ ဖြစ် လို့ လဲ လို့ ဝိုင်း မေး ကြ တယ်။ မြမြကလဲ တကယ် စိုးရိမ်ရှာတာပါ။ သမီး ကို ခင်ရှာပါတယ်ကွယ်။ မြမြလဲ နွေတိုင်း သမီးနဲ့ဘဲ အတူသွားရ၊ ကစားရတော့ သူလဲ တခြား သူငယ်ချင်းတွေနဲ့ က စား ချင် မှာပေါ့။ သမီးလဲ မြမြကိုလဲ ခင် ပါ၊ တခြား သူငယ်ချင်းတွေနဲ့ လဲ က စား ပေါ့။ သူငယ်ချင်း တိုင်းမှာ သမီးအတွက် ချစ်စရာ တမျိုးစီ ရှိနေကြမှာဘဲ၊ သူငယ် ချင်း များလေ သမီး အတွက် ပျော်စရာတွေ တွေလေ ဖြစ်မှာ ပါ။ အား လုံး ကျောင်း သူ ကျောင်း သား တွေ ဟာ သ မီး သူငယ်ချင်းတွေဘဲ၊ သမီး သူတို့ နဲ့ ကစားကြည့်ပါအုံးကွယ်"

မေမေ့စကားကြောင့် ကျမ စိတ်တွင်ရှိသော ဝမ်းနည်းချက် များလျော့သွားပြီး သူငယ်ချင်း အား လုံးနှင့် ပေါင်းကြည့်မည်ဟု ဆုံးဖြတ်မိပါသည်။

နောက်နေ့ မနက် မြမြက ကျောင်းစောစောသွားရန် လာ ခေါ် ပါသည်။ ကျောင်း ရောက် သော် မြမြတို့နှင့် ကစားရသည် မှာ ပျော်စရာ ကောင်းပါသည်။ ကျောင်းတက်ပြန် တော့ လည်း ယ ခင် ကလို ကျမ တယောက် တည်း ငူငူလေး ထိုင်မနေတော့ ပါ။ စာသင်ချိန်တချိန်မှ တချိန် ပြောင်းတိုင်း နားချိန် အနည်း ငယ်တွင် သူငယ်ချင်း များနှင့် တယောက် မသိသည့်စာကို တ ယောက်ကပြပေးခြင်း၊မမှီသော စာများပြန်ကူးခြင်းဖြင့် အလုပ် ရှုပ်နေပါသည်။ နွေလယ် မှဲ့ စား ဆင်းချိန်တွင်လည်း ကျမ အိမ်မ ပြန်တော့ပါ။ မနက်က စားကြ ပြီးပြီမို့ နွေခင်းတော့ ကျွန်မတို့ မုံဘိုးများစု၍ မုံဝယ်ကာ စုစား ရင်းပုံတိုကလေးများနှင့် ရွှပ်ရှင် အကြောင်းပါမကျန် ဦးရာလူက ပြောကြပါသည်။

အော် -- မေမေပြောသော သူငယ်ချင်း တိုင်းမှာ သမီး အတွက် ချစ်စရာ တမျိုးစီ ရှိနေ ကြမှာပါ ဆိုသော စကားကို သတိရမိပါသည်။ ကျမ သူတို့၏ ချစ်စရာကလေးများကို မြင်နေ ရပြီမို့ဝမ်းသာ ပီတိ ဖြစ်မိသည် မှာတော့ အမှန်ပင်။

လှိမင်းသား

သမိုင်းဝင်အလာကွယ်မြန်ခေတ် တလွှားက၊ ကျန်စစ်သားလို့ ကျော်ကြားတယ်။

ဆင်တရုပ်ပမာနှယ် အကြုံနည်း တမျိုးနဲ့၊ ခြံစည်းရိုးကြီး ကာ ထားတယ်။

သခွားရယ် ဖရုံရယ် ပူးပါနှောလို့၊ အထူး ဝပြောတဲ့ ခြံကြီး ဝယ်။

အားခွန်ကြွယ်ကြွယ် ဘုရင်မင်း တပါးက၊ အသွင်အဆင်ခြားလို့ ရောက်လာတယ်။

မောတယ်ပန်းတယ် သခွားသီး တလုံးတဲ့၊ စားမြည်း သုံးဘို့ တောင်းရှာတယ်။

စားလိုလျှင်ကွယ် ခုန်ဝင်ကူးကွဲ့ အစုံပင်ခူးလို့ စားသုံးကွယ်။

သတ္တိဂုဏ်ထယ် မာန်ပျို့မောက် သမို့၊ လှံကိုထောက်လို့ ခုန်ကူးတယ်။

ဂုဏ်ထူးကြွယ် ဂုဏ်ထူးကြွယ်။

ဗန္ဓရဝင်း

R. 517

ဝါဖလေး

ခုန်ဆွ ခုန်ဆွ သွားလာနေတတ်၍ တခါတရံမှ ထာပျံသန်းသည်။ ပိုးမွှားနှင့် သစ်သီးသစ်စေ့ များကို စားသောက်သည်။

ဖေဖော်ဝါရီလမှ ဇွန်လ အတွင်းတွင် ငှက်ကလေးများ ပေါက်ပွားသည်။ ဝါးရုံနှင့် ချုံပုတ်ခပ်မြင့်မြင့်တွင် အသိုက်ကို သစ်ကိုင်း ခြောက်၊ သစ်မြစ်နှင့် စိမ်းစိုသော သစ်ရွက်တို့ ဖြင့် ပြုလုပ်လေ့ရှိ၏။ တမြုံလျှင်နှစ်ဥ သုံးဥရှိ တတ်၍ တဥလျှင် ပျမ်းမျှအလျား ၁.၃၃ လက်မနှင့် ပြက် ၁.၀၂ လက်မရှိသည်။

ဥညြအမျိုးတွင် ပါဝင်သော ငှက်ဖြစ်၍ ကိုယ်အလျား ၂၄ လက်မရှိကာ အမြီး ၁၆ လက်မရှည်သည်။ တောတွင်း၌ နေသော ငှက် ဖြစ်၍ လယ်ကွင်းထဲသို့ရောက်ရှိနေက အမြီးရှိ အဖြူကွက်များမှအပ ကျန်အပိုင်းတို့သည် ရင့်သော အရောင်ရှိသောကြောင့် ထင်းရှားစွာ တွေ့မြင်ရတတ်သည်။

မလေးရှား မျိုးနွယ် ဖြစ်သော်လည်း အလယ်ပိုင်း ဟိမဝန္တာနှင့် ယူနန်နယ်သို့တိုင် ပျံနှံ၏။ မြန်မာနိုင်ငံ၌ ဝါဖလေးများကို ပေ ၅၀၀၀ အမြင့်ဒေသအထိ တွေ့မြင်ရပေသည်။

စိုးမြင့်

ကွတ်ကွတ်ကွတ်ဟု တိုးတိုးအော်တတ်၏။ တခါတရံ ကူးကူးကူး ဟုအော်၏။ အထူး သဖြင့် နံနက်ခင်း၌ ကြားရတတ်၏။ အဖိုအမ တို့သည် ရာသက်ပန် ပေါင်းသင်း၍ အမြဲတူ စုံတွဲလျက် နေသည်။ သစ်ပင် ချုံကြားများတွင်

* ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ပုံနှိပ်ဝေ၍၊ ရန်ကုန်မြို့၊ ဒုဗမာ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂၂၊ ကုမ္ပဏီ ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၅။

ရွှေသွေး ကျောနယ်ဝ

ဒေါ်စားပုပ်

ပန်းချီ——
ဦးဘကြည်။
စိတ်လမ်း——
ဒေါ်လေးစမ်း။



စနေနေ့တိုင်း ထုတ်ဝေသည်။

တခါတုန်းက "မောင်စာလေး" လို့ ခေါ်တဲ့ ယုန်ကလေးတကောင် ရှိသတဲ့။



မောင်စာလေးတို့ နေတဲ့ အနားမှာ တောင်ယာစိုက်စားတဲ့ တောင်သူကြီး တယောက်ရှိသတဲ့။

အဲဒီ တကြီးမှဲ့ ယာထဲရှိတဲ့ ကဒွန်း၌၊ အာလူး၊ ခရမ်းချဉ်၊ မုန်လာဥ စတည်တို့ကို တောင်းစားယင်ရရက်သားနဲ့ မောင်စာလေးဟာ..

နံနက်မိုးလင်းလို့ အပင်တွေ ပျက်စီးနေတာ တွေ့ယင် တကြီးမှဲ့ဟာ သိပ်ဒေါသထွက်တဲတဲ့။



တညနေကျတော့ တကြီးမှဲ့ဟာ




ညတက် တွင်မောင်စာလေးသည် ခါတိုင်းကဲ့သို့ မှန်လာဥသွားခိုးစားရင်း ကျောက်ကွင်းမှာ မိန်းမပြီး သစ်ကိုင်းမှာတွဲလောင်းဖြစ်နေဆဲတဲ့၊
ဘကြီးမွဲ့ လာယင်တော့ မသက်မသာ ခံရတော့ မှာဘဲ
ဒုက္ခပါပဲဘဲ၊ ဒီတစ်ခါတော့ ခိုးစားတာ မိသွားပြီ
မကြာမီ ဝက်ဝံကြီးတကောင် ရောက်လာပြီး
အမယ်.... မောင်စာလေးပါလား၊ မင်းဘာဖြစ်နေတာလဲ
အား
တင်းကိုရွေးမိုးလာ
ဟော- တနာရီ တက္ကသိုလ်ဟူတိုလား။ ဒီစာလုပ်ငါတောင်လုပ်ချင်သေးတယ်
အိုကိုရွေးမိုးရဲ့- အသားနေစမ်းပါ၊ အလုပ်လုပ်နေတာမျ
ဟင်- အလုပ်လုပ်နေတာ။ဟုတ်စ -ဘာလုပ်တာလဲဟ-
ယာခင်းစောင့်နေတာလေ တနာရီ တက္ကသိုလ်ဟုတယ်မျ
သို့ဖြင့်
ဖြုတ်ရ. လွယ်သားကဲ့
ကြိုးကွပ်တ ကိုရွေးမှီ ခါးနဲ့ တော်မှာဟုတ် ဘူး။ လည်ပင်းမှာတပ် ပေါ့
အေးပါ. ငါနားလယ် ပါတယ်
တကယ် လုပ်ချင်မှလဲ မြောပါ
တကယ်ပါကွ မောင်စာလေးရဲ့။ တနာရီ တက္ကသိုလ် ဆိုတော့. ဂုဏ်ယောသီးဘိုး ရတာပေါ့
ဒါဖြင့်ယင် - ကျနော့်ခါးက ကြိုး ကိုဖြုတ်။ ခင်ဗျားတဲ့ စောင့်။ ဘကြီးမွဲ့လာယင် - တနာရီ တက္ကသိုလ် ဆိုပြီး တွက်ပေးလိုက်မယ်

ဝက်ဝံ ကိုယ်ခန္ဓာကြီးက လေးတော့ လှုပ်
လိုက်တိုင်း ကြိုးတင်းပြီး ကျပ်လာပါရော တဲ့။
အဖယ်လေး
လည်ပင်းအစ်
လာပါလား

များမကြာမီ
အင်း-
တနာရီ
တကယ်-တဲ့
အူးမြို့
ကိုးသို့ ဦးရေ
အေး

ငါ့မှန်လာခင်းတဲ့
ခကခက-လာရိုးတာ
နှင်ဘဲဖြစ်မယ်-
ကဲ-သေဘိုသာ
မြင်မေတော့
တနာရီ
တကယ်
ဆို

မိုးလင်းတာနဲ့တပြိုင်နက် ဦးမှုံပေါက်လာပြီး
ဟာ—
သူခိုးမိုးနေမှီး
—ဟဲ—
မှတ်လောက်
သားလောက်အောင်
တွယ်လိုက်
မှာဘဲ
တင်းပုတီနဲ့
နှိက်ဖယ်


ရွှေဖီးမှာ အလူးအလဲ ခံနေရသလောက် ချုံ
ကွယ်မှ မောင်စာလေးမှာ အရှိန်ပိန်နေရတာပေါ့။
ဖုံး
တကျပ်
ဖုံး
တကျပ်
ဖုံး
တကျပ်
ဖုံး
တကျပ်
ဟား ဟား—
ဟား ဟား
ဟား ဟား
ဟား ဟား
ဟား ဟား
ဟား ဟား
ဟား ဟား
ဟား ဟား

ဦးဘုံးကွဲ
အား
တကျပ်ဆို
ဖုံး

အိပ်မောကျနေစဉ် ရွှေဖီးရောက်လာပြီး

ကျတ်-ကျတ်-ကျတ်-ကျတ်၊
တော်တော်ခံလိုက်
ရတယ်။ တင်ပါးကို
ကိုန်းနေတာဘဲ။

ခေါ်ခေါ်ခေါ်

ဟင်-တခေါခေါနဲ့
ဖိပ်နေတာ-ငစာလေးဘဲ။
ငါ့အကြောင်းသိ
စေ့မယ်ဟေ့

ထိုနောက် မောင်စာလေးဟာ အကျေနပ်
ကြီး ကျေနပ်လျက် ကျောက်ဂူသို့ သွားပြီး
အိပ်နေသတဲ့။

ဗိုး —
ဖုံးတကယ်-ဖုံးတကယ်နဲ့
ရွှီလိုက်ရတာ-အားနာနေတာဘဲ
တရေးလောက်တော့
မှေးလိုက်အုံးမှ

ပြောပြောဆိုဆို နွယ်ကြိုးတွေ ယူလာပြီး မောင်
စာလေးကို ကြိုးနဲ့ တုပ်ထားလိုက်သတဲ့။

ကဲ

ငါ့ကို
ချောက်
တွန်းတဲ့
ကောင်၊
မိုက်ဖြို

နဲ့ကို
သတ်
မယ်

ရွှေဖီးလက်မှ မလွတ်နိုင်ကြောင်း သိတော့
မောင်စာလေးဟာ အကျပ်အတည်း ဖြစ်နေပြီး

ကျ-ကျနော်-မှား
ပါဖြို့
ဆိတ်
ဆိတ်

သတ်
ချင်လဲ
သတ်ပါ
ဆိတ်
ဆိတ်

မသေခင်
လေးတော့
ဆိတ်
ဆိတ်

ဘယ်သူမှ
မသိလိုက်
မှာစိုးလို့...
.....
ဆိတ်
ဆိတ်

ဒီတော့ ပျားရည်အလွန်မက်တဲ့ ရွှေဖီးက

ဟာ

တကယ်

ဘာ
လျာရွှေ
အုံးမလို
လဲ

.....
-အင်မတန် အရသာထူးတဲ့
ပျားလပို့ကြီး တခုကို
ရခြမ်းခဲ့ ပါရစေ...

ဆိတ်
ဆိတ်


ထိုကြောင့် တတောင်ဆင်း တတောင်တက်နဲ့
မောင်စာလေးက ဝက်ဝံကြီးကို ခေါ်သွား
ဆတဲ့။
ဖင်း - အခုလိုက်ပြပါလား။
မင့်အသက်ကို ချမ်းသာ
ပေးမယ်
လေ
ဟုတ်
ကဲ့
မှန်
မယ်
ခင်ဗျာ
ဒီလောက်မြင့်တဲ့
လောက်တောင်
ငါတို့ တက်ခဲ့တွေ
က - ဇီကာဆို့
ကျေးဇူး
အဟော့
ဒါပေမဲ့
ကိုင့်ဖြစ်မှာ.....
နောက်ဆုံးတွင် သစ်ခေါင်းရှိသော သစ်ပင်
ကြီးတပင်ကို တွေ့ရတော့မှ
အဲဟိုသစ်ခေါင်း
ထဲမှာရှိတယ်
နဲနဲတော့
မြင့်တယ်
ဘာ - ဒါပေမဲ့လဲကွ
သစ်ခေါင်းက - မြောင်ထော့
ပျားလပို့ကို - ဟုတ်တရုတ်
မမြင်ရဘူးနော်
သိပါတယ်ကွ -
ဒီပျားမျိုးမှ - အရမ်း
ချိုတာ
ချက်ချင်း
မြင်ရတဲ့အခွင်း
ရှိတယ်
တယ်လိုလဲ
မြန်မြန်မြောစမ်း
သစ်ခေါင်းထဲကိုလေ -
ငင်ဗျာ ခေါင်းနဲ့
သေသေချာချာ ငုံ့ကြည့်ပြီး
(ဟင် ချိုး) လို့ - သုံးခါ
ကျယ်ကျယ်ချေလိုက်ရဲ့
ပျားလပို့ကြီး အလိုလို
ကြွတက်လာ
လိမ့်မယ်
အေး အေး
သိပ်းကြမယ်

သစ်ခေါင်းဝတ်လို့ ရောက်လွားတော့


အောင်လိုက်တာမှ
ဖဲလို့
အား.... ဟုတ်တာပဲ
ဟား ဟား
ဟား ဟား
ဟား ဟား

ကြိုးကြိုးကြိုးငယ် - အသွယ်သွယ်တို့ကို မည်သည့်အခါက စတင် အသုံးပြုလာခဲ့ကြသည်ဟု အတိအကျ သိရှိရန် ခဲယဉ်းသည်။ သို့ရာတွင် ရှေးခေတ်လူများသည် လိမ်ရှက်ကာ ပေါက်ရောက်နေသော နွယ်ပင်များကို အတုယူ၍ ကြိုးများကို စတင် ပြုလုပ်ခဲ့ကြသည်။

ရှေးအကျဆုံး ကြိုးမှာ အီဂျစ်နိုင်ငံ ဆက်ကာရ အရပ်ရှိ ဟင်မကာ သချိုင်းဂူမှ တူးဖော်ရရှိခဲ့သော ကြိုးခွေပင် ဖြစ်သည်။ ထိုကြိုးခွေသည် နှစ်ပေါင်း ၅၃၀၀ ကျော်မျှ ကြာမြင့်ပြီဖြစ်သော်လည်း မဟုတ်မစီးပဲ ရှိနေသေးသည်။

၁၉၄၂ ခုနှစ်တွင် အီဂျစ်နိုင်ငံ တူရားဂူများ၌ ပဝိုင်းရပ် (စက္ကူလုပ်သော ကျူပင်)များဖြင့် ပြုလုပ်ထားသော ကြိုးခုနစ်ချောင်းကို တူးဖော်ရရှိခဲ့သည်။ ကြိုးတချောင်းမှာ ပေရမစ် တည်ဆောက်ရာတွင် အသုံးပြုသည့် ၆၀ တန် အလေးချိန်စီးသော ကျောက်တုံးကြီးများကို ချည်နှောင်သည့် ကြိုးဟုဆိုသည်။

ရှေးခေတ် အီဂျစ်လူမျိုးတို့သည် ကြိုးများကို ဘီသွားလျှော်၊ ပဝိုင်းရပ်ပင် စသည်တို့မှ ပြုလုပ်ကြသည်။

၁၇၉၂ ခု မတိုင်မီက ကြိုးများကို လက်ဖြင့်သာလျှင် ကျစ်ခဲ့ကြသည်။ ထို့နောက်မှ လက်ငင့်ချည်မျှင်များကို စက်ဖြင့် ကျစ်ယူကြသည်။

စက်ဖြင့်ကြိုးကျစ်ယူပုံ အဆင့်ဆင့်



စခန်းတောင်



ဒေရာစု အလယ်လောက်တွင် ရေနွေးငွေ့အား အင်ဂျင်စက်များကို အသုံးပြုနိုင်သောအခါ အချင်းတလက်မထက် ကြိုးသော ကြိုးကြိုးများသာမက ကြိုးငယ်အမျိုးမျိုးကိုလည်း ကျစ်လာနိုင်ကြသည်။

များသောအားဖြင့် ပိုက်ဆံပင်၊ ဂုံလျှော်ပင်၊ ဘီသွားလျှော်ပင်တို့မှရသော လျှော်မျှင်များကို ကြိုးကျစ်ယူကြသည်။ အုန်းခွံမှ အုန်းဆံကိုလည်း ကြိုးကျစ်နိုင်သည်။

လှေ၊ ဖောင်၊ သင်္ဘောများနှင့် လိုက်ပါ၍ အသက်မွေးကြရသော ရေလုပ်သားတို့သည် ကြိုးကို အလွန်အသုံးများကြသည်။

သစ်ဝါး ခုတ်သူများ၊ စေတီပုထိုး တိုက်တာအိမ်ရာ တည်ဆောက်သူများ၊ ဆင်သမားများတို့သည် ကြိုးထုံးနည်း၊ ချည်နည်း အမျိုးမျိုးကို လေ့လာတတ်ကျွမ်းထားကြရသည်။

ပလပ်စတစ်အမျှင်များကို ကျစ်ယူသော နိုင်လွန်ကြိုးများမှာ အလွန်ခိုင်မာသဖြင့် ခြေအိတ်ထိုးရန်ကြိုး၊ လေထီးကြိုး၊ ရွက်လွှဲကြိုး၊ တောင်ပေါ်တက်ရန်ကြိုး၊ ငါးမျှားကြိုး စသည်ဖြင့် အသုံးပြုကြသည်။

သံ၊ သံမဏိကြိုးများ၊ ကြေးကြိုးများသည်လည်း ယခုအခါ အလွန်အသုံးဝင်လျက် ရှိသည်။



ရိုးရိုးသားသား ရယ်ရအောင်







ဘဝသင်ခန်းစာ

ရေဘေးဖန်းတီးခြင်း

တခါကတောအုပ်တခုမှာ သိုက်သိကာတကောင် ဟာ မျောက်တကောင်နဲ့ မိတ်ဆွေဖွဲ့ခဲ့ကြသတဲ့...

စားပါဦးမျှ

သုံးဆောင်ပါခင်မျှ

တနေ့ မိုးတွေကြာ တဲ့အခါမှာ စံနစ်တကျအိမ်ဆောက်ထားတဲ့ သိုက်ကား က....

ဟာ..ကိုမျောက်..ခင်ဗျားလို ခွိုရွေမဲ့ဖြစ်နေပြီပေါ့!

အေးမှာ..ဒုက္ခပါဘဲ

ခင်ဗျားမှာလူတွေနဲ့ ခြေလက်မျက်နှာ အစုံအလင်ကျတဲ့ဘဝကြောင့် အိမ်တလုံးမဆောက်နိုင်တာလဲမှာ

ငါနဲ့တူပေမဲ့ ပညာတော့ ကွာတယ်ဗျို့..ငါတွေကညာတော့ ဒိုရိုတယ်လေ

ဦးကျော်ဇင်ရေးသားသည်

ဦးကျော်ဇင်

ဦးကျော်ဇင်

ဦးကျော်ဇင

မင်းကွန်းခေါင်းလောင်းကြီး



မန္တလေးမြို့အထက်နား ကမ်းနဘေးတွင် ဧရာမ ခေါင်း ခေါင်းလောင်းကြီးကို ဘိုးထက် ခရစ်သက္ကရာဇ် လုပ်ပြီးစီးသည်။ ၁၈၃၃ သော ကမ္ဘာတွင် အကြီးဖြစ်သည့် ဇာကိုလိုကော ထက် ဤခေါင်းလောင်း နှစ်ပင် ရှေးကျခဲ့သည်။

မင်းကွန်းစေတီ အနီး ခေါင်းလောင်းကြီးမှာ အ လက်မ၊ အတွင်းနှုတ်ခမ်း ၁၀ ပေ၊ အမြင့် ၁၁ ပေ ၆ ကြေးအချိန်ပိသာ ၅၅၅၅၅ (၉၀.၅၂ တန်) ရှိသည်။

ဧရာဝတီမြစ်၏ အနောက်ဖက် လောင်းကြီးတလုံးရှိသည်။ ထို တော်ဘုရားခေါ် ဗဒုံမင်းလက် ၁၈၀၈ ခုနှစ်တွင် သွန်း ခုနှစ်တွင် သွန်းလုပ်ခဲ့ ဆုံး ခေါင်းလောင်းကြီး ဟုရင်ကြီး၏ ခေါင်းလောင်း ကြီးက နှစ်ပေါင်း ၂၅

ရှိရှိသော ဤ မင်းကွန်း ပြင်နှုတ်ခမ်း၀ ၁၆ပေ ၃ ၄ ပေ ၈ လက်မ၊ အချင်း လက်မရှိကာ အလေးချိန်

ကမ္ဘာပေါ်တွင် အကြီးဆုံးခေါင်းလောင်းကြီး သုံးလုံးရှိသည်။ ပထမနှင့် ဒုတိယ အကြီး ဆုံး ခေါင်းလောင်းကြီးများမှာ ရုရှနိုင်ငံတွင်ရှိသည်။ တလုံးမှာ တန်ချိန် ၂၀၀ ကျော် ရှိပြီး နောက်တလုံးမှာ ၁၂၀ တန်ရှိသည်။ မြန်မာနိုင်ငံမှ မင်းကွန်းခေါင်းလောင်းကြီးမှာ ကမ္ဘာတွင် တတိယအကြီးဆုံး ခေါင်းလောင်းကြီးအဖြစ် ထင်ရှားသည်။

ဖေဖေရှိတဲ့ အချိန်မှာ - မျိုးညွှန့် (ရန်ကုန်တက္ကသိုလ်)

—

"ဟောတော့ – ဟင်း တွေ အကုန် ကြောင်စားသွားပြီ"

"ဟင်"

"ဟာ"

"မောင်လေးတို့ကိုအမပြော သားဘဲ ဟင်းအိုးကို ကြောင် အိမ်ထဲထည့်ခဲ့ပါလို့"

"ဟေ့– သားတို့ သမီးတို့ ဘာဖြစ်နေကြတာလဲ"

"ဟင်– ဖေဖေအလုပ်ကပြန် လာပြီ"

"သမီး မေမေရော ဘယ် သွားနေလဲ"

"မနက်ထဲက ဒေါ်လေး ဆေးရုံတက်ရလို့ ရန်ကင်းအိမ် သွားတယ်။ ထမင်း ဟင်းတွေ ချက်ပေးထားခဲ့တယ်။ အဲဒါကို တိုးနဲ့ ညီညီတို့ မသိမ်း ခဲ့လို့ ကြောင်စားသွားပြီ"

"သားက ထမင်း စားပြီး တအိမ်လုံး အမှိုက်လှဲနေတော့ ဟင်းအိုးကို ကိုတိုး သိမ်းလိမ့်မယ် ထင်တာပေါ့"

"ဖေဖေ– သားလဲ သောက် ရေအိုးထဲ ရေထည့် နေရတော့ ညီညီသိမ်းခဲ့လိမ့်မယ်ထင်လို့"

"သမီးက သူတို့အရင်ထမင်း စားတယ်။ နောက် သူတို့နှစ် ယောက်လုံးကို ဟင်းအိုးကြောင် အိမ်ထဲ ထည့်ခဲ့တို့ ပြောခဲ့ပြီး အဝတ်တွေ သွားလျှော်ရတယ်"

"အင်း–အင်း သားတို့သမီး တို့ အခုလိုဖြစ်ရတဲ့ အကြောင်း ရင်းကို ဖေဖေ သိပြီ"

"အဲဒါ သမီးလိုတာ။ ကိုတိုး နဲ့ညီညီ တယောက်ယောက်ကို ဘယ်သူ ဟင်း အိုး သိမ်းခဲ့ ဆိုတာ တိတိ ကျကျ ပြောပြီး ခိုင်းရမယ်။ သူကိုလိုလို ငါ့ကို လိုလိုမဖြစ်စေရဘူး။ အခုတော့ ဖေဖေ ကောလိပ်တုန်းက သင်ခဲ့ ရတဲ့ အင်္ကလိပ် ပုံလေးထဲကလို ဖြစ်နေပြီ"

"ဘယ်လိုလဲ ဖေဖေ"

"တခါတုန်းက ပေါ့ကွယ်၊ မိ သားတစုမှာ အမေရယ်၊ သမီး နှစ်ယောက်နဲ့ သားတယောက် ရှိသတဲ့။ တနေ့တော့ သားအမိ လေးယောက် ထမင်းစားနေရာ သားက –

'မနေ့က ဘောင်းဘီတထည် ဝယ် ခဲ့တာ နှစ်လက်မတောင် ရှည်နေတယ်။ အဲဒါ နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ် ပေးထားစမ်း ပါ။ ကျန်တော့် သွားစရာရှိလို့' လို့ ပြောပြီးအိမ်လည်ထွက်သွား သတဲ့။

အမေ ဖြစ်သူဟာ ထမင်း စားပြီးတော့ အနားယူဘို့ အိမ် အပေါ်ထပ်ကို တက်သွားသတဲ့။ အိမ်အပေါ်ထပ်ရောက်လို့ အိပ် မယ်လုပ်တော့မှ ထမင်းဝိုင်းမှာ သူသား ပြောခဲ့တာကို သတိရ လို့ သူသား အခန်းထဲ သွားပြီး ဘောင်းဘီအသစ်ကို နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ် ထားလိုက် သတဲ့။ ဘောင်းဘီ ပြင်ချုပ်ပြီး ကြောင်းကိုလဲ ဘယ်သူမှမပြော ဘဲ သူ့အခန်းထဲမှာ ဝင်အိပ်နေ သတဲ့။

အမ ဖြစ်သူဟာလဲ ထမင်းစားပွဲသိမ်း၊ ပန်းကန်တွေဆေးပြီး မီးဖိုချောင် အလုပ်တွေပြီးတော့ သူအခန်းရှိရာ အပေါ်ထပ်ကို တက်လာခဲ့တုန်း သူမောင် မှာခဲ့တာကို ရုတ်တရက် သတိသွားရလို့ သူမောင်အခန်းထဲဝင်ပြီး ဘောင်းဘီကို နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ်ပေးထားခဲ့ပြန်သတဲ့။

မကြာခင်မှာဘဲသမီးအငယ် ဆုံးကလဲ အဝတ်လျှော် ရေမိုးချိုးပြီးလို့ အိမ်ရှေ့ ထွက်ခဲ့ရာမှ 'ဟင်– အကို ဘောင်းဘီပြင်ခိုင်းထားသေးတယ်၊ အမေနဲ့ အမလုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ငါလုပ်ပေးထားမှ ဘဲလေ' ဆိုပြီး သူအကို အခန်းထဲ သွားပြီး ဘောင်းဘီကို နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ်ပေးလိုက်ပြန်သတဲ့။

ကဲ– သား တို့ သမီး တို့၊ သူဘောင်းဘီ ဘယ်လို ဖြစ်နေမလဲ စဉ်းစားကြစမ်း"

"ဘောင်းဘီက နှစ်လက်မ ရှည်နေတာကို သူအမေက နှစ်လက်မ ဖြတ်၊ သူအမနဲ့ ညီမက နှစ်လက်မစီထပ်ဖြတ်လိုက်တော့ လေးလက်မ တိုသွား မှာပေါ့ ဖေဖေ"

"ကဲ–ဒီတော့ သူဘောင်းဘီ ဝတ်လို့ရပါအုံးတော့ မလား"

"ဟာ– ဘယ်ကောင်းတော့မလဲ ဖေဖေ"

"အေး– အဲဒါ ဘာကြောင့် ဒီလို ဖြစ်ရသလဲ စဉ်းစားကြည့်ကြစမ်း။ သားလုပ်သူဟာ သူ့ဘောင်းဘီကို 'အမေ နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ်ပေးပါ' လို့လဲ အမေကို သိုးသန့်မပြော။ အမနဲ့ ညီမကိုလဲ ဘယ်သူ ပြင်ချုပ်ပေးပါလို့ သိုးခြား ခဲ့မပြော။ ဒါကြောင့် အခုလို ဘောင်းဘီ အသစ်ကြီး ပျက်စီးခဲ့ရတာ မဟုတ်လား"

"ဟုတ်တာပေါ့ ဖေဖေ"

"အခုလဲ ဒီလိုဘဲ သမီးက မောင်လေးတွေကို ဘယ်သူဘာလုပ်ဆိုပြီး တိတိကျကျ မခိုင်းခဲ့တော့ ကြားထဲက အချောင်ဟင်းအိုး ကြောင်အစားခံသွားရတာပေါ့။ အဲဒါ နမူနာဘဲ၊ နောက်ကို မြဲမြဲ မှတ်ထားကြ၊ ဘာဘဲ ပြောပြော ဘာဘဲလုပ်လုပ် တိတိကျကျမှန်မှန်ကန်ကန် ပြောဆို လုပ်ကိုင် တတ် ကြရမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"ကဲ– ဖေဖေ ဟင်းထပ်ချက်ဖို့ ဈေးသွားဝယ်လိုက်အုံးမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"သမီး ဂရုတ်သိုး ထောင်းထားလိုက်မယ်နော်– ဖေဖေ"

"အေး–အေး"

\+ \+ \+

တပို့တဲ့

တမာကနု ကျေးကဉ်၊
ဆောင်းမှန္လေသို့လို။

နုဝေပုရစ် ပူးတံချီ၊
ပေါက်လဲဝေဝေစီ။

ငွေရောင်ခြည် တောက်ပလင်း၊
မာဃနက္ခတ် တဝင်းဝင်း။

တန်းရည်နင်းကြထန်းတောရှင်၊
တေးသံတလွင်လွင်။

လပြည့်ရက်တွင် ထမနဲ၊
ပွဲကြီးဆင်ကာနဲ့။

လယ်တောထဲက လယ်ကွင်းပြင်၊
ရွှေဝါရောင်ပြေး အလှဆင်။

ရာသီစက်ခွင် သာမောစွဲ၊
နွေဦးပေါက်တဲ့လ။ ။

လက်ပံနီ

ယောက်ဖခွေးခေါ်

အော်သံကို အစွဲပြု၍ ခေါ်သော ယောက်ဖခွေးခေါ်ငှက်သည် ဥဩ ငှက်မျိုးထဲမှ ဖြစ်သည်။ ကိုယ်အလျားမှာ ၁၃ လက်မရှိ၏။ အတောင်နှစ်ဖက်သည် စွန်တောင်ကဲ့သို့ ရှည်လျား၍ အဖျားချွန်လေသည်။

ဇနနဝါရီလကုန်မှ ဇွန်လအတွင်းတွင် သူတို့၏ သာယာနာပျော်ဘွယ်ရာ အော်မြည်သံကို ကြားရတတ်၏။ တောအတွင်း တောင်ခြေမှာရော အမြင့်ပိုင်းမှာပါ တေးကို ထပ်ကာထပ်ကာ သီကျူး၍ ပံ့သန်းနေတတ်သည်။ မည်မျှပင် သီကျူးစေကာမူ ယင်းတို့၏ တေးသံကိုနားထောင်ရသည်မှာ မငြီးငွေ့နိုင်ပေ။

ဧပြီလနှင့် မေလတွင် ယောက်ဖခွေးခေါ်ငှက်ကလေးများ ဥမှ ပေါက်ကြဆည်။ တောတွင်းနှင့် တောင်ပေါ်ဒေသာ ကျက်စားကြ၍ ယင်းတို့ကို လွင်တီးပြင်၌ တွေ့ရခဲသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့နိုင်ငံများ၌ အနှံ့အပြား တွေ့ရှိရသည်။

စိုးမြင့်

ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး
ကျောင်းသူ

၁၃၃၅ ခု၊ တပို့တွဲလဆုတ် ၃ ရက် (၉-၂-၇၄)

ပြည်ထောင်စုခွဲ့

စနေနေ့တိုင်း ထုတ်ဝေသည်။

စပ်ဆရာကြီး-ဦးပေသီး

ပန်းချီ ဦးဘရင်ဒေ

ရွာတရွာတွင် အရပ်ထဲလျှောက်လည်၍ ဆွေ့တတ်သော သားအား ဖခင်က—



ကရင်လေး သာဂိသည် ဗမာလေး နီတွတ်၊ ကချင်လေး ခွမ်လုံးနှင့် တွေ့ကြသောအခါ

တနေ့တွင် ရခိုင်လေး သာဒွန်းအောင်နှင့် ရှမ်းကလေး စဝ်ဟုံဖတိုသည် ညောင်ပင်တွင်

ထိုအခိုက် ကယားလေး ဝဏ္ဏ၊ မွန်ကလေး မွန်စံပနှင့် ချင်းကလေး လှဲအုပ်တို့ ရောက်လာပြီး



ထိုညတွင်

ညောင်ပင်ကြီးဆီသို့ သွားရန် လမ္ဘန်မိ မွန်မွားအောက်တွင် ဆုံမိကြသောအခါ

ညောင်ပင်ကြီးအနီးသို့ရောက်လျှင်စိတ်ချောက်ချားကာ အလိုလိုရပ်တန့်သွားကြပြီး ညောင်ပင်ကြီးဘက်ကိုပင် မကြည့်ရဲကြပေ။

ထို့ကြောင့် စုရုံး ခေါင်းဆုံပြီး စိတ်တင်းကာ တိုင်ပင်၍ ဆုံးဖြတ်ချက်ချကြ၏။

တယောက်ခါး တယောက် ဖက်ကာ အားတင်းပြီး မော့ကြည့်လိုက်သည်နှင့် တပြိုင်နက်

ကြောက်လန့်တုန်လှုပ်ချောက်ချားသွား၏။

ညောင်ပင်ကြီးအောက်၌ ပြာသာဒ်အမိုးတခု ရုတ်ချည်းဘယ်က ပေါ်လာသနည်း။

တကြိုးတည်း လှည့်ပြီး တင်ပါးနှင့် ဖဝါးတသားတည်းကျအောင် ထွက်ပြေးကြ၏။



"ဗျိတ်"
ခနဲ
ဂုတ်ချိုးမိ
ဟား-စား-ခလား-နဲ့ ------အမျိုးမျိုးပေါ့
မြေရှင်းသွားရင်း
မိတ်ဆဲတွင်းလည်း
အတွေးခေါင်းနှောက်ခဲ့
(ဟင်)
------ဟာ-အရှေ့ကို ထွက်လာမှီး
ငါကိုဖမ်း ခလား

သူတို့တဖုတ်ဖုတ်နှင့် ပြေးလွှားသံကြောင့် ရွာထဲမှ ခွေးများမှာ တကောင်ကစ၍ လမ်းတလျှောက်လုံး ဟောင်ကြ၏။
ဝုတ် ဝုတ်
ဖုတ်ဖုတ်
ဝုတ်ဝုတ်

ဟဲ့ခွေး
ဟဲ့ခွေး
တောက်!
ဟဲ့ခွေး
ဟဲ့ခွေး
ဝုတ်ဝုတ်
ဝုတ်
တယ်-
ဒီကောင်လေးဟာ
ခွေးတွေကို
စ,မြှီး
မြေကြီး
တယ်
ထင်တယ်

လူသံကြားမှ သရဲမဟုတ်ကြောင်း သိ၍-
ဦးပေသီးလား
အာလုပ်
တာလဲ-ဒါ
သဘက်ခါ-ကွင်းထဲမှာ
ဘုန်းကြီးပျံရှိတယ်လေ
ဒါကြောင့်-ဒီ-စက္ကူ-ပါး
ပြာသာဒ်တွေ-ဆဘက်-လူ
ရှင်းတွန်း-သွားဆင်
မလို့-

သူတို့ခေါင်းချင်းဆိုင်၍ တိုင်ပင်နေစဉ် ညောင်ပင်ကြီးအလွန် လမ်းကြားမှ စပ်ဆရာကြီး ဦးပေသီးသည် စက္ကူဝါးပြာသာဒ်တွင်း ဝင်၍ ထမ်းလာကြောင်း ရိပ်မိပြီး - - -
ဝါး ..... ဟား-ဟား-ဟား-ဟား
ဟား-ဟား

ကျားသစ်နှင့် ကျားကြီး

ကျားသည် သူ၏အဝါတွင် အနက်စင်းနှင့် အရောင်ကြီးကို ဦးဆွေးမိလေသည်။

ထခါတုန်းက ကျားတကောင် ရှိလေသည်။

ကျားသည် လမ်းလျှောက်ထွက်ရာ လမ်းတွင် ကျားသစ် တကောင်နှင့် တွေ့လေ၏။

ကျားနှင့် ကျားသစ်တို့သည် စကားတပြော ပြောနှင့် လမ်းလျှောက်လာရာ လမ်းတွင် မြေခွေးတကောင်နှင့် တွေ့၍ အကူအညီတောင်း လေသော်-

တနေရာသို့ ရောက်သောအခါ

မြေခွေးက အရေခွံနှစ်ခုကိုယူကာ ဝတ်စုံများ ချုပ်ပေး လိုက်၏။

ကျားနှင့် ကျားသစ်သည် ဝတ်စုံများကို ဝတ်ကြည့်ရာ

နောက်တနေ့ လမ်းလျှောက် ထွက်ကြစဉ်-

ကျားသစ်သည် သူသဘာဝ အတိုင်း သစ်ပင်ပေါ်သို့ တက်ပြေး၍ ကျားကလည်း သူသဘာဝအ တိုင်း ဝါးရုံကြားထဲသို့ ဝင်ပြေး၏။

သို့သော် ကျားသစ်မှာ သူဝတ်ထားသော ကျားရေခြမ်း အစင်းများက သူ့ကို ကာကွယ်မှု မပေးနိုင်ပေ။

ကျားသစ်သည် အတင်း ရုန်းပြေးလိုက်ရာ ကျားအရေခွံ ကျွတ်ကျန်ခဲ့သဖြင့် မုဆိုးများမှာ မျက်စိလည်သွားတော့သည်၊

ထိုအတူ ကျားမှာလည်း သူဝတ်ထားသော ကျားသစ်ရေမှ အစက်များကြောင့် ဝါးရုံထဲ ဝင်ပုန်းနေသော သူ့အား မုဆိုးများက အလွယ်တကူ တွေ့သွား၏။

ကံကောင်း ထောက်မသဖြင့် ကျည်ဆံသည် ကျားကို မထိပဲ ကျားသစ်အရေခွံကိုသာ ရှပ်ထိသောကြောင့်



ကျားအရေခွံ နှစ်ခြမ်းကွဲ၍ ကျွတ်သွားပြီး အသက်တေးမှလွတ်အောင် ပြေးနိုင်တော့သည်။

နောက်တနေ့တွင်ကျားနှင့်ကျားသစ်တို့ လမ်းလျှောက်ထွက်ရင်း ပြန်ဆုံကြသောအခါ

ပင့်ကူ

ရေး/ဆွဲ

ပင့်ကူသည် ဝိုက်ကွန်ထ
ဖွယ်ရှိသော အိမ်ကို ကိုယ်တိုင်
ရက်လုပ် နေထိုင်လေ့ရှိသည့် သတ္တဝါကလေးများ ဖြစ်၏။
ယင်းတို့သည် အင်းဆက်ဝိုးမျိုး မဟုတ်ချေ။

ပင့်ကူထည် လူကို အန္တရာယ်ပေးခဲသည်။ တေးပြို ဝိုး
မွှားများကိုပင် သုတ်သင်ပစ်လေ့ရှိခြင်းကြောင့် လူတို့ကို များ
စွာ အကျိုးပြုလျက် ရှိပေသည်။ ပင့်ကူနက်တမျိုးသာလျှင် ထိ
ပါးလာသူကို ကိုက်တတ်ပြီး အဆိပ်လည်း ပြင်းသည်။

ပင့်ကူများကို ကမ္ဘာပေါ်တွင် အနှံ့အပြား တွေ့ရှိနိုင်
၏။ ကျောက်ဖြစ် ရှဉ့်ကြွင်းများကို လေ့လာခြင်းဖြင့် နှစ်ထန်း
ပေါင်း များစွာကပင် ပင့်ကူများ ရှိခဲ့ကြောင်း သိရသည်။

ပင့်ကူ အရွယ်အမျိုးမျိုးရှိ၏။ အပူဝိုင်းဒေသရှိ ပင့်ကူ
ကြီးတမျိုးမှာ ခြေတံတဖက်လျှင်ရှစ်လက်မခန့်ပင်ရှိလေသည်။

ပင့်ကူသည် ခြေတံရှည် ရေညှောင့်ကောင်၊ ကမျှင်းနှိ
ကောင်တို့နှင့် မျိုးရိုးနီးစပ်၍၊ ကင်းမြီးကောက်၊ ကနုန်းတို့၏
အလှမ်းဝေးသော ဆွေမျိုးများဖြစ်ပြီး အာသရိပေါ်ဒခေါ်
"အရင်းဆက် ခြေတံပွား" တိရစ္ဆာန်များ၏ အနွယ်ဝင်ဖြစ်
သည်။ ဝမ်းဝိုင်းတွင် နှလုံး၊ အူ၊ အသက်ရှူလမ်းကြောင်း၊ မျိုး
ဆက်ပွားအင်္ဂါနှင့် အိမ်ရက်လုပ်ဖို့ ပိုးမျှင်သိုလှောင်ခန်းများ
ပါရှိသည်။ ရင်ဝိုင်းနှင့်ဆက်လျက် ခြေတံလေးစုံ ပါရှိသည်။
ခြေတံများ၌ အဆစ်များရှိ၍ အဖျားတွင် လက်သည်းကဲ့သို့
ဆူးကုပ်များ ပါရှိသည်။ ဦးဝိုင်း၌ မျက်စိရှစ်လုံးနှင့် နှုတ်ခမ်း
မွေးသဏ္ဌာန် လက်တံတို နှစ်ချောင်းရှိပြီး ယင်းတို့အကြား၌
အဆိပ်ပါရှိသော အစွယ်နှစ်ချောင်း ရှိ၏။ သို့သော် များစွာ





သော ပင့်ကူတို့၏ အဆိပ်သည် ခြင်ဆိပ်ထက် ပို၍မပြင်းချေ။

ဝမ်းပိုက်အောက်ဖက်၌ လေးပေါက် နှစ်ပေါက် ရှိသည်။ နောက်နား၌ ပိုးမျှင်ထုတ်သည့် အပေါက်သုံးစုံရှိသည်။ ယင်းတို့မှ ပိုးချည်ရည်ကို ညှစ်ထုတ်ပြီး အိမ်ဖွဲ့သည်။ ထိုပင့်ကူအိမ်ကား ထောင်ချောက်ပင် ဖြစ်၏။ ပင့်ကူသည် ထောင်ချောက်၏ အလယ်ဗဟို၌ဖြစ်စေ၊ တဖက်ဖက်တွင်ဖြစ်စေနေ၍ ကပ်ငြိလာမည့် ပိုးကောင်ကို စောင့်နေ၏။ မိုးဆိုးလျှင် ချည်မျှင်ဖြင့် ထပ်မံရစ်ပတ်ပြီးမှ စားလေ့ရှိသည်။ စားသည်ဆိုရာ၌ ပိုးကောင်၏ ကိုယ်မှ အရည်ကို စုတ်ယူခြင်းသာ ဖြစ်၏။

ပင့်ကူမျှင်သည် အရွယ်နှင့်စာလျှင် အလွန် ခိုင်ခံ့၏။ တလက်မ အလုံးရှိမည့် ပင့်ကူမျှင်သည် အလေးချိန် ၇၄ တန်ကို ချိမနိုင်မည်ဖြစ်၍ သံကြိုးထက်သုံးဆပို၍ သန်စွမ်းပေသည်။

ပင့်ကူသည် အိမ်ဖွဲ့သည့်အခါ မြင့်ရာသို့တက်ပြီး ပိုးချည်မျှင်ကို လေထဲသို့ ထုတ်လွှင့်လိုက်သည်။ တစုံတခုတွင် အစတဖက်ကပ်ငြိသည့်အခါ သွယ်တန်းမိသော ကြိုးတန်းမှ ကူးသန်းကာ အိမ်ကို ရက်လုပ်သည်။ "လေဟုန်စီးပင့်ကူ" မျိုးကား သူ၏ ချည်မျှင်ကို တွဲလောင်းခိုကာ လေထဲ၌ လိုက်ပါနိုင်၍ ကမ်းဝေးပင်လယ်ပြင်ပေါ်၌ပင် တွေ့မြင်ရတတ်၏။

များသော အားဖြင့် ပင့်ကူမများက အိမ်ဖွဲ့၍ ပိုးကောင်များကို ဖမ်းယူလေ့ရှိသည်။ ပင့်ကူမသည် ပိုးမျှင်အိတ်ထဲတွင် ရာပေါင်းများစွာသော ဥများကိုအုပ်၍ အဖိုက မျိုးစေ့ရည်ချပေးသည်။ တွင်းအောင်း ပင့်ကူမျိုးသည် ချည်မျှင်ထွေးဖြင့် တွင်း အဖုံးလုပ်ကာ ပိုးကောင်ကို ဖမ်းစားလေ့ရှိသည်။ ပင့်ကူသည် ဇာတ်တူသားကိုလည်း စားလေ့ရှိ၏။ ပင့်ကူကို ရန်မူလေ့ရှိသော တိရစ္ဆာန်အချို့တွင် နကျယ်ကောင်သည် အဆိုးဆုံး ဖြစ်လေသည်။

လိပ်ပြာကလေးသုံးကောင်


ကဗျာန်းမြေ့ရာ
ဇင်းဆွဲသည်
တခါတုန်းက လိပ်ပြာကလေး သုံးကောင်ရှိသည်။ တကောင်မှာ အနီ၊ တကောင်မှာ အဝါနှင့် နောက် တကောင်မှာ အပြာ ဖြစ်လေသည်။

လိပ်ပြာကလေးသုံးကောင်သည် နေရောင်တွင် ဟိုပန်းမှ သည်ပန်းသို့ ကူးကာ ပျံဝဲနေကြ၏။


သူတို့သည် ပျော်ရွှင်နေကြ၍ ညောင်းသည် ဟူ၍ မရှိကြပေ။
ဆက်ဝဲကြဉီး စို့ဟေ့

ထိုစဉ် ရုတ်တရက် မိုးရွာချလိုက်ရာ
ဟာ့ခ
ဟင်!

လိပ်ပြာကလေးများမှာ အိမ်သို့ မပြန်နိုင်ဝဲ ခိုလှုံစရာသာ ရှာရတော့သည်။
ဒီနားတဝိုက်ကလဲ ပန်းပင်တွေချည်း ဘာ သစ်ပင်ကြီးကြီး ကိုမရှိဘူး

မကြာခင်
ဟာ-ဟိုမှာ-ကြာမြုပ်ပွင့်ကြီးဆီ
အကူအညီတောင်းဂရအောင်-

ကြာဖြူကြီးဂျယ် ကျွန်ုပ်တို့ကိုသနား
သဖြင့် မှုတ်ဖတ်မျှားကို နဲ နဲ ကလေးမှင့်
ပေးပါ-မိုးခေါင်ပါဂရစေ-

ဧည့်-လိပ်ပြာဖြူကလေးဟာငါနဲ့တူလို့
ဂရုစိုက်တယ်-ခွါပေမဲ့ ငါနဲ့မေတူတဲ့
နွမ်းယောက်ကိုတော့
လက်မခံနိုင်ဘူး-


ကျွန်ုပ်ရဲ့ မိတ်ဆွေတွေကို
လက်မခံယင်တော့ မိုးအစိုဘဲ
ခံမယ်-သူတို့နဲ့ ခွဲပြီး ဆော့
မိုးပခိုဘူး

မိုးသည် ဝိုမိုရွှ သည်းထန်လာလေသည်၊ လိပ်
ပြာလေး သုံးကောင်မှာ မိုးခိုစရာ ရှာတွန်းပင်
ဖြစ်လေသည်။

ထို့နောက်
ဟိုမှာ "သစ္စာပန်း" ဂျယ်ဟေ့-
သူ့ဆီမှာ-အကူအညီတောင်းမယ်

ကျွန်ုပ်တို့ဂုဏ်
မိတ်ဆွေကိုလက်မခံ
ယင်တော့ ခင်ဗျားဘီဗွာ
မြိုးမခွီတော့ပါဘူး
အနီနဲ့ အဝါကိုလက်ခံမယ်
အဖြူကိုတော့---
သစ္စာပန်းဂုယ်
ကျွန်ုပ်တို့ကို---


ထိုစကားများကို မိုးရိပ်များကြားတွင် ပုန်း
နေသော နေမင်းက ကြားသွား၏။
အလိုလိုပဲဗျာ
ကလေးတွေဟာတို့
အပေါ်တင်းအလွန်
ညှာတာပါကလားဒီလို
သူတွေဟာ ဒုက္ခမတွေ့သင့်ဘူး

ထိုကြောင့် လေမင်းအား မိုးတိမ်များကို ဖယ်
ရှားပေးရန် မေတ္တာရပ်ရာ လေမင်းကလည်း
စေတနာ ပြည့်ဝစွာဖြင့်-


မိုးသားများ လွှင့်သွားသောအခါ မိုးရွာလည်း ရပ်သွားတော့သည်။ လိပ်ပြာကလေး သုံး
ကောင်မှာလည်း ပျော်ရွှင်မြူးတူး၍ နေကြတော့၏။
ပြီး

ကျောက်ခေတ်ဟု ခေါ်သော သမိုင်းမတင်မီခေတ်ကာလကို သုံးပိုင်း ခွဲခြားထားသည်။ ကျောက်ကြမ်းခေတ်၊ ကျောက်ခေတ်လယ် နှင့် ကျောက်ချောခေတ်ဟူ၍ ဖြစ်သည်။

ထောင်ကြီးခရိုင် ရေငံမြို့နယ် ညောင်ကြတ်ရွာ အရှေ့မြောက်ဖက် လေးမိုင်အကွာရှိ ပြဒါးလင်းဂူတွင် ကျောက်ချောခေတ် ဂူနေလူတို့၏ သမိုင်းအထောက်အထားများကို တွေ့ရှိရသည်။

ပြဒါးလင်းဂူကို ၁၉၆၉ ခုနှစ်နဝါရီလအတွင်း၌ ပညာရှင်များ စုပေါင်းကွင်းဆင်းလေ့လာခဲ့ကြသည်။ ပြဒါးလင်းဂူမှ ကျောက်ကွင်းများ၊ ကျောက်တူများ၊ လက်ကိုင်ဓဲ ပဲခွဲပ်များ၊ ခုတ်စဉ်းကရိယာများ၊ တိရစ္ဆာန်အရိုးများ၊ မီးသွေးစများ၊ အိုးခြမ်းပဲ့များ၊ နံရံပန်းချီစသည်များကို တွေ့ရှိခဲ့ကြသည်။

ပြဒါးလင်းဂူကို တွေ့ရှိခဲ့ခြင်းဖြင့် အရှေ့တောင်အာရှ နိုင်ငံများ၏ သမိုင်းမတင်မီခေတ် လူတို့နေထိုင်ခဲ့ကြပုံကို ပိုမိုပေါ်လွင်စေခဲ့ပေသည်။

မျိုးညွှန့်(ရန်ကုန်တက္ကသိုလ်)

မုံဖိုးရပါတယ်



ကျွန်တော်သည် ငှက်ကလေးများအား လောက်လေးဂ္ဂ ဖြင့် ပစ်ရသည်ကို အလွန်ပျော်၏။ တခါတခါတွင် မထိ၊ တခါတခါတွင် ထိတတ်သည်။ ကျွန်တော်ပစ်၍ ငှက်ကလေးများ ဒဏ်ရာရသည့်အခါ၊ သေသည့်အခါ ကျွန်တော် အလွန်ဂုဏ်ယူသည်။ သူငယ်ချင်းများအား ပြ၍ မဆုံးတော့ပြီ၊ ကြား၍ မဆုံးတော့ပြီ ဖြစ်၏။

အိမ်က လူကြီးများကိုမူ မပြရဲပါ။ လူကြီးများသည် ဆူတတ်ပါသည်။ ကျွန်တော်မပြောသော်လည်း သိသွားတတ်ကြပါသည်။ ကျွန်တော် အဆူခံရပါတော့သည်။

ကျွန်တော့်အဖွားသည် အဆူဆုံး ဖြစ်၏။ သူများ ဒုက္ခ ရောက်အောင် မလုပ်ရ၊ သူများ အသက်ကို မသတ်ရ၊ သူများကို နာကျင်အောင်လုပ်လျှင် ကိုယ်လည်း နာကျင်အောင် အလုပ်ခံရတတ်သည်၊ သူများကို သတ်လျှင် ကိုယ်လည်း အသတ်ခံရတတ်သည်၊ ဝဋ်လိုက်တတ်သည်၊ ငရဲကြီးတတ်သည် စသည်ဖြင့် စုံ အောင် ပြော တတ် ၏။ သို့သော်လည်း ကျွန်တော်သည် ဝဋ်ကို နားမလည်ပါ။ ငရဲကိုလည်း မသိပါ။ အကျင့်ကိုလည်း မပြင်ခဲ့ပါ။

ကျွန်တော်တို့ ကျောင်းပိတ်သော နေ့တနေ့ ဖြစ်ပါသည်။ ရွှေတန်းမှ ရဲဘော်များ ပြန်လာမည်ဟု ပြောသံကြားရသည်။ တမြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ကလေးလူကြီးမရွေး ဘူတာရုံသို့ ဆင်းကြိုကြ၏။ ဖေဖေ မေမေနှင့် အတူ ကျွန်တော်လည်း ဆင်းကြိုပါသည်။

ကျွန်တော်တို့ ဘူတာရုံသို့ ရောက်သွားသောအခါ စစ်သားကြီးများ မလာသေးပါ။ စောင့်နေကြရ၏။ နေပူသော်လည်း ဘယ်သူမျှ မညည်းကြပါ။ ဒိုးပတ်ဝိုင်းလည်း ပါ၏။ ဖျော်ရည် တိုက်သူလည်း ရှိ၏။ ပန်းကုံးစွပ်မည့်သူ၊ ပန်းဆက်မည့်သူ၊ ပန်းကြဲမည့်သူတို့ကလည်း တမျော်မျော်ဖြစ်နေကြ၏။ ကျွန်တော်သည် အလွန်ပျော်သဖြင့် မေမေ့လက်ကို ဆွဲလျက် ခုန်ဆွခုန်ဆွ လုပ်နေသည်။ ထိုင်စောင့်ရသည်ကို အားမရကြသဖြင့် ထစောင့်နေကြ၏။

မကြာပါ။ ရထားကြီး လာပါပြီ။ အကုန် လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ စစ်သားကြီးများ ရထားပြတင်းပေါက်မှ ကိုယ်တပိုင်း ထွက်လျက်၊ လက်ပြလာသည်ကို အဝေးမှပင် မြင်ရ၏။ ဒိုးပတ်သံများကလည်း ကျယ်လောသည်။ ကသူကလည်း ကွေးအောင် ကသည်။

ရထားကြီး ရပ်လျှင် ပန်းများ ကြဲကြသည်။ မိုးရွာသည့်နှင့်ပင် တူ၏။ စစ်သားကြီးများ အားလုံး ပန်းတွေ ဝေဝေဆာဆာနှင့် ကြည့်၍ အလွန်ကောင်း

သည်။ ကျွန်တော်လည်း ထိုသို့ အကြိုခံချင်စိတ် ပေါ်လာ ပါသည်။ သူတို့ကို စိတ်ဝင်စားပါသည်။ သူတို့အကြောင်း ကျွန်တော် အများကြီး သိချင်ပါသည်။ ညကျမှ ဖေဖေ့ကို မေးရပါမည်။

"စစ်သားကြီးတွေက တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်နဲ့လဲပြီး စစ်တိုက် ပေးရတယ် သားရဲ့"ဟု ဖေဖေက ပြောပြပါသည်။

"ဖေဖေ စစ်တိုက်တယ်ဆိုတာ သေနတ်ကြီးနဲ့ လိုက်ပစ်တာပေါ့နော်"

"ဒါပေါ့သားရဲ့"

"ဒီလိုဆို ဟိုလူတွေ သေကုန်မှာပေါ့"

"သေတဲ့လူလဲ သေတာပေါ့သားရဲ့၊ ကိုယ့်ကိုလဲ ဟိုဖက်ကပြန်တိုက်တော့ ကိုယ့်ဖက်ကလဲ သေတတ်တာပေါ့"

ဖေဖေ့စကားအဆုံးဌ ကျွန်တော့်စိတ်ထဲတွင် မရှင်းသည့် အချက်တချက် ပေါ်လာ၏။ ဖေဖေ့ကို ချက်ချင်းပင် ပြန်မေးလိုက်၏။သားငှက်ပစ်ယင် အမြဲဆူတယ်၊ သူတို့ကော ငရဲမကြီးဘူးလား"

ကျွန်တော့်အမေးအဆုံးတွင် ဖေဖေသည် ပြုံးလိုက်ပါ၏။

"သူတို့က တိုင်းပြည်ရဲ့ ရန်သူတွေကို သတ်ရတာသားရဲ့။ အဲဒီ ရန်သူတွေကို သူတို့မှ မသတ်ယင် ရန်သူတွေက တတိုင်းပြည်လုံးကို ဒုက္ခပေးမှာပေါ့။ အများရဲ့ အကျိုးအတွက် စစ်သားကြီးတွေက တိုက်ပေးရတာ၊ သတ်ပေးရတာ၊ ဘယ်ငရဲကြီးပါ့မလဲ။ သား ငှက်ကလေးတွေကို ပစ်တာမျိုးကျတော့ ငရဲကြီးတာပေါ့။ ငှက်ကလေးတွေ ဒဏ်ရာရသွားလို့ သေသွားလို့ သားမှာဘာအကျိုးရှိသလဲ။ သားပျော်ဖို့ တခုထဲရှိတယ် မဟုတ်လား။ သားပျော်ဖို့ တခုလေးအတွက် လုပ်တာမျိုးတော့ ဘယ်ကောင်းမလဲသားရဲ့၊ သားစဉ်းစားကြည့်ပါအုံး"

"ငရဲကြီးမယ် မလုပ်သင့်၊ ဝင့်လိုက်မယ်မလုပ်သင့်"ဟု ဖွားဖွားပြောသော ငရဲကို ကျွန်တော် မသိပါ။ဝင့်ကို ကျွန်တော် နားမလည်ပါ။ သို့သော် ဖေဖေပြောမှ ဘာကြောင့် မလုပ်သင့်သည်ကိုမူ ကျွန်တော် နားလည်လာပါသည်။ ကိုယ်လည်း အကျိုးမရှိ၊ အများလည်း အကျိုးမရှိသော အလုပ်မျိုးကို ကျွန်တော် နောက်နောင် မလုပ်တော့ပါ။ ကျွန်တော် ကြီးလာလျှင် စစ်သားကြီးတို့လို တိုင်းပြည်အတွက် အကျိုးရှိသော၊ အများအတွက် အကျိုးရှိသော အလုပ်မျိုးကိုသာ လုပ်ပါတော့မည်။

\+ \+ \+

ပြည်ထောင်စု

ပြည်ထောင်စု ပြည်ထောင်စု၊
မောင်တို့ပြည်ထောင်စု။

ဆွေမျိုးတစု နေကြတယ်၊
ချစ်ကြိုးအသွယ်သွယ်။
ပင်လုံမယ် ကတိထား၊
ပြည်နယ်ပြည်မ မခွဲခြား။
ဗိုလ်ချုပ်သွားလို့ စုစည်းရှာ၊
တိုင်းရင်းသားတိုင်း ညီညီညာ။
ရှမ်း - မြန်မာနဲ့ ချင်း - ကချင်၊
ရခိုင် - မွန် - ကရင်။
ထာဝစဉ် ဘယ်မခွဲ၊
ရွှေသို့အတူတွဲ။
တမြေထဲနေ တရေသောက်၊
လက်တွဲအတူလျှောက်။
မကြောက်ရတော့ နယ်ခြံရန်၊
စုပေါင်း ဒို့တွန်းလှန်။
အပြန်ပြန် အကျိုးပြု၊
ဒို့ရဲ့ပြည်ထောင်စု။ ။

ဒုတ္ထတီ မြသောင်း

စာမဲ

စာမဲ၏ အလျားမှာ ခြောက်လက်မခွဲခန့် ရှိ၏။ စာမဲ အထီးတွင် သံပုရာခွံဦးထုပ်ပုံ အမောက်ကို တွေ့ရ၏။

စာမဲသည် ဆူဆူညံညံ မနေတတ်။ အသံမှာ သေးငယ်စူးရှ၏။ ဧပြီလမှ ဇွန်လ အထိသုံးလအတွင်း စာမဲသားငယ်များ ဥမှ ပေါက်၏။ သစ်ကိုင်းသစ်ခက်ပေါ်တွင်ငင်း၊ ဝါးရုံထဲတွင်ငင်း မြက်နှုန့်ဖြင့် အမျှင်များဖြင့် အသိုက် ပြုလုပ်တတ်၏။ ယင်းတို့၏ အသိုက်သည် ခွက်ကဲ့သို့ စောက်နက်ဆည်း၊ ဥအရွယ်မှာ ပုမံးမျှ အလျား ဝ.၆၉ လက်မနှင့် ပြက် ဝ.၅၃ လက်မရှိသည်။ တမြို့လျှင် သုံးဥ လေးဥ ရှိတတ်၏။

စာမဲသည် တခါတရံမှသာ အအုပ်အသင်းဖွဲ့၍ အစာရှာထွက်၏။ မကြာခဏ အစ်းကို ဖြန့်လျက် နေတတ်သည်။ စာဖြူကဲ့သို့ပင် စာမဲကို အရှေ့တိုင်းနိုင်ငံများတွင် အနှံအပြားတွေ့ရ၏။ မြန်မာနိုင်ငံတွင် မြောက်ပိုင်းဒေသမှလွဲ၍ အခြားဒေသများတွင် စာမဲကို တွေ့မြင်နိုင်၏။ မြိတ်ကျွန်းစုတို့က်တွင် မြိတ်စာမဲကို တွေ့ရ၏။

စိုးမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ဝ၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဒါဝ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

(၁၆-၂-၇၄) ၁၃၃၅ ခု၊ တပို့တွဲလဆုတ် ၁၀ရက်

ဇာတ်လမ်းနှင့် သရုပ်ဖော်

ရေသူမလေး

ရေသူမလေးကို စိတ်ကူးနေလို့ ညကျ
ယင်လဲ အိပ်လို့မပျော်ဘူး။

မောင်ထွန်းဦးဟာ ပင်လယ်ကမ်းခြေက ဒမင်းဆိပ်ခေါ်
တံငါရွာကလေးမှာနေထိုင်။ သူဟာ ရေသူမလေးကို
စွဲလမ်းသွားပြီး....

ကျောင်းမှာလဲ ရေသူမလေးကို စိတ်ကူးနေလို့ကျောင်း
စာကို မလိုက်နိုင်ဘူး။

အိမ်အလုပ်တွေကိုလဲ ကူညီ လုပ်ကိုင် မပေးနိုင်ဘူး။
အမြဲနှိပ်ရှိသရွေ့ ငေးနေ စွေးနေတယ်။

ညနေတိုင်း ရေသူမလေး ပေါ်လာနိုး နဲ့
ပင်လယ်ပြင်ကြီးကိုဘဲ မျော်ငေးနေသတဲ့။

ဒီလိုနဲ့ မောင်ထွန်းဦးဟာ အရွယ်ရောက်လာတယ်။ ဒါပေမဲ့ သူဟာ ရေသူမလေးကို စွဲလမ်းတုန်းဘဲ။

ငါ့သား..ငါးဖမ်းလိုက်ခဲ့ပါလား..
မလိုက်ချင်ပါဘူး အဘ.ရယ်...


မောင်ထွန်းဦးကတော့ ဘာမှမလုပ်ဘဲ ရေသူမလေးကိုဘဲ စွဲလမ်းပြီး အချိန်ရှိသရွေ့ ငေးငိုင်နေတယ်။

တရွာလုံးရှိ မိန်းမတွေရော၊ ကလေးတွေပါ မကျန် တက်တက်ကြွကြွနဲ့ ကိုယ်နိုင်ရာတာဝန်ကို တပျော်တပါး ထမ်းဆောင်ကြတယ်။

လူဖြစ်လာယင်တာဝန်တခုတော့ ထမ်းဆောင်ရတယ်ကွဲ့ - နီလိုချည်း ငေးငိုင်နေလို့ဖြစ်မလား
ဟုတ်သား ဘဲသား.ရယ်

ကျနော် ဒီရွာသူမလေး အကြောင်းကြားတွေးနေ ချင်ပါတယ်ဗျို့ တွေ့နဲ့တော့ ရေသူမလေးနဲ့တွေ့ရမှာ ဘာမှန်းမသိဘူး

မောင်ထွန်းဦးရဲ့ မိတ်ဆွေတွေ ကလဲ ငါးဖမ်းလိုက်ခဲ့ဘို့ အမျိုးမျိုး ဖျောင်းဖျကြတယ်။

တော်ပါကွာ..၊ ရေသူမလေး ကို ငါဆွေးဘို့ဘဲ ရေးတာယ် သူ့အလာ ငါနဲ့လွဲနေမှာဖြင့်..

မောင်ထွန်းဦးဟာ ဘယ်သူ့ စကားကိုမှ နားမဝင်ဘဲ ညနေတိုင်း ရေသူမလေးကိုသာ မျှော်ငေးနေတယ်။

ရေသူမလေးရယ်... မင်း ဘယ်တော့များမှ ပေါ်လာ လေမလဲကွယ်....

မောင်ထွန်းဦးဟာ နေဝင်လို့ လထွက်တော့မှဘဲ သူ မျှော်ငေးနေရာ ကျောက်ဆောင်က ခွာခဲ့တယ်။ ရေသူ မလေးနဲ့ ဒီနေ့မတွေ့ယင် နောက်နေ့ တွေ့မှာပေါ့လို့ မျှော်လင့်နေတယ်။

ရေသူမလေးရေ နက်ဖန်မှမောင်ကြီး လာဆွေးဘို့းမယ်

ထန်းတော့ ဥဿဘအမြောက်အမြင့်ရှိတဲ့ မောင်
ဂုံသူ လူရွယ်တဦး ရောက်လာတယ်။
မောင်ထွန်း ဦး အခွဲကို
ကျနော် ခွတ်ပါ့မယ်
ဒီတိုအေားအေားထိုးပါ
မောင်ထွန်း တွေက သူတို့ရဲ့သားမှာ ကြီ
တွေနေရ ဒီ မောင်ဝဏ္ဏအား ပြော
ပြတယ်။
တနေ့ မောင်ထွန်းဦး မျော်ငေးရာက ပြန်
လာစဉ်....
အဲဒို...ချွန်းပသော လမင်းသန်ာရယ်...
ကျွန်ုပ်၏ ရင်ခွင်တွင်
ခိုဝင်လှည့်ပါလော့..
ဒီလူဟာ တော်တော် ရူး
တာဘဲ၊ မဖြစ်နိုင်တာကို
တမ်းတ နေတယ်...
နောင်ကြီးရယ်.. ဘာ့ကြောင့်
လမင်းကိုတမ်းတ နေရ
တာလဲ။ သိခွင့်ရှိပါလား
ခြော်

ဒီတော့မှ မောင်ထွန်းဦးဟာ သူ့အမှားကို သူမြင်လာတယ်။ ဒီအချိန်ကစပြီး ရေသူမ လေးကို မတွေးတော့ဘဲ သူဖခင်နဲ့အတူ ငါးဖမ်း ထွက်တော့တယ်။ ခုဆို သူဟာ ရေ လုပ်သားကောင်းကြီးဖြစ်လာပြီပေါ့ကွယ်။

အစောကြီး သန်းကို



ဝေဘာက်စတာက ယာ
ဂျားစွဲသည်

ဟိုးတုန်းသည် အာလူရဲအစောက
သန်းသူကြွစ်သည်...တဖွေးတွင်....

ဟိုးတုန်းသည် သူငယ်ချင်းမျှား
ထဲသို့စာရေးပြီး၊ထဲဆိပ်ဝင်ခြင်း
မကပါဘဲ.တည့်သို့ကိုလေသည်

တပတ်ခန့်ကြာဝေသော်.စာပို့သမားကြီး ရောက်လာလေသည်

အင်း..ငါ့ဇာတ်
တာဖျတ်လို့
စိတ်ထားတဲ့ပို့က်
ဆံဝတ္ထုတောင်
ကုန်ဘူးဖြစ်

ဥမင်လိုဏ်ခေါင်း

စိုးလွင်မြင့်



"မြေလျှိုးမိုးပုံ" ဟူသောစကားနှင့်အညီ၊ တိုးတက်သော သိပ္ပံပညာကြောင့် လူတို့သည် အာကာပြင်လေထုကိုလည်း ထိုးဖောက်၍ ပုံသန်းနိုင်ခဲ့၏။ မြင့်မားလှသော တောင်တန်းကြီးများနှင့် ရေလွှာ မြေလွှာထု တို့ကိုလည်း ထိုးဖောက်၍ ဖြတ်သန်းနိုင်ခဲ့ကြ၏။ လေယာဉ်၊ ဒုံးပျံ၊ အာကာသယာဉ် စသည်တို့ဖြင့် လေထုကို ထိုးဖောက်၍ အလွယ်တကူ ပုံသန်းနိုင်သော်လည်း မီးရထား၊ မော်တော်ကား စသည်တို့ဖြင့် မြေထုကို ထိုးဖောက် ဖြတ်သန်းနိုင်ရန် အတွက် မြေအောက်လမ်းကြောင်းများ၊ ဥမင်လိုဏ်ခေါင်းများကို ဖောက်လုပ်ကြရလေသည်။

မြေ၏အပျော့အမာကိုလိုက်၍ မြေအောက်လမ်းကြောင်းနှင့် ဥမင်လိုဏ်ခေါင်းများကို အင်ဂျင်နီယာနှင့် လုပ်သားတို့သည် ဂရုပြု၍ တူးကြရလေသည်။

ကျောက်သားတောင်များတွင်

ခေါင်းဖောက်လုပ်ရာ၌ ခက်ခဲလှသော်လည်း မာကျောသောကြောင့် ပြိုမကျနိုင်ပေ။ ထိုကြောင့် ထောက်ကန်ထားရန်လည်း မလိုလှပေ။ ဖောက်လုပ်ရာ၌ ကျောက်သားတွင် ဦးစွာ အပေါက်ငယ်များ ထွင်းရသည်။ ထိုနောက် ယမ်းဘီလူးစသော ပေါက်ကွဲစေတတ်သည့် ယမ်းများကိုထည့်၍ ဖောက်ခဲ့လိုက်ရာ ကွဲလွင့်ထွက်လာသောကျောက်တုံးများကို ဖယ်ထုတ်လိုက်ခြင်းဖြင့် ဥမင်လိုဏ်ခေါင်းတခု ရရှိနိုင်လေသည်။ အီတလီနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံ အကြားရှိ ၁၂-မိုင်ကျော်ရှည်သည့် စင်ပလွန်မီးရထား ဥမင်လိုဏ်ခေါင်းသည် ကျောက်သားထုတောင်ကို ဖောက်ထွင်းထားသော လိုဏ်ခေါင်းဖြစ်၍ ကမ္ဘာတွင် အရှည်ဆုံးဖြစ်လေသည်။

မြေပျော့ရွှံစေးမြေ၊ နုန်းမြေသို့မဟုတ်မြစ်၏အောက်တို့၌ ဖောက်လုပ်မည်ဆိုပါက မြေပြိုသည့်အန္တရာယ်ကြောင့် အထူးဂရုပြုရလေသည်။ တူးပြီးလျှင်ပြီးချင်း သစ်သားသို့မဟုတ် သံမဏိတို့ဖြင့် ထောက်ကန်ထားရန်လို၏။ ထိုနောက်မှ အမိုးနှင့် ဘေးအကာတို့ကို အခိုင်အမာ တည်ဆောက်ရလေသည်။ ယခုအခါ၌



မူ ကန်ကရစ်ဖြင့် တည်ဆောက်သည်က များပေသည်။

မြစ်ချောင်းတို့၏အောက်၌ ဖောက်လုပ်ပါက မြစ်ချောင်းရေတို့၏စီးဝင်မှုအနှောရယ်သည် လွန်စွာကြီးမားတတ်ပေသည်။ ယင်းသို့သော နေရာမျိုး၌ လေကိုဖိသွင်းသော နည်းဖြင့်ဂင်း၊ သံမဏိပြောင်းလုံးကြီးများကို ထိုးသွင်းသော နည်းဖြင့်ဂင်း ဖောက်လုပ်နိုင်ပေသည်။ လိုဏ်ခေါင်းဖောက်ထွင်းသောနေရာမှနေ၍ လေကိုဖိသွင်းပေးခြင်းဖြင့် ဝင်လာသော ရေများကို ဟန့်တားထားနိုင်လေသည်။ ထိုအပြင် ဖိအား များသော လိုဏ်ခေါင်းတွင်းမှ လေတို့က အပြင်မှရေတို့ကို ဖယ်ထုတ်ပြန်လေသည်။ သံမဏိပြောင်းလုံးဖြင့် ဖောက်ထွင်းနည်းမှာ ယင်းထိပ်၌ ပါရှိသော အသွားထက်သည့် စောင်းဖြင့် ခုတ်ဖြတ်ခြင်းပင်ဖြစ်၏။ ဤနည်းတွင် လျှပ်စစ်အားကို အသုံးပြုရလေသည်။ မြစ်၏အောက်ခံမြေပြင်ထဲသို့ သံမဏိပြောင်းလုံးကြီးများကို အဝိုင်းလိုက်မြှုပ်၍ ဆက်စပ်လိုက်ခြင်းဖြင့်လည်း မြစ်အောက်၌ လမ်းဖောက်လုပ်နိုင်လေသည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၏ ဆက်သွယ် ရေးလမ်းကြောင်းတခု ဖြစ်သော ဟာလန် မြစ်အောက်ရှိလမ်းသည် ဤလမ်းမျိုးပင်ဖြစ်၏။

ဥမင်လိုဏ်ခေါင်းများ ဖောက်လုပ်ခြင်းဖြင့် ရထားနှင့်ကားများသည် တောင်ထူထပ်သော ဒေသတွင် ကွေ့ကောက်နေရန်မလိုဘဲ တဖြောင့်တည်း သွားလာနိုင်လေသည်။ ထိုကြောင့် ခရီးအဝေးတာကိုလည်း လျော့နည်းစေ၏။ မြို့ကြီးပြကြီးများတွင် ဖောက်လုပ်ထားခြင်းဖြင့် ကုန်တင်နှင့် အခြားယာဉ်တို့သည် ပိတ်ဆို့မနေဘဲ လိုရာသို့ အမြန်ရောက်ရှိနိုင်လေသည်။

မြန်မာနိုင်ငံရှိ မီးရထား ဥမင်လိုဏ်ခေါင်းများအနက် ရှမ်းပြည်တောင်ပိုင်း ဆင်တောင အနီးမှ ကဗားနီဥမင်လိုဏ်ခေါင်းသည်အရှည်ဆုံး ဖြစ်လေသည်။

စည်းကမ်း

မြတ်မင်းလှိုင်
ဘာတွန်းဆောင်ရွက်



တနေ့တွင် ခွေးကလေးသည် နေမကောင်း ဖြစ်၍ အစာမစားထော့ပေ။

သီဟမှာ သူအလွန်ချစ်သော ခွေးကလေး အစာ လုံးဝမစားတော့သဖြင့် သေတော့မည်ဟု ထင် ကာ စိုးရိမ် ပူပန်နေတော့သည်။

ခရီးထွက်ရာမှ ပြန်လာသော သီဟ၏ ဦးလေး ဦးကျော်သည် မိုင်နေသော သီဟကိုမြင်၍....

ဦးကျော်သည် အခန်းထောင့်တွင် မှိန်း၍နေသော ခွေးကလေးကို စမ်းကြည့်ပြီး –

ဦးကျော်သည် အခန်းထဲတွင် ခွေးကလေးကို အစာ မကျွေးပဲ ရေခဲရေသာတိုက်သည်။



သီဟကျောင်းသွားနေချိန်များတွင် ခွေးကလေး ကို ခြံထဲတွင် အညောင်းပြေအောင် ပြေးလွှား ခိုင်းသည်၊



သုံးရက်မြောက်သောနေ့တွင် ---

သီဟသည် ခွေးကလေးကို စည်းကမ်းတကျ အစာကျွေး တော့ရန် ဆုံးဖြတ်လိုက်လေသည်၊

ပုဂံမြို့တောင်ဖက် မြင်ကပါရွာ မြစေတီဘုရား အနီးတွင် တွေ့ရှိရသောကြောင့် မြစေတီကျောက်စာဟု ခေါ်ကြသည်။ ကျန်စစ်မင်း၏ သားတော် ရာဇကုမာရ် ရေးထိုးခဲ့၍ ရာဇကုမာရ်ကျောက်စာ ဟုလည်း တွင်သည်။ ဂူပြောက်ကြီး ကျောက်စာ ဟုလည်း ခေါ်ကြသည်။ ကျောက်စာတိုင်မှာ မွန်၊ မြန်မာ၊ ပျူ၊ ပါဠိ လေးဘာသာဖြင့် ရေးထိုးထားသည်။ ရေးထိုးသောအက္ခရာများမှာ မန်ကျည်းစေ့ပုံဖြစ်သည်။

ရာဇကုမာရ်မင်းသားသည် ခမည်းတော် ကျန်စစ်မင်းကြီး၏ ထီးမွေနန်းလျာ ကို ဆက်၍မခံစားရစေကာမူ ခမည်းတော်ကို အလွန်တရာချစ်သော သားကောင်းရတနာတပါး ဖြစ်သည်။

သက္ကရာဇ် ၄၇၄ ခု ခမည်းတော် မမာမကျန်း ဖြစ်တော်မူစဉ် သားတော်သည် ခမည်းတော်အတွက် ရည်စူး၍ မြင်ကပါအရပ်တွင် ရွှေအထွတ်ရှိသော ဂူဘုရားတဆူတည်သည်။ အထဲတွင် ရွှေဆင်းတုဘုရား တဆူကိုလည်း ဌပနာထားသည်။ သူပိုင်ကျွန်သုံးရွာကို ဘုရား၌ လှူပါမည်ဟုလည်း ခမည်းတော်ကို လျှောက်ထားသည်။ ဘခမည်းတော်သည် မိမိအတွက်ရည်စူးသော ကောင်းမှုကုသိုလ်များကို "ကောင်းလေစ၊ ကောင်းလေစ" ဟု ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကာ နတ်ရွာ စံခဲ့လေသည်။

သားလိမ်မာတို့မည်သည် အမိအဖတို့ကို ချစ်မြတ်နိုး၍ အနန္တငါးပါး ဂုဏ်ကျေးဇူးကို သိတတ်သူများ ဖြစ်ပေသည်။

မျိုးညွှန့် (ရန်ကုန်တက္ကသိုလ်)

ဘဲဥဆိုယူခဲ့



ကျွန်မတို့ ညီအစ်မ သုံးယောက် ရှိပါသည်။

ကျွန်မ နာမည်က မိနီဖြစ်ပါသည်။ မိစိမ်းက အလတ် ဖြစ်၍ မိဝါက အငယ်ဆုံး ဖြစ်ပါသည်။

ကျွန်မတို့ သည် နေ့စဉ်နှင့် အမျှ မာစီးဒီး၊ ဘဲလဲယား၊ မာဇဒါကား၊ ဘတ်စ်ကား၊ သုံးဘီးကား၊ လော်လီကား စသော ကားစီးသူ လူတန်းစားမျိုးစုံနှင့် တွေ့ကြုံရင်းနှီးနေရပါသည်။

ထိုကားများကို မောင်းနှင်လာသော ဒရိုင်ဘာများသည် ကျွန်မကို မုန်းကြပါသည်။ ကြည့်၍ မရဟု တချို့က ပြောကြပါသည်။

သူတို့သည် ညီမအလတ်ဖြစ်သော မိစိမ်းကို အရေးပေးကြသည်။ ချစ်ခင် လေးစားကြသည်။ မိစိမ်းနှင့်တွေ့တိုင်း အားလုံးက ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်ကြပါသည်။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်လျှင် မိစိမ်းကြောင့် ဒုက္ခကြုံခဲ့ရသည်ကို သူတို့ လုံးဝမသိကြပါ။

ညီမ အငယ်ဆုံး မိဝါက တော့ အေးအေး ဆေးဆေး နေတတ်သူ ဖြစ်ပါသည်။ ကျွန်မနှင့် တည့်ပါသည်။ သို့သော် ကျွန်မလောက် ဒေါသမကြီး၊ မခက်ထန်၊ ပျော့ပျော့ ပျောင်းပျောင်း နေတတ်ပါသည်။ မိဝါဟာ လိုက်လျောသင့်သည့်အခါ လိုက်လျောတတ်ပါသည်။

ကျွန်မနှင့်ပတ်သက်၍ ပြောပြပါဦးမည်။

ကျွန်မကို သူတို့တတွေ မုန်းလျှင် မုန်းလောက်ပါသည်။ မဟုတ်တာ မမှန်တာ တွေ့လျှင် ကျွန်မက ငြီးမခံတတ်။ ဇတ်ဇတ်ကြဲနိုင်ပါသည်။ မည်သူကိုမျှ အလိုလိုက်၊ အကြိုက်ပေး၍ မပေါင်းသင်းခဲ့ပါ။ ရှင်းရှင်းနှင့် ဘင်းဘင်း ပြောတတ်ပါသည်။

တချို့ လူများက ကျွန်မကို စည်းကမ်းကြီး သည်၊ တိကျသည်ဟု ကွယ်ရာ၌အတင်းပြောကြပါသည်။ ကျွန်မတို့ ညီအစ်မသုံးယောက်ထဲမှ မည်သူကို မုန်းသလဲဟု မေးလျှင် ကျွန်မကို မုန်းသည်ဟု ဖြေကြမည် ဖြစ်ပါသည်။ အမှန်ကကျွန်မသည် ပေးအပ်သောတာဝန်ကို ရိုသေလေးစားသူတယောက် ဖြစ်ပါသည်။

တနေ့ ကျွန်မတို့ ညီအစ်မသုံးယောက် စကားလက်ဆုံကျနေစဉ် ကျွန်မ ရှေ့၌ ရပ်ထားသော ကားတစီးမှ ဒရိုင်ဘာက ကျွန်မကို လှမ်းကြည့်၍ ပြောလိုက်ပါသည်။

"တော်တော် ဒုက္ခပေးတဲ့ အနီဘဲ။ ကြည့်လို့ကို မရဘူး။ သူကြောင့် ခရီးကြန့်ကြာရတယ်။ တနေ့ တိုက်သတ်လိုက်အုံးမယ်။ ဒါမှအေးမယ်"

ကျွန်မသည် ဒရိုင်ဘာပြောသော စကားကို ကြားလိုက်ရ၍ ဒေါသ ထွက်မိပါသည်။

"ငါရှိလို့ သူတို့ ဒုက္ခမရောက်တာတော့ ထည့်မစဉ်း စား ကြဘူး။ အတော် စည်းကမ်းမဲ့တဲ့ လူဘဲ။ အဲဒီလို လူမျိုးတွေသာများယင် ခဏခဏ ဒုက္ခရောက်မှာ သေချာတယ်"

ကျွန်မက မကျေနပ်၍ ပြန်ပြောလိုက်မိပါသည်။

ဒရိုင်ဘာကြီးသည် မိစိမ်းကို လှမ်းကြည့်ကာ နှုတ် ဆက် ပြီး

လိုရာ ခရီးသို့ ဆက် လက် ထွက် ခွာသွားပါတော့သည်။

× × ×

လူ တွေ သည် လွတ် လွတ် လပ် လပ် နေ ချင် ကြ သည်။ သူတို့ကို ချုပ်ချယ်လျှင် နည်း နည်းမှ မကြိုက်ပေ။ စည်းကမ်း နှင့် လုပ်လာလျှင် မုန်းချင်လာ ကြသည်။ ရွံရှာ လာကြသည်။ တကယ်တော့ စည်းကမ်းသည် သူတို့၏ ကောင်းကျိုးအတွက် ဆောင်ရွက်ပေးနေသည်ကို ယခု အထိ သဘောမပေါက်ကြ။ နား မလည်ကြ။

ထို့ကြောင့် လည်း မကြာ ခဏ ဒုက္ခအမျိုးမျိုး၊ အန္တရာယ် အမျိုးမျိုးနှင့် ရင်ဆိုင် တွေ့ကြုံ ကြရတော့သည်။ ရန်ကုန်မြို့၌ ကျွန်မတို့ ညီအစ်မ သုံးယောက် သာ မရှိကြလျှင် သေ ကြေ ကြ မှာ မနည်းဟု ကျွန်မ ယူဆပါ သည်။

ကျွန် မ သည် တယောက် တည်း တွေဝေ ငေးမောနေစဉ် အ ဝေး မှ အ ရှိန် ပြင်း စွာ ဖြင့် မောင်းနှင်လာ သော လော်လီ ကားတစီးကို လှမ်းမြင်လိုက်ရပါ သည်။

"ဟိုရှေ့က မောင်း လာ တဲ့ ကားကတော့ အခြေအနေ သိပ် မကောင်းဘူး ညီမတို့။ လွတ်ရာ ကို ရှောင် မှ ဖြစ် မယ်။ တော် တော်ကြာ တို့ကို ဒုက္ခပေးနေ အုံးမယ်"

ကျွန်မက ညီမလေး မိစိမ်း နှင့် မိဝါကို သတိရှိကြရန် ပြော လိုက်ပါသည်။

"ဟုတ်ကဲ့မမ။ ညီမတို့ မြင် ပါတယ်"

မိစိမ်းက အဝေးသို့ လှမ်း ကြည့်ရင်း ပြန်ပြောလိုက်သည်။

အရှိန်မသတ်နိုင်ပဲ မောင်း လာသော လော်လီကားသည် ကျွန်မတို့ကို ဝင်တိုက်ရန် ဦး တည်လာရာမှ တခဏချင်း တ မျိုး တဖုံ ပြောင်း လဲ သွား ပါ သည်။ လော်လီကား သည် ကျွန်မတို့ကို မတိုက်မိပဲ လမ်း ဘေး ပလက် ဖောင်း ပေါ် သို့ ရောက်သွား ပါသည်။

မကြာမီ ယာဉ် ထိန်း ရဲ က မော်တော်ဆိုင်ကယ်နှင့် အမြန် ရောက်လာပြီးနောက် ထို ဒရိုင် ဘာကို ဖမ်းသွားပါသည်။

ထိုကဲ့သို့ အလားတူ စည်းမဲ့ ကမ်းမဲ့၊ ဗရမ်းဗတာ မောင်း နှင်ကြသော ကား ဒရိုင် ဘာ များကို ထပ်မံ ဖမ်းဆီးကြပါရန် ကျွန်မ တိုက်တွန်းချင်ပါသည်။ သို့မှသာ ခရီးသွားများ အသက် ဘေးမှ ကင်းလွတ်ကြမည် ဖြစ် ပါသည်။

ကျွန် မတို့ ညီ အစ် မ သုံး ယောက် ကား သက် ရှိ တွေ့ မ ဟုတ် ကြ ပါ။ ရန်ကုန်မြို့ အ လယ်၊ လမ်းဆုံလမ်းခွတို့၌ မိုး လင်းကနေ မိုးချုပ်အထိ တာ ဝန် ထမ်း ဆောင် နေ ရ သော သက်မဲ့ အချက်ပြမီးပို့ဝိုင့်ကလေး များ ဖြစ်ကြပါသည်။

မြန်မာပြည်ထောင်စု

မြောက်ပြန်လေညှင်း တသုန်သုန်၊
ဆောင်းအအေးထည်ခြုံ။

ငွေနှင်းမှုန်မှုန် လွှမ်းပါလို့၊
ရှမ်းပြည်ပင်လုံမြို့။

မှန်းလို့တွေးလို့ မျော်လိုက်ယင်၊
ခေါင်းဆောင်များကိုမြင်။

ကချင် ကရင် မြန်မာ ရှမ်း၊
တွေ့ဆုံကြရာနန်း။

တောင်တန်းဒေသ ချင်းလည်းပါ၊
သွေးစည်းခဲ့ကြတာ။

လဖေဖော်ဝါ တဆယ့်နှစ်၊
သမိုင်းကလွှသစ်။

တွန်းလှန်ပစ်စို့ နယ်ချဲ့ရန်၊
အေးတူပူမျှစံ။

ပြည်ပရန်ကို ဘယ်မမှု၊
မြန်မာပြည်ထောင်စု။ ။

မောင်လှ (ကျောက်မော်)

ငါးဖမ်းငှက်ဖေါင်းဖြူ

မတ်လကုန်မှ ဩဂုတ်လအထိ နှစ်ကြိမ်သား ပေါက်သည်။ အသိုက်များကို ချုံပုတ် ထဲတွင် ပြုလုပ်လေ့ရှိသည်။ မြက်၊ ဝါးရွက်၊ နွယ်တို့ဖြင့် ခပ်ပြန့်ပြန့် ပြုလုပ်သည်။ ဥမှာ ကြွေကဲ့သို့ ဖြူဆွတ်ပြီး ခပ်လုံးလုံးဖြစ်၏။ တဥလျှင် ပျမ်းမျှ အလျား ၁.၁၁ လက်မနှင့် ပြက် ၀.၉၀ လက်မ ရှိ၏။ တမြုံလျှင် သုံးဥမှ ငါးဥအထိရှိ၍ တခါ တရံတွင် နှစ်ဥသာရှိသည်။

ငှက်၏အလျားမှာ ၁၂ လက်မခန့်ရှိသည်။ တကောင်နှင့် တကောင် အပြိုင်အဆိုင် စူးရှစွာ အော်တတ်၏။ သို့သော် တခါတရံတွင်မူ သာယာနာပျော်ဘွယ်ရာတေးကို သီနေတတ်သည်။

အမြဲတမ်း ၁၀ ကောင် ၁၂ကောင် အုပ်ဖွဲ့၍ ကျွန်းတောများ၌ငင်း၊ မြေကွက်လပ်များ၌ ငင်း အစာ ရှာဖွေ စားသောက်သည်။ အကြောက်အ၌နည်းပါး၍ အသစ်အဆန်းကို သိမြင်လိုစိတ်ရှိ၏။ သူတို့ အထဲသို့ အခြား ငှက်ရောက်လာလျှင် ဆူညံစွာ နှုတ်ဆက် တတ်၏။ ကြောက်ရွံ့တတ်သော သူစိမ်းငှက်ကို အမူအရာ အမျိုးမျိုးလုပ်ပြ၍ မောင်းထုတ်တတ်၏။

စိုးမြင့်

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး

ဂျာနယ်ဝ

၁၉၃၅ ခု၊ တပေါင်းလဆန်း ၃ ရက် (၂၃-၂-၃၅)

ငဆိုင်း

ပန်းချီ-ဗိုဘကြည်
ဇာတ်လမ်း-စန်းစန်း



တနေ့တွင် ထိုင်းသည် အလုပ်ရှာရန် ထွက်ခဲ့ရာ၊ မြစ်ကမ်းတွင် လှေတစင်းကို တွေ့၍

ရှေးတုန်းက ရိုးသား၍ ဥာဏ်ပညာ အလွန်ထုံထိုင်းသော ထိုင်းဆိုသူ ရှိလေသည်။

ထိုင်းသည် အလုပ်ကို မခိုမကတ်ဘဲ ကြိုးကြိုးစားစား လှေထိုးလေသည်။



တခါတွင် လှေဦးမှ လှေထိုးသား တယောက်က တက်မကိုင်ကိုမကြည့်ဝဲ—

ရိုးလွန်းလှ၍ အမှတ်တမဲ့နေခဲ့ရာ တက်မကိုင်ပဲ့နင်းနေရာကိုပင် မသိရှာပေ။



ထိုသူအော်လိုက်တိုင်း တက်မကိုင်က လှေကို တိမ်းပေးသည်ကို....

ထိုအခါထိုင်းက ထိုလှေထိုးသားအား

ထိုင်းသည် အထက်အညာမှ တခေါက်ပြန် စုံဆင်း၍ မူလဆိပ်ကမ်းသို့ ရောက်သောအခါ

အိမ်သို့ ပြန်ရောက်လေသော် အကြိုသစ် တခု ပေါ်လာတော့သည်။

....ငါက ဂွေဆိုတဲ့ ဘက် တွေ့မှာဘဲ။ အဲဒီလှေနဲ့ ကူးကူးမယ်၊ အရင်း အနှီး မရှိသေးဆင်-ငါ၊ ပေါက်စ-ဘဲပေါက်စလေး တွေ့လောက် ဘဲတင်ဝမ်းမယ်၊ လမ်း ခရီးက-အတော်ကြာကြာ သွားရမယ်ဆိုတော့ မစိုးလဲကျနော်-အဲဒီ့ တွေ့-ငါးကြီး တွေ့ဖြစ်ရေ မှာဘဲ....



ဒီတော့-ဈေးကောင်းကောင်းရမယ်၊ တော်တော်လေး ငွေရလာမယ်၊ ဘယ်...ကံကောင်းယင် ငါ၊ မှန်၊ ရင်း-ရေသူဌေ-တကောင်လောက် မှန်၊ မိချင်လဲ မိမှာဘဲ... ဟဲ့...ဒီဘဲ ဒုမှ၊ ရင်း တောင်-မာသီ တကောင်တလေ လာချင်လာမှာ ---ဟာ.....

ထိုအခိုက် လူတယောက်ရောက်လာပြီး

ထိုအခါ သူတယောက်သည် သစ်ပင်ကို ယူပြီး သက်နှံးပင်ကို စတင်ခုတ်လှဲလေ၏။

ဆက်လက်ခုတ်နေစဉ် ပင်စည်ရင်းမှအသံများ ထွက်လာသောကြောင့် -



သက်နှံးပင်ကြီးမှာ တည့်တည့် မတ်မတ် သာ လျှင် သူပေါ်သို့လဲကျလေတော့သတည်း။



အိမ်တက်သို့ ကမန်းကတန်း ပြေးသွား ကာ လဲစပြုနေသောသစ်ပင်ကြီးကို -

အာသာကိုယော အမဲကြိုး



ဂုတ်ကျားသည် အမဲရိုးကို ကိုက်ခဲ၍ အတင်းသုတ်ခြေတင် ပြေးလာခဲ့ရလေသည်။ သူနောက်တွင် လူများက တုတ်များ၊ ဓားများကိုင်၍ လိုက်လာကြ၏။

ဟွဲ-လာလာ-
ဘယ်ကခွေးမွှန်းမသိ
ဘာမွှန်းမသိ-ကိုက်လိမ့်မယ်

ထွန်းထွန်းသည် ဂုတ်ကျားကို လှည့်ကြည့် လှည့်ကြည့်ဖြင့် သွားရာ ဂုတ်ကျားလည်း နောက်မှ လိုက်သွားလေ၏။

သို့သော် ထွန်းထွန်းတို့အိမ်ရောက်သော် သူကို အဝင်မခံပဲ တံခါးပိတ်ထားလေသည်။

ဘင်းကောင်လေးက သဘောကောင်းပေမဲ့ မိန်းမကြီးကငါ့ကိုလက်ခံချင်ပုံမပေါ်ဘူး

ဂုတ်ကျားသည် တယ်သွားရမှန်းမသိ၍ ထို အိမ်နားတွင်ပင် ထရစ်ပဲပဲဖြစ်နေ၏။

ဘင်း-ငါ့ဘဝ-တယ်
ဆိုးတာဘာ-

သို့ဖြင့် ညတက်သို့ရောက်သော်-

ဘူး! တိုးတိုး
လူတွေမဒိုပ်
သေးဘူးနဲ့တူတယ်

ဒိုပ်ပါတ်ကြီးက
မီးတွေတောင်
မှိတ်ထားတာယ်

ခွေးတွေဘာတွေလဲ
ကြည့်ဦးနော်

ဒီ ဒိုပ်မှာခွေးမှ
ပါဘူး-ငါ
စုံစမ်းကြီးပြီ-

ဂုတ်ကျားသည် မှောင်ထဲမှ ထူနှစ်ယောက် အသံကြား၍-

ဟာ-လူနှစ်ယောက်ပါလား
ဒေါက်ဖေးတံခါးကိုဖွင့်နေကြ

လူကြီးများက ခွင့်မပြုလိုက်ဆဖြင့် ထွန်းထွန်းသည် သူ့ကို အဓိရိုးများ ကျွေးလေသည်။ သည်တခါ ဂုတ်ကျောစားရသော အဓိရိုးသည် ဈေးမှ ခိုးစားရသော အဓိရိုးထက် အရသာ ရှိသည်ဟု ဂုတ်ကျောထင်မိလေသတည်း။

ပိုးနှင်ဝူးအနွယ်ဝင်များ

ရေးသူ- စိုးလွင်မြင့် သရုပ်ဖော်- ဝင်းဇော်



ရွှေဖရုံ

ဗူး၊ သခွား၊ သခွားမွေး၊ ဖရဲ၊ ကျောက်ဖရုံ၊ ရွှေဖရုံ စသည်တို့သည် ဗူးအနွယ်ဝင်များပင်ဖြစ်၏။ ယင်းတို့သည် အပူပိုင်း ဒေသ၌ စိုက်ပျိုးဖြစ်ထွန်းသော သီးပင်များ ဖြစ်၏။ လျင်မြန်စွာ ကြီးထွားလွယ်သော တန့်ခံပင်များ ဖြစ်ကာ၊ မြေတွင် တွား သွားရန် သို့မဟုတ် စင်နှင့် အပင်သို့ တက်ရန် နွယ် နှာမောင်းများ ပါရှိလေသည်။ အသီးအနှံလုံးတွင် ဗူးနှင့် ဗူးအနွယ်ဝင်တို့မှသီးသော အသီးများသည် အကြီးဆုံး ဖြစ်၏။ တခါတရံ အလေးချိန် ပေါင် ၅၀-ရာခန့်ရှိသော ရွှေဖရုံသီးကြီးများကိုပင် တွေ့ရတတ်သည်။



ကျောက်ဖရုံ

ဗူးနှင့် ဗူးအနွယ်ဝင်တို့၏ အပွင့်များသည် အများအားဖြင့် အဖြူနှင့် အဝါရောင်ဖြစ်၍ ပွင့်ဖတ် ငါးခုတို့သည် ဆက်စပ်နေ၏။ အဖိုနှင့် အမ ပွင့်တို့သည် သီးခြားဖြစ်သော်လည်းတပင်တည်း၌ပင်၊ အခြား အပင်သို့ပင်း ကူးယက်၍ မျိုးစေ့ပေါက်ပွားနိုင်လေသည်။ အပင်ရိုးသို့မဟုတ် ပင်စည်တွင် အကြောမျှင်များ ပါရှိသည်။ ဗူးသီးကို အစာအဖြစ် စားသုံး နိုင်သည့်အပြင်၊ ရေဗူး အဖြစ်လည်း ပြုပြင်၍ သုံးစွဲနိုင်လေသည်။ ရေဗူးတလုံးရရှိရန် ဗူးသီးကို အခြောက်ခံ၍ အတွင်းမှ



ဖရဲ

အသားများကို ခြစ်ထုတ်ပစ်ရသည်။ မြေအိုးမြေခွက်တို့မပေါ်မီ ကျောက်ခေတ် လူတို့သည် ယင်းရေဗူးများကို အသုံးပြုခဲ့ကြသည်ဟု ယူဆရ၏။

ရွေဖရုံသီး တို့ သည် ပုဝိုင်း၍ သခွား သီးတို့သည် ဝက်အူတောင့် သဏ္ဌာန် ရှည် မျောမျောဖြစ်လေသည်။ ရွေဖရုံသီးနှင့် ချက်ပြုတ် ပြုလုပ်ထားသော အစာသည် အမေရိကန်တို့၏ ရိုးရာအစာတခုဖြစ်လေသည်။

ပူအိုက်သော နွေရာသီ၌ စားသုံးပါက ရင်ကို အေးမြစေပြီး အရသာ ထူးသော သခွားကို အနောက်နိုင်ငံများတွင် ဆလတ်ရွက်ဖြင့် ၎င်း၊ ထောပတ်သုတ်ပေါင်မုန့်ပါးပါးဖြင့်၎င်း ပူးတွဲ၍ စားသုံးကြသည်။ အနောက် အိန္ဒိယကျွန်းစုများမှ သခွားပုမျိုး ကလေးများသည် ဆီစိမ် သနပ် ပြုလုပ်ရန်နှင့် ချဉ်ရည်စိမ်ရန်ကောင်းမွန်လေသည်။ အနုံ့အရသာနှင့် ပြည့်စုံသော သခွားမွေး တမျိုးလည်း ရှိသည်။ ကျောက်ဖရုံသည် အတွင်း သားအဖြူရောင်ဖြစ်ပြီး အစိမ်းစားသုံးရန် မကောင်းပေ။ ချက်ပြုတ်၍၎င်း၊ ယိုထိုး၍၎င်း စားသုံးရလေသည်။

အထူးသဖြင့် သခွားသီးများကို အလှကုန် ပစ္စည်းများထုတ်လုပ်ရာတွင် ကုန်ကြမ်း တခုအဖြစ် အသုံးပြုသည်။

ချိုအေး၍ အရည်ရွှမ်းသော ဖရဲသီး၏ အသားသည် စိမ်းဝါရောင်မှ လိမ်မော်ရောင် အဖြူရောင် စသည်ဖြင့် ရှိလေသည်။ သေးငယ်သော ဖရဲစေ့ကလေးများကို တရုပ်လူမျိုးတို့သည် ကွာစေ့လှော်အဖြစ် စားသုံးလေ့ရှိ၏။ ဖရဲပင်၏ မူလပေါက်ရောက်ရာ ဒေသသည် အိန္ဒိယနိုင်ငံဟု ယူဆရ၏။ သို့သော် ရှေးကာလကပင် အာရှတိုက် အနောက်ပိုင်းနှင့် အီဂျစ်တို့၌ စိုက်ပျိုးခဲ့ကြောင်း သိရလေသည်။

သခွား



သခွားမွေး



ဖာခုနကိုယ်စီ ပယ်ဂုဇည်

ရေတ်လမ်း/မျိုးမျိုး
ကာတွန်း-[illegible]



မေးစရိုက်အတိုင်း
တလက်ကိုင်ကွဲ-
ငါကောင်းလို့
ဆရာ့ဆုကြီး
ခွေ့ပေါင်း
မှားပြီ-
မင်းတို့ မင်အိုးအိုတာ-တခါ
ကွန်ယင်-တခါထပ်ဝယ်ရတာ
ဘယ်မှားဘူးလို့လဲ
ဒါကတော့-မင်းတယောက်တည်း
ပြောတာပဲ-ငါမှတို့
မင်းဟာ သုံးမရတဲ့ကောင်
ဖြစ်မှာပေါ့
ဟုတ်တယ်ဟေ့-မင်းမှတို့ကွေ့
မေးစရိုက်ဟာ အလကားပဲ-
ဘာဘူးလို့မှာလဲ
အဲ-ဒါပေမဲ့-မင်းတို့
နွှဲယောက်ခုံးထက်
ငါက-အကျိုးအပြု
အုံးကွ-
မင်းတို့ဂျီပေမဲ့ငါမှတို့ယင်-ဆရာ့ဆုကြီး-ထမင်းငတ်သွားမှာပေါ့-အရာ့
အကြီးအုံးက-ခက်ပါ့-ခက်ပါ့-

ကောင်မမ်းပါဗျာ-အကျိုး
လာပေးမနေစမ်းပါနဲ့-
ဒီကိစ္စမှာ ခင်ဗျားအသား
ယူစရာမလိုဘူး
အို-ဟိုး-လွန်တယ်ပါ.
မင်းတို့မယုံလဲ ပညာရှိ
ကလောင်အိုကြီးကို
မေးကြည့်.-
ဟတ်လားဗျို့.-
ခဲတံက အရေးအကြီး
ဆုံးဆို-ကလောင်ပညာရှိ
ကြီးက.---
အေး-ဟတ်တယ်-ခဲတံက
အရေးအကြီးဆုံးဘဲ---
ဒါပေမဲ့. မင်နဲ့ဖေါင်တိန်လဲ
အရေးကြီးတာဘဲ
ဒါကြောင့်-မင်းတို့မာန်ကိုယ်
စီနဲ့ပြိုင်ကြမဲ့အစား ညီညီ
ညွတ်ညွတ်ရှိကြမယ်ဆိုယင်
ဒို့အရေးဆရာကြီးဟာ
ဆက်ကောင်းကောင်းရေးနိုင်
မှာဘဲ---
ဟတ်တယ်-
ဟတ်တယ်
ဒို့ရဲ့နာမည်ဟာ
မာန်တွေ ပယ်ရမယ်-
ညီညွတ်ရမယ်-
ပြီး

တောင်တွင်းကြီးမြို့ အနောက်ဖက် ၁၂ မိုင်ကွာ ကုက္ကိုဒွရာ၏ မြောက်ဖက်တွင် တည်ရှိသော ဗိဿနိုးမြို့ဟောင်းသည် ပျ။မြို့တော်ဟောင်းကြီး တခုဖြစ်သည်ဟု သုတေသီတို့က ယူဆကြသည်။

ဗိဿနိုးမြို့တော် ထွန်းကားစည်ပင်ခဲ့စဉ်က ပန်ထွာ အမည်ရှိသော ဘုရင်မကြီး ကြီးစိုးခဲ့သည်။ ဒုတ္တဂေါင်မင်းကြီး လာရောက် စစ်တိုက်သောကြောင့် သာသနာ သက္ကရာဇ် ၁၀၄ ခုနှစ်တွင် ဗိဿနိုးမြို့ကြီး ပျက်စီးသွားရကြောင်း ယူဆကြသည်။ ဗိဿနိုးမြို့ကို ပန်ထွာမြို့ ဟူ၍လည်း ခေါ်ဝေါ်သည်။ "ယင်းချောင်း"၏ လက်တက်ဖြစ်သော "ရန်ပယ်" ချောင်းသည် ဗိဿနိုးမြို့ကို ကွေ့ပတ် စီးဆင်းသည်။ ရှေးအခါက အတုလ စည်တော်ကြီးကို တီးလျှင် ရန်ပယ်ချောင်းတွင် ရေကြီးစွာ စီးဆင်းသည်ဟု ဒဏ္ဍာရီများက ဆိုသည်။

ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်း ဟူ၍ ပျ။မြို့ဟောင်း သုံးခု တွေ့ရှိခဲ့ရာတွင် ဗိဿနိုးသည် ရှေးအကျဆုံး ပျ။မြို့ပြ နိုင်ငံဖြစ်သည်။

၁၉၀၅ ခုတွင် ဗိဿနိုးမြို့တော်ကို ရှေးဟောင်း သုတေသန ဌာနမှ ကျောက်စာဝန် မစ္စတာတော်စိန်ခို ဦးဆောင်၍ ပထမဆုံးစတင် တူးဖော်ခဲ့လေသည်။

မျိုးညွှန့် (ရန်ကုန်တက္ကသိုလ်)

အစာကြေဆေးကျွေးမှာပေါ့



မြင့်က ဆရာမ သွားတိုင်သော ကြောင့် ဆရာမ၏ ကြိမ်ဒဏ် ကျန်တော်ခံရခြင်း၊ ထို့ကြောင့် ပင် ယနေ့နံနက် စိုးမြင့် ကျောင်း တက်အလာ လမ်းမှ စောင့်ပြီး သူမျက်နှာကို လက်သီးဖြင့် ထိုး ပြီး သူ၏လွယ်အိတ်ကို လုယူကာ ရေမြောင်းထဲသို့ လွှင့်ပစ်ခဲ့ခြင်း စသည် စသည်တို့ကို တွေးလိုက် မိပါသည်။ မြင် ယောင် မိ ပါ သည်။ ယခုတိုင် သူ၏မျက်ကွင်း များ ညိုလျက်ရှိသည်မှာ ကျန် တော့် လက်သီးအစွမ်းကြောင့် ဖြစ်ကြောင်း သိလိုက်မိပါသည်။

ယခုလည်း ဒီကောင် စိုးမြင့် ၏ စံ နက် ကြောင့် ဆရာမက ကျန်တော်၏ တင်ပါး၊ခြေသလုံး တို့ကို ကြိမ်လုံးဖြင့် ရိုက်ပါတော့ သည်။ နာကြင်လွန်းလှပါသည်။ သို့သော်လည်း အများရှေ့တွင် ဖြစ်နေ၍ မျက်ရည် မ ကျ မိ အောင် အံကြိတ် ထားလိုက် ပါသည်။

"ဒီမှာ ခင်ဇော်၊မင်းအသား ထိတော့ သိပ်နာတယ် မဟုတ် လား"

ဆရာမ က ရိုက်ရုံတင် မက ကြိမ်ဒဏ်အရသာကိုပါ မေးနေ ပါသေးသည်။

"မင်းဟာ အမြဲ ရန်လိုတတ် တဲ့ ကျောင်းသား တယောက် ဖြစ်လို့ အားလုံးရှေ့မှာ အပြစ် ပေး ခံရပြီးပြီ။ ဒါ နောက်ဆုံး ဖြစ်ပါစေ။ အတန်းသားတွေက မင်း ကို လူ ရမ်း ကား လေး လို့ မ ထင် မှတ် စေ ချင် ရင် တော့ ကျောင်း တက် ခေါင်း လောင်း ထိုးပြီး အတော်ကြာမှ အတန်းထဲသို့ ကျန် တော် တ လှမ်းချင်း ဝင်ခဲ့ပါသည်။ ဆရာ မနှင့် တကွ အတန်းသား အား လုံးက ကျန်တော့်ကို ဝိုင်းကြည့် နေကြပြီး အ ချင်း ချင်း လည်း စကားတိုးတိုး ပြောဆို နေကြ ပါသည်။

"ခင်ဇော် ဒီကို ခဏလာ စမ်း"

ထိုင်ခုံတွင် ဝင်ထိုင်မည်အပြု တွင် အတန်းပိုင် ဆရာမ ဒေါ် သန်းနွဲ့၏ခေါ် သံကိုကြားလိုက်ရ ပါသည်။ရင်ထဲမှာ ထိတ်ခနဲ ဖြစ် သွားမိပါသည်။ ဆရာမ စားပွဲ ရှေ့တွင် ခြေစုံရပ်မိသောအခါ -

"မင်းအပြစ် မင်းသိရဲ့လား၊ မင်းဘာဖြစ်လို့ သူများကို နှိုင်လို မင်းထက် ပြုချင်ရတာလဲ၊ မင်း မှာ ကိုယ်ချင်း စာတတ်တဲ့စိတ် မရှိဘူး"

ဆရာမသည် သူ၏လက်ထဲမှ ကြိမ်လုံးကို တ ဆ ဆ လုပ် ရင်း ပြောနေ ပါသည်။ ကျန်တော့် နည်းတူ ဆရာမစားပွဲတဖက်တွင် လက်ပိုက်ပြီးရပ်နေသော စိုးမြင့် ကို တွေ့ရပါသည်။ ကျန်တော် နားလည် လိုက်ပါသည်။ သင်း ကြောင့် သည် တ ကြိမ် ကျန် တော့် အသား နာရချေဦးမည် ဟု ရုံမုန်း ဒေါသထွက်စွာဖြင့် စိုးမြင့်၏ မျက်နှာကို စိမ်းစိမ်း ကြည့်လိုက်မိပါသည်။

ကျန်တော့် ဦးနှောက်တွင်း ဝယ်၊ မနေ့က စံဝင်းနှင့်ရန်ဖြစ်၍ ခေါင်းကို ခဲဖြင့်ထုပစ်လိုက်ခြင်း၊ ထိုရန်ပွဲကို အစအဆုံးမြင်သူ စိုး

နောက်ထပ် ရန်ဖြစ်ဖို့ မကြိုးစားနဲ့တော့ ကြားလား”

ကျွန် တော် သည် ဆရာမ စကားကို ကြားတချက် မကြားတချက်ဖြစ်နေသည်။ ကျွန်တော့်ကို ကြည့်နေကြသော အတန်းသားများကိုငဲ့၊ စိုးမြင့်ကိုငဲ့ ကျွန်တော် နာကျည်းမိသည်။ “ငါ့အကြောင်း သိကြမှာပေါ့ကွာ”ဟုလည်း စိတ်ထဲမှ တွေးထားလိုက် မိပါသည်။ ဖြစ်နိုင်လျှင် အားလုံးကို ဝါးလုံးရှည်ရှည် တချောင်းဖြင့် သိမ်းရိုက်ပစ်ချင်ပါသည်။

“ကဲ၊ မင်းသွားနိုင်ပြီ”

ဆရာမ ခွင့်ပြု၍ ကျွန်တော့် ခုံသို့ လျှောက်လာကာ ထိုင်ချလိုက်ပါသည်။

“ဒီမှာ သူငယ်ချင်း၊ မင်းရိုက်ခံရတာ မြင်ရတော့ ငါ စိတ်မကောင်း ဖြစ်မိပါတယ်ကွာ”

အမှတ် မထင် ကျွန်တော့် နားသို့ ရောက်လာသော စိုးမြင့်က ဆိုသည်။

“ဘာကွ ဘာပြောတယ်”

“ငါပြောတာ ဆုံးအောင် နားထောင်ပါအုံး ခင်ဇော်၊မနေ့ကရော ဒီနေ့ကိစ္စမှာပါ ဆရာမကို ငါ မတိုင်ခဲ့ပါဘူး၊ မင်း ငါ့ကြောင့် ရိုက်ခံရတယ်လို့ ထင်နေတယ် မဟုတ်လား”

“ဟေ့ကောင် သွားစမ်းကွာ၊ ခုမှ မုန်လာဥ လာလုပ်မနေနဲ့၊ ငါ စွပ်ထိုးလိုက်မိမယ်”

“မဟုတ်သေးဘူး ခင်ဇော်၊ ဆရာမကို တိုင်တာငါမဟုတ်ဘူး၊ မြင်တဲ့ အတန်းသားတွေ အားလုံးက ဝိုင်းတိုင်ကြတာပါ။ မယုံရင် မေးမြန်းကြည့်ပါအုံး”

“ဘာရယ် မင်း မတိုင်ဘူးဟုတ်လား”

“မတိုင်ပါဘူးကွာ၊ဒီမှာ မင်း ထိုးထားတဲ့ ဒဏ်ရာကြောင့် ငါ့မျက် ကွင်း ညို နေ ပြီး မျက် စိ တောင် အောင့်နေတယ်။ ဒါပေမဲ့ မင်း ထပ်ရိုက်ခံရမှာ စိုးလို့ မတိုင်ခဲ့ပါဘူး”

“ဒါဖြင့် အတန်းသားတွေ ကဘဲ မနေ့ကရော ဒီနေ့ကိစ္စပါ တိုင်ကြတယ်ပေါ့ ဟုတ်လား”

“အေး ဟုတ်တယ်၊ ရန်ဖြစ်တာကို ဘယ်သူမှ မလိုလားကြဘူး၊ ဒါ့ကြောင့် သူတို့တိုင်ကြတာဘဲကွာ”

“ဟင် ဟုတ်လား၊ ဒါဖြင့် ငါ မင်းကို အထင်လွဲပြီး ထိုးမိတာပေါ့၊ မင်း-မင်း ငါ့ကို ခွင့်လွှတ်နိုင်တယ်ဟုတ်လား”

ဇာတ်အရေးလည်သွားပါပြီ။ ကျွန်တော်၏ မိုက်မဲမှု၊ မစဉ်းစမ်း မဆင်ခြင်မှုကြောင့် မဆီမဆိုင် စိုးမြင့် အထိုး ခံရသည်။ ပြီး ကျွန်တော်ထပ်အရိုက်ခံရသည်။ ကျွန်တော် သည် စောစောက ကြိမ်လုံးဒဏ်ကို ခံရစဉ်က မျက်ရည် မကျအောင် ထိန်းသိမ်းနိုင်ခဲ့၏။ ယခုမူ အပြစ်မဲ့၍ သည်းခံနိုင်လွန်းသော သူငယ်ချင်းကို အကြောင်းမဲ့ စော်ကားမိမှန်း သိရသဖြင့် ဝမ်း နည်း လွန်း၍ ကျွန်တော့် မျက်လုံးအိမ်မှ မျက်ရည်များစီးကျလာတော့သည်။

ချင်းတို့ဒေသ

ချင်းတောင်တန်းကိုသွားတို့ရာ၊
လမ်းပန်းခက်ခဲ မလွယ်ပါ။
ရီဝေဆိုင်းလို့ မှိုင်းညို့ပြာ၊
တောင်စဉ်တောင်တန်း
ကန့်လန့်ကာ။

ကာပလေစေ
သည်တောင်လေက်၊
တို့မျှားဝိုင်းဝန်း
လမ်းသစ်ဖေါက်။

ခရီးပေါက်လို့ အရောက်လွယ်၊
ချင်းတို့ဒေသ သွားကြမယ်။
တို့လဲလိုက်မယ် အတူသွား၊
မောင်တို့မယ်တို့
ပျော်ပျော်ပါး။

တောင်လေကားထစ်
စိုက်ခင်းအောင်၊
ချင်းသွေးသားတို့လုံ့လဆောင်။
ညီမောင်ညီမ ရှူးခဲ့ကြ၊
ပန်းသီးလှလှ ချိုမြမြ။ ။

မောင်တင်စိုး(သစ်ရာကောက်)

R. 517

ကုပ်ကလောင်

ကုပ်ကလောင်သည် ဖိုးခေါင် ငှက်မျိုးတွင် အပါအဝင်ဖြစ်သည်။ ကိုယ်အလျား ကိုးလက်မ ခန့်ရှိ၍ လည်ပင်း၏ အရောင်သည် ပြာသည်။ တွတ်-က-ရွတ်၊ တွတ်-က-ရွတ် ဟု ကျယ်လောင် စူးရှစွာ အော်တတ်၏။ အော်ရာ၌ အလွန် မြန်ဆန်၏။

ဖိုးခေါင်ကဲ့သို့ပင် ကုပ်ကလောင်သည် ကျွန်း တောဒွ် ကျက်စားသည်။ ငှက်ကလေးများ ဥမှ ပေါက်ချိန်မှာ ပြီလမှ ဇူလိုင်လအတွင်း ဖြစ်သည်။ တဥလျှင် ပျမ်းမျှ အလျား ၁.၁၀ လက်မနှင့် ပြက် ၀.၈၁ လက်မရှိသည်။ တမြုံလျှင် နှစ်ဥမှ လေးဥအထိ ရှိတတ်၏။

အရှေ့တိုင်း နိုင်ငံများတွင် အနှံ့အပြားတွေ့ရပြီး အနောက်ဖက်သို့ ဟိမဝန္တာတောင်ခြေ တလျောက် ကသွီရဟိုင်းအထိ ပြန့်နှံ့နေကြ၏။ မြန်မာနိုင်ငံ၌လည်း ဒေသအနှံ့တွင် တွေ့ရပြီး အမြင့် ပေ ၂၀၀၀ မှ ၄၀၀၀ တွင် ပေါများစွာ တွေ့ရ၍ ပေ ၆၀၀၀ အမြင့်တွင် အနည်းငယ်သာ တွေ့ရသည်။

စိုးမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးဟင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ခုဖိဝ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်ဝ

၁၃၇၅ ခု၊ ထပေါင်းလဆန်း ၁၀-ရက် (၂-၃-၇၄)

စနေနေ့တိုင်း ထုတ်ဝေသည်။

လယ်သမား၏ ငှက်တော်

ပန်းချီ-ဦးတင်ညွှန့်
ဇာတ်လမ်း-မြသွေး

ထခါတုန်းက လယ်သမား တယောက်သည် စပါးများ ရိတ်သိမ်းရန် သွားစဉ် စာတအုပ်သည် ကောင်းကင်မှ ဆင်းလာပြီး....



စပါးနှံများပေါ်တွင်နားကာ

စာကလေးများသည် ပြောပြောဆိုဆိုနှင့် သီချင်းဆိုရင်း စပါးများကို အလုအယက် စားစ်။



လယ်သမားသည် စိတ်ဆိုးပြီး ရရာမြေခဲများဖြင့် ပေါက်၍ ချောက်လှန့်မောင်းထုတ်လိုက်လေသည်။

ထိုနောက် ဒေါသအခဲမကြေဝဲ ကျန်ခဲ့စ်။

စပါးဆက်ရိတ်ပြီးများမကြာမီ ငှက်အုပ်တအုပ် ကျလာပြန်ရာ ခဲများကောက်ပြီး အရံသင့်စောင့်နေလေစ်။

သို့သော် စာကလေးများမဟုတ်ပဲ ငှက်ထော်များ ဖြစ်နေကြလေသည်။



ငှက်ထော်များသည် စပါးပင်များပေါ်တွင် နားပြီး စပါးများကိုမစားပဲ ဝိုးကောင်များကိုသာ စားကြ၏။

နံဖြတ်ပိုး၊ ရွက်လိပ်ပိုး၊ အုံဖေါက်ပိုး၊

ပရစ် စသည်တို့ကို စားကြသည်။



လယ်သမားသည် မြေခဲများကိုင်ပြီး မပေါက်ပဲ အသာကြည့်နေမိသည်။

စားသောက်ပြီးနောက် ကောင်းကင်ပေါ်သို့ ပျံတက်သွားကြကာ သိန်းများ သိုးသိုးလျက် ထွက်သွားသည်ကို –

လယ်သမားသည် ငေးကြည့်နေရင်း စိတ်ထဲတွင် တွေးမိသည်ကား....

...အင်း - ဒါကြောင့် - လူတွေက - ဌက်တော်များတာ
လယ်သမား တွေရဲ့ မိတ်ဆွေ - လို့ ခေါ်
ကြတာကိုး.....

.....အေးလေ - ဆော်လဲဆော်ထိုက်တာပဲ။....
....သူတို့ကို - ဘာမှလဲကျေးဇူး မယူဘူး။
... ငါတို့ စပါးပင်ကို - ဒုက္ခပေး ဖဲ့ ပိုး မွှား
တွေကိုတောင် သူတို့သင် စားသောက်ပစ်ကြတယ်

ဖြိုး - တော့ - စာဏလေးတွေကို
ကြွားဖြိုး - အသိုဖမြော
ဘူး...

....ဖြိုး - တော့ - ကောင်းကင်ထက် သီချင်းဆို
ဖြိုး - ပျံသွား လိုက်ကြတာ - အာကာသ တရုံလုံး
ဟာ - သူတို့ရဲ့ အသံတွေနဲ့ - အသက်ဝင်လာ
သလိုပဲ ပါလား

ဒီလို - ကမ္ဘာဆံ
ထဲ - ဌက်တော်တွေ
သာ - မိတ်ဆွေစစ်
ဖြစ်တယ်။ ဒီလို
အသံမျိုးမှလဲ - တန်
ဘိုးထိုက် - လူတိုင်က
ဖြိုး - ဒီတစ်ခြောက်တဲ့
အသံတွေပါပဲ ...
.....

ထိုအခိုက် ရွာဘက်ဆီမှ စောင်းကောက်သံနှင့်
အတူ သာယာငြိမ့်ညောင်းသော သီတာကြိုး
သီချင်းသံကို ကြားရလေသတည်း။



ဘဉ်ယဲချင်း သုံးဦး

ဇာတ်လမ်း/ယျိုးယျိုး
သရုပ်ဖော်/နွဲ့ဘဘမှ

တခါက သစ်တုံးကလေး သုံးတုံးဟာ မြစ်ကြီးရှိရာကို ခရီးထွက်လာကြတယ်။



တယောက်က မောင်ကျွန်းဖြစ်ပြီး



နောက်နှစ်ယောက်ကတော့ မောင်ဖျဉ်းကတိုးနဲ့ မောင်ယမနေတို့ ဖြစ်တယ်။

တနေရာရောက်တော့ သူတို့ဟာ သောက်စားမူးယစ်နေတဲ့ လူတစုကို တွေ့ကြတယ်။



မောင်ဖျဉ်းကတိုးဟာ အပျော်အပါး မက်သူမို့

မောင်ကျွန်းနဲ့ မောင်ယမနေက လိုက်ခဲ့ ဘို့ခေါ်ပေမဲ့ မရတူးတဲ့။



မောင်ကျွန်းဟာ ခေါင်းမာတဲ့သူငယ်ချင်းကို တားမရ တဲ့အဆုံး မောင်ယမနေနဲ့အတူ ခရီးဆက်ခဲ့တယ်။



မောင်ယမနေကလဲ အပျင်းထူသူ ဖြစ်လို့ လမ်း တထောက်မှာ ထင်းခွေတဲ့လူနဲ့ သွားပေါင်း ပြန်တယ်။

မောင်ကျွန်းကလေးဟာ အဖော်တွေ လမ်းခွဲသွားလို့ တယောက်ထဲ ကျန် တော့တာပေါ့။



ဒါပေမဲ့ မောင်ကျွန်း ကလေးဟာ ခွန်လုံ့လ ဝီရိယနဲ့ ခရီးဆက်ခဲ့တယ်။



မောင်ကျွန်းလေးဟာ ကြိုးစားမှု အပြည့်ရှိတဲ့ အတွက် မြို့ကြီးကို ရောက်သွားပြီး ပန်းပုဆရာကြီးရဲ့အိမ်မှာ နေရတယ်။



နောက်ဆုံးတော့ အပျော်အပါး မက်ပြီး လူမိုက်နဲ့ ပေါင်းမိတဲ့ မောင်ဗျဉ်းကတိုးဟာ

မကောင်းမှုကို ကျူးလွန်နေရတဲ့ လောက်လေးငွအဖြစ် အခုတ်အဖြတ်ခံရပြီး



ပညာမဲ့နဲ့ ပေါင်းမိပြီး အပျင်းထူတဲ့ မောင်ယမနေကတော့ ထင်းအဖြစ်နဲ့ ဘဝဆုံးခဲ့ရတယ်။



ကြိုးစားမှုအပြည့်အဝရှိပြီး ပညာရှိနဲ့ပေါင်းခဲ့တဲ့ မောင်ကျွန်းကတော့....



အလွန်လှပပြီး ချစ်စရာကောင်းတဲ့ မင်းသားပန်းပုရုပ်ကလေး ဖြစ်သွားတော့တယ်။

ရှောက်ပင်မျိုးများ

မောင်ဝင်း

ရှောက်ပင်မျိုးပေါင်း ၃၀ ခန့်ရှိသည်။ လိမ်မော်၊ ကမ္ဘလာ၊ သံပရာ၊ သံပရိ၊ ရှောက်ချို၊ ရှောက်ပန်း၊ ကျွဲကော စသည်တို့သည်လည်း ရှောက်ပင်မျိုးထဲတွင်ပါဝင်ပြီး၊ ရုံတာစီအီး မျိုးရင်းဝင်များ ဖြစ်ကြသည်။ ရှောက်ပင်မျိုးတို့သည် အပူပိုင်းနှင့်အပူလျော့ပိုင်းများ၌ စိုက်ပျိုးဖြစ်ထွန်း၏။ ယင်းတို့သည် ဆီးနှင်းနှင့် အလွန် အေးမြသော ရာသီဥတုကို မခံနိုင်ချေ။ မူလ ပေါက်ရောက်သော ဒေသမှာ အိန္ဒိယနှင့် အရှေ့တောင်အာရှ နိုင်ငံများ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်က တရုတ်လူမျိုးတို့ စိုက်ပျိုးခဲ့သည်ဟုဆိုသည်။

ရှောက်ပင်မျိုး၏ အသီးများသည် အဝါရောင်မှ လိမ်မော်ရင့်ရောင်အထိ အရောင် အမျိုးမျိုး ရှိကြသည်။ အသီးခွံသည် ခပ်ပွပွ အပေါက်ငယ်များ ရှိပြီး အခွံကပ်သည်။ အတွင်းသားများသည် ပျော့ဖတ်ဖတ် ဖြစ်ပြီးလျှင် အသားထဲ၌ အစေ့များမြဲနေသည်။

ရှောက်ပင်မျိုးဝင်အသီးများသည် စားကောင်းသော အသီးများဖြစ်ပြီး အချို တိုင်းပြည်များတွင် အကြီးအကျယ် စိုက်ပျိုးကြသည်။ အချိုကိုအရည်ညှစ်ပြီး ဖျော်ရည်အဖြစ် သောက်သုံးကြသည်။ အရည်တွင် သကြားနှင့် ဆစ်ထရစ်အက်ဆစ်တို့ ပါဝင်သည်။ အချိုသော ရှောက်မျိုးတွင် သကြားများများ ပါဝင်၍ ချိုသည်။

ရှောက်ပင်မျိုးတို့တွင် ဗီတာမင်စီဓာတ် အများဆုံး ပါဝင်သည်။ ယင်းဓာတ်ချို့တဲ့သူတို့အား အာဟာရ ဖြည့်တင်းရန် ရှောက်ပင်မျိုးဝင် အသီးများကို စားသောက် စေသည်။ ရှေးက သင်္ဘော သားများသည် ဗီတာမင်စီ ချို့တဲ့သော အာဟာရကို မှီဝဲရ၍ စကာဗီခေါ



ရောဂါဖြစ်ကြသည်။ ဒီတာမင်များမပေါ်မီကပင် ထိုရောဂါကို သံပရာသီးစားလျှင် ပျောက်ကင်းကြောင်း ယင်း ရောဂါကို တားဆီးနိုင်ကြောင်း တွေ့ရှိရသည်။

ရှောက်သခွားသည် ရှောက်မျိုးဝင် အသီးများအနက် အကြီးဆုံးဖြစ်၏။ သံပရာသည် အချဉ် ဆုံးဖြစ်၏။ ပန်းလိမ်မော် (တရုတ်လိမ်မော်သီး) သည် အငယ်ဆုံးဖြစ်၏။

ရှောက်ပင်မျိုးများသည် အနောက်နိုင်ငံများသို့ အရှေ့နိုင်ငံများမှ ရောက်ရှိလာသည်။ ရောမ ခေတ်တွင် ဆေးသံပရိတမျိုးသာ ရောက်ရှိသေးသည်။ နောက်မှ လိမ်မော်ချဉ်၊ သံပရိစသည်တို့သည် ၁၁ ရာစုခန့်တွင် အာရပ်တိုင်းပြည်မှ တဆင့် မြေထဲပင်လယ်ဒေသသို့ ရောက်ရှိလာသည်။ ၁၆ ရာစုခန့်မှ မြေထဲပင်လယ်ဒေသသို့ လိမ်မော်ချို ရောက်ရှိလာသည်ဟု ဆိုသည်။ ထိုမှ တဆင့် အမေရိကတိုက်၊ အာဖရိကတိုက်များသို့ ပျံ့နှံ့သွားဟန်ရှိသည်။

ယခုအခါ ရာသီဥတုနှင့် မြေဩဇာသင့်တော်သော နိုင်ငံအများမှာပင် ရှောက်ပင်မျိုးများကို အကြီးအကျယ် စိုက်ပျိုးကြသည်။ စပိန်၊ ဗရာဇီး၊ အစ္စရေး၊ တောင်အာဖရိက၊ အမေရိကတိုက် စသည်တို့တွင် အကြီးအကျယ် စိုက်ပျိုးပြီး အရည်များကို စည်သွတ်ခြင်း ပြုလုပ်ကြသည်။

ရှောက်ပင်မျိုးသည် အာဟာရဓာတ် ပြည့်စုံပြီး လူများအတွက် အကျိုးများစွာရှိ၏။ အနောက်နိုင်ငံတွင် ရှောက်ပင်မျိုးတို့၏အသီးကို ယိုထိုးပြီး ပေါင်မုန့်တွင် သုတ်၍ စားသည်။ မြန်မာနိုင်ငံတွင် ရှောက်သီး ဆေးပြား၊ ရှောက်ချိုဝိုင်း၊ ရှောက်ယို၊ သံပရာသီးသနပ်၊ ရှောက်သီးသနပ်၊ ရှောက်သီးသုပ်ဟူ၍ အမျိုးမျိုးပြုလုပ်ပြီး စားသောက်ကြသည်။ ဆေးဖော်စပ်ရာတွင်လည်း ရှောက်မျိုးများကို အသုံးပြုသေးသည်။



မာဂဝါမိုခေါ် လိမ်မော်သီးတမျိုးကို အဆီထုတ်ရန်နှင့် ရေမွှေးပြုလုပ်ရန်အတွက် သက်သက် စိုက်ပျိုးသည်။ လိမ်မော်ပန်းပွင့်များမှာလည်း ရေမွှေးထုတ်လုပ်သည်။

ဇာတ်လမ်း..... ကြီးမြင့်
သရုပ်ဖော်... ဝင်းမြင့်(၇၇)

မတရားသတ်ဖြတ်ခံရသော သမင်သား



တခါက တောင်တန်းကြီး တခုအနီးမှာ သမင်သားအမိ နေထိုင်ကြတယ်။ သူတို့ သားအမိဟာ တကောင်နဲ့ တကောင် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြသတဲ့ကွယ်။

ဒါပေမဲ့ သမင်မကြီးက အမြဲတမ်းအနားက မခွာ၊ ဝံပုလွေကြီးကလဲ အိုပြီး မသန်စွမ်းလေတော့ ဘယ်လိုမှ သမင်လေးကို ဖမ်းလို့မရနိုင်ဘူးပေါ့။

အဲဒီ တောင်တန်းမှာ ဝံပုလွေကြီး တကောင်လဲ ရှိတယ်။ တနေ့မှာ ဝံပုလွေကြီးဟာ သမင်ငယ်ကလေးကိုလဲ မြင်ရော စားချင်တာနဲ့ နောက်က လိုက်ပြီး အလစ်ချောင်းသတဲ့။

ဒါနဲ့တောင်တန်းကို အုပ်ချုပ်တဲ့ ကျားဘုရင်ကြီးဆီသွားပြီး အရိုးအရင်း စားရလဲ မနဲဘူးဆိုတဲ့ အကြိုနဲ့ သမင်ငယ်လေး ပျက်စီးရာပျက်စီးကြောင်းကို လှဲကြီးပြောသတဲ့။ အချိန်ကလဲ ကျားဘုရင်ကြီး နေမကောင်းနေတဲ့အချိန်ပေါ့....

ကျားဘုရင်ကြီးလဲ ရောဂါပျောက်ချင်ဇောနဲ့ သမင်ငယ်လေးကို အမြန်ဆုံး ဖမ်းဘို့ သူတပည့်ခွေးအတွေကို လွှတ် လိုက်သတဲ့။



ဒါပေမဲ့ သူတို့ဟာ သမင်ငယ်လေးကို ဖမ်းမမိလိုက်ဘူး။ ဘာကြောင့်လဲ ဆိုတော့ သူ အမေကအော်ပြီး သတိ ပေးလိုက်လို့ ထွက်ပြေး သွားတာကိုး။



သူအမေ ခမျာမှာတော့ ပြေးတို့အချိန် မရတော့ လို့ခွေးအတွေရဲ့ ဝိုင်းဝန်းခြင်းကိုခံလိုက်ရတယ်။



သမင်ငယ်ကလေးဟာ လွတ်မြောက် သွားပြီး လမ်းမှာ သမားတော် ဒေါက်တာဖြူနဲ့ သွားတွေ့ဟယ်။

အဲဒီအချိန် ကျားဘုရင်ကြီးရှေ့မှာတော့ သမင်ငယ်လေးရဲ့ အမေခမျာမှာ—

တခုခုမှားပြီလို့ ထင်လိုက်တဲ့ ကြက်တူရွေးဟာ အမှန်အတိုင်း ဖြစ်စေချင်တာနဲ့ ဒေါက်တာဖြူဆီကို ပုံသန်းလာခဲ့တယ်။

ဒေါက်တာဆီလဲရောက်ရော သူမှာ အတော်မောသွားလို့ စကားမနဲပြောယူရတယ်။

ဒေါက်တာ သမင်လေးရဲ့အားမေလော . တောင်စွယ်မှာ နေကွယ်ယင်အသက်ရဲတောမယ် -- မြန်မြန် - သွား -- သွားကယ်လိုက်ကြပါ -

သမင်လေးဟာ ဆေးစာလဲရရော တခါထဲ တန်းပြေးလိုက်တာ မောလို့မောမှန်း တောင် မသိဘူး။



နေကလဲ တဖြေးဖြေးဝင်နေပြီလေ။

အဲဒီအချိန်မှာ နေကလဲ တဖြေးဖြေး ဝင်လာတော့ သမင်မကြီးကို တောင်စွန်းကနေ တွန်းချဲ့ ခွေးအုပ်စုဟာလဲ တဖြေးဖြေးတိုးလာတာပေါ့။

နေ့မဝင်မီကလေး တင် သမင်လေးရောက်လာပြီး ဒေါက်တာဖြူရဲ့ ဆေးစာကို ကျားဘုရင်ကြီးဆီ ဆက်သလိုက်နိုင်တယ်၊ ဒါကြောင့် သမင်မကြီး အသက် ချမ်းသာသွားတာပေါ့။ ဒေါက်တာဖြူရဲ့ စာကတော့ -



ကျားဘုရင်ကြီးရဲ့ ကျယ်လောင်စွာ ဆေးစာဖတ်တဲ့ အသံလဲကြားရော ဝံပုလွေဟာ ဘာမျှမစဉ်းစားနိုင်ဘဲ ထပြေးလိုက်တာ

တောင်စွန်းကနေ လိမ့်ကြသွားတော့တာပေါ့။ ဒါဟာ မတရားသဖြင့် သူများအပေါ် အနိုင်ယူလိုတဲ့ သူကို မတရားမှုကပြန်ပြီး အနိုင်ယူသွားခြင်းပါဘဲ။

ဂုတ်ထိပ် တန်တားသည် ရှမ်းပြည် နယ်မြောက်ပိုင်း သီပေါနယ်တွင် မန္တလေး – ကွမ်းလုံ မီးရထားလမ်းပေါ်၌ တည်ရှိသည်။ တန်တားမှာ အလျားပေ ၂၂၆၀ ရှည်ပြီး အမြင့်ဆုံးနေရာမှာ ပေ ၁၁၀၀ ရှိသည်။ မြစ်ချောင်းများ ငုတ်လျှိုး ကွယ်ပျောက်သွားရာနေရာကို အစွဲပြုလျက် "ငုတ်ထိပ်" ဟု ခေါ်ဝေါ်ခဲ့ရာမှ ကာလရှေ့လျောသောအခါ "ဂုတ်ထိပ်" ဟု ခေါ်ဝေါ်လာခဲ့ကြသည်။ ဂုတ်ထိပ်တန်တားကို အမေရိကန်နိုင်ငံ ပင်ဆီလဗေးနီးယားနှင့် မေရီလန် တန်တားဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ပေးခဲ့ရာ ကျပ် ၁၇ သိန်းနီးပါး ကုန်ကျသည်။ ဤတန်တားသည် မြန်မာနိုင်ငံ၌ အမြင့်ဆုံးတန်တားကြီးပင် ဖြစ်၏။

ဤဂုတ်ထိပ်တန်တားကြီးသည် အင်္ဂလိပ်များကတကြိမ်၊ ဂျပန်များကတကြိမ် နှစ်ကြိမ်တိုင်တိုင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း ခံခဲ့ရသည်။ ပျက်စီးမှုများအတွက် ငွေကျပ် ၃၂ သိန်း အကုန်ခံ၍ ပြင်ဆင်ခဲ့ရလေသည်။

မျိုးညွှန့်(ရန်ကုန်တက္ကသိုလ်)

ဒီတချက်ဆို-ကျိန်းသေပါတယ်

ဝမ်းသာခြင်းမှမျက်ရည်

မန်းတနော နွဲ့ဦး

ကျွန်တော်သည် အ-ထ-က (၁) ကျောင်းမှ ကျောင်သားတယောက် ဖြစ်ပါသည်။ ကျွန်တော်တို့ကျောင်းမှာ နံနက် ၉ နာရီတွင်တက်၍ ညနေ ၃ နာရီတွင် ဆင်းပါသည်။ ထို့ကြောင့် ကျွန်တော် ကျောင်း သို့ သွားလျှင် အိမ်မှ ထမင်းဗူးယူသွားရပါသည်။

ယနေ့လည်း ယခင်နေ့များအတိုင်း ထမင်းဗူး ကို ယူ၍ ကျောင်း သို့ ထွက် လာ ခဲ့ ပါသည်။သို့သော် ခါတိုင်းနေ့များထက် ကျွန်တော် ပို၍ပျော်နေပါသည်။ အကြောင်းမူ မေမေက ကျွန်တော့်အတွက် ကြက်သားဟင်း ထည့်ပေးလိုက်သောကြောင့် ဖြစ်ပါသည်။ ကျောင်းသို့ရောက်သောအခါ ကျွန်တော် နှင့် တ တန်း တည်း သား များ ဖြစ် ကြ သော မြင့် သူ၊ သိန်း အောင်၊ သန်းအေးတို့နှင့် တွေ့ပါသည်။

"ဟေ့ကောင်–စိုးဝင်း၊ ဘာ ဟင်းပါသလဲကွ"

သူ တို့ က ဝိုင်း ၍ မေး ကြ သဖြင့် ကျွန်တော်က ရင်ကော့ ပြီး –

"ကြက်သားဟင်းကွ" ဟု ပြန်ပြောလိုက်ပါသည်။

"ထမင်းစားလှတ်ယင် တို့နဲ့ အတူ စားရအောင်ကွာ"

သူတို့က ခါ တိုင်း ကဲ့ သို့ ပင် ကျွန်တော့်ကို ခေါ် ကြပါသည်။ ကျွန်တော်က ဘာမျှပြန်မပြော ပဲ ကျောင်းခန်းတွင်းသို့ ဝင်လာခဲ့ပါသည်။ ကျွန်တော်၏ နှုတ်မှ ဘာမျှ ပြန်မပြောသော်လည်း စိတ်ထဲကမူ "ဒီနေ့ ငါ့မှာ ဟင်းကောင်းလို့ သူတို့က ခေါ် တာ၊ သူတို့နဲ့သွားမစားဘူး၊ ငါ့ဟာငါ တယောက် ထဲ ဝ အောင် စားမယ်" ဟု တွေးနေမိပါသည်။

ထမင်းစားကျောင်းဆင်း၍ သူငယ်ချင်းများလာခေါ် သော အခါ ကျွန်တော်က အကြောင်းအမျိုးမျိုးပြ၍ ရှောင် နေ ပါသည်။ သူတို့ ကွယ်ရာတွင် တယောက် တည်း ကျိတ် ၍ စားလိုက်ပါသည်။ထိုနေ့အဖို့ အချိန်ကုန်လွန်ခဲ့ပါသည်။ မည်သို့မျှ ထူးထူးထွေထွေ မဖြစ်ပါ။

နောက် တ နေ့ ကျောင်းတက် ချိန် သို့ ရောက် လာ ပါသည်။ကျွန်တော်သည်ကျောင်းတက်ချင်စိတ် မရှိပါ။ ယနေ့ ကျွန်တော်ကျောင်းသို့ ယူသွားမည့် ထမင်းဗူးတွင် မနေ့ကကဲ့သို့ ကြက်သားဟင်း မ ထည့် နိုင် ပဲ ပဲပြုတ်ကြော်သာထည့်နိုင်သောကြောင့် ဖြစ်ပါသည်။ မနေ့က ကြက်သားဟင်းပါ၍ ရင်ကော့ကာ ဖြေခဲ့သော ကျွန်တော်သည် ယနေ့တွင် ကျွန်တော့် သူငယ်ချင်းများ လာ၍ မေးမည်ကို ရွံ့နေပါသည်။

ထို့ ကြောင့် ကျောင်း သို့ စိတ်မပါ့တပါနှင့်လာခဲ့ပါသည်။ ကျောင်းဝသို့ ရောက်လျှင် မြင့်သူ၊ သိန်းအောင်နှင့် သန်းအေးတို့ ကစားနေကြသည်ကို တွေ့ရပါသည်။ သို့သော်လည်း ကျွန်တော်က မမြင်ဟန်ပြု၍ အတန်းထဲသို့ ဝင်ခဲ့ပါသည်။

နေ့လယ် ထမင်းစားကျောင်း ဆင်း သော အခါ မြင့်သူ၊ အောင်သိန်းနှင့် သန်းအေးတို့သည် ထုံးစံအတိုင်း ကျွန်တော့်ကို ထမင်းစားလာခေါ်ပါသည်။ ကျွန်တော်က သူတို့နှင့် အတူစားရန် ရှက်နေ၍ ငြင်းမည်ဟု ကြံသော်လည်း မြင့်သူက –

"စိုးဝင်း–ဒီတခါတော့ တို့နဲ့ အတူတူ မင်းမစားဘဲ မနေရဘူး" ဟု ပြောပြီး အတင်းဆွဲခေါ်သဖြင့် မလိုက်လိုပဲ လိုက်၍ စားရပါသည်။

"ရော့ – စိုးဝင်း၊ ငါးဟင်းစား"

"ရော့ – စား ကွ၊ ပုဇွန်ကြော်"

"ဒီမှာ အမဲသား ကွ၊ ကောင်းတယ် – အင့်"

သူတို့က ကျွန်တော့် အား ရက်ရောစွာပင် ဟင်းများထည့်ပေး ကြ ပါ သည်။ ကျွန် တော် သည် ရုတ်တရက် မစားဖြစ်ပဲ ငိုင်၍နေပါသည်။

"ဟေ့ ကောင် – စား လေကွာ၊ နေမကောင်းဘူးလား"

"အေး–ဟုတ်သားဘဲ၊ စားပါကွ"

ကျွန်တော့်အပေါ် ထားရှိသော သူတို့၏ စေတနာကို သိရတော့မှ ယမန်နေ့က ကျွန်တော့် အပြု အမူ များ ကို ပြန်တွေးပြီး အလွန်ရှက်မိပါသည်။

ထို့ကြောင့်လည်း သူတို့ကို ကျွန်တော်က တောင်းပန်လိုက်ပါသည်။ စိတ်မဆိုးသည့်အပြင် အားလုံးကပင် ခွင့် လွှတ် ကြ ပါသည်။

"အို–ဒါတွေကို တို့စဉ်းစားတောင် မစဉ်းစားမိပါဘူးကွာ" ဟုလည်း ပြောပါသည်။ သည်တော့မှ ကျွန်တော့်မှာ နေသာထိုင်သာ ရှိသွားပြီး ကျွန်တော့် ပါပြုတ်ကြော်ကိုပါ သူတို့နှင့် ဝေစားပါသည်။

"နောက်ဆိုယင် မင်းတို့နဲ့ အတူတူဘဲ စား ပါ တော့ မယ် ကွာ" ဟုလည်း ကတိပေးလိုက်ပါသည်။

"ဟေ့–ဒီမှာ စိုးဝင်း၊ မင်း တယောက်ထဲစားတုန်းက ဟင်း တခွက်ထဲ၊ အခု တို့နဲ့ပေါင်းလိုက်တော့ ဟင်းလေးခွက် ဖြစ်သွားပြီ။ တကယ်လို့ နောက် လေးယောက်နဲ့ ထပ်ပေါင်းယင် ဟင်း ရှစ်ခွက် ဖြစ်သွားမှာဘဲ။ လူဆယ်ယောက်ဆိုယင် ဟင်းဆယ်ခွက်၊ တရာဆိုယင် ဟင်းခွက်တရာ။ ကဲ–ဘယ်လောက် ပျော်စရာကောင်းမလဲ။အဲဒါ စုပေါင်းခြင်းရဲ့ အကျိုးပေါ့ကွ"

သိန်းအောင် ပြောသည်မှာ အလွန်ပင် မှန်ပါသည်။ သူ့စကား ကြောင့် ကျွန် တော် ၏ အမှားကိုလည်း မြင်မိပါသည်။ သူတို့၏စေတနာကိုလည်း လေးစားမိပါသည်။ ထို့ကြောင့် ကျွန်တော် သည် ဝမ်း သာ လွန်း ၍ မျက်ရည်များပင် လည် လာ မိပါသည်။

× × × ×

တောင်သူလယ်သမားနေ့

သူပုန်–သူပုန် ထ–ထ၊
ဂဠုန်–ဂဠုန် ကြွ–ကြွ၊
တောလှန်ရေးကြီး စ။

ဆရာစံတဲ့ သူခေါင်းဆောင်၊
သတ္တိထုန်းတောက်ပြောင်။

သူဂုဏ်ရောင် ဘယ်မမှေး၊
မြန်မာ့ဇာနည်သွေး။

လွတ်လပ်ရေးတွက် တိုက်ပွဲဝင်၊
နယ်ခွဲလက်အောက်တွင်။

တံစဉ်ကိုင်သော
လက်ချောင်းများ၊
သွေးသောက်ခဲ့ပေတကား။

စပါးရွှေဝါ တောင်ပမာ၊
ယနေ့သည်ချိန်ခါ။

ဆရာစံ ဘယ်မမေ့၊
လယ်သမားများရဲ့နေ့။

အောင်သိန်းလှိုင်

R. 517

ကျေးတမာ

ကြက်တူရွေးမျိုး ဖြစ်၍ ကိုယ်အလျား ၁၃ လက်မခွဲ ရှိသည်။ ငှက်မတွင် အပြာရောင် မွဲခြောက်ခြောက် ဦးခေါင်း၌ အနီကွက် ရှိသည်။ လည်ပတ် အမည်းတွင် အဝါပတ် ထပ်၍နေသည်။ ငှက်က လေး များ သည် တကိုယ်လုံး စိမ်းနေ၍ နှုတ်သီးမှာ အဝါဖျော့ဖြစ်၏။

ကျေးတမာ၏ အသံမှာ ပျော့ ပျောင်း ၍ အခြားကြက်တူရွေးမျိုးတို့ထက် သာယာနာပျော် ဘွယ် ကောင်းသည်။ ပုံသန်းရင်း တူအို.... တူအို ဟူ၍ ခပ်စူးစူး အော်တတ်သည်။ စိုက်ပျိုးခင်းများ နှင့် သစ်တောများ၏ အစွန်အဖျားသို့ မကြာခဏ ရောက်လာတတ်၏။ တမြုံလျှင် လေးငှက် ခြောက်ဉအထိ ရှိတတ်၍ တဉလျှင် ပျမ်း မျှ အလျား ၁၀၀ လက်မနှင့် ပြက် ၀.၇၀ လက်မ ရှိသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသ၊ ရှမ်းပြည် နယ်၊ မွန် ပြည် နယ်၊ တနင်္သာရီတိုင်း တို့တွင် အတော် အသင့် တွေ့ရသည်။ အိန္ဒိယ နိုင်ငံ၌ အနှံ့အပြား တွေ့ရပြီး အရှေ့ဖက်တွင် ထိုင်းနှင့် တရုပ် နိုင်ငံ တောင်ပိုင်း အထိ တွေ့ရလေသည်။

စိုးမြင့်



၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်သုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်ဝ

၁၃၃၅ - ခု၊ တပေါင်းလဆုတ် ၂ ရက် (၉-၃-၇၄)

• ပန်းချီ-ဦးဘကြည်
• ဇာတ်လမ်း-မြေရိုင်း



သူအတွက် နာမည်ရှာရန် ခရီးထွက်လာ၏။

တခါက ခွေးကလေးတကောင်သည် တခြား
ခွေးများကဲ့သို့ နာမည်တခုရှိလိုသဖြင့် -





လမ်းတွင် ဦးဝက်ကြီးနှင့်တွေ့ရာ -



တဖန် လမ်းတွင်
ဈေးဝယ် ပြန်လာ
သော ဒေါ်မြင်းမ
ကြီးနှင့် ဆုံမိသော
အခါ -




အမယ်-
မင်း က- ငယ်သာ
ငယ်တယ်-
ကြီးကြီး
ကျယ်ကျယ်
တွေ-လုပ်ချင်
တာကိုး။
မင့်အရောင်က
အဖဲနဲ့အခွံကို-ကူးရဲ
မှတော့ - ငကျား - ပေါ့
ဟဲ့ ------ လွယ်ပါ
တယ်ဟာ

တော်ပါ -
အံတီဖြင်း - ကလဲ
ဒီလိုမျိုး နာမယ်တော့
မကြိုက်သေးဘူး။

ခရီးဆက်ပြန်သော် နွေရောင်းနေသော ဦးဆိတ်
နှင့် တွေ့ပြန်လေရာ -
ခွေးကလေး
အယ်သွားမယ်
နာမယ်ရှာ
ထွက်လာတာ
မျှ

နှင့် အံမြီး နော်-တိုတယ်ရှိတယ်။
မြီးတို - ဆို - ကောင်းတာပေါ့၊
ထယ်
တေရို....
တုံးလိုက်တဲ့
နာမယ်

ခွေးကလေးသည် စိတ်ပျက်ပျက်နှင့် ခရီးဆက်
ရင်းစဉ်းစားသွား၏။
အင်း
ဒုက္ခပါအဲ့
အနှီ-ကျ-ဦး-ဝက်ကြီး-ကလဲ-
ခွေးဥစို ---- တဲ့
အံတီ-နော်ဖြင်း-မကြီး-ကလဲ-
ငကျား------ တဲ့
အာမူကြီး-ဦး-ဆိတ်-ကလဲ-
မြီးတို ---- တဲ့
တခုမှ-မစွဲဘူး-

တနေရာ၌ အဝတ် လျှော်နေသော ဒေါ်
ကြက်မနှင့် တွေ့ပြန်ရာ....
ဟဲ့ -ခွေးကလေး-
ဘာဖြစ်လို့
ငိုင်လာတာလဲ
ဘယ်လို
နာမယ်
လိုက်ရှာ
ခဲ့တာပါ
ဒေါ်လေး:
ကြက်
ရယ်-


- ညီလို ညီနှုတ် -
ဆိုယင်
ကမ္ဘာမဆံ
ဘူးလား
ကွဲ

ဘယ်က -
ညီလို ညီနှုတ်ရမှာလဲ
ကိုယ့် သားသမီး
မဟုတ်တိုင်း
တော်ရော ပြောတာကဲ့

အမယ်... မင်းက - ဒေါ်တွေ မေါ်တွေ မှတိုပါလိ:
- ဆော်လေးက - အကောင်း ပြောတာပါဟယ်။
ဒီမှာ.... ခွေးကလေးရဲ့
ခွေးဆိုတာ -
အရောင်နှုတ်ယင်
အောင်နှုတ်...တဲ့။
အရောင်ဖြူယင်
ဘော်ဖြူ...တဲ့။
ဂုတ်မှာ - အကွက်
ပါယင်ဂုတ်ကွက်တဲ့။
အဲ.တချို့.ကတော့
မဟာနာဖယ် မဟုတ်တဲ့
ပါပီတို့၊ ဘော်ဘီတို့.....


ထိုအခိုက် ကြက်ကလေးများ ကျောက်လန့်
အော်ဟစ်၍ ပြေးလာသဖြင့်....
အမေ
အမေ
အမေ

ဟဲ့ ဟဲ့
အလန့်တကြား
ဘာဖြစ်လာကြ
ပြန်တာလဲ

အမေရေ - ရုပ်ပါဒဏ်ခုံး .... ညီလေးကို
ကြွေးတွေ ပိုင်း ကိုက်ရဲလို့
ကြွေးတွေမှ
ကြွေးတွေ

ခွေးကလေးသည် တရှိန်ထိုး ထွက်သွားပြီး

ဟော- အမေယလေး ယုပ်ကြပါအုံးတော့ ကတော့ ကတော့ ကတော့ သေကွန် ပါကြီးထင်ပါရဲ့ ကတော့.-ကတော့. ကတော့.-ကတော့ အရှင်ကတိုရေ ကယ်ကြပါအုံး တော့ ကတော့. ကတော့.

ခွေးကလေးကို တွေ့လေသော် ကြွက်များသည် ကြက်ကလေးကို လွှတ်၍ ထွက်ပြေးကြ၏။

ထိုကဲ့သို့ ကြက်ကလေးများ အော်သောအသံ၊ဒေါကြွက်မကြီးလန့်အော်သံ၊ခွေးကလေးဟောင်သံ၊ ကြွက်များလန့်အော်ပြေးသံတို့ကြောင့် ဦးဝက်ကြီး၊ ဒေါမြင်းမကြီး၊ ဦးဆိတ်ကြီးနှင့်အခြားသူများလည်း ပြေးလာကြကုန်၏။

ကြွက်ကိုက်ခံရသော ကြက်ကလေးလွတ်လာပြီး ကြက်မကြီးနှင့်တွေ့လျှင် -

ထိုအခိုက်အခြားသူများရောက်လာပြီး



ထိုနောက် ခွေးကလေး ရဲကျော်သည် ပျော်ရွှင်စွာအိမ်သို့ ပြန်သွားလေတော့၏။

ဖြို့

ဖိုးကွေးသည် မျိုးဝင်းလှိုင်တို့အုပ်စုနှင့် နံနက်တိုင်း ကျောင်းသွားလေ့ရှိသည်။

ကျောင်းသွားတိုင်း ဖိုးကွေးသည် ဂုတ်ကျားကို အနိုင်ကျင့်၍ စလေ့ရှိ၏။ ဂုတ်ကျားမှာ မခံချင်သော်လည်း အုပ်စုနှင့် ဖြစ်၍ ငြိမ်နေရလေသည်။

ထိုအခိုက်

ဖိုးကွေးမှာ ပြေးရင်းလွှားရင်း အုပ်စုဖြင့် အားနည်းသူကို အနိုင်မကျင့်သင့်ကြောင်း၊ တကွေ့တွင် ပြန်၍ခံရတတ်ကြောင်းကို သဘောပေါက်သွားလေသည်။

ရေးသူ-ရေနံဖြေစု
မအူပင်မြို့
သဂျပ်ဖော်-ကဆုံ

မအူပင်မြို့သည် ရောဝတီတိုင်းတွင် ပါဝင်သော မအူပင်မြို့နယ်၏ ရုံးစိုက်မြို့ ဖြစ်သည်။ ရောဝတီမြစ်ဝကျွန်းပေါ်တွင် တိုးမြှင့်၏ လက်ျာဖက်ကမ်းပေါ်၌ တည်ရှိ၍ ရန်ကုန်မြို့မှ ၄၆ မိုင် သာ ဝေးသည်။ ၁၉၆၂ ခုနှစ် ခန့်မှန်းချေ သန်းခေါင်စာရင်းအရ လူဦးရေ ၂၄၂၄၁ ရှိခဲ့သည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးမှာ အများစု ဖြစ်သည်။

မအူပင်မြို့သည် မြစ်ဝကျွန်းပေါ်ရှိ မြို့ကြီးများနှင့် ရန်ကုန် မန္တလေးသွား သင်္ဘောများ ဆိုက်ကပ်သော ဆိပ်ကမ်းမြို့ဖြစ်သည်။ စည်ကားသည်။ ခြင်ပေါသည်ဟု နာမည်ရသော မြို့ဖြစ်သည်။ အခြား မြစ်ဝကျွန်းပေါ် မြို့များသို့ ရေလမ်းခရီးသာရှိသည်။ မအူပင်အနောက် ကိုးမိုင် ကွာရှိ ရေလဲကလေးရွာသို့သာ ကျောက်ခင်းလမ်းရှိသည်။

မြို့နယ်အတွင်းမှ ထွက်သော ငှက်ပျောသီး၊ အုန်းသီး၊ သင်္ဘောသီး စသော အသီးအနှံ ဟင်းသီးဟင်းရွက်များ၊ ပုစွန်၊ ငသလောက် စသော သား ငါးများ၊ ဆန် စပါးနှင့် ငပိ၊ ငခြောက်များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချသည်။

မအူပင်မြို့၌ ထင်ရှားသော ဘုရားမှာ ရွှေဘုန်းမြင့်စေတီဖြစ်သည်။

ရှေးအခါက တံငါရွာကလေးမှ ၁၈၇၆ ခုနှစ်တွင် သုံးခွခရိုင်၏ ရုံးစိုက်မြို့ဖြစ်လာသည်။ ၁၉၀၃ ခုနှစ်တွင် သုံးခွခရိုင်ကို မအူပင်ခရိုင်အဖြစ် ပြောင်းလိုက်သောအခါ မအူပင် ခရိုင်၏



ရုံးစိုက်မြို ဖြစ်လာသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ လက်ထက် ၁၉၇၂ ခုနှစ်တွင် ခရိုင်အဆင့် ဖျက်သိမ်းသော အခါ မအူပင်မြို့နယ်၏ ရုံးစိုက်မြို ဖြစ်လာပြန်သည်။

မြို့တွင်း ရှေး ဂျင်မခါနာကလဝ်အနီးရှိ မအူပင်ကို အစွဲပြု၍ မအူပင်မြို့ဟု ခေါ်တွင်သည်။

ရာသီဥတုမှာ သင့်တင့်မျှတသည်။ မိုးရေချိန် တနှစ်လျှင် ပျမ်းမျှ လက်မ ၉၀-၁၀၀ ခန့် ရရှိ၍ စိုက်ပျိုးရေး အတွက် ကောင်းမွန်သော ရေမြေ ရာသီဥတုမျိုးရှိသည်။



ခရိုင်ဝန် ရုံးစိုက်မြို ဖြစ်ခဲ့၍ ရုံးအဆောက်အအုံများ၊ ဆေးရုံ၊ အထက်တန်းကျောင်း၊ အကျဉ်းထောင် စသည်များ ရှိသည်။ မြို့ရွာ စည်ပင် သာယာရေးအတွက် ၁၀၀၀ ခုနှစ်က စတင်၍ မြို့နိုစီပယ်အဖွဲ့က ဆောင်ရွက်ခဲ့သည်။



ပြည်သူ လူထု၏ အချစ်တော် ကွယ်လွန်သူ မင်းသား နှင့် အဆိုတော် ခင်မောင်ရင်ကား မအူပင်မြို့သား ဖြစ်သည်။



ဒေါက်ဒေါ်
ခွေးကစား
ခြင်းဆီလောင်းခြင်း

ကျောင်းကျောင်းတို့ကျောင်းတွင်မနှစ်လပက်ရက်အားသင်း
တည်ထောင်ထားသည်။ကျောင်းကျောင်းခွင့်ဝါသနာတူတဝ
အားသင်းဝင်ထားကြ၏။

ခွင့်ပျက်ကြီးကခွင့်ပြုရိုက်ပြင်ကျောင်းကျောခွင့်ရောက်
တိုအာကြိတ်ရာနှယ်ထိုးကြတော့၏။

ဟဲ့ခွေး
အခုကျင်းပတဲ့ကျောင်းသားပွဲတော်မှာ
ကျောင်းသားရဝဲအားသင်းကလက်ရွေးဝင်မှားဖြစ်
ကြတဲ့ကျောကျောခွင့်ရောက်ထုံးတို့
ဒီလိုမျိုးကိုကျွန်တော်
ပါတော့မယ်-

ဟာခွီတွင်
ရောက်ထုံးကိုပင်လက်သီးတချက်မိ
သွားသဖြင့်
အား:

ခွင့်ပျက်ဖြင့်လေးချီဖြောက်တွင်ကျောကျော
အနိုင်ဂုဏ်သွား:တော့သလို။

ငါကိုယ်ချုပ်အမယ်မှာအကျက်ရခေါင်းပုတ်တဲ့
ကျောကျော်- မင်းတော့မလွယ်ဘူးမှတ်ထပ်ဟဲ့၊-
ငါအဖြောက်းကောင်းကောင်းသိစေ့မယ်-
ဟွန်း

မင်းကိုငါအလဲထိုးဖြီး အနိုင်ယူမိတာမိတာမကောင်း
ပါဘူး သူငယ်ချင်း ဂျော်- ဘယ်နှာ
သွား သေးလဲ
ကိုခွန်မကိုပါဘူး
ဂျပါတယ်

ထိုည ကျောကျောက်ကျူးကြောင့်
မျှပြန်အလာတွင်
ဂျူး- တောမီတို့
မျောက်ကိုက်တို့
တောကတောက်တို့- ဟိုမှာ
လာနေဖြီ-

ဇောထူးသည်သူငယ်ချင်းလမ်းသ ဂျမှားခြင်း
ထိုင်ပင်ဖြီး
ဒီကောင်ကိုမင်းတို့ကောင်းကောင်း
ပညာပေးလိုက်ကြအမ်းကွာ
ဒီတခါ- ဇောထူး

အမှား ခြင်တယောက်အင်အား ချင်းမမျှလျှင်
ကျောကျော်အထိနာစွာ ခံလိုက်ရသည်။


ဝုန်း

ဟုတ်ပါတယ်ဆရာ - ကျနော်ကျောက်စိတ်မပျက်ဖို့ -
မခံချင်စိတ်နဲ့ - ဂလဲတား ရေချိုင်း မိတာပါ -
ကျနော့်အမှား ကိုကျနော်သိပါပြီဗျို့
ဆရာလေး တဲ့အပြစ်ကို
ခံယူပါ့မယ် .

နောက်နေ့တွင်

ကျောကျောအကိုကြီးခံရတာနဲ့
ပတ်သက်လို့ - ဆရာတို့ခံစိမ်း
မိသားစုကိစ္စတွေကိုင်းဘူးဆိုတာသိ
ရတယ် - ဟုတ်ပါး ကိစ္စတွေ - မဟုတ်ဘူး .
နော် - ယောကျ်ားဆိုတာ
အမှုန်ကိုပြောရဲရတယ်

အား - မင်းကိုသင်တန်းသားတွေလုံးဝမကျေနပ်
ကြဘူး - ဆရာလဲစိတ်ဆိုးတယ် - လက်ဝှေ့အသင်းက
ထုတ်ပစ်ဖို့စိတ်ကူးတယ် - ဒါပေမဲ့
မင်းမှာတခြား အကြံအဆင်း
ကောင်းလေးတွေရှိတာကို
ဖွင့်ပစ်ရမှာဖြစ်တော်
တယ် .

အား - ကြား - ဆိုတာကြီးကတော့ အရှိုင်းအဂျုံးမှာ
မရှိဘူး - ယဉ်ကျေးခြင်းသာအဓိက - အရှိုင်းရဖို့
အဂျုံးထဲကသင်ကြားပေးရတယ် - စိတ်ကို
လမ်းမလွဲစေရဘူး .

အင့်

ကျောကျော - မင်း အလှဒါဏ္ဍာရီမှန်မိတဲ့
အပြစ်ကိုတောင်းပန်ပါတယ်ကွာ မင်းကျေနပ်
စေအောင်ငါကပြင်လေ :
ဂုဏ်ရ

ကိုဒဲငါကျေနပ်ပါပြီ
မင်း အမြင်မှန်ရတာ
အားကစား စိတ်ဆိုတာ
ဆရာပြောခဲ့သလိုပေါ့ကွာ -

မင်း အနေနဲ့ကျွန်တော်ကို အားကစားသမား ကောင်းတယောက်
ပြစ်သွားချင်ယင်ခုလိုရိုင်း ရိုင်း ယုတ်မာတဲ့စိတ်မျိုး မမွေး
တော့ပါဘူးလို့ - ဝန်ခံကတိပေးစမ်းကွာ

ဟုတ်ကဲ့ဆရာ
ကျနော်ကတိပေးပါ
တယ်

ကျိုက်ဖို့ ရေလှောင်ကန်

ရန်ကုန်မြို့ အနောက်မြောက်ဖက် ၄၅ မိုင် အကွာတွင် ကျိုက်ဖြူရေလှောင်ကန်ကြီး ရှိသည်။ ထိုရေလှောင်ကန်ကြီးကို ၁၉၃၇ ခုနှစ်တွင် စတင် တည်ဆောက်ရာ သုံးနှစ်အကြာ ၁၉၄၀ ပြည့် နှစ်တွင် ပြီးစီးသည်။ ကန်အကျယ် ၁၂.၉ စတု ရန်းမိုင်၊ ရေအနက် ၁၀၅ ပေရှိပြီး ရေဂါလံ သန်းပေါင်း ဂ၁,၀၀၀ သိုမှောင်နိုင်လေသည်။

မြင်းကောင်ရေ ၂၅၀ အားရှိသော ရေ တွန်းစက်လေးလုံးဖြင့် နေ့စဉ် ရေဂါလံ သန်း ၇၀ လွှတ်ပေးသည်။ ရေမျှားကို ရေစစ်ကန် တွင်စစ်ပြီး ကလိုရင်းပိုးသတ်ဆေးခတ်ပြီးမှ ရန် ကုန်လူထုသုံးစွဲနိုင်ရန် လွှတ်ပေးသည်။ ကျိုးဖြူ ရေလှောင်ကန်တွင် အလျားပေ ၂၃၀၊ အနံ ၃၃ ပေ ကျယ် ရေစစ်ကန် လေးကန်ရှိသည်။ ကလို ရင်းပိုးသတ်ဆေးကို နေ့စဉ် ခုနစ်ပေါင်မှ ၁၀ ပေါင်အတွင်း ခတ်ပေးသည်။ ကျိုးဖြူမှ ရန်ကုန် သို့ ရေသွားချိန် ခြောက်နာရီ ကြာလေသည်။

ကျိုးဖြူ ရေလှောင်ကန်ကဲ့သို့ပင် ရန်ကုန်ကို ရေပေးနေသော လှော်ကား ရေလှောင်ကန် တကန်လည်း ရန်ကုန်မှ ၁၄ မိုင်အကွာ ထောက် ကြန့်အနီး၌ ရှိလေသည်။

မျိုးညွှန့် (ရန်ကုန်တက္ကသိုလ်)

ကျနော့်ညီလေးကို ခေါ်သွား





ဖိုးချစ်သည် ပထွေးနှင့်အတူ နေရသူဖြစ်သည်။ သူ၏ ပထွေးမှာ အရက်သမား ကိုကောက်ရ ဖြစ်၏။ ကိုကောက်ရသည် ငှက်(သမ္မန်) ခတ်သမား ဖြစ်သည်။ သို့သော် ရသမျှသော သူ၏ ဝင်ငွေသည် အရက်ဘိုးနှင့် ပင် မလောက် နိုင် အောင် ရှိသည်။ ဖိုးချစ်ကို သူ၏ အမေ မလုံးတင် က စျေး ရောင်း၍ ကျွေးမွေးရှာပေသည်။

ဖိုးချစ်သည် သူ၏ ပထွေးကို အလွန်ကြောက်၏။ ကိုကောက်ရ မူးလာလျှင် ဆူတတ်၊ ရမ်းတတ်သည်။ ထိုအခါ ဖိုးချစ် မနေတတ်တော့ပေ။ အိပ်ရာထဲတွင် အသာကလေး အိပ်နေရာ၏။ အလွန်အေးသော ဖိုးချစ် ပေတည်း။

တညတွင် ကိုကောက်ရ သည် အရက်မူးလာပြီး အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် အိပ်နေလေသည်။ ထိုအချိန်တွင် ရွာအလယ်ပိုင်းမှ ဦးထူးသည် ကပျာကယာနှင့် အိမ်ဝိုင်းထဲသို့ဝင်လာပြီး အိပ်နေသော ကိုကောက်ရကို နှိုးတော့၏။

"ကောက်ရ-ဟေ့ ကောက်ရ၊ ငါ့သားလေး အဖျားတက်နေလို့ စစ်ကိုင်းဆေးရုံကို လိုက်ပို့စမ်းပါကွ"

ဦးထူးသည် ကိုကောက်ရကို ဆွဲထူ၍ နှိုး၏။ ကိုကောက်ရက အိပ်နေရာမှ လုံးဝ မထ။ ဆွဲထူတိုင်း ပြန်၍ လဲအိပ်သည်သာ။

"ထစမ်းပါ ကောက်ရရာ မင်း တောင်းသလောက် ငါ ငွေပေးပါ့မယ်၊ ငါ့သားလေး အခြေမလှလို့ပါ"

ဦးထူးသည် ငိုသံပါကြီးနှင့် ပြောနေ၏။ ဦးထူး၏ အသံများကို ဖိုးချစ်အိပ်ရာထဲမှ ကောင်းစွာ ကြားနေရသည်။ ဖိုးချစ် အတော် စိတ်မကောင်း ဖြစ်မိသည်။ သူ၏ ပထွေးကိုလည်း အတော်ပင် မကျေမနပ် ဖြစ်မိသည်။

"သွားစမ်းဗျာ၊ ခင်ဗျား ကလေး သေသေ ကျုပ်နဲ့ ဘာဆိုင်လို့လဲ၊ မလိုက်နိုင်ဘူး" ဟု ကိုကောက်ရက ဦးထူးကို အော်ငေါက် လိုက်ပါသည်။ ဦးထူးသည် စိတ်ညစ်စွာ အိမ်သို့ ပြန်သွား၏။

ဖိုးချစ်သည် ဖျားနေသော ဦးထူး၏သား ချမ်းမြကို မျက်စိထဲ၌ မြင်ယောင်နေသည်။ ဖိုးချစ်နှင့် ချမ်းမြသည် အချစ်ဆုံး သူငယ်ချင်းများဖြစ်ကြ၏။ ဒုက္ခရောက်နေသော တဖက်သား အပေါ် ကူညီချင်စိတ် ပေါ်လာသည်။ ဖိုးချစ်သည် အိပ်ရာထဲမှ လူးလဲထပြီး ဦးထူး အိမ် သို့ အပြေးသွားတော့၏။

"ဦးလေးထူး၊ စစ်ကိုင်းဘက်ကို ကျွန်တော်လိုက်ပို့မယ်၊ ငှက်ဆိပ်ကို လာခဲ့ပေတော့"

ဦးထူးသည် ဖိုးချစ်ကို အလွန် ကျေးဇူး တင်သွားသည်၊ အားလည်းရှိသွားသည်။

"မင်း ပထွေးသိယင် မင်းတော့ အရိုက် ခံရတော့မှာဘဲ၊ မင်းမကြောက်ဖူးလား"

ငှက်ပေါ်တွင် ဦးထူးက ဖိုးချစ်ကို မေးသည်။

"ဒုက္ခ ရောက်နေတဲ့ သူကို ကူညီတာဟာ မွန်မြတ်တဲ့လုပ်ငန်းပါ။ မှန်ကန်တဲ့ အလုပ်ကို လုပ်တာဘဲ၊ ကျွန်တော် အရိုက် ခံရမှာလဲ မကြောက်ပါဘူး"

ဖိုးချစ်က တည်ကြည်ပြတ်သားစွာ ပြန်ပြောလိုက်သည်။ အာဂ သတ္တိခဲလေး ဖိုးချစ်ပါတကား။

ဖိုးချစ်သည် အရွယ်နှင့်မမျအောင် ငှက်ခတ် ကျွမ်းကျင်သည်။ ဦးထူးတို့ကို စစ်ကိုင်းဘက်ကမ်း ပို့အပြီးတွင် ညတွင်းချင်း ရွာသို့ ပြန်ခဲ့သည်။ ရွာသို့ ရောက်သောအခါ မိုးစင်စင်လင်းနေပေပြီ။ အိမ်ပေါက်ဝသို့ ရောက်သောအခါ သုန်မှန်နေသော ပထွေး၏ မျက်နှာကိုစူ၍ မြင်ရ၏။

"မင်းညက ဘယ်သွားတာလဲ"

ကိုကောက်ရကစ၍ မေး၏။

"ဦးလေးထူးတို့ကို စစ်ကိုင်းဘက် လိုက်ပို့တာပါ"

ဖိုးချစ်က အမှန်အတိုင်း ဝန်ခံသည်။

"ငှက်ခ ဘယ်လောက်ရလဲ"

"တပြားမှ မရပါဘူး၊ ကျွန်တော် စေတနာအရ ကူညီတာပါ၊ ဒုက္ခ ရောက်နေတဲ့ သူကို မကြည့်ရက်လို့ ကူညီလိုက်တာပါ"

ဖိုးချစ်က ရိုးသားစွာ ပြောကြား လိုက်သော အခါ ကိုကောက်ရ၏ စိတ်တွင် "က လေးကတောင် သူတပါးကို ကူညီချင်တဲ့စိတ် မွေးသေးတာဘဲ။ ညက ဦးထူးကို မာန်လွတ်လိုက်တာ ငါမှားတယ်" ဟု သူအမှားကို သူတွေးမိသွားသည်။

အစက ဖိုးချစ်ကို ဒေါသူပုန် ထနေသော ကိုကောက်ရသည် အမြင်မှန်ရကာ စိတ်ကျေချမ်းသွားတော့သည်။

"အေး ဒုက္ခ ရောက်နေတဲ့ သူကို ကူညီတာဟာ ကောင်းတယ်၊ ငါလဲ သဘောပေါက်ပြီ နောက်လဲ ကူညီပေါ့၊ ရော့ ရော့ ငါစားမဲ့ ထမင်းကြော် မင်းစားလိုက်တော့"

ကိုကောက်ရသည် ပြုံးရွှင်သောမျက်နှာဖြင့် ထမင်းကြော်ပန်းကန်ကို ဖိုးချစ်အား ပေးလိုက်သည်။

ဖိုးချစ်အဖို့ ပထွေး၏ ပြုံးရွှင်သော မျက်နှာ၊ ကြင်နာသောအပြုအမူတို့ကို ပထမဆုံး မြင်တွေ့ ရခြင်းပင် ဖြစ်သည်။ ဖိုးချစ် သည် ဝမ်းသာကြည်နူးသွားသည်။ အားလည်းတက်မိသည်။

တပေါင်း

တပေါင်းသာဝဲ ရွှက်ကြွေခ၊
မြူတိမ်ကင်းလို့ ဝင်းဝင်းပ။

မြို့ငြိုတန်းက ဥဩပျှို၊
ခွန်းဆင့်သံချို့ချို့။

ရွှေစွန်ညို လေမှာဝဲ၊
နေခြည်ရိုးတရဲ့။

မိုးပြာထဲက ကြယ်ပေါင်းရံ၊
လဝန်းရွှန်းတင့်စံ။

ညီလာခံ အလှုံကြွ၊
တပေါင်းလပြည့်ည။

ဟိုရှေးရှေးက သည်ချိန်ခါ၊
ဘုရားမြတ်ဗုဒ္ဓါ။

ဓဿစာ ချီကာကြွ၊
ကပ္ပိရွှေပြည်မှ။

သောင်းသောင်းဖျဖျဆီးလို့ကြို၊
ပြည်ကြီးရာဇဂြိုဟ်။

ကြည်ညိုချမ်းမြ ပူဇော်ကြ၊
တပေါင်းသာဆုံးလ။ ။

စန္ဒာမြင့်

ကျေးကုလား

ကျေး ကု လား သည် ကြက်တူရွေးမျိုးဖြစ်၍ ကိုယ် အလျားမှာ ၁၆ လက်မမှ ၁၈ လက်မအထိရှိသည်။ ငှက်မ၏ အတောင်၌ အနီ မှတ် ကို မတွေ့ရပေ။ ငှက်ကလေးများသည် တကိုယ်လုံး စိမ်းနေ၍ အခါလည်သားတွင် ဦးခေါင်းမည်းလာသည်။

ယင်း၏ အသံသည် ကျယ်လောင် စူးရှသော်လည်း သာယာ၍ ဂီတ သံပါသည်။ ပုံသန်းနေရင်းသော်ငင်း၊ သစ်ပင်ထက်၌ နားနေရင်းသော်ငင်း တေးကို အမြဲ သီဆိုနေတတ်လေသည်။

ကျွန်းတော၊ အင်တိုင်းတော၊ ကုန်းမြင့် သစ်တော၊ ချုံ တော များ တွင် ငင်း၊ ရန်ကုန်မြို့ရှိ ပန်းဥယျာဉ်များ၌ငင်း မကြာခဏ တွေ့ရတတ်သည်။ ပုံသန်းရာ၌ အလွန် လျင်မြန် ဖျတ်လတ်၍ သတိ ဝိရိယလည်း ရှိလေသည်။

ကျေး ကု လား တို့ သည် အခြား ငှက်၊ အ ထူး သ ဖြင့် ဝါးရောင်း ငှက်တို့၏ အသိုက် များတွင်သွားရောက်၍ အုတ်ပြီး ဥ များ မှာ လည်း ယင်း ငှက် ၏ ဥများနှင့် ခပ်ဆင်ဆင် တူလေသည်။ တဥ လျှင် ပျမ်း မျ အလျား ၁.၁၁ လက် မ နှင့် ပြက် ဝ.၇၇ လက်မ ရှိသည်။

ဤ ငှက် ကလေး များ ကို အ ရွေ့ တိုင်း နိုင် ငံ များ နှင့် မြန်မာနိုင်ငံတွင် အနှံ့အပြား တွေ့ရ၏။ လွင်ပြင်တောင်ခြေ နှင့် ပေ ၆၀၀၀ အမြင့်အထိ တွေ့ရှိနိုင်လေသည်။

စိုးမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၇ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး

ဂျာနယ်ဝ

၁၃၃၅ ခု၊ တပေါင်းလဆုတ် ၉ ရက်(၁၆-၃-၇၄)

ဟီး - ဒီ ဟီး ဟီး ဘာတွေများ ကျွန်တော်ကို ပြောနေကြတာလဲ။
ကျွန်တော်ကို ဘာတွေများ ပြောနေကြတာလဲ။ အကုန်လုံးက ကျွန်တော်ကို ရယ်နေကြတာ။

ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။ ကျွန်တော် ဘာများ မှားလို့လဲ။ ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။ ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။

ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။ ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။

ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။ ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။

ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။ ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။

ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။ ကျွန်တော်ကို ရယ်ကြတာ ကျွန်တော် ဘာများ မှားလို့လဲ။

ကြက်မကလေးသည် ပျော်ရွှင်စွာဖြင့် ထွက်လာသည်ကို တွေ့ရသောအခါ ကြက်မသည် သားငယ်များကို ခေါ်ဆောင်ကာ ကျွေးမွေးရန် ကြိုးစားသည်။

ကြက်မသည်။

ကြက်မကလေးသည် ကြက်မ၏ ခေါ်ဆောင်မှုကို လိုက်နာသည်။ သူတို့သည် ကြက်ခြေနီတောင်ကုန်းသို့ ရောက်ရှိသွားကြသည်။

ကြက်မ - ငါ့ဂျီး ပင်လယ်ထဲတွင် ကျွန်တော်တို့ ဘာတွေ့ခဲ့ကြသလဲ ဆိုတာ ခင်ဗျားတို့ ကြားချင်ကြသလား။

ကြက်ကလေးများ - ချင်ပါတယ် ဖေဖေ။

ကြက်မ - ငါ့ဂျီး ပင်လယ်ထဲတွင် ကျွန်တော်တို့ ဘာတွေ့ခဲ့ကြသလဲ ဆိုတာ ခင်ဗျားတို့ ကြားချင်ကြသလား။

ကြက်ကလေးများ - ချင်ပါတယ် ဖေဖေ။

ကြက်မ - ကျွန်တော်တို့ ပင်လယ်ထဲတွင် ကြီးမားသော ပုစွန်ကြီးကို တွေ့ခဲ့ကြတယ်။

ကြက်ကလေးများ - ဟင်... ဟုတ်လား

ဟင်
ဝယ်-ဘတ္တာ-ကြက်ကြော်ရောင်းတဲ့ကိုကို
ကျေးဇူးနဲ့ ဝယ်ကြော်ရောင်းနဲ့ ပစ်ခဲ့ရတာ
ဟုတ်ပါ့
ပစ်ခဲ့တာပါ၊ ကိုတွန်းကြော်ရောင်း
ဝတ္တရားကျေအောင် ခြံထဲဝင်ပြီး ပျက်
ဝယ်၊ ဝတ္တရားကိုယူကြော်ဆီး ထားကို့ မှာ၊
ကိုဂျွန်ဝတ္တရားဆိုတာ ဘာသိဘာမှမရှိ
ကြော်နဲ့ပါပဲကွာ၊ မင်းလွန်လို့ကယ်နဲ့
ပန်းပြီး တွေ့တာနဲ့ ကြော်ခဲ့ ပါကွာ၊
အသိဘာမှမရှိတဲ့ ကိုဂျွန်ဆိုးမင်းပြင်ရင်းက ထိန်းထား
ပါလားဟု၊ ကျေးဇူးခြံထဲ ထိုဝင်ပစ်ရတဲ့
ပစ်ခဲ့တာဘဲ၊
ဝယ်ကြော်တာနဲ့
ဟိ ဘာကြံခဲ့ကြော်ကြတော့မလဲ
ငါ့ဆီထဲသို့လိုက်လို့ ဖမ်းရဲ့
ကြတော့ဘူး၊

ဟို - ကိုတွန်း
သွေးလေး ကိုကြီးနဲ့
ကြိုးနဲ့ တုပ်ထား ဂ
တာလား။

အလို - ဟိုကောင်တွေ ဒုက္ခပေးတာ ငါသွေးလေး
ကိုဖြုတ်အသံ ပါလား။ ကောင်းပြီ ဒီလိုလုပ်မယ်
ကြည့်ဦး မြင်းကြီး

မင်း သွေးလေးကို ငါကောင်းကောင်း
ကြိုးနဲ့ တုပ်ထား ဂသလို ဆိုတာ
သိစေချင်ပေမဲ့ - ငါဖြုတ်
မယ်။

ကိုမြတ်ကြည့်ခိုး - ငါသဂျီငါး ဒေသဂတွေ့ရမှု ထိတဲ့ဂရဂျင်ကောန်
ထိုကဲ့သဂို့ငါး ဒေသ နှစ်ဂကောင်ကို မြင်း ဘွတ်နဲ့ထိုး သတ်လို့
မှိုက်ဟိုက်ကြီး ဂသဂစနဲ့ပြီ -
ဂတွေ့လို့ !

ဟဲ - ကိုတွန်း ငါ သွေးလေးဆီကို ဂဒေါ်နဲ့ဂမရောက်
သွား ကြိုး ကောလုပ်ရမှာလဲ ။ ဂငါ့ခေါ်း ဂသွေးကိုမရလို့ နဲ့
တွေ့တယ် ။

အသိဉာဏ်မရှိယင် ပိုင်ရှင်က
နှိုင်ဒေအောင်ထိန်း လို့မရင် ကောဟာ
အူး တယ်မှတ်လို့ ငါကြောက်ဂသွေး
ဂတွေ့ကို ဂသွေးနဲ့ ပစ်တဲ့ခဲတဲ့
ခဂသေးပဲလို့
ကွဲ !

ခဂသွေး ကောဟာ -
အသိဉာဏ်မရှိလို့
ဖြစ်ရတယ်။

ငါ့ကြောင်ကြီး-ငါ့ကြောင်ကြီး-ဘယ်မှာလဲဟင်
ငါ့ကြောင်ကြီးကို
ဘယ်သူခိုးသွားတာလဲ

ဟင်-ဒီမှာပဲ-ဒီမှာပဲ
ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ

ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ
ဟာ-ကလေး-ဒီအကြောင်းကို
မသိဘူးလား

ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ
ဟာ-မိုက်တွင်း-ဒီလို
ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ

ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ
ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ
ဟင်-ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ
ဟင်-ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ
ဟင်-ကြောင်ကြီးကို
ဘယ်သူ
ဖမ်းထားတာလဲ

ယုန်နှင့် လိပ်
ပြေးပွဲ
ဟား-ဟား- ငါအလွန်
ပြေယ-
ဟား-ဟိုမှာ
လိပ်ငယ်နှေး
ဟိသား-
ဘယ်လိုလဲ နှေးလှမှုလား
ပုံပြင်ထဲမှာသာမစဉ်းစို့
လိပ်က သာတာပါ-
အပြေးမှာဆိုဦးကိုဘယ်နှိုက်
မလဲ-လာလေ-အပြေး
ပြိုင်ကြမယ-
ဟဲဟဲ-
ဟင်း!
ဒီကုန်းဆင်း မှာ
ငါအလွယ်မှီးပြေမယ
ဟာဟာ...
ပုံပြင်ထဲတစ်
ခေတ်ကဟား
အပြေးမှာလဲလိပ်က
သာပါတယ်ဗျ
ဟဲဟဲ

ဖျာပုံမြို့သည် ဖျာပုံမြို့နယ်၏ ရုံးစိုက်မြို့ ဖြစ်သည်။ ဧရာဝတီမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသ မြစ်ခွဲတခုဖြစ်သော ဖျာပုံမြစ်၏ လက်ျာဖက်ကမ်းနဖူးပေါ်တွင် အရှေ့ဖက်သို့ မျက်နှာမူလျက် မြို့တည်ထားသည်။။ ပင်လယ်နှင့် ၁၂ မိုင်ခန့်သာ ကွာဝေး၍ မြေနိမ့်မြေပြန့်ပေါ်တွင်တည်ရှိလေသည်။

မြို့၏အကျယ်အဝန်းမှာ ၁.၄၅ စတုရန်းမိုင်ရှိ၍ မြို့အနေအထား စနစ်ကျပြီး သပ်ယပ်သည်။ ဖျာပုံခရိုင်တွင် ဒုတိယ အကျယ်ဝန်းဆုံးမြို့ ဖြစ်ခဲ့သည်။ ခုနှည်းတန်းမြစ်၊ ဖျာပုံမြစ်၊ ပင်လယ်၊ ဘိုကလေးဖက်မှ မြစ်ချောင်းများစသည်ဖြင့် လေးဖက်စလုံး၌ ရေဝိုင်းနေသည်။ ပင်လယ်နားနီး၍ ရာသီဥတု ကောင်းသည်။ မြန်မာနိုင်ငံ အရပ်ရပ်နှင့်ရေကြောင်းခရီး အဆက်အသွယ်ရှိသည်။

ဖျာပုံသည် ရှေးမွန်များ၏ ဒေသဖြစ်၍ "ဖျာပုင်" ဟူသော မွန်စကားအရ ထမင်းစေ့းဟု အဓိပ္ပါယ်ရသည်။ ချောင်းကြီး ချောင်းငယ်များဆုံရာ၌ ဒီရေကို စောင့်ရင်း လှေသမား များ ထမင်းချက်ပြုတ်စားရာနေရာကိုအစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ရှေးမြန်မာဘုရင် တပင်ရွှေထီး လက်ထက်က အိမ်ခြေစုကလေးသာ ဖြစ်သော ဖျာပုံသည် ပုဂံမင်း လက်ထက်တွင် ပွဲနင်းကြီး ရုံးစိုက်မြို့အဆင့်သို့ တဖြည်းဖြည်း တိုးတက်လာသည်။ ဒြိတိသျှအစိုးရခေတ်တွင် မြို့အုပ်ရုံးစိုက်၊ နယ်ပိုင်ရုံးစိုက်မှ ခရိုင်ရုံးဝန်စိုက် (၁၉၀၃ ခုနှစ်) မြို့အဆင့်အထိ ရောက်ခဲ့သည်။ ၁၉၇၂ ခုနှစ် တွင်ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက အုပ်ချုပ်ရေး စနစ်သစ်အရ ခရိုင်အဆင့်ဖျက်သိမ်းလိုက်

သဖြင့် မြို့နယ်အဆင့်သို့ ပြန်ရောက်ခဲ့လေသည်။ ခရိုင်မြို့ဖြစ်ခဲ့၍ အစိုးရအဆောက်အအုံများ၊ စစ်တပ်၊ ရုံးကြီး၊ ဌေတိုက်၊ အကျဉ်းထောင်၊ ရဲစခန်း၊ အစိုးရအရာရှိများအတွက် နေအိမ်များ၊ မြို့နိုစီပယ်ရုံး၊ အထကကျောင်း သုံးကျောင်းနှင့်အလက၊ အမကကျောင်းများ ရှိသည်။

တောင်ပိုင်း၊ မြောက်ပိုင်း၊ မကျည်းတန်း၊ သာစည်၊ ကွက်သစ်ဟူ၍ ရပ်ကွက်များ ရှိသည်။ လွတ်လပ်ရေးခေတ်မှစ၍ လူဦးရေ တိုးပွားများပြားလာသဖြင့် နောက်ထပ် ကွက်သစ်များ ထပ်မံ တိုးချဲ့ထားသည်။ မူလ ရပ်ကွက်ဟောင်းများတွင် ဘုရားတန်ဆောင်း ကျောင်းကန် တို့ဖြင့် သိုက်မြိုက်စွာ ရှိသည်။ ဖျာပုံ၌ အထူးဆန်းဆုံးကား ခရေပင် ဇောက်ထိုးနှင့် အဓိကရုံ မင်းကျောင်းကြီးဖြစ်သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုး များသည်။

ဖျာပုံ(ယိုးဒယား) ရာမ (သီတင်းကျွတ်လ)၊ ရှင်မာလဲထောင်ပြည့် ပွဲတော် (တော်သလင်းလ)နှင့် မလိနတ်စာ ပူဇော်ပွဲ (ပြာသိုလ) တို့သည် ဖျာပုံမြို့၏ အစဉ်အလာမဟုတ် ထိန်းသိမ်းကျင်းပကြသော ထင်ရှားသည့် ယဉ်ကျေးမှုပွဲတော်များဖြစ်သည်။

စာရေးဆရာ၊ ကဗျာဆရာ ဇော်ဂျီ(ဦးသိန်းဟန်)သည် ဖျာပုံမြို့သား ဖြစ်သည်။



မတရားမတရုံးခွင်

ဇာတ်ပေးမှု နှမ်ခမ်းဇေး

သရုပ်ဖော်မှု အောင်ဂိုဏ်

တောကျီးကန်းမလေး "လွယ်နာ" သည် အလွန်လွယ်ပျင်သူလေးဖြစ်သည်။







ဘဲညက တနေလုံး ရေကန်ထဲမှာ ရေ
ချိုးနေတာကြီး... ဘဲလိုဘဲ တနေလုံး
ရေချိုးပေးမှ မကျေခင် ငါလဲ လှပ
အုံးဖွေးလာမှာဘဲ
နောက်နေ့မှ အစပြုကာ လှသန္တာသည် သီချင်း
တအေးဆေးနှင့် တနေလုံး ရေချိုးနေတော့သည်။
နေစဉ် တနေကုန်ရေချိုးရှိ လေးရက်မြောက်
သော် –
ဟယ် ငါ့ခြေင်းကိုက်လိုက်
တာ၊ မုန်းလိုက်တာ... ဘဲရော၊....
အိမ်နီးချင်းများက
ဒေါ်ကွေကျီး လှသန္တာ
တယောက် အိမ်ပြင်ထွက်
တာမတွေ့ပါလား
အေးဟဲ့...
သွားလည်ကြရအောင်
အိမ်နီးချင်းများ လှသန္တာအိမ်သို့သွားကြ
သည်။
ဟယ်.. လှသန္တာ
ကိုယ်တွေ့ သိပ်
ပျနေပါလား
ဒီခလေးမ ရေချိုးမှား ပြီး
မှား နေတာဖြစ်မှာပေါ့
ဒီလိုကြည့်နေလို့
မဖြစ်ဘူး. ဆရာ
ဘေမွ ဖြစ်မယ်.

သို့ဖြင့် အိမ်နီးချင်း ငှက်ဆွေမျိုးများက သမား တော်ကြီး ဦးဇီကွက်ကို သွားပင့် ကြသည်။

ဦးဇီကွက်သည် ဆေးတံကြီးကို ကိုက်ရင်း ဆေး လွယ်အိတ်ကိုကိုင်ပြီး လိုက်လာသည်။



နောက် သုံးရက်ခန့် ကြာသော် လူသန္တာ ကျန်းမာသွားသည်။

ထို့ကြောင့် ဦးဇီကွက်ထံသွား၍ သစ်သီးမျိုးစုံဖြင့် ကန်တော့လေသည်။

တံတားတွင် ကားတစ်စီးသွားနေစဉ် ကားပေါ်မှ ပစ်ချလိုက်သော ဗုံးကြောင့် ပေါက်ကွဲသွားသည့် ပုံကို ဖော်ပြထားသည်။



တံတားတူးမြောင်း

တံတားတူးမြောင်းကို ၁၈၇၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့သည်။ ရန်ကုန်မြစ်နှင့် ချိုင်းနားဘေကာ (ခေါ်) တိုးမြစ်တို့ကို ဆက်၍ ဖောက်ထားသည်။ ၂၁ မိုင်ရှည်၍ ဖောက်လုပ်ခဲ့ရာ ၁၀,၃၉၆,၀၀၀ ကျပ် ကုန်ကျခဲ့၏။

တူးမြောင်း၏ သုံးမိုင်ခွဲ နေရာတွင် အကောက်ရုံးတရုံး၊ ၂၁ မိုင် တံတားဝတွင် အကောက်ရုံးတရုံးရှိသည်။ တူးမြောင်း အတွင်း ခုတ်မောင်း သွားလာသော လှေသင်္ဘောများကို ဝန်ပါတန်ချိန်အလိုက် အကောက်ယူသည်။

တူးမြောင်းထဲ၌ သင်္ဘောများ သဲတိမ်မှတ် မိုင်နှုန်းထက်ပို၍ မမောင်းရပေ။ ပိုမောင်းလျှင် ကမ်းပါးများပြိုကာ တူးမြောင်းတိမ်ကောသွားမည့် အန္တရာယ်ရှိ၍ ဖြစ်သည်။ ဝန်ပါတန်ချိန် ၄၀၀ ကျော်သည့် သင်္ဘောများကို တူးမြောင်း အရာရှိ၏ ခွင့်ပြုချက်ဖြင့်သာ ဖြတ်သန်းသွားခွင့် ပြုသည်။ အညာဆန်သင်္ဘောကြီး တူးမြောင်းထဲ ခုတ်မောင်းနေလျှင် နောက်မှ ပါလာသော သင်္ဘောများ ကျော်တက်ခြင်း မပြုနိုင်ပေ။

ဤ တူးမြောင်းကြောင့် ပြည်တွင်း ရေကြောင်းသွားလာရေးသည် အလွန်အဆင်ပြေခဲ့သည်။

၁၉၇၃ ခုနှစ်တွင် တံတားတူးမြောင်း၏ သက်တမ်းမှာ အနှစ် ၁၀၀ ရှိလေပြီ။

မျိုးညွှန့် (ရန်ကုန်တက္ကသိုလ်)

ပင်လယ်ရေ ဘာကြောင့် ငန်



ကျွန်တော့်တွင် အစ်ကို တယောက် ရှိပါသည်။ ကိုကို၏ အမည်မှာ ကိုမြင့် ဖြစ်ပါသည်။ ကျွန် တော့် ကို မူ အား လုံး က ညီထွေးဟု ခေါ် ကြ ပါ သည်။ အငယ်အထွေးမို့ အချစ်ပိုသည် ဟု မိဘများက မကြာခဏပြော လေ့ ရှိသော်လည်း ကျွန်တော် ကမူ မကျေနပ်ပါ။ အကြောင်း မှာ ကိုကိုသည် အကြီးဟူသော စကားဖြင့် အနိုင်ယူကာ နေရာ တကာတွင် သြဇာ ပေးလေ့ရှိ သောကြောင့် ဖြစ်၏။

တနေ့က ထမင်းဝိုင်းတွင် –

"ဟေ့–ညီထွေး ထမင်းစေ့ တွေ ဘေးမကျစေနဲ့၊ ဟော– ဇွန်းကို ညာလက်နဲ့ကိုင်ပြန်ပြီ"

"ကိုကိုကလဲ မေသွားလို့ပါ"

ကျွန်တော်သည် မကျေနပ် ကြောင်းကို သိစေလိုရှိ စား လက်စ ထမင်းကို လက်စသတ် ကာ ခပ်မြန်မြန် နေရာမှထခဲ့ ပါသည်။

တခါကလည်း သူငယ်ချင်း အချို့ကို အားကျ၍ ဆံပင်ကို အနည်းငယ် အ ရှည် ထား မိ ရာ မေမေက သတိပြုမိလျင် ပြုမိ ချင်း ဆံ ပင် ညှပ် ခိုင်း ပါ တော့ သည်။ မေမေကား ကျွန်တော် ခွဲ ရှ သူ မို့ မ ညှပ် လို သော ကြောင်း ငြင်း ဆန် လိုက် ပါ သည်။ထိုစဉ် ကိုကိုဝင်လာကာ–

"နေပါအုံးကွ – ညီ ထွေး ရ၊ မင်းက လမ်းသရဲ လုပ်မလို့လား၊ သွား - မင်းဆံပင်ခုညှပ်ပစ်"

မေမေတို့ လက် မြှောက် ရ မည့် ကျွန်တော့် ဆံပင်ရှည်လေး မှာ သူနှင့်ကျမှ ကိစ္စချောရပါ တော့သည်။ သို့သော် ယခုကျွန် တော် သည်း မခံ နိုင် တော့ ပါ။ ထို့ကြောင့်ပင် တနေ့၌ မေမေ တဦးတည်း အိမ်တွင် ရှိနေခိုက်–

"အမေ – သားသားလဲ လူ ကြီးဖြစ်ပါပြီ အမေရာ၊ ကိုကိုက နေရာတကာလိုက်ပြီး ဆရာလုပ် ဝံနေတာ မကောင်းပါဘူး"

အမေက ပြုံးလျက် –

"သားက ကိုကို့ အ မိန့် ကို နား မ ထောင် ချင် ဘူး ဆို ပါ တော့"

"အင်း ပေါ့၊ နေ ရာ တိုင်း လိုက်ချုပ်ချယ်နေတာဘဲ၊ သား မှာလဲ ကိုယ်ပိုင်ဘာဏ် ရှိပါတယ်"

"သားကငယ်ပါသေးတယ်၊ ကိုကိုက ကိုယ့်ညီလေးမို့ ချစ်လို့ ဆုံးမတာ၊ တနေ့ကျတော့ ဆရာ လုပ်ဆုံးမမဲ့ အစ်ကို တယောက်ရှိ တာ ဘယ်လောက်ကောင်းသလဲ ဆိုတာ သားသိလာလိမ့်မယ်"

ကျွန်တော် ဘာမျှမပြောလို့ တော့ပါ။ အားလုံးက ကိုကို့ ဘက်မှ ရပ်တည်နေကြပါသည်။ ကျွန်တော်သည် စိတ်ပျက်လက် လျော့ရင်း လမ်းထိပ်ရှိ ဂုံးတန် တားလေးပေါ် သို့သွားထိုင်နေမိ ပါသည်။ တကယ်တော့ ထို နေ ရာ သို့ တ ယောက် တည်း မသွားရဟု ကိုကိုက အမိန့် ထုတ် ထားပါသည်။

"တော်ပြီ၊ သူ့အမိန့်တွေကို ဒီနေ့ကစပြီး တော်လှန်ရမယ်"

စိတ် ကွဲ၊ မှု ရေ ရွတ် ရင်း ကျွန်တော်သည် ရပ်ကွက်တွင်း ဂျူဒို သင်တန်းတခုကို တက်ရန်

ကြံစည် နေမိ ပါသည်။ ကိုကို၏ အမိန့်များကို တော်လှန်သော အခါ ကျွန် တော့် ကို ကိုကို က ရိုက်နှက် ဆုံးမပေလိမ့်မည်။ ထို အခါ ကိုယ်ခံပညာ တခုခုဖြင့် ကျွန်တော်က ကာ ကွယ် ရ မည် မဟုတ်ပါလား။ ကိုယ့်အကြံကို သဘောကျစွာဖြင့် ပြုံးနေမိစဉ် အဝတ်အစား ဖရိုဖရဲနှင့် ကျွန် တော့် အ ရွယ် ခန့် ကောင်လေး သုံး ဦး ရောက် လာ ပြီး ရန် စ ကြပါတော့သည်။

"ဟေ့ကောင် – အခြောက်၊ ငပေါ၊ ဘာပြုံးတာလဲ၊ ရှောက် သီးဆေးပြား ရောင်းမလို့လား"

ရင်ဆိုင်၍မဖြစ်သော အခြေ တွင် ဇဝါသကို ထိန်း၍ ရှောင် ထွက်ရန် လှည့်လိုက်မိ ပါသည်။ ထိုအခိုက် "ကြောက်သလား၊ကွ" ဟူသော စကားနှင့် အတူ တဦး က ကျွန် တော့် အိတ် တွင်း မှ ဖောင်တိန်ကို ဖြတ်ကနဲ နှိုက်ယူ လိုက်ပါသည်။

ရှောင် ၍ မ ရ တော့ ပြီ မို့ ဖောင်တိန်ကို ပြန်တောင်းရင်း ကျွန်တော်သည် သူတို့ကို ပြန် လည် ထိုး စစ် ဆင် ၍ ခုခံကာ ကွယ် ရ ပါ တော့ သည်။ သူတို့ ကား ဖောင် တိန် ကို သာ မ က လက်မှ နာရီကိုပါ အတင်းချွတ် ယူရန် ကြိုးစားကြပါသည်။ တ ဦးတည်း ခုခံ ကာ ကွယ် နေ ရ သော ကျွန် တော့် မှာ မရှု မလှု ခံနေရစဉ် တစုံတဦးက ကျွန် တော့် ဘက်မှ ဝင်ရောက် ကူညီ လာသဖြင့် ခံသာသွားပါသည်။

မကြာမီ လမ်းထဲမှလူများ ထွက် လာသဖြင့် ဆိုး သွမ်း လူ တေ ကလေး သုံးဦးမှာ ထွက်ပြေး သွားပါတော့သည်။

"ကိုကိုပါလား...."

ကိုကိုကား ကျွန် တော့် ကို အပြစ်မယူ၊ ဆူပူခြင်းမပြုပဲ –

"ဟုတ်တယ်၊ ညီထွေး လမ်း ထိပ် ထွက် သွား တယ် ဆို လို့ ကျောင်းက ပြန် ရောက် ရောက် ချင်း လိုက်လာတာ၊ ဘယ်များ နာသွားသေးသလဲ၊ လာ မေမေ တို့ စိတ်ပူနေမယ်၊ အိမ်ပြန်ရ အောင်"

နှုတ် ခမ်း ထောင့် မှ သွေး စ လေးများ စိမ့် ထွက် နေ သော ကိုကို့ကို ငေးကြည့်ရင်း ကျွန် တော်က သိပ် မ နာ ပါ ဘူး ဟု ဖြေလိုက်မိပါသည်။ သူဒဏ်ရာ များကိုပင် ဂရုမပြုနိုင်ပဲ ယုယ စွာ ပြော နေ သော ကို ကို့ ကြည့်ကာ ကျွန်တော် မျက်ရည် များ ရစ်ဝဲလာမိပါသည်။

အိမ်အပြန် လမ်းတွင် ကိုကို က စကားတခွန်း ဆိုပါသည်။

"ညီထွေးလဲ အရွယ်ရောက် လာပြီ၊ ကိုယ် ခံ ပညာ တခုခု တော့ သင်ထားအုံး၊ တော်ကြာ ကိုကို မပါနိုင်တဲ့ လမ်း ကျတော့ တ ယောက် ထဲ ဒုက္ခ ရောက် နေ လိမ့်မယ်"

ကျွန်တော်သည် ရင်ထဲမှပင် ကိုကို မကြားနိုင်သော စကား တခွန်းကို ဆိုလိုက်မိပါသည်။

"ကို ကို သည် ကျွန် တော့် ဆရာ" ဟု။

၁၂ လရာသီပန်း

တန်ခူးကဆုန် နယုန်ရောက်တော့၊
ပိတောက် စကား စပယ်ကြိုင်။

ဝါဆို ဝါခေါင် တော်သလင်းမှာ၊
ပုန်းညက် ယင်းမာ ခတ္တာလှိုင်။

သီတင်းကျွတ်ခါ ကြာတွေပြုံးလို့၊
တန်ဆောင်မုန်းလ ခဲပြိုင်။

နှတ်တော် ပြာသို တပို့တွဲမှာ၊
သင်္ဃန် ခွာညို ပေါက်လဲအုံ့ပြိုင်။

တပေါင်းရောက်ယင် ပင်အမြင့်က၊
ရွှေပဲပွင့်လန်း မြိုင်မြိုင်ဆိုင်။

ပန်းစုံလှိုင် စွဲမ်းဂုဏ်ပြိုင်။ ။

အောင်မြင့်မိုး(ရွှေဘို)

R. 517

ကြက်တော

အလယ်ပိုင်း ဒေသ များတွင် ဒီဇင်္ဘာလမှ ဖေဖော်ဝါရီလ အတွင်း ဖြစ်၏။ တမြုံလျှင် နှစ်ဥမှ ငါးဥအထိရှိ၍ တဥ လျှင် ပျမ်းမျှအလျား ၁.၃၂ လက်မနှင့် ပြက် ၁.၀၀ လက်မ ရှိ၏။

ကြက်တော ကို မလေး ကျွန်းဆွယ်မှအပ ကျန် အရှေ့ တိုင်း နိုင်ငံများတွင် အနှံ့ အ ပြားတွေ့ရ၏။ မြန်မာ နိုင်ငံ၌ အပူပိုင်း ဒေသတွင် အများ ဆုံး တွေ့ရလေသည်။

စိုးမြင့်

ကြက်တော သို့ မဟုတ် ကျေးဖောင်း ကား သည် ကြက် တူ ရွေး မျိုး ဖြစ် ၍ ကိုယ် အလျားမှာ ၂၂ လက်မခန့်ရှိ လေသည်။ အမများနှင့် ငယ် ရွယ်သော ကြက်တောကလေး များတွင် နှင်းဆီသွေး လည် ပတ်နှင့် နှုတ်ခမ်းမွေး အနက် မရှိပေ။

သူတို့၏ အသံမှာ ကျယ် လောင်၍ သာယာ နာပျော် ဘွယ်မရှိပေ။ စူးလည်း စူးရှ လေသည်။ လွင်ပြင်များနှင့် အင်တိုင်းတောများတွင် တွေ့ ရတတ်သည်။

တနင်္သာရီ ဒေသတွင် ဒီ ဇင်္ဘာလ၌ ဥမှ ပေါက်ပွား၍

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဓိဝ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး

ကြီးနယ်ဝ

၁၃၃၅ခု၊နှောင်းတန်ခူးလဆန်း ၁ရက် (၂၃-၃-၇၄)

ပေါက်ကွဲနေရာမှ

မတ်လ-၂၇-ရက်

သား နှစ်ယောက် နှင့် မောင်ဆန္ဒ

ပန်းချီ-ဦးဘကြည်
စာတည်းမှု-မောင်ဆုပန်

တနေ့တွင်
ကဲ - သားတို့ - ဒီနေ့တော့ အဘ - မဟိဿဲ - ညီအကို နှစ်ယောက် ထင်း သွားခုတ်ကြ ။ အဘ - အိမ်မှာ အနား ယူလိုက်အုံး မယ် .
ရှေးတုန်းက အဖိုးအို တယောက်သည် သား နှစ်ယောက်နှင့်အတူ ထင်းခွေထွက်လေ့ရှိ၏။
အဘ - မဟိယင် -
တကယ်လို့ လွှဲမှား ကျိုး သွား ယင် - ဘယ်သူ့ လာမြင် ပေးမှာ လဲ
အေး - လွှဲမှား ကျိုးသွားယင် မောင်ဆန္ဒ ကို ခေါ်ခဲ့ - အကူ အညီတောင်း လိုက် ။ သူ့လာမြင် မြင်ပေးမှာပေါ့ ။
သို့ဖြင့်သားနှစ်ယောက်သည် တောထဲသို့ထင်း ခွေထွက်လာကြလေသည်။
သန်မာသော လူငယ်များ ဖြစ်ပြီး မပျင်းမရိ ထင်းခုတ်ကြ၍ နေဝင်နှင့်ပင် ထင်းများ လို သလောက်ရသဖြင့် ....
လွှဲမှား ကျိုးသွားယင် မောင်ဆန္ဒ ကို ခေါ်ခဲ့ - အကူ အညီတောင်း လိုက် ။ သူ့လာမြင် မြင်ပေးမှာပေါ့ ။

ထမ်းတွင် လှည်းကျိုးကျလေရာ -



ဘခင်အို မှာလိုက်သည့်အတိုင်း မောင်ဆန္ဒကို အော်ခေါ်ကြတော့သည်။



အချိန် ကြာမြင့်စွာ အော်ခေါ်သော်လည်း ပြန်ထူးသံမကြား၊ လူရိပ်ပင်မမြင်ရသဖြင့် -



အသံဝင်လုနီးပါး တအားအော်ဟစ်ကြသော်လည်း၊ မောင်ဆန္ဒ ပြန်ထူးဖော်ပင် မရသည့် အဆုံးဌ -



နှစ်ယောက်သား လွှ၊ ဓား၊ ပေါက်ဆိန်များ ယူကာ ကျိုးသွားသော လှည်းကို သူတို့ကိုယ် တိုင်ပြင်ရန် အားထုတ်ကြတော့၏။

ခရီးဆက်၍ အိမ်သို့ပြန်ရောက်သော်–

အဘရေ....
သားတို့ ပြန်လာမှီ

အေး –
ဘယ်နဲ့လဲ သားတို့ –
ရောရော မောမော
ဂျီခဲ့ဂျဲလား

အေး အေး - မောင်ဆဒ္ဒ ဟာ - သားတို့နဲ့ အတူ
တချိန်လုံး ဂျီနေသားဘဲ.....

ဗျာ

အို - အဘရယ် - ခရော်ချင်ပါဘူး ၊
ကျွန်တော်တို့လူငယ်း - လူခ်ီးခရီး မှာ
ကျွဲသွားလို့ - မောင်ဆဒ္ဒ ကို
ခေါ်ပေမဲ့ အသံသာ
ကုန်ရော - မောင်ဆဒ္ဒ
ပေါ်မလာပါဘူး ၊ ဒါနဲ့
ကျွန်တော်တို့ ဟာသာ
ကျွန်တော်တို့ပြင်ကြီး
မောင်းလာခဲ့
ရုတယ်...
အဘဂျဲ ။

ဟဲဟဲ

အော်
အင်း

ဟဲဟဲ

ဟုတ်ကဲ့
နားလယ်ပါကြီ
အဘ

ကြီး

.....နောက်ကြီး - ဘယ်သူမှ - မလာတော့ -
ကိုယ်တိုင်ဘဲ - ပြင်ခဲ့ရတယ် ခရဟုတ်လား —
ဒါဟာ - ငါ့သားတို့နဲ့ အတူ ဆဒ္ဒ ဂျီနေလို့ဘဲ ။
ဒါကြောင့် - သားတို့မှာ
ဆဒ္ဒ ဂျီနေယင်
ဘယ်ကိစ္စမျိုးကို
မဆို - ဆောင်
ရွက်နိုင်မယ်ဆို
တာ - နားလယ် ထား
ကြ ရမယ်ကွဲ

မိတ်ဆွေငှက်

ရေးဆရာ/ ပျိုးပျိုး

ဓာတ်ပုံနဲ့ :- [illegible]

ပုလင်းလေးဟာ မကျေမနပ် ဖြစ်နေတယ်။



အို-ခေါက်ထားခမ်းပါ
ဒီတာဝန်ကိုငါတယောက်ထဲ
ယူနိုင်ပါတယ်


ဒါနဲ့ ပုလင်းလေးဟာ တယောက်ထဲခွဲထွက်လာ
ခဲ့တယ်။


တနေရာရောက်တော့ ပုရွက်ဆိတ်တအုပ်က သူ့သကြားတွေကို လုစားကြတယ်။
အမလေး-
လှပါဘုံး
ကယ်ပါဘုံး
လုနေပါတယ်ဗျို့.

ဟာ-ခုတ္တပါဘဲ
သကြားတွေ
ကုန်တော့မယ်
ပြေးမှ-

ဟူး-မောလိုက်တာ-သေမတတ်
ဘဲ-ဒါဟာအဖွဲးမရှိတဲ့အတွက်
ခံရတာဘဲ

မိုးလွတ်အောင် ပြေးရပြန်တယ်။

တခါ ခလုတ်တိုက်မိလို့-

အဖုံးလေးရဲ့တာဝန်ကို သိလာပြန်တယ်။

နောက်ဆုံးမှာ ပုလင်းလေးဟာ သူ့မိတ်ဆွေ အဖုံးလေးရှိရာကို တာဝန်ပူးတွဲ ထမ်းဆောင်ဖို့ ပြန်လာခဲ့တော့တယ်။

ဘိုကလေးမြို့

ရေးသူ-ရေနံမြေစု
သရုပ်ဖော်-ကဆုံ

ဘိုကလေးမြို့သည် ခုနှစ်ညင်းဘန်း မြစ်နှင့် ကျိုက်ဝိမြစ်တို့ပေါင်းဆုံရာအရပ်၌မြစ်ကွေ့လက်ဝဲဖက် ကမ်းပေါ်တွင် ရှိသည်။ မြစ်ကို နှစ်ဖက်မျက်နှာစာ ပြထားသည်။ ပင်လယ်မှ ၄၃ မိုင် ကွာဝေးသည်။ ဘိုကလေးမြို့နယ်၏ ရုံးစိုက်မြို့ ဖြစ်သည်။ ယခင်က ဖျာပုံခရိုင်တွင် ပါဝင်ခဲ့၍ ခရိုင်အတွင်း၌ အရောင်းအဝယ် အကောင်းဆုံး အစည်ကားဆုံး ဖြစ်ခဲ့သည်။ ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေး စနစ်သစ်အရ ခရိုင်များကို ဖျက်သိမ်း လိုက်သဖြင့် ဧရာဝတီတိုင်း၏ မြို့နယ်တခု ဖြစ်လာသည်။

မြို့၏ အကျယ်အဝန်းမှာ ၁.၀၀၀ စတုရန်း မိုင်ဖြစ်၍ မြို့ပေါ်ရှိ လူဦးရေမှာ ၁၉၅၃ ခုခန့် မှန်းချေ သန်းခေါင်စာရင်းအရ ၂၃၂၁၁ ယောက် ဖြစ်သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက အများဆုံးဖြစ်သည်။ နွေအခါပူအိုက်၍ မိုးရာသီ၌ မိုးများလှသည်။ မြစ်ချောင်းပေါများသောဒေသဖြစ်၍ ရေလမ်းခရီးဖြင့် သွားလာဆက်သွယ်ရသည်။ ဘိုကလေးမြို့နယ်၏ အဓိကထွက်ကုန်မှာ ထင်း၊ မီးသွေးနှင့် ဆန်စပါး ဖြစ်သည်။ မြေနှင်းပေါ် ဒေသ ဖြစ်၍ ကနစို၊ ကြတ်နံ၊ ကန်ပလာ၊ မြင်းကာ၊ ဗျူး၊ လမု စသော သစ်တောကြီးများ ရှိသည်။ မြို့နယ်အတွင်း ပင်လယ်ပိုင်းရှိ ဧရာ၊ အမာစသော ရွာကြီးများမှ ငဖိ၊ ငခြောက်၊ ငန်ပြာရည် စသော ရေထွက်

ပစ္စည်းများ ထွက်၍ ကိုင်းသောင်၊ သောင်ကတုံး ဒေသည် သဲသောင်များမှ လိပ်ဥများ ရရှိသည်။

ဘိုကလေးမြို့ကို လွန်ခဲ့သော နှစ်ပေါင်း ၇၀ လောက်က မြို့နှင့် မနီးမဝေး နတ်ခြောင်းဝှဲ့ အမဲလိုက်ရန် အင်္ဂလိပ်ကပြား မုဆိုးတဦးကဗိုလ်တဲသဖွာန် အိမ်ကလေး ဆောက်နေလာသည်ကို အစွဲပြု၍ ဗိုလ်ကလေးစု၊ ဗိုလ်ကလေးရွာဟု ခေါ်တွင်ခဲ့ရာမှ ကြာသော် မြို့ဖြစ်လာ၍ ဘိုကလေးမြို့ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

မြို့ပေါ်ရှိ ထင်ရှားသော အဆောက်အအုံများတွင် စေတီသုံးထပ်ငုံ၍ တည်ထားသော အောင်စကြာစေတီ၊ ကြီးကျယ် ခမ်းနားသော စံကျောင်းစာသင်တိုက်ကြီး၊ ဒွာရကျောင်း၊ ကံဦးကျောင်းနှင့် မိတ္တိလာကျောင်းတို့ပါဝင်သည်။ မဟာသီလဝံ ကန်တော်ကြီးသည် မြို့ကျက်သရေဆောင်ဖြစ်သည်။

စာရေးဆရာ အကျော်အမော်များ ဖြစ်ကြသည့် ဘိုကလေး ဦးသက်ရည်၊ ဂျာနယ်ကျော် မမလေး၊ ဂီတပညာရှင် အကျော်အမော်များ ဖြစ်ကြသည့် ဘိုကလေးတင့်အောင်၊ ဂီတလှလင်မောင်ကိုကို စသူတို့၏ မွေးရပ်ဌာနီ ဖြစ်သည်။



ဒါကိုဒီတိုင်
ပါလိမ့်မယ်
ဝိုင်ဂျင်
ဒီအား- ဒီကြွေးမြီ
လက်ထဲရ၊ကြွက်သေကို
အားရဖွယ်ကြီးစားမှ
အဲဒီကြွက်သေကို
မင်းကလုပ်မလို့လဲ
စားမလို့
ပေါ့ဗျ
တခါ တုန်းက မြေခွေး တကောင်
သည် ဆာလောင်လှက်ရှိစဉ် ....
ဒီအား၊မင်းနာရေးခက်ရှိဦ
စားတဲ့ဆဲဆဲမင်းယင်
ငါဖမ်းပြုမလို့၊ငါလို့
ပေး၊ငါပြုပေးမယ်
ဟုတ်လား
ဘယ်လို စား
ရမှာလဲ
ဒီသားသော ဖြင့်ယင်သည် မြေခွေးလက်သို့ကြွက်
သေကို ပေးလိုက်သည်။
ဒီမှာကြည့်၊ဟောဒီလို
ကြွက်သေကို ကိုင်ပြီး
ဟောဒီလို ပါးစပ်ဟထား
နောက်ပြီး
ကော့ကော
နောက်ပြီးကော့-ဟောဒီလို ပါးစပ်ထဲ ခဲ့ဦ
ပစ်ထည့်လိုက်ပြီး၊ဟောဒီလို အားရှိ
ပါးရှိပါ့၊စား-ဖြိုး ဖြိုးသိပ် အရသာ
ရှိတာဘဲ
ဟင်-ခင်ဗျား-ကျုပ်ကြွက်ကို ဘာစားတာ
ဘဲ့
ဒီတော့၊မင်းက
ဘာလုပ်ချင်လို့
လဲ
ခင်ဗျားလို၊မှတ်သား
လောက်အောင်ဆုံးမ
ပို့ချင်ပါရဲ့၊ဒီယေဒဲ့
အစားတလုပ်အတွက်
ရန်မ မျာ:ချင်ပါကျဲ:

ထိုအချိန်တွင် အဓဲလိုက်ခွေးများ၏ ဟောင်သံကို ကြားရလေသည်။

သို့သော် ဖြူငယ်ကလည်း ရိပ်မိသည်။

ဖြူငယ်သည် သူ၏ ခန္ဓာကိုယ်ကို တောလုံးကလေးကဲ့သို့ လုံးလားလိုက်သည်။

အဓဲလိုက် ခွေးများသည် ဖြူငယ်ကိုတွေ့၍ အနံ့ခံကြည့်ရာ -



မြေခွေးသည် ချဲ့ဖုတ်တခုထဲသို့ ဝင်ပုန်းနေလိုက်၏။

ထိုအချိန်တွင် သစ်ပင်အကွယ်တခုမှ စောင့်
ကြည့်နေသောမြေခွေးမှာ -

မြေခွေးသည် ပွက်အိုင်တခုကိုတွေ့ရာ-

သို့သော် အမဲလိုက်ခွေးများက သူ၏အနံ့ကို ရ
သဖြင့်

မြေခွေးသည် ဥာဏ်နီ ဥာဏ်နက် အမျိုးမျိုးသုံး၍
အသက်ဘေးမှ လွတ်အောင်ကြိုးသော်လည်း
နောက်ဆုံးတွင် သားလိုက်မုဆိုး၏ အဖမ်းကို ခံ
လိုက်ရလေသတည်း။



ပထမတွင် ခွေးများက သူကို ကျော်သွားကြ
သော်လည်း -

ကွမ်းလုံ ကြိုးတန်တား

၁၉၆၄ ခု ဖေဖော်ဝါရီလတွင် ရှမ်းပြည် မြောက်ပိုင်း ကွမ်းလုံမြို့၌ သံလွင်မြစ်ကို ဖြတ်၍ ကြိုးတန်တားကြီးတခုကို စတင်တည်ဆောက်ခဲ့သည်။ ကြိုးတန်တားကြီးသည် အလျား ၈၃၃.၄၄ ပေ၊ အကျယ် ၂၄.၆၈ ပေ ရှိပြီး ၁၅၄.၃၆ ပေ မြင့်သည်။ တန်တား၏ အလေးချိန်မှာ တန်ချိန် ၆၀၀ ခန့်ရှိလေသည်။ တခုလျှင် ၂၆.၂၄ ပေရှည် သံဘောင်ကြိုး ၂၄ ဆက်ဖြင့် ဆက်ထားသည်။ သံဘောင် ၂၄ ခု၏ အလေးချိန်မှာ ၂၇၁ တန်ရှိသည်။

ကွမ်းလုံကြိုးတန်တားကြီး ဆောက်လုပ်ရန် နေ့စဉ် အလုပ်သမား ၆၀၀ ခန့်၏ လုပ်အားကို အသုံးပြုခဲ့ရသည်။ ရေစီးသန်သော သံလွင်မြစ်ကို ဖြတ်၍ တည်ဆောက်ရသောကြောင့် ဆောက်လုပ်မှုမှာ ပင်ပန်းခက်ခဲလှသည်။ ဆောက်လုပ်ခ ကျပ်ငွေ ၇၇ သိန်းခန့် ကုန်ကျခဲ့သည်။ ဤကြိုးတန်တားကြီးသည် အနည်းဆုံး အနှစ် ၆၀ ခိုင်ခံ့စွာရှိမည်ဟု ဆောက်လုပ်ရေး အင်ဂျင်နီယာများက ခန့်မှန်း သတ်မှတ်ကြသည်။ ကြိုးတန်တားကြီး၏ ဘေးတွင် အလျား ၇၂၁ ပေ၊ အကျယ် ၄ ပေ ရှိသော ယာယီ ကြိုးတန်တားငယ်တခုလည်း ရှိသေးသည်။ လှပသော ကွမ်းလုံ ကြိုးတန်တားကြီးနှင့် ကြိုးတန်တားငယ်လေးကို နောက်ခံထားပြီး မြန်မာရုပ်ရှင်ပညာသည်တို့က ရုပ်ရှင်များ ရိုက်ကူးလေ့ရှိသည်။

မျိုးညွှန့် (ရန်ကုန်တက္ကသိုလ်)

အလိမ္မာစာမှာရှိ

ကျန်တော်တို့၏ မျက်နှာပြင်ဝယ် ဝမ်းနည်း ကြေကွဲသော အသွင် သဏ္ဌာန်သည် အထင်းသား ပေါ်လွင်နေသည်။ ကျန်တော်တို့နှင့် မျိုးဆွေ ကစားခဲ့သော ပင်လယ် သဲသောင်ပြင်ကို မြင်တိုင်း မျိုးဆွေကို ကျန်တော်တို့ သတိ ရနေတော့မည်။ ကမ်းစပ် ကျောက်ဆောင်ကြို ကျောက်ဆောင်ကြားတွင် လှပသော ခရုလေးများကို ရှာဖွေတိုင်း မျိုးဆွေကို ကျန်တော်တို့ လွမ်းနေကြပေတော့မည်။

"ငါလဲ မြို့ကို မပြန်ချင်သေးပါဘူးကွာ၊ ဖေဖေတို့ပြန်မယ်ဆိုလို့သာ၊ နောက်နှစ် ငါလာလည် အုံးမှာပါ၊ အဲဒီကျ မင်းတို့ ငါ့ကို မေ့ပြီး မခေါ်ဘဲမနေနဲ့အုံး"

ကျန်တော်တို့ကို ကြည့်ပြီး မျိုးဆွေက ဝမ်းနည်းစကား ဆိုလိုက်သည်။ မျိုးဆွေ ကျန်တော်တို့ကို မည်မျှ ခင်တွယ်သည်ကို ကျန်တော်တို့ သိပါသည်။ မြို့သားကြီး ဖြစ်သော်လည်း မာန်မာနမရှိသော မျိုးဆွေကို ပင်လယ် ကမ်းရိုးတန်း တောကျေးရွာနေ ကျန်တော်တို့ တောသားလေးများက ချစ်ခင် ကြရပါသည်။

"ရန်ကုန်ရောက်ယင် မင်းကသာ တို့ကိုမေ့မှာပါကွာ၊ ရန်ကုန်မြို့ကြီးက သိပ်ပျော်ဘို့ကောင်းတယ်လို့ ငါကြားဘူးတယ်"

"သည်လို မပြောပါနဲ့ သာထူးရာ ငါမင်းတို့ကို မမေ့ပါဘူး၊ ရန်ကုန် မြို့ကြီး ပျော် စရာကောင်း ပေမယ့် ငါတော့ တောမှာ ပိုပျော်တယ်၊ မင်းတို့နဲ့ ကစား ရတာ ပိုပြီးတော့ တောင် ပျော်သေးတယ်"

နံနက်စာ ထမင်းစားချိန် ဖြစ်သဖြင့် ကျန်တော်တို့ လူစုခွဲ လိုက်ကြသည်။ နောက် ညနေ ဘက် ရွာထိပ် မီးကင်း တဲလေးတွင် ဆုံကြရန် ချိန်းလိုက်သည်။

ပင်လယ်ထဲ နေမကျယ်ခင် မီးကင်းတဲလေးတွင် ကျန်တော်တို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ မျိုးဆွေက ချိုချဉ် သကြားလုံး ကလေးများ ထုတ်ကျွေးသဖြင့် ကျန်တော်တို့ ဝမ်းသာ အားရ စားကြရပါသည်။

"မျိုးဆွေက နက်ဖန် ပြန်တော့မယ်မဟုတ်လား၊ မျိုးဆွေ အတွက် တို့ လက်ဆောင်တခု ပေးကြရအောင်"

ကျန်တော့် အကြံပြုချက်ကို အားလုံးက သဘော ကျသည်။ ပေးရမည့် လက်ဆောင်ကို စဉ်းစား ကြသည်။ နောက် ကျန်တော်တို့မျက်နှာများ ဝင်းလက် သွားသည်။

လ တခြမ်းကွေး၏ မှုန်ပြပြ အလင်းရောင် အောက်ဝယ် သဲသောင်ပြင်သည် ပြန့်ပြူး ချောမွေ့နေသည်။ ကျန်တော်၊ မျိုးဆွေ၊ အောင်တုတ်၊ မြကြီးနှင့် ပေစူးတို့သည် ကျောက်တုံးကြီး တခု၏ နဘေးသို့ သွား၍ ငြိမ်သက်စွာ ထိုင်နေလိုက်ကြသည်။ မကြာမီ –

"ဟာ– ဟိုမှာလိပ်ကြီး လိပ်ကြီး ရေထဲက တက် ...."

မျိုးဆွေစကားမဆုံးမီ ကျန်

တော်က သူပါးစပ်ကို လက်ဖြင့် အသာပိတ်လိုက်သည်။

"ရှူး – တိုးတိုး -- လူသံ ကြားယင် တက်မအုတဲ့ ရေထဲ ပြန်ဆင်းသွားမယ်"

လိပ်မကြီးသည် ကုန်းပေါ် တက်ပြီး ကျောက်တုံးကြီးဘေး ဝင် သွား သည်။ မ ကြာ မီ ကျောက်တုံးကြီးဘေးမှ သဲများ ဖွာထနေသည်ကို လရောင် မှုန် ဝါးဝါးအောက်ဝယ်တွေ့ရသည်။

"တွေ့လား– လိပ်မကြီး အုံ ဘို့ ကျင်းတူးနေပြီ"

ကျွန်တော်က ခပ်တိုးတိုး ပြောလိုက်သည်။မကြာမီ သဲမှုန် များအဖွာရပ်သွားသည်။ထမင်း တအိုး ကျက်ခန့်ကြာသောအခါ လိပ်မကြီးသည် ရေထဲသို့ တရွေ့ ရွေ့ ပြန်ဆင်းသွားသည်။

"လာ–လာ–လိပ်မကြီး အုံ ပြီးသွားပြီ"

ကျွန်တော်တို့ လိပ်မကြီးအုံ ရာ ကျောက်တုံးကြီးနားသို့ပြေး သွားကြသည်။ သဲပြင်မှာ တ ပြေးညီညာ ဖြစ်နေသဖြင့် မျိုး ဆွေစိတ်ပျက်သွားသည်။

"ဟင်– ဘယ်မှာအုံသွားလို့ လဲကွ မတွေ့ပါလား"

ကျွန်တော်တို့က မျိုးဆွေကို ပြုံးကြည့်ပြီး လိပ်မကြီးအုံသွား မည့် သဲပြင်နေရာကို မှုန်းဆကာ လက်ဖြင့် သဲများကို ယက်ထုတ် ကြသည်။ တထောင်ကျော်ခန့် တူးမိသောအခါ လိပ်ဥများအစု လိုက် အပြုံလိုက်ပေါ် လာတော့ သည်။

"ဟာ– လိပ်ဥတွေ့"

မျိုးဆွေက ဝမ်းသာအားရ အော်သည်။လိပ်ဥများကိုလည်း အသင့် ပါလာသော တောင်း ငယ်ထဲသို့ ထည့်ကြသည်။

"လိပ်ကသဲပေါ် မှာ မအုံဘူး မျိုးဆွေရ၊ ကျင်းကို အနက် တ ထောင်ကျော်လောက် တူးပြီးမှ ဝင်အုတာ၊ အုံပြီးယင်လဲ သူဥ တွေကို ဘယ်ရန်သူတွေမှ အ လွယ်တကူ ရှာဖွေ မတွေ့နိုင် အောင် ကျင်းကို သဲနဲ့ပြန်ဖုံး၊ နောက်ပြီး ပကတိ သဲပြင်လိုညီ နေအောင် သူဝမ်းဗိုက်နဲ့ရှပ်ပြီး မြေညှိတာ၊ လိပ်အုတဲ့ နေရာကို အတိအကျ မသိယင် ရှာဘို့ မလွယ်ဘူး၊ လိပ်ကုန်းပေါ် တက် လာယင်လဲ လူသံ မကြားမိစေ ဘို့ သိပ်အရေးကြီးတယ်၊ လူသံ ကြားယင် လူရိပ်မြင်ယင် တက် မအုတော့ဘူး တခါထဲရေထဲပြန် ဆင်းသွားဟော"

ကျွန်တော်က မျိုးဆွေ နား လည်အောင် ပြောပြသည်။ မျိုး ဆွေက အုံသြစွာ နားထောင်နေ သည်။ သူအတွက် ဟာသုတ တခု တိုးသည် ဆိုသဖြင့် ကျွန် တော်တို့ ဝမ်းသာ ကြရသည်။

ကျွန်တော်တို့ဝမ်းအသာဆုံး ကား မြို့ပြန် ချစ်သူငယ်ချင်း အတွက် ကျွန်တော်တို့ ကျွမ်း ကျင်သောအတတ်ပညာဖြင့် ရှာ ဖွေ ရရှိသည့် လိပ်ဥ များကို လက်ဆောင် ပေးလိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

တော်လှန်ရေးခေါ်

ဥဩဒုက်လေး တွန်သံသာ၊
နွေဦးသစ်တေးမှာ။
ရွှက်ဟောင်းကြေလို့ ရွှက်သစ်ပြောင်း
သာစွနွေတပေါင်း။
ပြည်ထောင်သားတို့ ညီညွတ်
တွန်းလှန်တိုက်ဖိုက်ကာ။
ကိုယ်ကျိုးစွန့်လို့ အသက်ပေး၊
တို့ပြည်လွတ်လပ်ရေး၊
ပြည်ခွင်အနှံ့ ဇာတိမာန်၊
တက်ကြွနေချိန်တန်။
တထောင့်ကိုးရာ လေးဆယ်ငါး၊
ပတ်လစွန့်စွန့်စား။
နေ့မြတ်ရက်မှာ နှစ်ဆဲ့ခွန်း၊
သတ္တိပြောင်မြောက်မျှန်။
ရဲရဲတောက်တဲ့ ဗမာ့သွေး
ဖက်ဆစ်ရန်သူခြေပြုး။
ညီနောင်ဘွားတို့ စည်းလုံးညီ၊
အောင်ပွဲယူခဲ့သည်။
ထိုနေ့ရက်ကို တို့မမေ့၊
တော်လှန်ရက်မြတ်နေ့။

မြင့်ဦးလွင် (ရန်ကုန်တက္ကသိုလ်)

ကျေးကျွတ်

ကျေးကျွတ်သည် ကြက်တူရွေးမျိုးဖြစ်၍ ကိုယ်အလျား ၁၆ လက်မခွဲရှိလေသည်။ ကျေးကျွတ် အဖိုကလေးများတွင် သုံးခါလည်ကျမှသာ နှင်းဆီရောင်လည်ပတ်နှင့် အမည်းပတ်ကို တွေ့ရသည်။ အမများဌ မထင်ရှားသော အစိမ်းပတ်ကို တွေ့နိုင်၏။

ကျေးကျွတ်တို့၏ မူမှန်အသံသည် ကျယ်လောင်၍ စူးစူးဝါးဝါး ရှိသည်။ တမြုံလျှင် လေးဥမှ ခြောက်ဥအထိရှိ၍ ဥအရွယ်မှာ ပျမ်းမျ အလျား ၁.၂၀ လက်မနှင့် ပြက် ၀.၉၅ လက်မရှိသည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသ ငှက်များဖြစ်၍ ဧရာဝတီနှင့် စစ်တောင်းမြစ်ဝှမ်းတလျှောက် ပျံ့နှံ့နေသည်။ အရွှေဖက်တွင် ရှမ်းပြည်နှင့်ကယား ပြည်နယ်အထိတွေ့ရသည်။ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်း တို့တွင်မူ ရှိဟန်မတူချေ။

စိုးမြင့်

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဒုဖဖ၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်ဝ

ယောကျာ်းအစစ် မြစ်ဝကျွန်းပေါ်သား

မန်းချို-ဒို့ဘကြည်

ဓါတ်လမ်း - ခင်မောင်လွင်(မြန်မာစာ)

၁၃၃၅ ခု၊ နှောင်းတန်ခူးလဆန်း ဂ ရက် (၃၀-၃-၇၄)

အကဲခပ်၍ အလုပ်ဖြစ်ရန် ကြိုးစားနေစဉ်
မည်သူမျှ ကျနော့်ကို ဂရုမပြုကြပေ။

ထိုမိန်းမကြီးနောက်သို့ကပ်လိုက်သွားမိသည်။

ထိုအခိုက် တနေရာသို့ မျက်စိရောက်သွား၍–

တည်နေ၌ မြစ်ဝကျွန်းပေါ်ဒေသသို့ ထွက်မည့်
သဘော်ဆိပ်တွင် လူများရွက်ထွေးနေခိုက် –

ရွက်ရက်ခတ်နေစဉ် မျောင်စပျိုးလာပြီဖြစ်သဖြင့်
ရုတ်တရက် ပိုက်ဆံအိတ်ကို –

ဝိုက်ဆံအိတ်ကိုအလစ်သုတ်ပြီးပြန်လာရင်း-
ဒီမနက်တွက် ပထမဆုံး ထမင်း စားရတော့ မယ်
ဗိုက်ဆံ အိတ် ရတာ မှတ်တဲ့
ဆာတော့ ဆာလာပြီ
ဗိုက်ဆံ အယ်လောက် ပါသလဲ ရေတွက်မှု
သတော်လည်း ထွက်သွားပါပြီ။ အဒေါ်ကြီး လည်းပါသွားပြီ။
တူး... တူး...
များမကြာမီ လဟာပြင်ရွေးတွင်-
ဘာစားမလဲ ကောင်လေး...
ကြက်ဥစေ့ပါတဲ့ အိတ်ကြီးဖွင့်ကြည့်ရာ-
ဟာ
တရာ-တဆယ်, ရှောက်ကျပ် ရှစ်ဆယ်, ငါးမြား တောင်ဖွဖါလား:
ဟိုး:
ဝယ်သာကိုက် တာ
ကိစ္စတော်ပါသား ခစတော်
ဆိတ်အုံးနှောက် ယူအုံးမလား-
အို ဘောက်လိ ရဖယ်
မောင်လေး က- ရွေခဲသူပါလား- သီးစုံ ဖျော်ရည် လား
တကယ်တန်ဖိုး ကောင်းတယ်
ငကောင်းတာသာ ပေးပါ-

စားသောက်ပြီးနောက် မသောက်တတ်သော စီးကရက်ကိုယ်ပင် ဝယ်သောက်လိုက်သေး၏။
အောင်မယ်လေး လေ့လေး - မွေး လိုက်တာ - ဆီမခံဘဲ
ဟောက် - ဘာ မျှား သုံး ရပါ့မလဲ
..... ဟော့ - ဂွပ်ဂွင်း - ကိုနာဂိုဒွဲ ဖွဲ့ - မှီသော - တာဘဲ.... ... ဟဲဟဲ.. ....
ရုံပြည့်ပြီ HOUSE FULL
လေးကျပ်တန် လက်မှတ် - ငါးကျပ် ခဲ့ရမယ်ဆရာ
တစ်ဆောင်ပေး
ဒီတာမင် ရေခဲ ကွမ်း ယာ မွှေးနော်
တစ်လုံးပဲဟာ
ရပ်ရှင်ကြည့်ပြီး၍ ပြန်ထွက်လာသော်....
ဟာ ဥည့် နက်လှ ပါကော်
ကိလီစွေးကို တယောက်ထဲ ဘယ်လို လုပ် ပြန်မလဲ....
ဒီမှာသာ - မီးလင်း နေတာ။ ဟိုဘက်တွေ မှောင်တယ်... လူပြတ်တယ်...
ငါ့ လက်ထဲက ဟိုကဲ့အိတ်ကို တစ်ခြား တယောက်က လုယူမှာဖြင့် - ဒုက္ခဘဲ
ငါ့ ဘဝတူ - သူငယ် ချင်း - ရဲဖြင့် - ကိုတော်ငါ မေ့ နေတယ်
ဆိုလာဖိ ယင် ဘကော်ငင်းသား
စိတ်အားတင်း၍ သုတ်သုတ်လေး ပြန်ခဲ့၏။
အေး လာဖြီ၊ ပုဆိုးရှိမှ ဘဲ၊
ဘယ်သူ့ လာဖြင်တာ မှတ်လို့ -
အာလူးပေတဲ့ လူကို - မုန်းတယ် - မုန်းတယ်
တစ်ဆို မကြောက်ဘောင် ဘီချင်း ဆို သွားမယ်
ကိလီစွေးကို လှမ်းမြင်လိုက်မှ စိတ်ထဲတွင် အေး သွားပါတော့သည်။
ဟင် - ဟိုမှာ - ရဲဖြင့် ပါလား။
ခုမှ - အားရှိ သွားတယ်
အနားရောက်သွားသော် ဂိုဒေါင်ကြားမှ အခြားလူကြီးတယောက် ထွက်လာပြီး-
လာခဲ့
ဘာလုပ် တာလဲဗျ


ထိုနောက်
သစ္စာဖေါက်တဲ့
အကောင်ဟာ-
ဒိုလိုဘဲ-ခံရ
တယ်
ထုတ်
အုတ်

မင်း- အဒေါ်ကြီးတယောက်
ဆီက-ပိုက်ဆံအိတ်
ရတယ် မဟုတ်လား။
ဂါကိုတောင်-သတိ
မရဘူးဟေ့လေ-ဟင်း
ဘယ်မလဲ
ပိုက်ဆံအိတ်
ပေး
အရ
ပေး


ဘာလို့ပေးရမှာလဲ-
မ ပေး ဘူး-
ထွက်ပြေး
မှပါဘဲ၊
ပိုက်ဆံအိတ်ကို-
ကျစ်ကျစ်ပါအောင်
ဆုပ်ထား၍
ဖြစ်မယ်။

သို့သော် ကျနော်နောက်ကျသွားပါပြီ။
ကဲ ကွဲ
ဖေါက်
ဖျန်း
ဖြဲ
ဒုပ်
ဖောင်း
ဖျက်

ရိုက်သံ၊ ထိုးသံ၊ ကန်သံကြားထဲ၌ မျက်စိတွေ
ပြာပြီး လဲကျသွားတော့၏။

အတန်ကြာမှ သတိပြန်ရလာပြီး....
ကျတ်-ကျတ်
ကျတ်-ကျတ်
ဟူး ပိုက်တာ
ပိုက်ဆံအိတ်ဆံ
မရှိတော့ပါဘိ။
သူတို့ဆံ
ဘယ်ရောက်
ကုန်ဆံ

ကျွန်ထော်ဘာမျှ မတတ်နိုင်၊ မျက်ရည်များသာ တဖြိုင်ဖြိုင်ကျလာပါသည်။

ထိုနောက် ရဲမြင့်နှင့် လူကြီးတို့၏ မျက်နှာများ စိတ်ထဲမှ တဖြည်းဖြည်းပြယ်သွားပြီး-

ရင်ထဲဝယ် အတွေးတခုပြီးတခု ပေါ်လာပါသည်။ ပထမ ထို အဒေါ်ကြီးကို မြင်ယောင်လာ၏။

ဟိတောင်-ဒီပိုက်ဆံအိတ်ကို ဒီလောက် နှမြောနေမင်... ကယက်ဂင် အသေကြီး ဆို ယင်-တယ်လောက်များ စိတ်ထိခိုက် နေ လိုက်မလဲ ဧည့်.....

.....သူ့ခမျာ-ပိုက်ဆံအိတ် ပျောက်ဆုံးပြီး သတော်ပေါ်မှာ လက်မှတ် မဝယ်နိုင်ရှာဘဲ ဘယ်လောက် ဒုက္ခ ရောက်နေမလဲ.....

ဒုတိယ ဖခင်ကြီး၏ ရှုတင်းတင်း မျက်နှာ ပေါ်လာပြန်သည်။

ကဲ - လာခဲ့စမ်း
ခြောက်တန်း စာမေးပွဲ
ကျတဲ့ အကြောင်း
မင်း - စာမှမကျက်
ဖဲ့။ ကျ-မှာပေါ့။
စာ မတတ်ယင်
ဘွေးမြွစ်မှာ
ပေါ့.....
ဒီနားတိုး

ဦးလိုက်တာ....
ကျတ်-ကျတ်-ကျတ်
ဘယ ဆိုပြီး
ရုက်စက်လိုက်တာ—
စာမကျက်
တာ လေးနဲ့
ဒါလောက်တောင်
ရိုက်တယ်။
ငါ့ကို မချစ် လို့ဘဲ
အိမ်က ထွက်ပြေးမယ်-
သိရောပေါ့ —

တဖန်—မိခင်၊ အစ်မ၊ ညီမလေး၊ ညီလေးနှင့်
ထက္ကအိမ်တွင် သက်တောင့်သက်သာစားရေး
နေရေးတို့ကို သတိရလာပြီး-

အရတော့ သူတို့က မကောင်မတရား
အလကားနေရင်း ငိုင်းရိုက်တယ်။
မသေရုံတမယ်ဘဲ။ လူလိမ်လူသေးတယ်၊
ငါ့မှာ-အိမ်ကထွက်လာတဲက-
ကောင်းကောင်း မစားရ
ကောင်းကောင်း မအိပ်ရ
ကောင်းကောင်း မနေရ-
....တော်ပြီ....
အိမ်ပြန်ပြီး
ကျောင်းရေ
တာဘဲ
ကောင်းတယ်


အဒေါ်ကြီးဝိုက်ဆဲအိတ်က ကျနော့်ကိုဆုံးမ
နေပေပြီမဟုတ်လား။
ဖင့် ရုပ်ပါ - အရှင်က
ဒီလိုဘဲလား - ဟင်....
ဝ-လို့၊ လူလို့၊ ချီလို့ ဟုတ်
လား၊
စာကျက်ယင် - စာရတါဘဲ၊
စိါရယင် - အောင်တာဘဲ၊
ပညာတတ်ယင် ကောင်းစား
တာဘဲ ..... ယုက်အစဉ်
မြင်ခင်က ... တဲ့ ကွ.....

....ငါ အိမ်ပြန်တော့မယ်။
ငါ့လို လေလွင့်နေတဲ့ သူစတွေ
ကိုလီ ဈေးမှာ - အများကြီး
ရှိနေသေးတယ်။
သူတို့ကိုလဲ
ငါ့လို
အမြင်မှန်
ရ-စေချင်
လိုက်တာ....
.....

မြောင်းမြမြို့သည် ဧရာဝတီမြစ်၏ မြစ်ခွဲတခု ဖြစ်သော မြောင်းမြမြစ် (ဆိပ်ကြီးမြစ်ဟုလည်း ခေါ်သည်)၏ လက်ျာဖက် ကမ်း ပေါ် တွင် တည်ရှိသည်။ မြို့၏ အကျယ်အဝန်းမှာ ၁.၂၀၃ စတုရန်းမိုင်ခန့်ရှိသည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးချိန်မှစ၍ လူဦးရေတိုးတက် စည်ကားလာသဖြင့် ကွက်သစ်များ တိုးချဲ့ခဲ့ရသည်။ မြေနိမ့်မြေပြန့်မြို့ဟု ဆိုနိုင်သော်လည်း လူနေ ရပ်ကွက်များ တည်ထားသော ကုန်းမြင့်များလည်း ရှိသည်။ ၁၉၆၃ ခုနှစ် ခန့်မှန်းခြေ သန်းခေါင်စာရင်းအရ မြောင်းမြမြို့၏ လူဦးရေမှာ ၂၉၂၃၇ ယောက်ရှိသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၌ ဒုတိယအများဆုံးမှာ ကရင်အမျိုးသားများ ဖြစ်သည်။

မြောင်းမြမြို့၏ ရာသီဥတုမှာ သင့်တင့်မျှတသည်။ မြို့နယ်မှ ဆန်စပါးအထွက်ကောင်းသည်။ အခြား မြို့ရွာများသို့ ရေလမ်းခရီးဖြင့်သာ သွားလာနိုင်၍ ကလသဖ နှင့် ပုဂ္ဂလိကပိုင် သင်္ဘောများဖြင့် ဆက်သွယ်ရောင်းဝယ်ကြသည်။

၁၀၉၃ ခုနှစ်မှစ၍ ခရိုင်ရုံးစိုက်မြို့ကြီး ဖြစ်ခဲ့ရာ၊ ရုံးများ၊ အကျဉ်းထောင်ကြီးစသော အစိုးရ အဆောက်အအုံများ၊ အထက ကျောင်း ငါး ကျောင်းနှင့် အလက အမကကျောင်းများအပြင် မူလတန်း ဆရာဖြစ်သင်ကျောင်းနှင့် စိုက်ပျိုးရေး အထက်တန်းကျောင်းကြီးလည်း ရှိသည်။ ရှေးမင်းများ တည်ခဲ့သော မြို့ဦးထိပ်ရှိ စကြာနန္ဒစေတီ၊ ထာဝတီသာ၊ ရွှေသာလျောင်း၊ မဟာယဂံနဘုရားနှင့် ဗောဓိအောင်မြေဘုရား၊ ပဇ္ဇောတာရုံ စာသင်တိုက်စသော ကျောင်းတိုက်များနှင့် ကမ္မဋ္ဌာန်းတိုက်များလည်း ရှိသည်။



ယခု လက်ရှိ မြောင်းမြမြို့သည် မြို့သစ် ဖြစ်၍ ယခင်ကဆိုပါကြီးဟုခေါ်တွင်ခဲ့ပြီး ရှေးအခါကမူ ကျိုက်အမွန်မြို့ဟု ရှေးစာဟောင်းများတွင် ပါရှိသည်။ မြို့ဟောင်းသည် ယခုမြို့သစ် အနောက်တောင်ထောင့် ခုနစ်မိုင်ကွာတွင် ရှိခဲ့သည်။ ရှေးရာမည် မွန်သုံးရပ်တွင် ပါဝင်ခဲ့၍ ထိုစဉ်က ကျိုက်ဇလဲထော်မြို့ဟု အမည်ရှိခဲ့သည်။ မွန်ဘုရင် မညားဦး၏ ညီတော် လောက်ဖျားမင်းသား တည်ထောင်ခဲ့၍ ယင်းကပင် မွန်ဘုရင် ရာဇာဓိရာဇ်ကို တော်လှန် ပုန်ကန်ခဲ့သဖြင့် မြောင်းမြမြို့သည် ရာဇဝင်သမိုင်း၌ ထင်ရှားခဲ့သည်။ ယင်း မြို့ဟောင်းသည် ၁၈၆၁ ခုနှစ်တွင် မီးလောင် ပျက်စီးခဲ့၍ မြို့သစ်တည်ခဲ့ရသည်။ ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ် အရ ခရိုင်အဆင့်မှ မြို့နယ်ရုံးစိုက်မြို့ဖြစ်လာခဲ့သည်။

မြောင်းမြဟူ၍ ခေါ်တွင်ခဲ့ခြင်း အကြောင်းရင်း သုံးလေးမျိုးရှိသည့်အနက် အနီးစပ်ဆုံးမှာ မွန်ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းအရ မွန်ဘာသာ မံင်မလမှဆင်းသက်လာခြင်းဟုဆိုထားသည်။ မံင်-နေသည်(နေရာ)+မလ-မြတ်ရာပင်ဖြစ်ရာ၊ မြတ်ရာကုန်းဟုယူသော် ရတန်ရာသည်။

ကွယ်လွန်သူ အမျိုးသား ခေါင်းဆောင်ကြီး ဒီးဒုတ် ဦးဘချိန့် စာရေးဆရာ မြိမ ဆရာဟိန်တို့၏ ဇာတိမြေပေတည်း။

နှာခေါင်းသာ ရှာညည်ပါရဲ့


ဟိုမှာရသွေ့ကြီး တယ်း ပါလား
အဲဒါရောများပြတိုက်ကို ငှင်ရသွေ့ထိမှာ စားစရာများရှိယင် ရွှင်ပါဘူးရား
အေး- ပေးပါမယ်ကွယ်
ရော့- ငှက်ပျောသီး တေ့ရှိတယ် စား ပေ တေ့-
ဟာ- ဦးရသွေ့ နှာခေါင်းကြီးက ဘရှည်ကြီးပါလား-.. ရီစရာကြီး-
ဟား-ဟား-ဟား- နှာခေါင်း ကြီးက ဘရှည်ပါလိ ဟား-ဟား-ဟား-..
ကျုပ် နှာခေါင်းရှည်တဲ့ကိစ္စမရှိဘူး၊ သင့်ပါးစပ် သာ မရှည်ပါစေနဲ့၊ သင့်ပါးစပ်ရှည်ယင် တရေ့မှာ သင့်ဒူးကွေကော်လိမ့်မယ်
ဟား-ဟား-ဟား တယည့်တော်ပါးစပ် မရှည်ပါဘူးခင်ဗျို့ အာတိုင်းပါဘဲ
ရှင်မရေ-ဟော် ရှင်မမြန်မြန် ထွက်ခဲ့စမ်းပါ၊ တေ့ထဲမှာ လူထူးတွေ့ခဲ့တယ်-ကွ
ထို့နောက် ဟိတ္ထ မုဆိုးသည် အိမ် ပြန်ရောက်လာသော-

တစ်ညနေ ရေခဲမြို့နှင် လူအများဆုံးသည့်အခါ –
ကျောင်းကြီးကြားတဲ့သတင်း
ဘုရင်နားသို့ ပေါက်ကြားသွားရာ
ဦးရေ့ အာခေါင်းရှဉ်တို့ကို ဘုရားကြီးက
ထို့နောက် ဦးရေ့ကျောင်းသို့ သွားကာ –

ဒီလောက်စေးပေးတဲ့ခရီးကို ငါလမ်းမလျှောက်နိုင်ဘူး၊ သင်ထိုက်စေချင်ယင် ငါ့ကိုထမ်းဗိုးဗြဲ ပင့်ဆောင်လေ
ဦးရသေ့မထိုက် ယင်တော့ ငါလိမ်တယ်ဆိုဗြဲ၊ ငါ့ကို မင်းပွစ်ဒက်ပေး လိမ့်မယ်၊ သူမြောတဲ့ အတိုင်း ခေါ်ရတော့မှာဘဲ-
တိတ္ထာ မုဆိုးသည် ဦးရသေ့ကို ထမ်းပိုးခြင်း ခေါ်ခဲ့ရလေ၏။
အင်း-ဦးရသေ့ ဘာခေါင်းရှည်တဲ့ အမှုန် ပါလိုး၊ ဂဲ-ဟိတ္ထာ မုဆိုးကို အာဇ္ဈမ္မားပေးစေ- ဦးရသေ့ နေထိုင်ရာကို သင်ကိုယ်တိုင် ပြန်လည်ပို့စေ-တဲ့
အချိန်ထန်၍ နှန်းတော်သို့ရောက်သော် ....
ဦး- -အမယ်လေး မောလိုက်တာ
ဦးရသေ့ ကိုကြည့်ဗြိုးလျှောင်ပြောင် ရီမိတဲ့ကိုစွဲလွှတ်ပါ၊ ဦးရသေ့ဖြတဲ့ခရီးကိုဘာ လည်ပါဗြီ၊ နောင်မမှား အောင်ခရီးကို ဆင်မြင်မြော ပါမယ်ဘုရား
အေး- ကောင်းလေစွ
ခါ့ ခွေးခေါင်းထက်သင့်ပါးလိမ်ပို့ရသလိုဟဲ့ ဘာကိုဒုက္ခတွေ့ တာလဲဟင်ဟေ့ ငါသည် သင်နှင့်မထိုက်ပါကသင်ကို မင်းပွစ်ဒက်ခံရအုံးမည်။ သင့်ကိုငါထမ်းပို့ ခိုင်းသည်မှာ၊ သင့်ကိုဆိုးမ မင်းသိမှစ်တယ်

ဘိလပ်ရည်ပုလင်း အဖုံးကို ဖွင့်လိုက်သောအခါ ဘာကြောင့် အမြှုပ်ထွက်လာသနည်း။

ဘိလပ်ရည်ပုလင်းအဖုံးကို ဖွင့်လိုက်သောအခါ ပူဖောင်းလေးများ ပလုံစီတက်လာပြီး အမြှုပ်ထလာသည်ကို သင်တို့ တွေ့မြင်ဘူးကြပေမည်။ တခါတရံ အမြှုပ်မှာ များလွန်းသောကြောင့် ပုလင်းအပြင်ဖက် သို့ပင် လျံကျလာတတ်လေသည်။ တက်လာသော ပူဖောင်းကလေးများမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပူဖောင်းလေးများပင် ဖြစ်သည်။ ဘိလပ်ရည်၏အနှံ့အရသာ ကောင်းမွန်စေရန် ယင်းဓာတ်ငွေ့ကို အသုံးပြုခြင်းဖြစ်သည်။ ဘိလပ်ရည်၏ ချဉ်တင်တင် စူးရှရှ အရသာမှာ ယင်း ဓာတ်ငွေ့ကြောင့်ပင် ဖြစ်သည်။ ဘိလပ်ရည်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ဖိနှိပ်၍ သွင်းထားသည်။ ဖိနှိပ်သွင်းထားခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့မှာ နဂိုရှိပျော်ဝင်နေနိုင်သည်ထက် ပိုမိုပျော်ဝင်၍နေသည်။ အဖုံးကိုဖွင့်လိုက်သောအခါ ဖိနှိပ်မှု လျော့နည်းသွားသောကြောင့် ပိုပြီးပျော်ဝင်နေသော ဓာတ်ငွေ့သည် ပူဖောင်းလေးများအဖြစ် အရည်ပေါ်သို့ တက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ပုလင်းအဖုံးကို တဖြည်းဖြည်းဖွင့်လိုက်သောအခါ ကြားရသော "ရှူး-ရှူး-ရှူး" ဟူသောအသံမှာ ယင်း ဓာတ်ငွေ့ထွက်လာသောအသံပင် ဖြစ်သည်။

တင်လှဦး

ဘယ်ရေနိုင်မလဲ ဆရာမ



အဝေးပြေး လမ်းမကြီးတခု ဘေးတွင် ကုက္ကိုပင်ကြီးတပင် ရှိသည်။ ရာသီကား တလောက လုံး လှပ သစ်လွင် နေသည့် တပေါင်းလရာသီဖြစ်၏။ ကုက္ကိုပင်ကြီးသည် ပူနွေးသော နေ ရောင်အောက်တွင် သူ့အလှကို သူကြည့်ကာ ကျေနပ်နေသည်။ သူ့ပတ်ဝန်းကျင်တွင် သူသာ အပိုးအတန်ဆုံး၊ သူသာအလှဆုံး ဟု ထင်နေသည်။

သူနှင့် မလှမ်းမကမ်းတွင်မူ အို မင်း ဟောင်း နွမ်း သော ကျောက်ခဲတုံးကြီး တတုံး ရှိ၏။ ကျောက်ခဲတုံးကြီးသည် လမ်း ဘေး ချောင်ကျကျ တနေရာ တွင် အမြဲ မိန်းမော ငိုက်မျည်း နေတတ်သည်။ ကုက္ကိုပင်က သူ့အား မကြာခဏ အထင်သေး သောမျက်လုံးဖြင့် ကြည့်တတ် သည်။

"အား–အိုက်လိုက်တာဗျာ၊ ငြိမ်ချက်သား ကောင်းလှချည့် လား ဖိုးကျောက်ခဲရဲ့"

လမ်းမပေါ်မှ ကျောက်စရစ် ခဲလေးတလုံးက ညည်းညူရင်း ကျောက်ခဲတုံးကြီးအား လှမ်း ပြောလိုက်သည်။

"စ ကား လေး ဘဲ့ လေး ပြောပါအုံး၊ ရှေးဟောင်းနှောင်း ဖြစ်ကလေးတွေပေါ့"

"အို–ဒီအဖိုးကြီးမှာ ဘာ ပြောစရာရှိမှာလဲ၊ အမြဲအိပ်ငိုက် ပြီး အပျင်းကြီးနေတဲ့အဖိုးကြီး ဘဲ"

ကုက္ကိုပင်ကဝင်ပြီး ထောက် လိုက်သည်။ သည် တော့ မှ ကျောက်ခဲတုံးကြီးက လှုပ်ရှား လာပြီး–

"အင်း– လူ တ ကိုယ် မှာ ဇာတ်လမ်းတပုဒ်တော့ ရှိစမြဲ ဘဲ"

"ဆိုစမ်းပါအုံးဖိုးကျောက်ခဲ ရဲ့"

ကျောက်စရစ်ခဲ ကလေးက သိချင်ဇောဖြင့် ဆက်မေးသည်။

"ဟိုဝေးဝေးက လှမ်းမြင်နေ ရတဲ့ ညိုညိုတောင်တန်းဟာ ဒို့ ဇာတိပေါ့၊ ဒို့လဲ အစကတော့ အခြေကြီးအခိုကရပါကွဲ့ မောင် ကုက္ကိုရဲ့၊ ဒါပေမဲ့–ဒို့က အဲဒီမှာ တင် ကိုယ့်ကိုယ်ကို အထင်ကြီး မနေချင်တာဟာ ဇာတ်လမ်း အစပေါ့။

အစက ဒီလမ်းမကြီးလဲ မရှိ သေးဘူး၊ မောင်ကုက္ကိုလဲ မမွေး သေးဘူး၊ လမ်းပန်း ဆက်သွယ် ရေးက မကောင်းတော့ ဒီနယ် တဝိုက်ဟာ အလွန် ခေါင်တာ ပေါ့၊ နောက်မှ ဒို့တွေနဲ့ ဒီလမ်း မကြီးကို ခင်းလိုက်ကြတယ်၊ ဒီ လမ်းမကြီး ပြီးသွားတယ် ဆို ယင်ဘဲ ကူးသန်းရောင်းဝယ်ရေး ကောင်း လာ တယ်၊ ဒီနယ် တဝိုက်ဟာ စီးပွားရေးဖွံ့ဖြိုးလာ တယ်၊ ဒါပေမဲ့ အင်္ဂလိပ်အစိုးရ က အခွန်အကောက်တွေ မတ ရား ကောက်လွန်းလို့ ဒို့ဗမာ အလုပ်သမား လယ်သမားတွေ

ဟာ သိပ်ပြီး ဆင်းရဲကြတယ်၊ ဒါကြောင့် အင်္ဂလိပ်အစိုးရကို ဆန္ဒပြဘို့ အလုပ်သမား လယ်သမားတပ်ကြီးတွေဟာ ဒီလမ်းမကြီးပေါ်က ချီတက်သွားကြတယ်၊ တညလုံး မီးဒုတ်ကြီးတွေ တဝင်းဝင်းနဲ့ပေါ့၊ ဒို့တတွေကလဲ မောရမှန်း ပန်းရမှန်း မသိဘူး၊ ကြောက်စိတ် လန့်စိတ်လဲ မရှိဘူး။

အဲ– အင်္ဂလိပ်အစိုးရ ပြေးတော့ ဒို့ကိုမိုင်းဗုံးခွဲပြီး ဖျက်ဆီးခဲ့တယ်၊ ဒို့တတွေဟာ ဒဏ်ရာအနာတရနဲ့ လမ်းဘေးမှာ ကျကျန်ခဲ့တာပေါ့၊ ဒါပေမဲ့ ဒို့ဟာ စိတ်ဓာတ်မကျဘူး။

ဂျပန် တော်လှန်ရေး လုပ်တော့ ဒီလို တပေါင်းလဘဲပေါ့၊ ဂျပန်ကိုတော်လှန်ဘို့ ဒို့တတွေနဲ့ ဒီလမ်းမကြီးကို ပြန်ပြင်ကြတယ်၊ ဗမာ့တော်လှန်ရေးသမားတွေဟာ ဂျပန်ကို တိုက်ခိုက်ဘို့ ဒီလမ်းမကြီးပေါ်က ချီတက်သွားကြတယ်၊ စစ်လက်နက်၊ ပစ္စည်းရိက္ခာတွေကိုလဲ ဒီလမ်းမကြီးပေါ်က သယ်ဆောင် သွားကြတယ်၊ ဒို့တတွေကလဲ စိတ်ဓာတ် တက်တက်ကြွကြွနဲ့ကြွံကြွံခိုင်ခိုင် ကူညီအားပေးခဲ့တယ်၊ ခုတော့ တိုင်းပြည်လဲ လွတ်လပ်ရေး ရပါပြီကွာ”

ကျောက်တုံးကြီးက သူ့စကားကို ခဏ ရပ်လိုက်သည်။

“လက် စ သတ် တော့ ဖိုး ကျောက်ခဲဟာ တော်လှန်ရေး သမားကြီးတယောက်ကိုး....”

ကျောက်စရစ်ခဲ ကလေးက အား ရ ဝမ်း သာ ပြော လိုက်သည်။ကုက္ကိုပင်ကတော့ ဘာမျှ မပြောတော့။

“ကျွန်တော်တို့ ခုလိုသိရ တာ ဂုဏ်ယူပါတယ်ဗျာ”

“ခုလို တပေါင်းလရောက်လို့ ဥဩသံကလေးတွေကြားရယင်၊ ရွက်သစ်ကလေးတွေ ဝေနေတာ မြင်ရယင် ဒို့ကတော့ ဒို့ပါဝင် ဆင်နွှဲခဲ့တဲ့ တော်လှန်ရေးကြီးကို သတိရမိတာဘဲကွဲ့၊ မောင်ကုက္ကို လိုတော့ အလွမ်းအဆွေးနဲ့ စိတ်ကူး မယဉ်တတ်ပေါင်”

ကျောက်စရစ်ခဲကလေးက ကုက္ကိုပင်ကို ကြည့်ပြီး မတိုးမကျယ် ရယ်လိုက်သည်။

“အေး–ဒို့ကတော့ အသက်ကြီးပါပြီ၊ မင်းတို့ခေတ်၊ မင်းတို့တာဝန်၊ မင်းတို့အလှဲဘဲ ကျန်တော့တယ်”

ကျောက်ခဲတုံးကြီးက သူ့စကားကို အဆုံး သတ် လိုက်သည်။

ကုက္ကိုပင်ကမူ သူပြောမိသည့် စကားမျှားအတွက် ရွက်သွားသည့် အလား မျက်လွှာချ၍ ငြိမ်သက်နေတော့သည်။

နွေဦးပွဲ

နွေဦးရောက်တော့ လေရူးပေါ့၊
ဥဩသံသာဝေ။

လယ်ယာမြေ ရွှေရောင်ဝင်း၊
စပါးစိုက်တဲ့ကွင်း။

ဖော်ချင်းတို့ရေ လာကြဟော၊
ရိတ်ကြသိမ်းကြမလေ။

တို့တိုင်းပြေ အခြေတင့်၊
စပါးတောင်လိုမြင့်။

ဝင့်ဝင့်ကြွားကြွား တို့နိုင်ငံ၊
စပါးအခြေခံ။

ဖူလုံပြန်ပေါ့ နှစ်စဉ်အမြဲ၊
နွေဦးရိတ်သိမ်းပွဲ။ ။

မောင်လှိုင်သွ

ဖြူငယ်

အာရှနှင့် အာဖရိက တိုက်များတွင် တွေ့နိုင်သော တိရစ္ဆာန်ငယ်တမျိုး ဖြစ်သည်။ ကိုယ်ထည် အလျားမှာ တပေခန့်ပင်မရှိပေ။ မျက်နှာတဝိုက်နှင့် ဝမ်းပိုက်ပိုင်းတွင် အမွေးကြမ်းများဖုံးအုပ်လျက်ရှိပြီး၊ ကျောနှင့် နံဘေး အားလုံးတွင် ဆူးများ အထပ်လိုက် ပေါက်နေသည်။ သာမန်အချိန်တွင် ဆူးများ အားလုံး ကိုယ်တွင်ပြားကပ်နေသည်။ အန္တရာယ် ရှိလာသောအခါဆူးများ ထောင်ထလာသည်။ ထို့နောက် ဦးခေါင်းကို ရှေ့လက်များ အကြား တွင် သွင်းကာ ကိုယ်ကိုဘောလုံးကဲ့သို့ လုံးကျစ် ထားလိုက်သည်။ ထိုတခါ ဆူးများအထဲတွင် လုံခြုံစွာနေနိုင်သည်။ ယင်းသို့သောအချိန်တွင် အခြား တိရစ္ဆာန်များလည်း မကပ်ဝံ့တော့ပေ။

ခွေးတူဝက်တူနှင့် မြေခွေးတို့သာ တခါတရံ ဖြူငယ်ကို တိုက်ခိုက် သတ်ဖြတ် စားကြသည်။

ဖြူငယ်များသည် မှောင်စပျိုးသည်နှင့် ထွက်လာတတ်ကြသည်။ ခြေချောင်းများ တို သော်လည်း အပြေးမြန်သည်။ ခရု၊ ပတ်ကျို၊ တီကောင်နှင့်ပိုးမွှားများကို ရှာဖွေစားသောက် သည်။ အသားဟူသ၍ စားသည်။ ငှက်ပေါက် ကလေးများနှင့် ကြွက်များကိုလည်းစားသည်။ အဆိပ်ပြင်းသော မြွေဆိုးများကိုပင် တိုက်ခိုက် သတ်ဖြတ် စားတတ်သည်။ အစာရှာလျှင် နှာခေါင်းဖြင့် အနံ့ခံ၍ ရှာသည်။

မေလနှင့် ဇွန်လများတွင် သားပေါက်လေ့ ရှိပြီး၊ သုံးကောင်မှ ခုနှစ်ကောင်အထိ ပေါက် ဖွားလေ့ရှိသည်။ သားငယ်များ မွေးကင်းစတွင် ဆူးမပါပေ။ မကြာမီဆူးနုများထွက်လာသည်။ သုံးပတ်ခန့်ကြာမှ ဆူးများ မာလာသည်။ အန္တရာယ်ရှိပါက မိခင်ကြီးသည် ဘောလုံးကဲ့သို့ လုံးလိုက်ပြီး မိမိ တကိုယ်ကောင်း ကာကွယ် နေတတ်ပြီး၊ အန္တရာယ်ရှင်းမှ သားငယ်များကို လုံခြုံရာအရပ်သို့ ကိုက်ချီ ယူသွားတတ်သည်။

ရဲမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဒုဖဝါ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဆုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်ဝ

ကြက်ကလေးတွေ ချစ်ကြသည်

ဇာတ်လမ်း- မောင်ကဉ်နိုင် ဒေါ်ဖော်

၁၃၉၅-ခု၊ နှောင်းတန်ခူးလဆန်း ၁၅ ရက် (၆-၄-၇၄)

ဟုတ်ပါပြီ။ ကျွန်တော်ကတော့ ဒီအတိုင်းပဲ ပြန်ပြီး ကြည့်နေလိုက်ပါမယ်။ ဟင်း- ခွေးတွေကတော့ ဘာမှ မသိကြပါဘူး။

ကြည့်ပါဦး။ ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။ ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟင်း- ဒီကောင်တွေ ဘာတွေ ပြောနေကြတာလဲ။

ဟာ-နွိုလိုလာမဟုတ်ပါဘူးဟုတ်ဘူးကျယ်အသစ်ပေးသော
ပျိုကြီးအဆင့်အတန်းမြင့်ပါစေတော့

ဒီလိုနဲ့သူတို့နှစ်ကောင်သွားကြတိုးအသိမ်တခုထဲမှာ
ဝန်ကြီးတော်ဆိုးအတွက်အိပ်အတွက်ဝန်ပေါ်လိုက်
ကြတော့သောနည်းငယ်ကြောင်းအတွက်ကိုလိုင်းနွဲ့
သွားကြတယ်

ဟာ-နွိုလိုလာမဟုတ်ဘူးဟုတ်ဘူးကျယ်အသစ်ပေးသော
ပြုပြင်တယ်ဒါဝန်ကြီးမို့ဒီသစ်ပင်မှာအတွက်ဝန်ပေါ်အခါကျော်ကြီး
သူ သိပ်ဂုဏ်ကြီးတယ်အတွက်ဝန်းတယ်ရိုလိုရိုလသေ
တယ်ဗျ။

အသစ်ဟုတ်ပေါ်ကျော်ကြီးအတွက်ဝန်းတယ်ရိုလိုရိုလ်
ဒါဝန်ကြီးဝန်ပေါ်ကျော်ကြီးကို တွန်းထိုးထားခဲ့ခြင်းပါ။

ဟုတ်ထားပါ။အတွက်ဝန်ရိုလိုရိုလ်
ကျော်ကြီးဝန်ပေါ်ကျော်ကြီးကို

အသစ်ကြီးငှက်-ဒီဘုတ်ငှက်နဲ့
အကြီးမကြီးကောင်ကြီးကြီးဝန်
တွန်းထိုးထားခဲ့ခြင်းပါ။

ဟုတ်ထားပါ။အတွက်ဝန်ရိုလိုရိုလ်
ကျော်ကြီးဝန်ပေါ်ကျော်ကြီးကို

သွားကြတယ်

ဒီလိုနဲ့သူတို့နှစ်ကောင်သွားကြတိုးအသိမ်တခုထဲမှာ
ဝန်ကြီးတော်ဆိုးအတွက်အိပ်အတွက်ဝန်ပေါ်လိုက်
ကြတော့သောနည်းငယ်ကြောင်းအတွက်ကိုလိုင်းနွဲ့
သွားကြတယ်

ဟာ-နွိုလိုလာမဟုတ်ဘူးဟုတ်ဘူးကျယ်အသစ်ပေးသော
ပျိုကြီးအဆင့်အတန်းမြင့်ပါစေတော့

ဒို့လိုက်ဖို့ ခြင်္သေ့ကြီးတစ်ကောင် - ဟိုကြည့်ဟာ

အကောင်းပဲ ဟာ - ဒို့လိုလူတစ်ယောက်ကို ကျေးဇူးတင်ရမှာပေါ့ ဒီတော့ ဒို့ကို ကယ်ပါ

ဟုတ်တယ်-ဟုတ်တယ် - ဒီတိုင်းဆို ဒို့တွေ သိပ်ကြာကြာ မရှင်သန်ကြတော့ဘူး

ဒီတိုင်းဆို ဒို့တွေ သိပ်ကြာကြာ မရှင်သန်ကြတော့ဘူး - ဒီတိုင်းဆို ဒို့တွေ သိပ်ကြာကြာ မရှင်သန်ကြတော့ဘူး

ဒီတိုင်းဆို ဒို့တွေ သိပ်ကြာကြာ မရှင်သန်ကြတော့ဘူး - ဒီတိုင်းဆို ဒို့တွေ သိပ်ကြာကြာ မရှင်သန်ကြတော့ဘူး

မဟာသမည္ပါဒကာလီ

ရာဇာလာမင်္ဂဒေဝနှင့် သရဘင်္ဂဖြစ်ပုံ

တချိန်တုန်းက အလွန်ရဲရင့်သည့် စစ်ဗိုလ်လေးတဦး ရှိလေသည်။ ထိုစစ်ဗိုလ်လေး၏ အမည်မှာ သီဟမလ ဖြစ်၏။ စစ်ဗိုလ်လေး သီဟမလသည် ....



ပညာဉာဏ် အမြော်အမြင်နှင့်လည်း ပြည့်စုံသည်။

ရဲရင့်စွာ တိုက်ခိုက်တတ်၍လည်း နာမည်ကျော်ကြားသည်။



တခါသော် သီဟမလ နေထိုင်ရာ ဝေသာလီပြည်ကို တိုင်းတပါးမှ လာရောက် ကျူးကျော် တိုက်ခိုက်လေသည်။



ထိုအခါ သီဟမလက ရွပ်ရွပ်ခြုံခြုံ ခုခံတိုက်ခိုက်သဖြင့် –



ရန်သူများ အရေးနိမ့်သွားလေသည်၊

စစ်မိုလ်လေး သီဟမလ၏ ဒဏ်ရာမှာ ဆေးကုရှိပျောက်ကင်းသွားသော်လည်း ခြေတဖက်မှာ ထော့နင်း ထော့နင်း ဖြစ်၍ ကျန်ရစ်လေသည်၊

ရန်သူများသည် ဒုတိယ အကြိမ် စစ်ချီလာကြပြန်သည်၊

သီဟမလလည်း ဝေဆာလီပြည်ကို ရန်သူများ စစ်တိုက်ရန် လာကြပြန်ပြီ ဟူသော သတင်းကို ကြားလျှင်....

ခြေထောက် ထော့နင်း ထော့နင်းနှင့်ပင်-

ထိုအခြင်းအရာကို မြင်သောအခါ နဂိုရင်းကပင် သီဟမလအပေါ် မနာလို ဝန်တိုဖြစ်နေကြသော အခြားစစ်မိုလ်များက လှောင်ပြောင်ကြလည်း


ဗိဘိသီဟမလ ခြေထောက်တော့နင်း၊ ဆော့နင်း
နို့၊ ဥမ္မဒန္တီကို ကို-ဒီကနောက်ဆုတ်ပြေး၇
ယမ်ဆိုင်း၊ တယ်၊ ပိုလှသပါကော့၊ ဥမ္မဒန္တီတော်
တော့ခံ၇တော့မှာသာ။


စစ်တိုက်တယ်ဆိုတာ၊ နောက်ဆုတ်ဖို့
ဖယ်တတ်ဖူးကွဲ့ ရှေ့ကြီးမြတ်ကဲ့သို့
ဖြစ်တယ်၊ ဥမ္မဒန္တီတွေကနိုင်ရင်ပဲလေ
နောက်မဆုတ်ဘဲ၊ ခွဲခံတိုက်ခိုက်ဖို့ပါ။

သီဟမလက အချက်ကျကျ ပြန်ပြော လိုက်သော
အခါ ထိုစစ်ဗိုလ်မှာ အရှက်ရသွား၏။

ထို့နောက် စစ်ဗိုလ်လေး သီဟမလသည် စကားနှင့်အညီ
ရန်သူများကို ရွှဲရွှဲခွံခွံ၊ ဝင်ရောက်တိုက်ခိုက်ကာ –


အောင်ပွဲ ဆင်လိုက်ပြန်သဖြင့် အချီးကျူးခံရ၏။
မောင်မင်းဂြိုဟ်ဥယျာဉ်ကို ငါကြိုယ်တော်
ဖြတ်ဖာသိဖာမှတ်ပြုသည်။

သီဟမလကား မိမိ၏စစ်သည်တော်ဘဝကို ဂုဏ်ယူ၍မဆုံး
ရှိလေ၏။
ပြီး

မော်လမြိုင်ကျွန်းမြို့

ဂေးအုံ-ဂေနံဖြေစု-
သချပ်ဖော-ကဆုံ

မော်လမြိုင်ကျွန်းမြို့သည် ဧရာဝတီတိုင်းတွင် ပါဝင်သော မော်လမြိုင်ကျွန်းမြို့နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။ ဧရာဝတီမြစ်၏ မြစ်ခွဲတခုဖြစ်သော ရာဇာဒိုင်မြစ်နှင့် တုံးလဲချောင်းတို့ဆုံရာ ကျွန်းငယ်တခုပေါ်တွင် တည်ရှိသည်။ ၁၉၇၂ ခုနှစ် ဩဂုတ်လတွင် ခရိုင်ရုံးများ ဖျက်သိမ်းလိုက်သည် အထိ မြောင်းမြခရိုင်အတွင်း ပါဝင်ခဲ့သည်။

မြို့သည် အလျား ၂ မိုင် အနံ ၁.၅ မိုင်ခန့် ရှိ၍ ၁.၂၂၂ စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။ နေထိုင်ကြသူများမှာ မြန်မာနှင့် ကရင်လူမျိုးများ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ၌ ခရစ်ယန် အနည်းငယ်ရှိသည်။ လူဦးရေမှာ ၁၉၆၂ ခုနှစ် ခန့်မှန်းခြေ သန်းခေါင်စာရင်းအရ ၁၇၆၄၁ ယောက်ခန့်ရှိသည်။

မော်လမြိုင်ကျွန်းမြို့သည် မိုးများသည်။ ပင်လယ်နားနီး၌ အပူသက်သာသည်။ ရန်ကုန်၊ မြောင်းမြ၊ ညောင်တုန်း၊ လှိုင်းဘုန်း စသော အခြား မြို့ရွာများနှင့် ရေကြောင်းဖြင့်သာ ဆက်သွယ်သွားကြရသည်။

ဆန်စပါးပထမတန်းထွက်သော မြစ်ဝကျွန်းပေါ်မြို့ဖြစ်၍ မြို့ဆင်ခြေဖုံးတွင် ဆန်စက်များ ရှိသည်။ မြို့နယ်မှ အခြားထွက်ကုန်များမှာ ငါး၊ ပုဇွန်နှင့် ထင်းဖြစ်သည်။

မဟုတ်တော့ပဲ မြွေနီစပယ်အဖွဲက ဆောင်ရွက်လာသည်။

မော်လမြိုင်ကျွန်းမြို့သည် မူလက ရွာငယ်ကလေးမျှသာ ဖြစ်သည်။ သင်္ဘောများ၊ ကြိမ်များ ခုတ်ထွင်သူများနှင့် ရေလုပ်သားများသာ နေထိုင်ကြသည်။ အင်္ဂလိပ်များ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက်တွင် ထိုရွာနေရာမှ အနောက်ဖက်ရှိ တောများကို ခုတ်ထွင်ရှင်းလင်းကြရာ လယ်ကွင်းများဖြစ်ပေါ်လာပြီးမြို့တည်သည်။ ၁၀၉၉ ခုနှစ်တွင် ဈေးရုံနှင့် ကျောင်းနှင့် သိုက်သိုက်မြိုက်မြိုက် ဖြစ်လာသည်။ မြို့ရွာစည်ပင်ရေးအတွက် ၁၉၅၅ ခုနှစ်မှစ၍ တောင်းကော်မီတီ

မော်လမြိုင်ကျွန်းဟု ခေါ်တွင်လာခြင်းမှာ မြို့၏ အရှေ့ဖက်တွင် ရှေးအခါက မော်လမြိုင်ပန်းများ ထူထပ်စွာ ပေါက်ရောက်ကာ ရေပတ်လည်ဝိုင်းရံလျက်ရှိသော ကျွန်းငယ်ဖြစ်နေသည်ကို အစွဲပြု၍ ခေါ်တွင်ခဲ့သည်ဟု ဆိုလေသည်။

မော်လမြိုင်ကျွန်းမြို့ကို အရပ်အခေါ်အားဖြင့် မော်ကျွန်းဟူ၍ ခေါ်ဝေါ်နေကြသည်။



နံနက်ခင်း

အတိလမ်း မြေးသူ

သရဲ့ဖော်



အရက် တက်သည်နှင့် တပြိုင်နက် တောထဲရှိ ငှက်ကလေးများသည် တိုပင်သည်ပင်ကူးပြီး သီချင်းများ သီဆိုကြသည်။

အချို့သော ငှက်ကလေးများက ကောင်းကင်သို့ ပုံတက်ပြီး....



အခြားသောသတ္တဝါများ အိပ်ရာမှနိုးပြီ ဖြစ်သော်လည်း ဖိုးဇွန်ကွက်မှာ တညလုံး လျှောက်သွားနေသဖြင့် အိပ်မောကျဆဲ ဖြစ်၏။

ဖိုးဇွန်ကွက်သည် ငှက်ကလေးများ ဆူညံစွာ မည်သံကြောင့် အိပ်ရာမှ နိုးသွားပြီး....



ငှက်ကလေးများသည် ဆူညံစွာ သီချင်းဆိုကြ၊ စကားပြောနေကြ၍ ဖိုးဇွန်ကွက်၏စကားကိုမကြား လိုက်ပေ။

သို့သော် သစ်ပင်ကြီးတပင်က ကြားသဖြင့် ဖိုးဇီကွက်အား အပြစ်တင်သော လေသံဖြင့် –



အနီးရှိ ကျောက်တုံးကြီး တတုံးကလည်း

တဖန် ရေအိုင်ထဲတွင် ရေကူးနေသော ဖား ကလေးကလည်း –

ထိုအခါ တီကောင်လေးတကောင်ကလည်း မြေကြီးထဲမှ ထွက်လာကာ –



အငြင်းအခုံ ဖြစ်နေကြစဉ်မှာပင် ကောင်းကင်တပြင်လုံး နီရဲလာလေသည်။ ပထဝီမြေကြီးသည်လည်း မြကမ္ဘလာကဲ့သို့ စိမ်းမြ၍ သွားလေသည်။



နေလုံးကြီးသည် အလွန်ပူလောင်သော သံလုံးကြီးပမာ နီရဲကာ မိုးသားကြားမှ ထွက်ပေါ်လာသည်။



အားလုံးသော မျက်စိများသည် နေဆီသို့ ရောက်သွားကြလေသည်။ နေသည် တစုံတဦးသော သူကို နောက်ပြောင်သည့်ဟန်ဖြင့် ကြည့်နေ၏။

ငှက်ကလေးများ၏ အသံသည် ပိုမို၍ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ကောင်းကင်အနှံ့ ပုံသွားကြလေသည်။



ထိုအခါမှ ဖိုးဇီကွက်လည်း နံနက်ခင်း၏ အလှကို သဘောပေါက်သွားတော့သည်။



မိုးပျံပူဖောင်းများသည်
အဘယ်ကြောင့်
မိုးပေါ်သို့ ပျံတက်နိုင်သနည်း။

ပဲ့စေ့းများတွင် မိုးပျံပူဖောင်းများကို သင်တို့တွေ့ရပေလိမ့်မည်။ မိုးပျံပူဖောင်းနှင့် ရိုးရိုးပူဖောင်း မတူ ရခြင်းမှာ မိုးပျံ ပူဖောင်းသည် မိုးပေါ်သို့ ပျံတက်နိုင်သောကြောင့် ဖြစ်သည်။ ရိုးရိုးပူဖောင်းမှာ မိုးပေါ်သို့ မပျံတက်နိုင်ပေ။ ဤသို့ဖြစ်ရခြင်းမှာ မိုးပျံပူဖောင်းတွင် ငရဲမီးမှ ရရှိသော ဓာတ်ငွေ့ကို ထည့်သွင်းထားသော ကြောင့် ဖြစ်သည်။ ၎င်း ဓာတ်ငွေ့ကို ဟိုက်ဒြိုဂျင်ဟု ခေါ်သည်။ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့သည် လေထက်ပေါ့သည်။ လေထက်ပေါ့သော ဓာတ်ငွေ့မှန်သမျှသည် မိုးပေါ်သို့ ပျံတက်နိုင်သည်။ မီးခိုးခေါင်တိုင်မှ ထွက်သောလေပူသည် လေအေးထက်ပေါ့သောကြောင့် အထက်သို့တက်သည်ကို သင်တို့ တွေ့မြင်ဘူးပေလိမ့်မည်။ ထို့အတူ လေထက်ပေါ့သော ဟိုက်ဒြိုဂျင်ဓာတ်ငွေ့ပါသည့် မိုးပျံပူဖောင်းသည်လည်း မိုးပေါ်သို့ ပျံတက်ရခြင်း ဖြစ်သည်။

တင်လှဦး



ကျွန်တော့် နာမယ်ကတော့ မောင်နိုတဲ့။ ကျွန်တော့်မှာ အဖေလဲ မရှိဘူး။ အမေလဲ မရှိဘူး။ ပြီးတော့ အကို၊ အမ၊ ညီတွေ ညီမတွေလဲမရှိဘူးခင်ဗျာ့။

စျေးတို့ဆေးရုံတို့၊ကျောင်းတို့ နားမှာ ကျွန်တော့်လို သူတွေ ရှိကြပါတယ်။ အခု ကျွန်တော့်နေရာက လူစည်ကားတဲ့ လမ်းဘေး ပလက်ဖောင်း တခုပေါ် မှာပါဘဲ။ဒါပေမဲ့လမ်းဘေးမှာ နေတဲ့ ကျွန်တော့်ကို လူပေါ်လူတေလေးတယောက်လို့တော့ မထင်လိုက်ပါနဲ့။ ကျွန်တော့် ဟာကျွန်တော် အေးအေးဆေးဆေး နေပြီး လူတဖက်သားကို အကူအညီပေးနေတာပါ။

ကျွန်တော့်မှာ သူငယ်ချင်းတယောက်တော့ ရှိပါရဲ့။ သူဟာ လမ်းကြို လမ်းကြား၊ အိမ်ကြို အိမ်ကြား လျှောက်သွားနေတဲ့ ခွေးလေ ခွေးလွင့် တကောင်ပေါ့ဗျာ။ သူနာမယ်က ဂုတ်ကျားတဲ့။

မနက်ပိုင်းဆို သူ ကျွန်တော့် အနား ရောက်လာပြီ။ အမြီးလေး တနှဲ့နှဲ့နဲ့။ ပြီးတော့ မဲနက်နေတဲ့ သူနှုတ်သီးနဲ့ ကျွန်တော့် တကိုယ်လုံးကို လျှောက်နမ်းတော့တာဘဲ။ ပြီးမှ –

"ဟေ့ကောင် မောင်နီ၊ မင်းနေ ကောင်း ရဲ့လား၊ ငါတော့ အစာ သွားရှာအုံးမယ်ကွာ"လို့ ပြောပြီး သူ ကျွန်တော့်အနား က ထွက်သွားပါလေရော။

ကျွန်တော်လဲ ကျွန်တော့် ဘေးက ဖြတ်သွားတဲ့ ကျောင်းသူ ကျောင်းသားလေး တွေ ကို စိတ် ဝင် စား စွာ ကြည့် နေ မိ တယ်။ ပြီးတော့ သူတို့ကလေး တွေရဲ့ ဘဝကို သိပ်အားကျတာဘဲ။ သူတို့လိုလဲ ကျောင်းသွား ချင်လိုက်တာ။ ကျောင်းနေရတာ သိပ်ပျော်စရာ ကောင်းမှာဘဲနော်။

ကျောင်းမှာဆိုတော့ စာလဲသင်ရမယ်။ ပျော်ပျော်ပါးပါးလဲ ကစားရမယ်။ ဘောလုံးကန်တမ်း ကစားမလား။ လိုက်တမ်း ပြေးတမ်း ကစားမလား။ ဒါမှမဟုတ် ဂေါ်လီ ရိုက်တမ်း ကစားမလား။ အို စုံလို့ စုံလို့။

ဒါပေမဲ့ ကျွန်တော့် ဘဝကတော့ မြင်တဲ့အတိုင်းပါဘဲဗျာ။ ကျွန် တော့် နေ ရာ က တဖဝါးမှ ချွေလို့မရဘူးခင်ဗျာ့။ မိုးရွာယင် အစို၊ နေပူယင် အခြောက်၊ တနေ့လုံး တညလုံး ဒီနေရာမှာဘဲ ငုတ်တုတ်ထိုင်နေရတဲ့ ဘဝပါဗျာ။

ပျင်းစရာ ကောင်းတာကလဲ အလွန်ပါဘဲ။ ကျွန်တော့်နဘေးမှာရှိတဲ့ ကိုခေတ်တိုင်ရယ်၊ ကျွန်တော့် နောက်ဖက်မှာရှိတဲ့ ဦးညောင်ပင်ကြီးရယ်တို့က ကျွန်တော့်လို ချာတိတ်ကို အရေးမလုပ်ကြဘူးဗျ။ သူတို့က သူတို့အလုပ်နဲ့သူတို့။ ကိုခေတ်တိုင်က လမ်းပေါ် မှာ မားမားကြီး ရပ်ပြီး လျှပ်စစ် ခေတ်ကြိုးတွေကို ထိန်းနေတာဘဲ။ ဦးညောင်ပင်ကြီးကလဲ လူကြီးပီပီ တရားထိုင်ကျင့်နေတာပါဘဲဗျာ။

ဒါကြောင့် အဖော်မဲ့နေတဲ့

ကျွန်တော့်အဖြစ်ကို ဝမ်းမနည်း ပါဘူး။ ကျွန်တော့်မှာလဲ ကျွန် တော့်အလုပ်နဲ့ ကျွန်တော်။ ပြီး တော့ ကျွန်တော့်ကို အားကိုး တဲ့လူတွေက အများကြီးမဟုတ် လား။

ဒီ အ ထဲ မှာ စော စော က ကျောင်း သူ ကျောင်း သား ကလေးတွေလဲ ပါတာဘဲ။ နွေ ကြီး၊ ရက်ကြီး၊ အခါကြီးတွေ မှာ သိပ်အလုပ်ပေးတဲ့ ကျောင်း သူ ကျောင်းသားကလေးတွေ ပေါ့။ လွတ်လပ်ရေးနေ့တို့၊ ပြည် ထောင်စုနေ့တို့၊ နှစ်သစ်ကူးနေ့ တို့၊ အလုပ်သမားနေ့တို့၊ အာ ဇာနည်နေ့တို့တွေမှာ ရပ်ဝေးက ချစ်မိတ်ဆွေတွေထံ အမှတ်တရ ပို့စကဒ်လေးတွေ သိပ် ပို့ ကြ တယ်။ သိပ်လှတဲ့ ရောင်စုံ ပို့ စကဒ်လေးတွေကလဲ သိပ်ချစ် စရာ ကောင်းတာဘဲဗျ။ ကျွန် တော့်မှာဆို အလုပ်တွေက များ လိုက်တာ လက်တောင် မအား ရဘူး။

ပြီးတော့ ကျွန် တော့် ကို အားကိုးတဲ့ လူကြီးတွေ က လဲ တမျိုး။ သူတို့ ကျွန်တော့်ထံ ရောက်လာပြီး စာအိတ်တွေပေး သွားကြတယ်။ အဲဒီအခါ ကျွန် တော်က "သိပ်အလုပ်ရှုပ်တဲ့ လူ တွေဘဲ"လို့ ဘယ်တော့မှ မ ညည်းပါဘူး။ သူတို့ ပေးခဲ့တဲ့ စာတွေကို လုံလုံခြုံခြုံ သိမ်းထား ပြီး အချိန်ကျတာနဲ့တပြိုင်နက် သက်ဆိုင်ရာ စာသိမ်း လုပ်သား ကြီးတွေ လက်ထဲ အပ်လိုက်ရ တာပေါ့ဗျာ။ တနေ့နှစ်ခါဆိုပါ တော့။

ဒါကြောင့်မို့လို့ဘဲ ထင်ပါရဲ့၊ ကျွန်တော့် မိတ်ဆွေ ဂုတ်ကျား က ကျွန်တော့်ကိုကြည့်ပြီး ချီး မွမ်းခန်းဖွင့်တာ။ သူက –

"ဟော့ မောင်နီ၊ မင်းဟာ လုပ်သားပြည်သူတွေ တကယ် အားကိုးရတဲ့ လုပ်သားကောင်း လေး တယောက်ပါဘဲကွာ။မင်း ကြောင့် သူတို့တတွေဟာ ရပ် ဝေး ရပ်နီးက မိတ်ဆွေတွေဆီ စာရေး ဆက်သွယ်နိုင်ကြတာ ကွ။ တကယ်လို့ မင်းသာ မရှိ ယင် သူတို့အားလုံး အခက်တွေ့ ကုန်ကြမှာအမှန်ဘဲ။ ဒါကြောင့် နေပူ မိုးရွာမရွာင်၊နေ့ည်မရွေး အလုပ်လုပ်နေတဲ့ မင်းအတွက် ဂုဏ်ယူပါတယ်ကွာ"တဲ့။

ဟုတ်တာပေါ့။ ဂုတ်ကျား ဂုဏ်ယူမယ်ဆိုလဲ ဂုဏ်ယူစရာပါ ဘဲ။ ကျွန်တော့် အလုပ်က တ ကယ့် အရေးပါ အရာရောက်ပေ သကိုး။

ဒါကြောင့် ကျွန်တော့်အဖို့ ဘယ်လောက် ပျင်းပျင်း၊ ဘယ် လောက် နေပူပူ၊ ဘယ်လောက် မိုးရွာရွာ ကျွန်တော့် ဘဝကို စိတ်မပျက်ပါဘူး။ ကျေနပ်စွာနဲ့ တာ ဝန် ကျေ အောင် ထမ်း ဆောင်ဖို့ဆုံးဖြတ်လိုက်ပါတယ်။

တ က ယ် ဆို တော့ ကျွန် တော်ဟာ လူ ထု အ ကျိုး ကို သည် ပိုး နေ တဲ့ စာ တိုက် ပုံး ကလေးမဟုတ်ပါလားခင်ဗျား။

× × ×

စင်ရော်

သောင်ခုံမှာရပ် မားမားမတ်၊
ခြေလျင် ကမ်းတက် တပ်။

မြစ်ကြောင်းထပ်ထပ်
လှည့်ပတ်ပျံ၊
လေတပ်"ဂျက်"ယာဉ်ဟန်။

စုန်အဆန် ရေမှာမျော၊
ရေတပ်ဖွဲ့သဘော်။

လေရောရေရော
ကမ်းတက်လျင်၊
စွမ်းစဘက်စုံကျင်။

ဖြူစင်စင် စင်ရော်လှ၊
ရေကြောင်းသူလမ်းပြ။ ။

စန္ဒာမြင့်

ပွေး

ပွေးသည် မြေအောက်တွင် ကျင်းများတူး၍ နေထိုင်သောသတ္တဝါဖြစ်သည်။ ဥမင်လိုက် ခေါင်းတူးတတ်သော တိရစ္ဆာန်အင်ဂျင်နီယာများထဲတွင်ပါသည်။ ကျဉ်းမြောင်းသော ဥမင်လိုက်ခေါင်း ကလေးများထဲတွင် ရှေ့နောက် ဆုတ်တက်သွားလာနိုင်သည်။ အမြီးတိုခြင်း၊ အမွေးများ တည့်မတ်စွာ ပေါက်ခြင်းတို့ကြောင့် ယင်းသို့ အလွယ်တကူ ရှေ့နောက်ဆုတ်တက် သွားလာနိုင်ခြင်း ဖြစ်သည်။ မြေအောက်အ မှောင်ထဲတွင် နေခြင်းကြောင့် မျက်စိနှင့် နား ကို အနည်းငယ်သာအသုံးချဖို့ လိုသည်။ ထို့ ကြောင့် မျက်စိနှင့်နားများသည် အလွန်သေး ငယ်ပြီး အမွေးများထဲတွင် ဖုံးကွယ်နေသည်။ ဖုံများ၊ အမှုံများ အလွယ်တကူ မဝင်နိုင်ရန် လည်း ဖြစ်သည်။ ဥရောပ တောင်ပိုင်းနှင့် မြောက်အမေရိကတိုက်ရှိ ပွေးများတွင် မျက်စိ ကို ဖုံးကွယ်ရန် အရေခွံပါးများပါရှိသည်။ ပွေး၏ နှာခေါင်းသည် ထိတွေ့မှုအာရုံ အလွန် ကောင်းသည်။ နှုတ်ခမ်းမွေးများက ထိတွေ့မှု အာရုံကောင်းအောင် ကူညီပေးပုံရသည်။

ပွေး၏ ရှေ့လက်များမှာ အလွန် သန်မာ သည်။ ရေကူးသမားလက်ပစ်ကူးသကဲ့သို့ မြေ ကြီးများကို ရှေ့လက်များဖြင့် တူးယက်သည်။ လက်သည်း ငါးချောင်းစီပါရှိပြီး အလွန်မာ ကျောသည်။

မြေအောက်တွင် သုံးပေမှ ခြောက်ပေ အ နက်အထိ လိုက်ခေါင်းငယ်များကိုတူး၍ အိမ်ဖွဲ့ နေသည်။ တူးယက်ထားသော မြေသားများမှ အချို့ကို လိုက်ခေါင်းနံရံ သိပ်သည်းခိုင်မာ အောင် မွမ်းမံရာတွင် အသုံးပြုပြီး အချို့ကို မြေမျက်နှာပြင်အပေါ် သို့ တွန်းပို့စုပုံထားလေ့ ရှိသည်။

အဓိကအစာမှာ တီကောင်ဖြစ်သည်။ တီ ကောင်များကို ဖမ်းဆီး၍ ဥးခေါင်းများကို ဖြတ်ကာ သိုလှောင်ထားတတ်သည်။ ဥးခေါင်း ပြတ် တီကောင်များမှာ ရှင်လျက်ဖြစ်သော် လည်း ထွက်မပြေးနိုင်ပေ။

သစ်ရွက်၊ မြက်စသည်တို့ဖြင့် အသိုက်ပြု၍ သားမွေးသည်။ နှစ်ကောင်မှ ခုနစ်ကောင်အထိ ပေါက်ဖွားသည်။ ပွေးတို့၏ သက်တမ်းမှာ သုံးနှစ်ခန့်ဖြစ်သည်။

ရဲမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ခုဖာ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွာသူငယ်

သင်္ကြန်နှင်

၁၃၇၅ ခု၊ နှောင်းတန်ခူးလဆုတ် ၇ ရက် (၁၃-၄-၂၄)



ပျော်ပျော်ရွှင်ရွှင်

မန်းချို-ဦးဘကြည်
စိတ်ကူးပန်းချီ-လွမ်းနိုင်ဦး
[ရေယျဝတီ]

သင်္ကြန်အကျနေ့ဖြစ်ပါသည်။



ပထမကားတစီး လာဆိုက်သည်။

ဘုတ်ဆုံကရေပုံးနှင့်၊ ပေါက်ဆီက ပြွတ်နှင့်၊ လံတားက ခွက်နှင့်ပက်ကြ၏။



ထိုကားထွက်သွားပြီးနောက် ဂျစ်ကားတစင်း ရောက်လာပြန်သည်။

ကားမောင်းသောလူကြီးက

ကလေးတွေ -
ကောင်းကောင်းပက်ကြ နော်၊
ရေထုပါနဲ့တော့
ဖပေါ် ကိုနဲ့ -
ခွက်စောင်းလေး
မခူတ်ကြနဲ့ -
ရေကစားတယ် ဆိုတာ
သူများနာအောင်
ကစားရတာမျိုး
မဟုတ်ဘူး -
ပျော်ချင်လို့.....

ပြောပြောဆိုဆိုနှင့် ပေါက်ဆီက ရေထုပ်ဖြင့်
လှမ်းပေါက်လိုက်ရာ-



လူကြီးက ကားမောင်းထွက်သွားစဉ်

အတော်သတောကျနေကြလေသည်။



ထိုအခိုက် ဆူညံသံများကြားရ၍ လှည့်ကြည့်
လိုက်ရာ-

ကားတစီး လူအပြည့်နှင့် ရောက်လာ၏။

ဘုတ်ဆုံသည် မျက်စိနောက်၍ ရေထုပ်နှင့်
ပေါက်၏။ သူတို့က ရှောင်လိုက်၏။

ဘုတ်ဆုံက ပြုတ်နှင့်ထိုးပြန်ရာ မဖြုန်–

ပေါက်ဆီက ခွက်စောင်းခုတ်လိုက်လေသော်
လက်နှင့်လှမ်းခံလိုက်၏။



နောက်စေ့ကို ထိမှန်သွားသဖြင့်

လံဘားက ရေထုပ်ခတ်ကြီးကြီးနှင့် တအား
ကုန် ပေါက်လိုက်ရာ



ဒေါပွလာကြပြီး ကြိမ်းလားမောင်းလား
လုပ်ကာ ပြန်ပစ်ကြသဖြင့်

တဖန် ပေါက်ဆီတို့က ပြန်စကြရာ



ကားပေါ်မှ ရေထုပ်များကို အရှိန်ကြီးစွာဖြင့် တပြိုင်နက်ပစ်လိုက်၍-





ထိုအခိုက် ကားသည် တရှိန်ထိုး မောင်းထွက်သွားလေတော့သည်။

သူတို့ကိုယ်တိုင် နာကျင်ကြတော့မှ ထို ကားမောင်းသော လူကြီးစကားကို သတိပြုမိလေသည်။

ရွေးသာချင်ခဲ့ကြ

တနေ့တော့ ဖိုးအေ ကြီးက ရွှေအေးနှင့် မျက်မွေး ကိုခေါ်ဒီး တောထဲထင်းခွေထွက်ခဲ့တယ်။

ရွှေအေးနှင့်မျက်မွေးဟာ ညီအကိုပေါ့။ ရွှေအေးက အစစအရာရာ လုံးလဝိရိယ ရှိတယ်။ အလုပ်ကြိုးစားတယ်။ မျက်မွေးကတော့ ပျင်းတယ်။ အလုပ်ကိုရေသာခိုထယ်။

*—ဖြေခြင်ဖြေခြင်ခြေစုံးရေးဆွဲသည်

တောထဲရောက်လို့ ဖိုးအေ နဲ့ရွှေအေးဟာ ထင်းတွေကို ကြိုးကြိုးစားစား ရှာနေကြတယ်။

မျက်မွေးကတော့ သူအကျင့်အတိုင်း အရိပ်ကောင်းတဲ့သစ်ပင်အောက်မှာ သွားအိပ်နေတယ်။

အတန်ကြာတော့ ထင်းတွေအများကြီးရတယ်။

ရွှေအေးရဲ့ ခေါ်သံကြားတော့

တုံးကြီးက သယ်ရမှာ
လေးတယ်ထင်တယ်.

ကိစ္စမရှိပါဘူးဗျိုးဗျိုး ဒီနေ့ကာ
ကုန်းလျှောကြီးဘဲ. လှိမ့်ချလိုက်
လို့ရပါတယ် ...

ဖိုးအေ နဲ့ရွှေအေးဟာ မျက်မှေးကိုမတွေ့တာနဲ့
ထင်းတွေကို နှစ်ယောက်ထဲ သယ်ခဲ့ကြတာ
မျက်မှေးပုန်းနေတဲ့ သစ်တုံးကြီးနား ရောက်လာ
တော့တယ်။

ဖြေးရေ ဒီတုံးကြီးကလဲ
ထင်းတွေအများကြီး
ရနိုင်တယ်ကွဲ့ အိမ်ကို
သယ်သွားရအောင်..

ပြောပြောဆိုဆိုရွှေအေးက တုံးကြီးကို
ကန်ချလိုက်တယ်။

တုံးကြီးဟာ လိမ့်ဆင်းသွားတယ်ဆိုရင်ဘဲ အထဲက
မျက်မှေးရဲ့အော်သံက ထွက်လာတော့တယ်။

အာမလေးဗျို့
ကြောက်ပါဘီဗျ

အောက်နားရောက်လို့ တုံးကြီးရပ်သွားတဲ့
အခါ ဖိုးအေ နဲ့ရွှေအေးတို့ ပြေးပြီး ကြည့်
လိုက်တော့

ဘာလဲ!

ကောင်းတယ် ကောင်းတယ်
အဲဒါ အလုပ်ခလုပ်ချင်ဘဲ
ရေသာခိုချင်နဲ့လေ..

ငှက်တန်ခူးလ

မောင်ပေါ်ထွန်း



တန်ခူးလသည် မြန်မာပြက္ခဒိန်တွင် ပထမလဖြစ်သည်။ ဤရာသီတွင် ထန်းသီးများ ဆွတ်ခူးလေ့ ရှိသည်ကို အစွဲပြု၍ "ထန်းခူးလ" ဟု ခေါ်တွင်ခဲ့ရာမှ "တန်ခူးလ" သို့ ရွေ့လျော လာခဲ့ခြင်း ဖြစ်သည်။

တန်ခူးလကို တနည်းအားဖြင့် "တာကူးလ" ဟုလည်း ခေါ်သည်။ တနင်္လာနေ့ဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ သက်ဝင် အတာကူးပြောင်းခြင်းကို ရည်ရွယ် မှည့်ခေါ်ခြင်း ဖြစ်သည်။

မြန်မာ နာရီအားဖြင့် တရက်တွင် နာရီ ၆၀ ရှိရာ တန်ခူးလတွင် နေ့နာရီ ၃၀၊ ညနာရီ ၃၀ စီရှိသဖြင့် နေ့ည နာရီတူညီကြသည်။ ၁၄ ရက်နှင့် လကွယ်သောကြောင့် ဤလတွင် ရက်ပေါင်း ၂၉ ရက်သာရှိသည်။ တန်ခူးလ၌ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သည်။

ဗေဒင်အခေါ်အားဖြင့် ဤလကို "မိဿရာသီ" ဟူ၍ ခေါ်သည်။ တန်ခူးလ၏ ရာသီရုပ်မှာ ဆိတ်သတ္တဝါပုံ ဖြစ်သည်။ ဤရာသီတွင် အဿဝဏီနက္ခတ်နှင့် နေမင်းတို့ယှဉ်၍ စိတြနက္ခတ်နှင့် လမင်းတို့ စန်းယှဉ်ကြသည်။ ရာသီပန်းမှာ ရင်ခတ်ပန်းနှင့် ကဲ့ကော်ပန်းများ ဖြစ်သည်။

တံငါတာရာ ထွန်းသော တန်ခူး လသည် မြန်မာလူမျိုးတို့၏ နှစ်သစ်ကူး လ ဖြစ်သည်။ မြန်မာ လူမျိုးတို့သည် တန်ခူးလတွင် အတာသကြန် ရေသဘင် ပွဲကို နှစ်စဉ် ကျင်းပကြသည်။ နှစ်သစ်ကို အေးမြကြည်လင်သော သီတာ ရေစင် ဖြင့် ကြိုဆိုသည့် အနေဖြင့်၎င်း၊ လာ လတံ့သော တနှစ်တာ ကာလအတွင်း အချင်းချင်း မေတ္တာ စေတနာ ထားပြီး ဆက်ဆံ ပေါင်းသင်း သွားနိုင်ကြစေရန် ရည်ရွယ်သည့် အနေဖြင့်၎င်း၊ တဦးကို တဦး ရေလောင်းကြသည်။ အမွေးနုံသာ တို့ဖြင့် ပက်ဖြန်းကြသည်။

သကြန် အခါတွင် လူကြီးသူမ များက ဥပုသ်သီလ ဆောက်တည်ခြင်း၊ ကျွေးမွေး လှူဒါန်းခြင်း၊ လူငယ်လူရွယ် များက ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီ ပုထိုးများအား ရေသပ္ပါယ်ခြင်း၊ မိဖ ဘိုးဘွား သက်ကြီး ရွယ်အို တို့အား ခေါင်းလျှော် ရေချိုး ပေးခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှု ပြုကြသည်။



အောင်ဇင်

မောင်ဦးသည် အတန်းထဲ၌ စာတော်သဖြင့် သူ့ကို ဆရာမက အမြဲချီးကျူးသည်။ သူ့ကို မနာလိုသော မောင်ကံက....


ထိုအခါဆရာမကတတန်းလုံးကိုအနှံ့ရှာဖွေစစ်ဆေးပါတော့သည်။
အေး-ကောင်းပြီ၊ဆရာမကိုယ်တိုင်လိုက်ရှာမယ်...တွေ့ကဲ့သူတော့ ဝန်မခံတဲ့အတွက် အသေဘဲ...

ပျောက်ဆုံးသူမောင်ကံ၏ နံဘေးတွင်ထိုင်သော မောင်ဦး၏ လွယ်အိတ်ထဲ၌ ရှာဖွေတွေ့ရှိသွားရာ....
ဟာ-တွေ့ပြီ-တွေ့ပြီ-ဟဲ့-မောင်ဦးဒါမင်းဦးထားတာမဟုတ်လား

မိမိမခိုးဘဲ မိမိလွယ်အိတ်အတွင်းမှ ဖောင်တိန်ကို ရှာဖွေတွေ့ရှိသွားသဖြင့် မောင်ဦးမှာ အံ့ဩ တုန်လှုပ်သွားသည်။
ဒါ..ကျ..ကျ..ကျနော်ဦးတာမဟုတ်ဖူး ဆရာမ..

မောင်ဦး၏စကားကို ဆရာမက မယုံကြည်၊
လက်ဟုးလက်ကျပါမီရဲ့အားနဲ့မလိမ်ချင်ဖြစ်ပါဦးကွယ်၊ကဲ-မင်းကိုအခွင့်အရေးတခုတော့ ယေမယ်၊မနက်ဖြန်ကျောင်းတက်လိုက်အဆိုမင်းခင်းခြားထိုးပါ၊ဝန်ခံမလား၊ဝန်မခံဘူးလား ဆိုတာရဲ့...ဝန်ခံယင်သက်သေမဲ့ဝန်မခံဘူးဆိုယင်တော့ကျောက္ကေအောင်ရိုက်ရမှဖြစ်မယ်...

နောက်နေ့တွင် မောင်ဦးသည် အိမ်မှ ဟန်မပျက် ကျောင်းသို့ထွက်လာခဲ့သော်လည်း....
ငါမခိုးဘူးပြောတာ ဆရာမမယုံဘူး၊ဒါဆိုငါအရိုက်ခံရတော့မှာဘဲ၊ဒီဒုက္ခကျောင်းမတက်ရတော့ဘူး


ကြောက်ကြောက်နှင့် မောင်ဦးသည် ကျောင်းပြေးပါတော့သည်။ သူသည် လမ်းထောင့်ရှိ အဓိပ္ပါယ်မဲ့ လျှောက်သွားနေပါတော့သည်။
TAXI

သို့ဖြင့် ကားမှတ်တိုင်တခု အနီးသို့ အရောက်တွင် -

မောင်ဦးသည် ကောက်ရသော
ပိုက်ဆံအိတ်ကိုဖွင့်ကြည့်လိုက်ရာ-

မောင်ဦးသည်ရိုးသားသူတယောက်
ဖြစ်ရကား ကောက်ရသော ပစ္စည်း
ကို အပိုင်စီးယူမထားဘဲ -

ရုံစခန်းတွင် စခန်းမှူးကြီးက အကြောင်းစုံ သိရသောအခါ..

မကြာမီ ရဲသားတယောက်နှင့်အတူ ဆရာမနှင့် ပိုက်ဆံ
အိတ်ပိုင်ရှင် အဒေါ်ကြီးတို့ ပါလာကြသည်။

နောက်နေ့ မောင်ကံက မောင်ဦးအား



သောရေကို ရေစေးဟုခေါ်သည်။ ယင်းကဲ့သို့ သောရေမျိုးတွင် ကယ်လဆီယမ်နှင့် မဂ္ဂနီဆီယမ်တို့၏ ဗိုင်ကာဗွန်နိတ်ဆားများ သို့မဟုတ် ကလိုရိုဒ် ဆာလဖိတ်ဆားများ ပျော်ဝင်နေသောကြောင့် ဆပ်ပြာမြှုပ် မထွက်ရခြင်းဖြစ်သည်။ တွင်းရေသည် တွင်းထဲတွင် မစုမိမီ မြေလွှာအထပ်ထပ်ကို စိမ့်ဝင်ဖြတ်သန်း စီးဆင်းလာရသည်။ ယင်း ရေစီးကြောင်းတွင် မြေလွှာ

တွင်းရေနှင့် အဝတ် လျော်ဖွပ်ရာတွင် တခါတရံ ဆပ်ပြာမြှုပ် မထွက်ချေ။ အဘယ်ကြောင့်နည်း

ရေစိမ်ထားသော အဝတ်ကို ဆပ်ပြာနှင့် ပွတ်တိုက်လျှင် ဆပ်ပြာမြှုပ်များ ထွက်လာသည်ကို သင်တို့ တွေ့မြင်ဘူးကြ ပေလိမ့်မည်။ သို့ရာတွင် အချို့တွင်းရေကို အသုံးပြုပါက တခါတရံ ဆပ်ပြာမြှုပ် မထွက်သည်ကို တွေ့ရသည်။ ဤသို့ ဆပ်ပြာမြှုပ်အလွယ်တကူ မထွက်စေနိုင်ထဲရှိ ကယ်လဆီယမ်နှင့် မဂ္ဂနီဆီယမ်ဆားများကျပျက်ပျော်ဝင်သွားသည်။ ထိုအခါတွင်းရေသည် ရေစေးဖြစ်လာပြီး ဆပ်ပြာနှင့် ပွတ်တိုက်သော အခါ အမြှုပ် အလွယ်တကူ မထွက်တော့ချေ။

တင်လှဦး

မသင်ဘဲ တတ်တဲ့ပညာ

အပေါစားထင်ရ



ကျန်တော်တို့ ရပ်ကွက်တွင်ယနေ့တအိမ်တယောက်ကျဖြင့် စုပေါင်းကာ ရေများ အိုင်ထွန်း၍ ပျက်စီးနေသော စွေးသွားမြေနီလမ်းကလေးကို မြေဖို့ကြပါသည်။

လမ်းဖို့ရာတွင် လူငယ်များကလည်း မိမိတို့ တတ်နိုင်ရာ တာဝန်ကို ထမ်းနေကြပါသည်။

"ဟေ့ – မြင့်စိုး၊ မင်းပေါက်တူးမပေါက်တတ်ယင် ငါ ဒီက ပေါက်ပေးမယ်၊ မင်းက မြေသွားဖို့ကွာ"

"ရပါတယ် မြင့်သန်းရာ၊ မင်း ဆရာ လာမလုပ်ပါနဲ့၊ ပေါက်တူးပေါက်တာ ခက်တာမှတ်လို့"

"မင်း ခြေထောက်ထိမှာစိုးလို့ကွ၊ ငါကစေတနာနဲ့ ပြောတာကွ"

မြင့်စိုးတယောက် ပေါက်တူးမပေါက်တတ်ဘဲ ပေါက်နေ၍ ယခုကဲ့သို့ ကျန်တော်က ပြောလိုက်ခြင်းဖြစ်သည်။

"ဟေ့ – မြင့်သန်းရေ ဒီမှာ ဘာတွေလဲ မသိဘူးကွ"

"အဲဒါ ကြေးချောင်းကြီးတွေဘဲကွ၊ ဟာ တို့တော့ပွတာဘဲ၊ ပဲလှော်ကုလားနဲ့ လဲစားရမယ်ကွ"

"ဘာဖြစ်လို့ ပဲလှော်နဲ့ လဲစား ရမှာလဲကွ၊ မင်း တော်တော် အ, သေးတာဘဲ၊ ဒီအချောင်းတွေကို ပိန်အောင်ထုပြီး ပိဿာချိန်နဲ့ ရောင်းစားယင် တပိဿာ ငါးကျပ်ရတယ်ကွ၊ ကဲ – မင်းဒီအချောင်းတွေကို မြေကြီးနဲ့ ပြန်ဖုံးထားခဲ့ကွာ၊ ပြီးတော့မှ လာဖော်ပြီးထုကြမယ်"

မြင့်စိုးသည် ကြေးချောင်းကြီးများကို မြေတွင် ပြန်မြှုပ်ထားခဲ့သည်။ မြှုပ်ထားသော ကြေးချောင်းများ၏ အရွယ်မှာ မုံလာဥကြီး တဥခန့် ရှိသည်။ ပုံသဏ္ဌာန်မှာ ရှည်မျောမျောရှိသည်။

စွေးသွားလမ်းကို ဖို့ပြီးကြသောအခါ မြင့်စိုးသည် သူအိမ်မှ လွယ်အိပ်ကို ပြန်ယူကာ မြှုပ်ထားသော ကြေးချောင်းကြီးများကို လွယ်အိတ်ထဲ ထည့်၍ ကျန်တော်တို့ အိမ်အောက်တွင် ပြန်ဝှက်ထားခဲ့တော့သည်။

ညနေဘက်သို့ ရောက်သောအခါ မြင့်စိုးသည် ကျန်တော့်အိမ်သို့ ရောက်လာသည်။

"ဟေ့ ကောင် မြင့်သန်း၊ လာကွာ၊ တို့လုပ်ငန်း စကြရအောင်"

"ဖြည်းဖြည်းပေါ့ကွာ၊ မင်းကလဲ နေပူပါသေးတယ်"

"ညကျယင် ငါမအားဘူးကွ၊ ပုစွန်ထောင်က ဒို့ဦးလေးအိမ် သွားရအုံးမယ်၊ လာကွာ

ခပ်မြန်မြန်၊ တူပါယူခဲ့နော်၊ ငါ နောက်ဖေးက စောင့်နေမယ်”

ကျွန် တော် သည် တူကို ယူ ကာ မြင့်စိုးစောင့်နေသော နေ ရာသို့ လာခဲ့သည်။ မြင့်စိုးသည် သ ရက် ပင် အောက် သို့ ကြေး ချောင်းကြီးများကို သယ်ထား ပြီး ဖြစ်လေသည်။

“ဟေ့ကောင်တွေ ဘာလုပ် နေကြတာလဲကွ၊ ဒီနေ့ သန့်ရှင်း ရေးလုပ်တဲ့ လူတွေကို လဘက် ရည်တိုက်ဖို့ ဦးသာဦးက ခေါ် ခိုင်းလိုက်လို့ ငါလာခေါ်တာ”

ကျွန် တော် တို့ ရှိ ရာ သို့ ရပ် ကွက် လမ်း စဉ် လူ ငယ် ခေါင်း ဆောင် ကိုတင်မြင့် ရောက်လာ လေသည်။

“ဟာ ဒါတွေက ဘာတွေလဲ ကွ၊ ဘာလုပ်ဖို့တုံး၊ မင်းက တူ ကြီးနဲ့ ဘာလုပ်မှာလဲ၊ ဟေ့.... ဟေ့....နေအုံး၊ ဒါဗုံးဆံတွေနဲ့ တူ တယ်၊ လာ တခုယူခဲ့ မြင့်သန်း၊ လူကြီးတွေ သွားပြရအောင်”

ကိုတင်မြင့်နှင့် ကျွန် တော် သည် ကျွန်တော့် ဖေဖေဆီသို့ လာခဲ့ကြသည်။

“ဦးလေး ဒါဘာလဲ၊ ဗုံးဆံ မဟုတ်လား”

“အဲဒါ ဗုံးဆံလေကွာ၊ကမ္ဘာ စစ်အတွင်းက အသုံးပြုခဲ့တဲ့ ဗုံး ဆံဘဲ၊ ဒီထဲမှာ ယမ်းတွေရှိတယ် ကွ၊ ဒါကိုထုမိယင် ပေါက်ကွဲလိမ့် မယ်”

“အဲဒါကို သူတို့နှစ်ယောက် တူနဲ့ထုကြမလို့ ဦးလေးရေ၊ ကံ ကောင်းလို့သာပေါ့၊ ဒီကောင် တွေ သေကြတော့မှာဘဲ”

ကျွန် တော် သည် အ လွန် ကြောက် လန့် သွား ပါ တော့ သည်။

“ဖေ ဖေ ဒီ တ ချောင်း ထဲ မဟုတ်ဘူး၊ နောက်အမျှားကြီး ရှိသေးတယ်”

“ဟုတ်လား၊ ဒီလိုဆိုရဲစခန်း ကို အမြန်ဆုံး အကြောင်းကြား ရအောင်၊ မင်းတို့ လျှောက်မက စားနဲ့၊ ဒီမှာခဏနေအုံး၊ ရဲစခန်း က လာတော့မှ သူတို့သင့်သလို လုပ်လိမ့်မယ်”

ကျွန် တော် တို့ အ ပေါ စား ထင်၍ လုပ်ကြမည့် ကိစ္စတခု သည် သေစေနိုင်သော လက် နက်ကြီးတခုဖြစ်နေ၍ ကြောက် ရွံ့လာမိတော့သည်။

“ကဲ မြင့်သန်းရေ၊ ဒါသင် ခန်းစာဘဲ”

“ဒါပေါ့ ကိုတင်မြင့်ရာ၊ ခင် ဗျား ကယ် ပေ လို့ သာ ပေါ့၊ နောက်ဆို ဘယ်ဟာမှ အပေါ စား မထင်တော့ဘူး၊ မြင့်စိုးကို လဲ ပြေးပြောလိုက်အုံးမယ်၊ ခဏ စောင့်နေနော်”

ဘိုတထောင် မြင့်သန်း

သင်္ကြန်

ဒုရွေဝါ ပိတောက်ဖူး၊
ခါဦးတဲ့အတာ။
ပန်းသမြေ ငွေဖလားနဲ့၊
ကစားကြရာ။
ညစ်ညမ်းမှု မပါ၊
ဒို့ရိုးရာသန့်ရှင်း။
ကြီးသူကို ငယ်သူညွှတ်၊
ဦးဝတ်ဖြန့်စင်း။
ရွှေအိုးစည် ဗေထုံဟည်း၊
တီးလိုက်ပါ့ ချို့တေးသံ။
ထက်ကောင်းကင် ပဲ့တင်ထပ်၊
သောင်းရပ်ကယ်လို့။
ရိုးရာပွဲ တာသင်္ကြန်၊
ဒို့မြန်မာ ဘယ်မမေ့။
တနှစ်တာ သည်တပွဲ၊
နွဲ့ပျော်ခလေ့။ ။

ပုသိမ် ခင်မောင်စံ

ကိုလာဝက်ဝံ

ကို လာ ဝက် ဝံ များ ကို သြစတြေလျ တိုက် တွင် သာ တွေ့ရသဖြင့် သြစတြေလျ ဝက်ဝံဟု ခေါ်ကြသည်။ သစ် တက် ဝက် ဝံ ငယ် မျိုး နှင့် သဏ္ဌာန်တူပြီး၊ ကိုယ်ထည် အလျားမှာ နှစ်ပေမှ နှစ်ပေ ခွဲအထိသာ ရှိသည်။

အမှန်မူ ကို လာ ဝက် ဝံ သည် သားပိုက်ကောင်မျိုး စုဝင် ဖြစ်သည်။ သားပိုက် ကောင်ကဲ့သို့ပင် အရေခွံအိတ် ဖြင့် သားငယ်များကို သယ် ပိုး သွား လာ သည်။ ကိုယ် ထည် ပုဝိုင်းဝိုင်းဖြစ်ပြီး၊ အ မွေးရှည်များ ပေါက်နေသော နားရွက်များနှင့် မည်းနက် သော နှာခေါင်း ရှိသည်။ အမြီးမရှိပေ။ထူထဲစွာ ပေါက် နေသောအမွေးများမှာ နူးညံ့ လှသည်။ သစ်ကိုင်းများကို ကိုင်တွယ် ဆုတွဲ ခြေ ရော လက်ပါအသုံးပြုသည်။ ကော် ပင်တမျိုးမှ အရွက် များ ကို သာ စားသုံးသည်။ ယင်း အပင်များပေါ် တွင်ပင် နေ ထိုင်လေ့ရှိသည်။

သွားလာ လှုပ်ရှားပုံမှာ နှေးကွေးသည် ကျယ်လောင် သော အသံများကို ပြုလေ့ပြုထ မရှိ ပေ။ အထီးများသည်သာ တခါတရံ မြည်းအော်သကဲ့သို့ အော်တတ်သည်။

မွေးကင်းစ သားငယ်၏ ကိုယ် ထည်မှာ တလက်မ၏ လေးပုံသုံးပုံခန့် သာရှိသည်။ သားပိုက်အိတ်မှာ အောက် ဖက်သို့ ပွင့်လျက် ရှိသဖြင့် သားငယ်များ သည် အောက်သို့ ထွက်မကျစေရန် မိခင်၏ နို့ကို မြဲမြံစွာ ကိုက်စုတ် ထားကြသည်။ ရှစ်လသားအရွယ်တွင် မိခင်၏ ကျောကုန်း ပေါ် သို့တက်ကာ ဖက်တွယ်၍ လိုက်လေ သည်။ လေးနှစ်ကြာသော် ကြီးရင့်သော အရွယ်သို့ရောက်ပြီဟု ဆိုသည်။

သြစတြေလျတိုက်တွင် ကိုလာ ဝက်ဝံ များကို သားမွေး အတွက် ဖမ်းဆီးမသတ် ဖြတ်ရန် ဥပဒေထားရှိသည်။

ရဲမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်ဝ

၁၃၇၆ ခု၊ ဦးတန်ခူးလဆုတ် ၁၄ ရက် (၂၀-၄-၇၄)

ခြင်္သေ့ပုရိုးဝဲ့ကြီး

ပန်းချီ - ဦးဘကြည်
စာတည်းမှူး - ကျော်ဖြင့်တင့်အောင်ဝ

စနေနေ့တိုင်းထုတ်ဝေသည်။

တခါက လွေသူကြီး တဦးသည် သားနှစ်ယောက်ကို ခေါ်၍

သားတို့။ အဖေလဲ အသက်အရွယ် ကြီးလာလို့ လွေ ဖလိုက်နိုင်တော့ဘူး။ အဖေ့ကို တလှည့် လှယ်ကျွေးကြအုံး။ သားအကြီး မောင်ကိုကြီး က-အဖေနဲ့ လက်တွဲလှည့်နေကျဖို့-လှပ်ငန်းကျမ်းကျင်ဖြီးသား ဖြစ်တော့-လွေသူကြီး-အမြစ်နဲ့ စီမံအုပ်ချုပ်ဖြီး လိုက်သွားပေတော့။ သားငယ် မောင်ညီထွေး ကလဲ-ကိုကြီးအဖေါ်ရအောင် လိုက်သွားဟေ့။

ညီထွေးက ကိုကြီးစကား ကို-နားထောင်.....

ခရီးထွက်စဉ် ကိုကြီးသည် လွေသမားများကို ညွှန်ကြားရင်း တက်မကိုင် တာဝန်ယူ၏။

ထိုးဝါးလည်းထိုး၊

ညီထွေးမှာမူ အခြား လွေသမားများနှင့် အတူဝိုင်းကူ၍ လွှော်ခတ်၏၊



ထိုကြောင့် ညီထွေးသည် ကိုကြီးအပေါ် မကျေမနပ် ဖြစ်လာပြီး တနေ့တွင် -

ကြိုးလည်းဆွဲရန့် ပင်ပန်းစွာ လုပ်ရသည်။



ထိုအခါ ကိုကြီးက

ကိုကြီး-က လှေသူကြီး ဖြစ်လို့

သက်သာတာကိုသာ ညီထွေး မြင်တာကို၊ ကိုကြီး လှေသမား ဘဝထုန်းက- ညီထွေးလို့ ဆင်းရဲ ပင်ပန်းခံခဲ့ ရတာကဲ့ရဲ့၊ ရေစီးတခါ ရေသာတလှည့် ပေါ့။ ညီထွေးလဲ- လှေသူကြီး ဖြစ်လာ ယင် အခုလို သက်သာမှာပေါ့။ ဒီတော့- အောက်လက် ကြောင့်ကြီး ကျမ်းကျင်မှု ရှိအောင်- ပင်ပန်းတာကို ဂရုမစိုက်ပါနဲ့ ကွာ။

သို့သော် ညီထွေးက လုံးဝမကျေနပ်ချေ။

တနေ့တွင် လှေကြီးသည် မြစ်ရေပြင်ပေါ်တွင် အေးအေးဆေးဆေး ရွက်လွှင့်လျက်-



လှေထိုးသားများလည်း အနားယူရင်း အိပ်နေကြစဉ် မောင်ညီထွေးသည်-



ကိုကြီးသည် ပြောပြောဆိုဆို နှင့် ပဲ့စင်မှ ဆင်းပေးလေရာ၊ ညီထွေးက



သူကို နောက်မှ တအားတွန်းချလိုက်တော့၏။



ကိုကြီးသည် လှိုင်းများအကြားတွင် ကူးခပ်ရင်း လှေနောက်တွင် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေသည်။

လှေသမားများအိပ်ရာမှ နိုးလာကြသောအခါ မောင်ညီထွေးက

ညီထွေးက ဤသို့ သူဘက်ပါအောင် ဆွဲဆောင်၍ ပြောလိုက်လေရာ –

အလွန်သဘောကျကြသဖြင့် ဟော်ဟော်ပါးပါး ကြိုးစားလုပ်ကြရုံမျှမက



ညဦးပိုင်းအထိပင် ခရီးဆက်ကြလေသည်။

တန်ခိုးဝင် တန်ခိုးထွက်နှင့် ခရီး ဆက်လာကြစဉ်



တနေ့တွင် လှေကြီးသည် သွားနေသည့်လမ်းမှ တဖက်သို့ ဆွဲနေသဖြင့်

မည်သို့ ဖိဆွဲသော်ငြားလည်း လှေကြီးသည် တဖက်သို့သာ သွားနေပြီး



များမကြာမီ ဝဲကတော့ကြီးအနီးသို့ ကပ်သွားပြီး ရစ်ပတ်မျောနေလေတော့၏၊

ကြာသော် လှေကြီးသည် တဖက်သို့ စောင်းသွား၍ ညီထွေးသည် ကြောက်အားလန့်အား နှင့် လှေဝမ်းထဲသို့ ခုန်ချလိုက်၏။



ညီထွေးသည် လှေဝမ်းထဲတွင် တစုံတခုနှင့် ဆောင့်မိသဖြင့် သတိ လစ်သွားလေတော့သည်။

သတိ ပြန်လည်လာသောအခါ-

မမြော်လင့်ပဲ ကိုကြီးကိုတွေ့ရ





.....ဆောက်တော့-လေကြီးဟာ သိမ်ကနဲ
စေါင်းသွားပြီး-မင်းတို့ ငိုသံတွေ-ဘုရား
တ.သံတွေနဲ့.အတူ မင်းလိမ်ကျလာတာ
တွေတော့----ငါ-တခါတဲ့-ကုန်းပတ်
ပေါ်တက်လာပြီး.....

.....အဖေနဲ့ လေလိုက်တုန်းက အတွေ့အကြုံ
ဆွေ ခေါင်းထဲဝင်လာသလောက်-လေ
သမားတွေကို စုရုံးစေပြီး.....
ဟဲ့ကောင်တွေ-ငိုနေလို့ မဖြစ်ဘူး။
ငါကယ်မယ်။ ငါ ပြောတဲ့ လုပ်ကြ။
လေးထဲ ကုန်ပစ္စည်းတွေကို
ဖြန်ဖြန် တွန်းချ ကန်ချကြ
ငါက-တက်ဖနဲ့ ရွက်ကြီး
ထိန်းထားမယ်-
ဟိုကစုတ-လေဦးက နေပြီး
ဒီဘက်ကို တအားကုန်ခတ်ကြစမ်း။

.....တက်ညီ လက်ညီကြီးစိုး လျှော်လိုက်
ကြလို့-ဒီ-မရဏဘဝကတော့ကြီး-ထဲက
ထွက်လာနိုင်တာဘဲ။ အခု တော့-ဒီမြို့မှာ
ခေတ ဆိုက်ပြီး-မင်္ဂလဲ ဆေးကုပြီး-
ရှိလဲ အနားယူ ဂျင်း-ကုန်လဲ-ထပ်ဖြည့်
ဂျင်း ပေါ့ ကွာ။

ကျေးဇူးတင်လိုက်တာ အကိုကြီးရယ်။
ကိုကြီး ရှိပေလို့သာ-ကျနော်တို့-သေက
မရောက်-သက်မပျောက်တာဘဲ.....
တကယ်တော့-ကျနော်က စိတ်ယုတ်ဖောဖွေး
ပြီး လုပ်ခဲတာဘဲ။ သတိမရှိ-ဉာဏ်မရှိတဲ့
သူဟာ-လေသူကြီး မဖြစ်ထိုက်မှန်း
ကျနော် နားလယ်ပါပြီ။ ကိုကြီးဟာ-လေ
သူကြီးကောင်း ဖိသပါပေ
တယ်။ ကိုကြီး ခိုင်းစေသမျှ
ကို-ကျနော် လိုက်နာ
ဆောင်ရွက်ပါတော့မယ်-
-------ချိတ်-ချိတ်----

ဒီလိုမှပေါ့-ဉာဏ်ထွေးရဲ့။ ကိုယ် ခေါင်းဆောင်
မလုပ်ရတိုင်း-ကောက်ကျစ်တဲ့ စိတ်မမွေး
ရဘူး။ လုပ်ဖော် ကိုင်ဘက် အချင်းချင်း
စိတ်ဝမ်း မကွဲရဘူး။ ဉာဏ်ထွေးရဲ့မယ်။
ဒါမှ-ကိုယ်သွား လိုတဲ့ ခရီး ပန်းတိုင်ကို
ရောက်နိုင်မယ်ပေါ့ -----။


ဉာဏ်ထွေးသည် ကိုကြီး၏ ခေါင်းဆောင်မှု
အောက်တွင် အခြား လေသမားများနှင့်
အတူ-တက်ကြွစွာ-တက်ညီ လက်ညီ
လျှော်ခတ်သဖြင့်-သူတို့ မြို့မှာ ဖွန်းသော
ဈေးဖြို့က လေးသို့
ဆိုက်ဆိုက်ဖြိုက်ဖြိုက်
ရောက်ရှိသွား
ပါတော့သတဲ့။

ကွမ်းခြံကုန်းမြို့

ရဲ့သူ့-ရဲနဲ့ဖြေစု
သရုပ်ဖော်- ကဆုံ

ကွမ်းခြံကုန်းမြို့သည် ၁၉၇၂ ခုနှစ်ဩဂုတ်လ မတိုင်မီက ဟံသာဝတီခရိုင်အတွင်း ပါဝင်ခဲ့သည်။ ယခုအခါ ကွမ်းခြံကုန်းမြို့နယ်၏ ခုံးစိုက်မြို့ဖြစ်သည်။ ထိုမြို့နယ်သည် မြောက်ဖက် ဒလတောကြီးတန်းမှ နေ၍ တောင်ဖက် ပင်လယ်အထိ ရောက်သည်။

ကွမ်းခြံကုန်းမြို့မှာ မူလက ရန်ကုန်ခရိုင် အုံကြီးမြို့နယ်မှ ရွာတရွာ ဖြစ်သည်။ နောင်အခါမှ အရှေ့ဖက် ကွမ်းခြံကုန်းရွာနှင့် အနောက်ဖက် တော်ပလွဲရွာကို ပေါင်း၍ ကွမ်းခြံကုန်းမြို့ ဟု ခေါ်တွင်ခဲ့သည်။ မြို့လယ်ကို ကွမ်းခြံကုန်းချောင်းက အရှေ့ အနောက် ဖြတ်စီးသည်။ လက်တက်များ ဖြစ်သော တော်ပလွဲချောင်းနှင့် တုတ်ခေါင်ချောင်းတို့က တောင်နှင့် မြောက် ဖြတ်စီးသည်။ ရှေးက မွန်လူမျိုးများ နေထိုင်ခဲ့ကြ၍ ရွာ၏မြောက်ဖက် တောကြီးတန်း အတွင်း အိုင်မှ မြေစေးများဖြင့် ဆားအိုးများ ဖုတ်ကြ၏။

တောကြီးတန်းသည် မြေရင့်မြေကျက် ကုန်းတန်းဖြစ်၍ သစ်တော၊ ဝါးတော၊ ကော်ဖတ်တောနှင့် ခြံဥယျာဉ်တို့ ပေါများသည်။ မြေနိမ့်ဝိုင်းမှာ မြစ်ချောင်းများ၌ မြေဩဇာ ကောင်းမွန်သော ပင်လယ်တိမ် ပင်လယ်ကော မြေနှံကျန်းပေါ်ကွင်းပြင်ဖြစ်သည်။ ကုန်းဝိုင်း၌ ကွမ်းသီးခြံ၊ အုန်းခြံများ စိုက်ပျိုးလုပ်ကိုင်ကြ၍ ကွင်းဝိုင်း၌ လယ်ယာလုပ်ကိုင်ကြသည်။

ပင်လယ်ကမ်းခြေမြို့ဖြစ်၍ ရာသီဥတုကောင်းသည်။ ၁၉၅၃ ခုနှစ် သန်းခေါင်စာရင်းအရ မြို့ပေါ်ရှိ လူဦးရေမှာ ၄၉၇၂ ယောက်မျှသာ ဖြစ်သည်။





မြို့ထိပ်၌ တိကောလ မှန်ကူသွန်းဘုရားကြီးနှင့် ဗုဒ္ဓဂါယာမှ ပင့်ဆောင်လာသော မောဓိပင် တပင်ရှိသည်။ မြို့ပေါ်ရှိ ထင်ရှားသော ဘုန်းတော်ကြီးကျောင်းများမှာ လည်ပေါ်ကျောင်း၊ ငှက်တွင်းကျောင်း၊ ရွှေကျင်ကျောင်းများ ဖြစ်ကြလေသည်။ အစိုးရအထက်တန်းကျောင်း(ယခင် အမျိုးသားကျောင်း) သည် မြို့လယ်၌ရှိသည်။ အလက၊အမကများအပြင်ဆေးရုံ၊ရုံးအဆောက်အအုံများလည်း ရှိသည်။

ကွမ်းခြံကုန်းနှင့် တွံတေးမှာ ဆက်နေသည်။ လမ်းတလျှောက်ရှိ ရွေးဘုရားစေတီများကား များလှ၏။ တဖုဿဘလ္လိကတို့ ဆံတော်ပင့်ခဲ့စဉ်က ဆီးကြိုရာ ဆံတော်ကြိုဘုရားများဟု သမိုင်းဆရာများကဆိုသည်။ မြို့နယ်အတွင်း၌ ကျယ်ပြန့်သော ပင်လယ်သောင်ပြင်ရှိ၍ အပန်းဖြေစခန်းဖြစ်ခဲ့ဘူးသော လက်ခုတ်ကုန်းရွာနှင့် မြန်မာမင်းများ လက်ထက်က ရန်ကုန် မြစ်ဝကိုစောင့်ရှောက်ခဲ့ ရဘူးသော ဓနုတ်ကင်းရွာမှ ဓနုတ်စေတီတော်ကြီး တို့သည် ထင်ရှား ခဲ့ကြလေသည်။

ကွမ်းခြံကုန်းမြို့သည် စာရေးဆရာ ကဗျာဆရာ မင်းသုဝဏ် (ဦးဝန်) နှင့် ညီမ ကဗျာဆရာမ နယဉ် (ဒေါ်ယဉ်နု)တို့၏ မွေးရပ်ဌာနီ ဖြစ်ပေသည်။

ဆောက်သမ်း
သချင်းစော

ဒမ်းဒန်း

လက်ဆေါင်ထူး



ငှက်တွေက သူ့ကို ထိုးဆိတ်ကြတယ်။
အိမ်အပြန် လမ်းမှာလဲ။
ဟို အိပ်နေတဲ့ ခွေးကို ဗြောင်ပြီး ကန်လိုက်မယ်
ခွေးကိုကန်တော့ ခွေးက လန့်ပြီး ဖိုးချိုကို ကိုက်လိုက်တယ်။
ဘုး
ဟို စိတ်ချရအောင် ဆရာလန်အိတ္တား ပြီး ဆေးထိုး လိုက်မှ
ဖိုးချိုဟာ လူကြီးတွေ အလစ်မှာ မီးနဲ့ဆော့ကစားပြန်တယ်။
မီးဟာ သူ့အင်္ကျီစကို စွဲလောင်တယ်။

ဟို... ဟို...
ငါ့သားကို မချည်ပါဘူး
ဖေဖေတို့ပေးခဲ့တဲ့ အခွင့်
အရေးကိုငါ့သား ဘယ်လို
အသုံးပြုခဲ့တယ်ဆိုတာသာ
စဉ်းစားပေါ့
ဒုက်ဆိတ်၊ ခွေးကိုက်၊ မီးလောင်တဲ့ဒဏ်တွေကလဲ မသက်
သာဘူး၊ ဆရာဝန်ခေါ်ဖို့ အတော်ကုသရတယ်။
ဖေဖေ မေမေတို့ ချမှတ်
ထားတဲ့ စည်းကမ်းအတိုင်း
နေပါရစေတော့



ဝေလငါးသည် အသက်ရှူရန် ဘာကြောင့် ရေပြင်ပေါ် တက်လာရသနည်း

ငါးများတွင် အသက်ရှူရန် ပါးဟက်ရှိသည်။ ပါးဟက်ထဲသို့ ရေဖြတ်သန်းဝင်ရောက်ပါက ပါးဟက်သည် ရေထဲမှ လေကို ထုတ်ယူနိုင်သည်။ ထို့ကြောင့် ငါးများသည် ရေထဲတွင်ပင် အသက်ရှူနိုင်လေသည်။

သို့သော် ဝေလငါးသည် ငါးမျိုးထဲတွင် မပါဝင်ချေ။ ယင်းသည် နို့တိုက်သတ္တဝါတမျိုးဖြစ်သည်။ ယင်း၏ခန္ဓာကိုယ်သည် ငါးနှင့် တူသော်လည်း ငါးများကဲ့သို့ ပါးဟက်မရှိချေ။ ယင်းတို့တွင် လူနှင့် ကုန်းသတ္တဝါများမှာကဲ့သို့ အသက်ရှူရန် အဆုတ်ရှိသည်။ ထို့ကြောင့် လေကို ရှူရန် ရေနက်ထဲမှ ရေမျက်နှာပြင်ပေါ်သို့ တက်လာရသည်။

နှာခေါင်းကို ရေပေါ်တွင် ဖော်၍ လေကို တဝရှူရှိုက်ပြီး ရေထဲသို့ ပြန်ငုပ်သွားသည်။ လေကို ရှူထုတ်သောအခါ ရှူထုတ်သော လေမှာ အားပြင်းလွန်းသောကြောင့် ရေပန်း ရေပွားများအဖြစ် ၁၅ ပေအထိ မြင့်တက်သွားတတ်သည်။

စစ်ကျွန်း

ဘယ်အပုဒ်မှ မကြိုက်ဖူး

ထင်းပါသမားကြီးနှင့်သားငယ်

ဆောင်းပြည့်(ဒေါ)



"ဝုံး" ကနဲ အသံကြားချိန် ဖိုးထူးသည် က စား နေ ရာ မှ နောက် သို့ လှည့် လိုက် သည်။ ထင်း လေး စည်း နှင့် လူ နှစ် ယောက်ကို မြင်သဖြင့် သူအဖေ ကို ထင်းပို့ လာကြသည့် အ ကြောင်း အော်ပြော လိုက် သည်။

အဖေသည် စာ ကြည့် ခန်း အတွင်းမှ ထွက်လာသည်။

ထင်းပို့သမားများကို မြင် သောအခါ အဖေက ပြုံး၍ –

"ထင်း ပို့ လာ တယ် လား၊ အိမ်ပေါ် တက်ကြအုံးလေ၊ ရေ နွေးကြမ်းလေးသောက်သွားကြ ပေါ့ဗျာ" ဟု ပြောလိုက်သည်။

ထင်းပို့သမားနှစ်ယောက်က "ဟုတ်ကဲ့" ဆိုကာ အိမ်ပေါ် သို့ တက်လာကြသည်။

ထင်းပို့သမား နှစ် ဦး သည် အဖေ ညွှန်ပြသော ထိုင်ခုံတွင် မစုံမရဲ ထိုင်ကြသည်။ ပြီးတော့ ခေါင်း တွင် ပတ် ထား သော ခေါင်းပေါင်းကိုချွတ်ကာ ချွေးစ မျှား ပေနေသော မျက် နှာ ကို သုတ်ကြသည်။မည်သည့်အချိန် ကစ၍ မဖုပ်လျှော်ဘဲ ထားခဲ့ သည်မသိ ခေါင်းပေါင်းစောင်၏ ပင်ကိုယ်အရောင်မှာ ပြယ်နေပေ ပြီ။ မဲပုပ်ပုပ် ညစ်ထေးထေး ချွေးရောင့် များကိုသာ မြင်နိုင် တော့သည်။

ထင်းပို့သမား နှစ်ယောက် သည် လက်ဖက်ရည်ကို မြိန်ရည် ရှက်ရည် သောက်ပြီးသောအခါ ပြန် သွား ကြ သည်။ ထင်း ဖိုး အတွက်ငွေနှစ်ကျပ်ကိုအိတ်ထဲမှ နှိုက်၍ အဖေကပေးလိုက်သည်။

အဖေ့ကို ကြည့်ရသည်မှာ အ လုပ်သမားတို့အပေါ် လေးစား ချစ်ခင်ဟန် ရှိသည်။ သို့သော် ဖိုးထူးက ထင်းလာပို့သော အ လုပ်သမားတို့ကို မကျေနပ်ပေ။

"အဖေ၊ငွေနှစ်ကျပ်ပေးလိုက် တာ မများဘူးလား၊ စျေးကြီး လှ တယ် အ ဖေရယ်။ ပြီးတော့ ရေ နွေး တွေ ဘာ တွေတောင် သောက်ခိုင်းလိုက်သေးတယ်"

အလုပ်သမားများပြန်သွား ပြီးနောက် ဖိုးထူးက အဖေ့ကို ပြောလိုက်ခြင်းဖြစ်သည်။

"တိုက်ရတာပေါ့သား၊ သူ တို့ သိပ်မောနေတယ်လေ၊ မင်း ကိုယ်ချင်း မစာနာ မိဘူးလား။ ထင်း ဖိုး ကလဲ တန် ပါ တယ် ကွယ်၊ ထင်းတချောင်း ဖြစ်ဖို လုပ်ကိုင်ရတာ တယ်မလွယ်ဘူး။ မင်းတနေ့ သိမှာပေါ့လေ"

အဖေ့ကို ဖိုးထူးဆက်မပြော တော့။ ရှေ့ဆက်ပြောလျှင် ဒေါ သူပုန်ထကာ ရိုက်လိမ့်မည်။ ထို့ ကြောင့် အိမ်အောက်သို့ ကစား ရန် ဆင်းခဲ့သည်။ သို့သော် ဖိုး ထူးစိတ်တွင် မကျေနပ်ပေ။

အဖေသည် အလုပ်ကို ချစ် ခင်သူပီပီ အလုပ်ကြမ်း အလုပ် နှ မရွေး။ ထို့ကြောင့် အိမ်တွင် မိမိကိုယ်တိုင် လုပ်လျှင် ဖြစ်နိုင် သည့်အရာများကို လုပ်ရန် တူ၊ လှသေး၊ လှကြီး၊ ပေါက်ပြား၊ တူးရွင်းတို့ကို ဝယ်ထားသည်။

ညနေပိုင်းတွင် ကိုကိုသည် အိမ်ပေါ်မှ လှကိုဆွဲလျက် ဆင်း လာသည်။ ကစားနေသော ညီ

ငယ်ဖိုးထူးအား လှမ်းခေါ်လိုက်သည်။ ဖိုးထူးသည် ကစားနေရာမှ လာကာ –

"ကိုကိုကြီး–လှကြီးနဲ့ ဘာလုပ်ဖို့လဲ – ဟင်"ဟု မေးသည်။

ကိုကိုက ဖိုးထူးအား "လာသာ လာစမ်းကွာ–ဘာလုပ်လုပ် ရှေ့မနေနဲ့" ဟု ပြောသဖြင့် ဖိုးထူးမှာ ကိုကိုနောက်သို့ ငြိမ်၍ လိုက်ခဲ့ရသည်။ စင်စစ် ကိုကိုအား ဖိုးထူး ကြောက်သည်။ ကိုကိုပြီးလျှင် အဖေ့ကိုကြောက်သည်။ အမေ့ကိုကား ဖိုးထူး မကြောက်။ အမေက မရိုက်ဘဲကိုး။ အမေ မရိုက်အောင် မျက်ရည်ပြပြီး နွဲဆိုး ဆိုးတတ်၏။

သို့နှင့် အိမ်နောက်ဖက် ဥယျာဉ်ထဲရှိ လဲကျနေသော သရက်ပင် အနီးသို့ ရောက်လာသည်။ ကိုကိုက –

"ကဲ– မင်းနဲ့ငါ ဒီသရက်ခြောက်ကို ဖြတ်ရမယ်တဲ့၊ အဖေတော်တော်နေယင်လာလိမ့်မယ် ဒီတော့မှ နား" ဟု ပြောသည်။

ဖိုးထူးသည် ကိုကိုနှင့် အတူ သရက်ကိုင်းဖျားမှ စ၍ လှဖြင့် ဖြတ်သည်။ မလုပ်ဖူးသည်ကို လုပ်ရ၍ အစပိုင်းတွင် ပျော်သလိုလို ရှိ၏။ အချိန်အနည်းငယ်ကြာသောအခါ ဖိုးထူး မောလာသည်။ ထိုအခါမှ ပင်ပန်းရမှန်း သိသည်။ သို့သော် မပြောရဲ။ "အဖေကလဲ လာခဲလိုက်တာ" ဟုသာ စိတ်ထဲမနေ၍ အဖေကို တမ်းတနေသည်။

"ဟော– အဖေလာပြီ" ဟု ပြောရင်း ဖိုးထူး ဝမ်းသာသွားသည်။

"ထင်း ဖြတ်လို့ ပြီးကြပြီလား" ဟု အဖေက ပြုံးပြုံးကြီး လှမ်းမေး လိုက်သည်။

ယခုမှ ထင်းတချောင်းဖြစ်အောင် ဘယ်လိုလုပ်ရသည်ကို ဖိုးထူးသိသည်။ ယခု လုပ်နေသည်မှာ ဖြတ်ရုံမျှသာ ရှိသေးသည်။ မခဲ့ရသေး။

မနက်က ထင်းပို့လာသော အလုပ်သမားများကို ဖိုးထူး၏ မျက်စိထဲတွင် မြင်လာကာ လေးစားသွားသည်။ သနားသွားသည်။ ကိုယ်ချင်းစာလာသည်။ အလုပ်၏ တန်ဖိုးကို သိလာသည်။

အဖေလာမှ ဖိုးထူးနားရသည်။ အမေက ရေနွေးလာပို့သဖြင့် ဖိုးထူးသောက်နေသည်။ အဖေနှင့် အစ်ကိုကတော့ ထင်းဖြတ်ကြဆဲဖြစ်သည်။ အဖေက ဖိုးထူးကို ပြုံး၍ ကြည့်သည်။

ဖိုးထူးက စိတ်မလုံသဖြင့် "အဖေ– နောက်တခါ ထင်းပို့လာယင် နှစ်ကျပ်မကလို့ လေးကျပ်ပေးပေး တန်ပါတယ်နော်" ဟု ပြောလိုက်သည်။

မနက်ဖြန် ကျောင်းတက်လျှင် ထင်းတချောင်း၏ တန်ဖိုးကို သူငယ်ချင်းများအား ပြောပြရမည်ဟု ဖိုးထူး စိတ်ကူးနေသည်။

အတာသဘင်

ခိုင်ရွှေဝါ၊ ပိတောက်ပန်း၊
ပင်လုံးညွတ်မျှ၊ ဖြိုးအိလျှမ်း။

အတာနှစ်ဆန်း၊ ချိန်ခါတွင်၊
သွန်လောင်းပျော်မြူးရေသဘင်။

ရိုးရာယဉ်ကျေး သကြန်ပွဲ၊
မြန်မာဆံဆံ၊ ဆင်ယင်ခဲ့။

နှစ်ဟောင်းအစွဲ၊ တယူသန်၊
စွန့်ပစ်ဆေးကြော သန့်စင်ရန်။

တခေတ်တော်လှန်၊ အားမာန်ခဲ၊
အားသစ်၊ မာန်သစ်၊ စိတ်သစ်စွဲ။

မောင်ဌေးသိန်း

တောခွေးဧ၊ကိုယ်တွင် ဝမ်းပိုက်ပိုင်းမှလွဲ၍ နီညိုရောင်အမွေးများရှိသည်။ သံချေးရောင်ဟူ၍လည်း ဆိုနိုင်သည်။ ဝမ်းပိုက်ပိုင်းတွင် ဖြူညစ်ညစ် အမွေးများရှိသည်။ နှာခေါင်းရိုးပေါ်ရှိ အမွေးများမှာ အနက်ရောင်ဖြစ်သည်။ နားရွက်များမှာ ချွန်၍ထောင်နေသည်။ အမြီးသည် ရှစ်လက်မခန့်သာ ရှည်ပြီး အမြီးတွင်ရှိသော အမွေးများမှာ ငါးလက်မခန့်အထိ ရှည်လျားသည်။ အမြီးသည် အောက်သို့အမြဲညွတ်ကျနေသည်။

ချုံ၍ကြည့်လျှင် အိမ်ခွေးနှင့်တူသော်လည်း ဝံပုလွေကဲ့သို့ ကိုယ်ထည်ရှည်လျားသည်။ ခြေလက်များတိုပြီး သန်မာသည်။ ခရီးဝေးဝေး သွားလာလေ့ရှိသည်။ အုပ်ဖွဲ့လျက် အမဲလိုက်လေ့ရှိသည်။ မိသားစုတစုမှ နှစ်စုခန့်အထိ အုပ်ဖွဲ့နေလေ့ရှိသည်။ လူများကို အန္တရာယ် ပြုခဲသော်လည်း တိရစ္ဆာန်ကြီးများကို တိုက်ခိုက်သတ်ဖြတ် စားသောက်ကြသည်။ တောဝက်၊ ဆတ်၊ သမင်၊ ချေ၊ စိုင်၊ ပြောင် စသည်များကို တိုက်ခိုက် သတ်ဖြတ်လေ့ ရှိသည်။ တခါတရံ ကျားနှင့် ကျားသစ်များကိုပင် ဝိုင်းဝန်းတိုက်ခိုက် သတ်ဖြတ်လေ့ ရှိသည်။

အန္ဓံခံ အလွန်ကောင်းသည်။ အမဲလိုက်နည်းဖြင့် အစာရှာရင်း ရွှေရွာသွားလာလေ့ရှိသည်။ အမများ သားပေါက်သောအခါ ထိုနေရာတွင် ရပ်နားကြသည်။ အမသည် သားငယ်များကို မြေကျင်းတွင်ထည့်၍ စောင့်ရှောက်သည်။ ကျန်တောခွေးများက အစာရှာဖွေကျွေးသည်။ တကြိမ်လျှင် သားငယ်သုံးကောင်မှ ခုနစ်ကောင်အထိ မွေးဖွားသည်။ သားငယ်များ ပြေးလွှားနိုင်သောအခါ ထိုနေရာမှ ထွက်ခွာကြပြန်သည်။

တောခွေးတို့၏ ထူးခြားချက်မှာ အုပ်စုဖွဲ့၍ နေထိုင် ကျက်စားရှုမျှမကပဲ တနေရာမှ တနေရာသို့ သွားလာရာတွင် ရှေ့ပြေး ကင်းထောက်များ ထားလေ့ရှိခြင်းပင်တည်း။

ရဲမြင့်



၂၅ မြား

ရန်ကုန်မြို့၊ ၂၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ဝ၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥမင လမ်းသွယ်၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝ၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၁၇။

ရွာသူ့ဘာသံ

၁၃၃၆ ခု၊ ကဆုန်လဆန်း ၇ ရက် (၂၇-၄-၇၄)

စနေနေ့တိုင်း ထုတ်ဝေသည်။

စည်းစိမ်ရှင် နှင့် လုပ်အားသခင်

မိုးသည် အေးဇင်။ စိုစွတ်ဇင်။ ထိုမိုးကို မိုးဘုရင်က မင်းမူအုပ်စိုးဇင်။ သူရွာလို့မှရွာဇင်။



မိုးဘုရင်တွင် သား မိုးပျိုတဦးရှိသည်။ ထိုမိုးပျိုကား ပျိုနုဇင်။ မာန်ယစ်ဇင်။



တနေ့တွင် မိုးပျိုသည် မည်သူအား သူဘုန်းစွမ်း မြရမည်နည်းဟု ရှာဖွေရာ –



ပြောပြောဆိုဆိုနှင့် မိုးပျိုက ရုတ်တရက်မိုးရွာချလိုက်ရာ –

သူဌေးကြီးသည် အေးစိမ့်၍ သိမ့်သိမ့်တုန်ချမ်းတက်လာသောကြောင့်



ထိုကြောင့် မြင်းလှည်း မောင်းသမားသည် ကြာပွတ်ရိုက်၍ အပြင်းနှင်လေ၏။



သူဌေးကြီးသည် အိမ်ပြန်ရောက်လျှင် ဝွမ်းမွေ့ရာကြီးပေါ်တွင် ကတ္တီပါစောင် အထပ်ထပ်နှင့် ကွေးလိုက်မည်ဟု တွေး၏။

ထိုအခိုက်



သူဌေးကြီး မေးချင်းရိုက်ကာ အချမ်းဒဏ်ကို လှိမ့်ခံနေရသလောက် မိုးပျိုမှာ –

သူဌေးကြီးအိမ်သို့ ပြန်ရောက်၍ ကျေးကျွန်များက ချီမပြီး သွင်းလာစဉ်

သူဌေးကတော်ကြီး ပြေးထွက်လာပြီး –

မိုးပျိုကား သူအစွမ်းပြလိုက်ရသည်ကို အားရ ကျေနပ်လျက် ဖခင်ထံ သွားရောက်ကာ ဝင့် ကြွားဂုဏ်ယူ၍ ပြောလေ၏၊

ခမည်းတော်ဘုရား - သားတော် အစွမ်းကြောင့် သူဌေးကြီး တဦး ဟာ - ဖြင်း ရထား နဲ့ အလာမှာ .... နောက်ဆုံး၌ အံအား၊ မိုးကြိုး အဖျား၊ တက်သွား ကြောင်း ပါတဲ့ ဘုရား

မိုးဘုရင်ကြီးသည် အသက်ငယ်၍ အတွေ့ အကြုံနှံ့နယ်သေးသော မိုးပျိုကို ကြင်နာစွာ ကြည့်ရင်း ....

အင်း - သွန်သင် ဆုံးမ အုံးမှ ဘဲ ..

သားတော် မိုးပျို ... စည်းစိမ်ရှင် သူဌေးကြီး အပေါ် အောင်မိုင် လိုက်သည်ကို ဖ - ခမည်း တော် အား ရ တော်မူ သည် ..... သို့သော် .....

.... ဟို အဝေးမှာ မြင်ရတဲ့ - လယ်ယာလုပ်သားကို ရွှေလော့။ သူသည် စည်းစိမ်ရှင် သူဌေးကြီးလို - အနွေး ထည် ဖမြည်စွဲ ရုံသာမက ခမောက်နှင့် နံငယ်ပိုင်း မှလွဲ၍ ဘာအဝတ်မျှ မဝတ်ချေ။

ထို လယ်ယာ လုပ်သားကြီး ကို - သားတော် မိုးပျို - အောင်မိုင်အံ့ မည်လော။ အစွမ်း ပြ ချေဦး လော့၊ ထို လယ်ယာလုပ်သားကြီး ကို အောင်မိုင်လျှင် ကမ္ဘာ တည်းမှာ သားတော်ဟာ အစွမ်း အထက်ဆုံး လို - သား တော်ရဲ့ ဖြေး ကြော် ချက်ကို ဖ - ခမည်း တော် ကိုယ် တော် တိုင် - ယုံကြည် မည်မဟုတ် သည်း ။ ။

မိုးပျိုသည် ရုတ်ချင်းထကာ ထွက်ရင်း -

ရှိ ရော့ - ခမည်း တော် - ထို လယ် လုပ်သား ကို တခဏချင်း အံအား မီ စေ ပါ အုံ့ ။ စည်းစိမ်ရှင် သူဌေးကြီး လောက် ခေါ်မည် မဟုတ် ကြောင်း ပါ ။

လုပ်သားကြီးထံသို့ သွားရှိန်၌ ထယ်ထိုးပြီး၍ လှည်းထပ်ကာ ထင်းခွေထွက်မည့်ဆဲဆဲ ဖြစ် နေသည်။

မိုးပျိုထည် လုပ်သားကြီးကို ပြေးကပ်လိုက်ရာ အေးစိမ့်၍ ဆတ်ခနဲ ဖြစ်သွား၏။



လုပ်သားကြီးသည် မတ်တတ် ရပ်လိုက်ကာ နွားများကို လက်ဝါးဖြင့် ထုအားရိုက်ခတ် ပုတ်မောင်းလိုက်ရာ သွေးပူလာထော့၏။



မိုးပျိုသည် လှည်းပေါ်မှ ကျကျန်ခဲ့၍



ဒေါသထွက်ပြီး ထကြိမ်းလေသည်။

ထောထဲရောက်၍ လှည်းဖြုတ်ပြီး ထင်းခုတ်ရန် သစ်ပင်ရွေးနေစဉ် ပထမ ထင်းခုတ်မည့်ပုဆိန်ကို စိုက်ခဲစေ၏။





ထိုနောက် ပုဆိန်ကိုမြှောက်ဆုပ်ကာ သစ်ပင်ကို ခုတ်လဲလေတော့ရာ မိုးပေါက်တို့သည် လွှင့် စဉ်ထွက်ကုန်သည်။

လုပ်သားကြီးသည် ပုဆိန်ပြန်ယူရာ မိုးရွှဲနေသည်ကို တွေ့သဖြင့်



ပြောပြောဆိုဆို နှင့် လှည်းနားသွားပြီး



ထိုအကြောင်းကို မသိရှာသော လုပ်သားကြီး သည် သစ်ခုတ်ပြီးသော် —



ထင်းများကို လှည်းပေါ်တင်ပြီး မောင်းရာ ညွှန်နှစ်နေသဖြင့် မရွှေတော့ချေ။



ထိုကြောင့် လုပ်သားကြီးသည် ခုန်ဆင်းပြီး လှည်းဘီးကို တွန်းလေ၏။



မိုးပျိုကလည်း အားကျမခံ တဖက်မှ ပြန်တွန်းလေသည်။



သို့သော် လုပ်သားကြီးက ရှိသမျှ အားနှင့် အားစိုက်၍ တွန်းသဖြင့်

နောက်ဆုံး၌ လှည်းဘီးသည် လိမ့်ထွက်လာပြီး မိုးပျိုကိုနင်းမိလေသည်။



မိုးပျိုသည် မတတ်နိုင်သောအဆုံး၌ ဖခမည်းတော်ထံ ပြန်ရလေသည်။



ဖြဲ့

ပုသိမ်မြို့

ရေးသူ- ရေနံမြေစု
သရုပ်ဖော်- ကဆုံ

ပုသိမ်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီး၏အုပ်ချုပ်ရေးဗဟိုဌာနဖြစ်၍ ဧရာဝတီတိုင်းမင်းကြီး ရုံးစိုက်မြို့ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ရန်ကုန်မှလွဲလျှင် အကြီးဆုံး အစည်ကားဆုံးမြို့ ဖြစ်သည်။ ပုသိမ် မြစ်ဟုလည်း ခေါ်သော ဝေနမြစ်ကမ်းပါး ပေါ်၌ တည်ရှိ၏။ ပင်လယ်ဝမှ ၇၅ မိုင်ဝေးသည်။ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက် နိုင်သောကုန်းတွင်းအကျဆုံးပင်လယ်ဆိပ်ကမ်းမြို့နှင့် ရှေးအကျဆုံး သင်္ဘောဆိပ်မြို့ ဖြစ်သည်။ ရှေးကပင် မြန်မာနိုင်ငံနှင့်မမျှ မဒေသ၊ သီဟိုဠ်ကျွန်းစသည်တို့နှင့် ဆက်ဆံကူးသန်းခဲ့သောမြို့ဖြစ်သည်။

ပုသိမ်မြို့သည် ဝေနမြစ်ကမ်း နှစ်ဖက် စလုံးပေါ်၌ တည်နေသည်။ ၁၂ စတုရန်း မိုင်ခန့် ကျယ်ဝန်းသည်။ ၁၉၅၃ ခုနှစ် သန်းခေါင် စာရင်းအရ လူဦးရေ ၇၉၀၅ ယောက် ရှိခဲ့သည်။ ဗုဒ္ဓဘာသာလူမျိုးများသည်။ ခရစ်ယန်ဘာသာဝင် ကရင်လူမျိုးများက ဒုတိယလိုက်သည်။

ရာသီဥတုမှာ သင့်တင့်ကောင်းမွန်သည်။ ပင်လယ်လေကြောင့် နွေအခါ အပူရှိန် သက်သာသည်။ မိုးများသည်။

အစိုးရရုံးများ၊ အစိုးရအဆောက်အအုံများ အထက၊ အလက၊ အမက ကျောင်းများသည် လွတ်လပ်ရေး ခေတ်နောက်ပိုင်းတွင် တိုးတက်များပြားလာသည်။ ဆရာအတတ်သင်ကျောင်းနှင့် ပုသိမ်ကောလိပ်လည်းရှိသည်။ မြို့၏စည်ပင်သာယာရေးကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် မျ||နိစိပယ်အဖွဲ့က ဆောင်ရွက်ခဲ့သည်။





အခြား မြို့ရွာဒေသများနှင့် ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းအားဖြင့် ဆက်သွယ်နိုင်သည်။ ရန်ကုန်မှ ရေလမ်း ၁၉၄ မိုင်၊ မီးရထားလမ်း ၁၉၁ မိုင်၊ လေကြောင်းဖြင့် ၉၄ မိုင်ရှိသည်။ ရန်ကုန်သို့ တောက်လျှောက်ပေါက်မည့် မော်တော်ကားလမ်းကို ဖောက်လုပ်နေဆဲဖြစ်သည်။ ပုသိမ်မြို့၏ ထွက်ကုန်မှာ ဆန်စပါး၊ ပြည်တွင်းသုံး သစ်နှင့် ပျိုမေတို့အကြိုက် ပုသိမ်ထီးများအပြင်၊ ပင်လယ်ပိုင်းရှိ အင်းများမှ ငါးငခြောက်များကို ပုသိမ်မြို့မှတဆင့် ရောင်းဝယ်ကြသည်။

ရွှေမဉ္ဇော တကောင်းဘုရား၊ မဟာမောဓိ၊ ကိုးသိန်း ကိုးသန်း၊ ရွှေစည်းခုံစသော တန်ခိုးကြီး ရှေးဘုရားစေတီများ ရှိသည်။

ပုသိမ်မြို့သည် နှစ်ပေါင်းများစွာက အမည်အမျိုးမျိုးတွင်ခဲ့သော်လည်း ဟံသာဝတီ ဝဲခူးမှ ဝိမလမင်း၏ အဆက်အနွယ်များ လက်ထက်ကမှစ၍ ပုသိမ်ဟုတွင်လာသည်။ အင်းဝခေတ်မှ အလောင်းဘုရား လက်ထက်တိုင်အောင် ပုသိမ်မြို့သည် မွန်နှင့်မြန်မာတို့၏ အားပြိုင်ရာဒေသဖြစ်ခဲ့သည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်လိုသောအခါ ပုသိမ်တပိုက်တွင် ခြေကုပ်ရရန် ကြိုးပမ်းခဲ့ကြပေသည်။

ဦးပေါင်းဦးသင်း

ရေးဆွဲသည်

ဖိုးဇော်ကိုတော့ ကလေးကအစ တိရစ္ဆာန်
တွေအထိပင် ကြောက်ကြသည်၊



အရပ်ထဲမှ လူကြီး သူကြီး များကလည်း
သူကို ရှဉ့်ကြောက်ကြီး ကြောက်ကြသည်၊

ဖိုးဇော်သည် တခါက သူထက်ဗလကြီးသော
သူတယောက်ကို ချောင်းရိုက်ခဲ့ဘူး၏။

ဒါမှ ငါကို... ဖိုးဇော်ရဲ့ သူငယ်ချင်းဆို ပြီး အထင် ကြီးကြမယ်... ဟီးဟော. ဘယ်သူ့မှလဲ ရည်စိုက်စရာ မလိုတော့ဘူး
ဖိုးဇော်နဲ့-သူငယ်ချင်း ဖြစ်ရဲ့ယင်... သိပ်ကောင်း မှာကဲ့
ဟဲဟဲ... ဒီလိုမှလေ! ငါ့အပေါင်းအသင်းထဲမှာတော့ မင်းအတော်ဆုံးဟဲ့ နောက်ထပ်ရဲ့ယင် ယူခဲ့ဦး
ဟေ့-ဖိုးဇော် မင်းဖို့စီးကရက် ငါ... အိမ်မက် ဆိုးလာတာ
ဒီနေ့-အတန်းထဲက ငနဲတကောင် ငါ့ကိုကန့်တန့်တန့်လုပ်တာဟဲ့. ပါး:ပိတ်ရိုက်လိုက်တာ ဆန့်ငင်ဆန့်ငင်ဖြစ်သွား တာကဲ့
ငါနဲ့ပေါင်းယင် အဲဒီလို လက်သံထွေးမှု ကျိုက်တကွ-ဒဲဒဲ....

အရပ်ထဲတွင် ဖိုးဇော်နှင့် ကျန်တော်သည် တတွဲတွဲဖြစ်နေသည်။

ကျန်တော့်ကိုလည်း ဖိုးဇော်ကဲ့သို့ပင် ကလေးက ကြောက်၊ ခွေးကကြောက်နှင့် အားလုံးက ကြောက်နေကြပြီ....



တနေ့တွင်....

လမ်းလျှောက်နေစဉ် ကျန်တော့် ခေါင်းထဲတွင် မီးဝင်းဝင်းတောက်သွားသည်။ ပြီးတော့ မှောင်အတိ ကျသွားသည်။

ဒါကြောင့်-အပေါင်းအသင်းကြည့်ပေါင်းဖို့ အမေအဲ့မသွန်သင်ခဲ့တာပေါ့သားရယ်... ဖိုးဇော်ဆော့-ဒုစ္စရိုက်သိပ်ပြင်းထိုးဆေးရုံမှာ တင်ထားခဲ့ရပြီ.....

အရာဝတ္ထုများဘာကြောင့် လေထဲတွင်မီးလောင်နိုင်သနည်း

ခြောက်သွေ့သော ထင်းစ တစ်ကို မီးရှို့လိုက် ပါက အလွယ် တကူ မီး လောင်ကျွမ်းသွားသည်ကို တွေ့ရပေမည်။ ထို့အတူ ဖယောင်းတိုင်၊ ရေနံဆီမီးခွက် စသည်များကို မီးထွန်းညှိပါက တောက်လောင်သည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းတို့သည် အဘယ်ကြောင့် မီးလောင်ရသနည်း။ မီးလောင်နိုင်ခြင်းမှာ လေထဲတွင် ရှိသော အောက်ဆီဂျင် ဓာတ်ငွေ့ကြောင့် ဖြစ်ပေသည်။

လေထဲတွင် အောက်ဆီဂျင် ဓာတ်ငွေ့ ၅ ပုံ ၁ ပုံခန့် ပါရှိသည်။ လေထဲတွင် အောက်ဆီဂျင် ဓာတ်ငွေ့သာမရှိပါက ထင်းစ၊ မီးခွက်၊ မီးတိုင်များ မီးလောင်နိုင် မီးလင်းနိုင်တော့မည် မဟုတ်ပေ။ မီးလောင်ရာတွင် အောက်ဆီဂျင် ဓာတ်ပါဝင်ကြောင်း အောက်ပါ အတိုင်း စမ်းသပ်ကြည့်နိုင်သည်။ ထမင်းစား ပန်းကန်ပြားထဲတွင် ရေထည့်ပါ။ ထင်းရှူး ပြား သို့မဟုတ် ဖေဘူးပြား တချပ်ပေါ် တွင် မီးညှိထားသော ဖယောင်းတိုင်ကိုတင်ထားပါ။ ထိုဖေဘူးပြားနှင့် ဖယောင်းတိုင်ကို ရေတွင်ပေါ် နေအောင် ချထားပါ။ မီးလောင်နေသော ဖယောင်းတိုင်ပေါ် သို့ ဖန်ခွက် အုပ်ထားလိုက်ပါ။ ဖယောင်းတိုင်သည် ခဏဆက်လက် လောင်ကျွမ်းပြီးနောက် ငြိမ်းသွားသည်ကို တွေ့ရသည်။ ဤသို့ငြိမ်း သွားရခြင်းမှာ လေတွင်ရှိသော အောက်ဆီဂျင် ကုန်ခန်း သွားသောကြောင့် ဖြစ်၏။ ထို့ကြောင့် အရာဝတ္ထုများမီးလောင်ရာတွင် အောက်ဆီဂျင်လိုကြောင်းသိရသည်။

တင်လှဦး

ပေတံ၊ ကွန်ပါတိုဖြင့် ရှပ်မြောင်ရေးဆွဲနည်း



ပုံ(၁)ပါ စက်ဝိုင်း၊ စက်ဝိုင်းခြေခြင်း၊ မျဉ်း၊ အစက်များကို ပေတံ ကွန်ပါတိုဖြင့် အလွယ်ဆွဲနိုင်ပါသည်။ ကွန်ပါဖြင့် စက်ဝိုင်းကြီးများဆွဲ၍ ပုံ(၁)ပါ စက်ဝိုင်း၊ စက်ဝိုင်းခြေခြင်း၊ မျဉ်း၊ အစက်တို့ဖြင့် ဖြည့်ဆွဲလိုက်ပါက ပုံ(၂)ပါ မျက်နှာဖုန်အမျိုးမျိုးနှင့် ရှပ်မြောင်များ ရနိုင်ပါသည်။



ကျွန်တော် အိပ်ရာဝင်တိုင်း ဦးလေးကို ဦးချ အိပ်လေ့ရှိပြီး ကျွန်တော့်လက်မှ မြလက်စွပ်ကလေးကို ပွတ်သပ်၍ ကြည့်မိပါသည်။

ဦးလေးသည်ရိုးသားဖြောင့်မတ်၍ တည်ကြည်သူတယောက်ဖြစ်ပါသည်။ စည်းကမ်းလည်း အလွန် ကြီးပါသည်။

တနေ့ ဦးလေးသည် ကျွန်တော်တို့ရွာသို့ အလည်ရောက်လာပါသည်။ အမေက ကျွန်တော့်ကို ဦးလေးနှင့် ထည့်လိုက်ပါသည်။ ကျွန်တော်သည် ရန်ကုန်ရောက်လျှင် အဝတ်ကောင်း ဝတ်ရမည်၊ အစားကောင်း စားရမည်ဟု တွေးပြီး ပျော်နေမိပါသည်။ သို့သော် ရန်ကုန်ရောက်သောအခါ အထင်နဲ့ အမြင်သည် တက်တက်စင်လွဲနေပါသည်။ ဦးလေးသည် ကျွန်တော့်ကို အလုပ်ရုံတခုတွင် ပညာသင်အဖြစ် အလုပ်သွင်းပေးပါသည်။

"မင်း အလုပ်ကို ကြိုးစားလုပ်၊ ရိုးရိုးသားသားနဲ့ အလုပ်ကို ကြိုးစားလုပ်တဲ့လူဟာတနေ့ ကြီးပွားလာတာဘဲ"

သို့သော် ဦးလေးက ကျွန်တော်ရသော လုပ်ခကို အားလုံး သိမ်းယူတတ်ပါသည်။ ပိုက်ဆံကိုလည်း အလွန် စစ်ပါသည်။ ကြာတော့ ဦးလေးကို မကျေမနပ် ဖြစ်လာမိပါသည်။

တနေ့တော့ ကျွန်တော်တို့ ရွာသား သူငယ်ချင်း စံသိန်းနှင့် တွေ့ပါသည်။ သူဝတ်ထားသော အဝတ် အစား များများမှာ အကောင်းစားများ ဖြစ်ပါသည်။ စီးကရက်ကိုလည်း ဟန်ပါပါ ခဲထားပါသည်။ ကျွန်တော်သည် စံသိန်းကိုကြည့်ပြီး အလွန် အားကျမိပါသည်။ ထို့ကြောင့် ကျွန်တော့်အကြောင်းကို ပြောပြမိပါသည်။ ဦးလေးနှင့်မနေလိုတော့ ကြောင်းလည်းပြောပြပါသည်။

"အေး– ဒို့ ဆရာကြီး ကို ပြောပေးမယ်။ ဒို့ ဆရာကြီးဆီ ရောက်ယင် ငါ့လိုဘဲနေရမှာဘဲ။ ငါ ဆရာကြီးပြောပြီးယင် လာခေါ်လွှဲမယ်"

ကျွန်တော်သည် စီးကရက် တလိပ် ဝယ်သောက်ပြီး အိမ်ပြန်လာရာ လမ်းထိပ်တွင် ဦးလေးနှင့် သွား တိုး နေ ပါ သည်။ ဦးလေးက ကျွန်တော့်လက်ထဲမှ စီးကရက်ကို လှမ်းယူလိုက်ပြီး–

"ဆေး လိပ် သောက် တာ ကောင်းတဲ့အကျင့် မဟုတ်ဘူးကွ။ ငွေလဲကုန်တယ်၊ ကျန်းမာရေးလဲ ထိခိုက်တယ်၊ နောက် ဆေးလိပ်မသောက်နဲ့"

ကျွန် တော် ဦး လေး ကို ဒုတိယအကြိမ် မကျေမနပ်ဖြစ်မိပါသည်။ ထို့ကြောင့် စံသိန်း အလာကိုပဲ မျှော်နေမိသည်။ သို့သော် တနေ့တော့ ဦးလေးက ကျွန်တော့်ကို လက်စွပ်ကလေး တကွင်း ထုတ်ပေးပါသည်။

"ဒါ မင်းပိုက်ဆံနဲ့ စုပြီး လုပ်ပေးတာ၊ အလှဆင်သက် ဝတ်ဘို့ မဟုတ်ဘူး၊ တနေ့ မင်းမှာ

အရေးအကြောင်းရှိယင် ထုခဲ့ပြီး သုံးရအောင်လို့ မင်းကိုယ်နဲ့ မကွာ ရှိပါစေ”

ဒီလိုတော့လည်း ဦးလေးက ကျေးဇူးတင်စရာ အကောင်းသား။ ကျွန်တော့် တသက်တွင် ပထမဦးဆုံးအကြိမ်ရွေဝတ်ဖူးခြင်း သည်လက်စွပ်ကလေးကိုအမြတ်တနိုး ဖြစ်မိပါသည်။

စံသိန်းနှင့်တွေ့တော့ ကျွန်တော့် လက်စွပ်ကို ကြည့်ပြီး –

“မင်းက လက်စွပ်တွေ ဘာတွေနဲ့ တိုးတက်နေပါလား”

“မင်း ငါ့ လာ ခေါ် တာလား”

“ဒို့ဆရာကြီး ခရီးထွက်နေလို့ မပြောရသေးဘူး။ စိတ်ချပါကွာ။ အော်– ဒါနဲ့ငါပစ္စည်းတခုအ ချောင် တွေ့ထား တယ် ကွ၊ ဝယ်ပြီး ပြန်ရောင်းလိုက်ယင် ပိုက်ဆံအများကြီးမြတ်မှာ၊ မင်း လက်စွပ်ခဏပေါင်းကွာ”

“ဟာ မဖြစ်ဘူးကွ၊ ဦးလေး သိယင် ဆိုလိမ့်မယ်”

“ခဏကလေးဘဲကွာ၊ ချက်ချင်းပြန်ရွေးမှာဘဲ၊ မင်းပါ ငါနဲ့ လိုက်ခဲ့။ မင်းဦးလေး သွားပြော ချည် ငါ ဒီကစောင့်နေမယ်”

ကျွန်တော် အပြင်ခဏသွားမည့် အကြောင်း ဦးလေးကို သွားပြောပါသည်။ ကျွန်တော် ပြန်ထွက်လာသောအခါ စံသိန်းကို မတွေ့ တော့ပါ။ စံသိန်း ကျွန်တော့်ကို လိမ်သွားပါပြီ။ ကျွန်တော် အလွန် ဒေါသဖြစ်မိပါသည်။ လက် စွပ် ကို လည်း နှမြောမိသည်။

တလ လောက် ကြာ တော့ စံသိန်းကို လမ်းထိပ် ကွမ်းယာဆိုင်တွင် သွားတွေ့ပါသည်။ ကျွန်တော် သူ့ကို ရဲစခန်းသို့ အတင်း ဆွဲခေါ် သွားပါသည်။ ဦးလေးကိုလည်း ပြေးခေါ် ပါသည်။ ဦးလေးက ပစ္စည်းပြန်ရယင် ပြီးရော အမှုမလုပ်လိုပါဟု ပြောပါသည်။ ပစ္စည်းတော့ပြန်မရပါ၊ အပေါင်လက်မှတ်သာရပါတော့သည်။ သို့သော် စခန်းမှူးက စစ်ဆေးစရာ ရှိသေးသည်ဆိုကာ စံသိန်းကို ဆက်ပြီး ချုပ်ထားပါသည်။

ကျွန်တော်နောင်တကြီးစွာ ရမိပါသည်။ “လူဆိုတာ ချိုးခြံခွေတာစွာနေတတ်ရမယ်၊ကိုယ့်ဝင်ငွေနဲ့ မျှတစွာ သုံးစွဲတတ်ရမယ်၊ ရိုးသားဖြောင့်မတ်ရမယ်” ဟု ဦးလေး ဆုံးမပါသည်။

ကျွန်တော်သည် ဦးလေးဆုံးမသည့်အတိုင်း နေထိုင်ခဲ့သဖြင့် မပူမပင် မကြောင့်မကြပဲ အေးချမ်းစွာ နေထိုင်ရပါသည်။ ဦးလေးကိုလည်း ယခုမှကျေးဇူးတင်မိပါသည်။

ဦးလေးလုပ်ပေးခဲ့သော မှလက်စွပ် ကလေးကား ကျွန်တော်လမ်းမှားသို့ လိုက်မည်ကြံတိုင်း ကျွန်တော့်ကို အစဉ်သတိပေးနေသော အဆောင်ရတနာလေးပင် ဖြစ်ပါတော့သည်။

ကမ္ဘာ့ အလုပ်သမားနေ့

ဗိုးပတ်သံ တိုးမြည်ကြွေ
အိုးစည်က သိမ့်သိမ့်တုန်၊
ပတ်ဗေထုံပုံ။
ကကြိုးကယ်စုံ တီးပုံကရွှင်မြူး၊
လင်းကွင်းသံ ညံမစဲတယ်
နဲ့သံကထူး။ ။
လုပ်အားရှင် အောင်ပွဲမို့
နောင်အမြဲ စဉ်အလာ၊
နွဲ့ဆင်စို့ကွာ။
တို့ကမ္ဘာ မြို့ရွာနှင့်ပြည်အရေး၊
လုပ်သားတွေ အားမာန်သစ်နဲ့
ပြည်ချစ်မေဒေး။ ။
တို့တိုင်းပြည် ဖြိုးကြွယ်ဝ
ကိုးဆယ်ဆ လုပ်အားညီ၊
ကြိုးစားကြမည်။
မြန်မာပြည် သာစည်ဘို့အရေး၊
ထွက်ကုန်တွေ ဝေဝေဖြိုးအောင်
တိုးထုတ်စို့လေး။ ။

ဗန္ဓုရဝင်း

ခွေးအာ

ခွေးအသည် ဝံပုလွေနှင့် ဆင်တူဟန် ရှိသော်လည်း ဝံပုလွေကဲ့သို့ ခန္ဓားထည်ဝါခြင်း မရှိပေ။ အလုံးအထည်သေးပြီး အရောင်အသွေး ဝါညစ်ညစ်ဖြစ်သည်။ နှုတ်သီးချွန်သည်။ ဦးခေါင်းနှင့် ကိုယ်ထည်အလျားမှာ ၂၀ လက်မခန့်ရှိပြီး အမြီးမှာ ၁၀ လက်မခန့် ရှိသည်။ အမြီးဖျားတွင် အမွေးရှည်များ ပေါက်လျက် ရှိသည်။

အနံ့ခံ အလွန်ကောင်းပြီး နားပါးသည်။ လူနှင့်မနီးမဝေးရှိ ဂူများ၊ မြေကျင်းများနှင့် သစ်ခေါင်းများ ထဲတွင် နေထိုင်လေ့ ရှိသည်။ ညပိုင်းတွင်သာ အစာရှာထွက်လေ့ရှိသည်။ နေဝင်မိုးချုပ်စ အချိန်များတွင် အူလေ့ရှိသည်။ အူသံမှာ သဘာနာပျော်ဖွယ် မရှိပေ။

တိရစ္ဆာန်ငယ်များကို လိုက်လံဖမ်းဆီးစားသောက်တတ်သည်။ သို့သော် ကျား ကဲ့သို့သော တိရစ္ဆာန်ကြီးများ၏နောက်မှ မယောင်မလည် လိုက်ပါပြီး စားကျင်းစားကျန်များကို ရှာဖွေ စားသောက်တတ်သည့် အလေ့အထလည်းရှိသည်။ သားစိမ်း၊ ငါးစိမ်းများကိုသာမက တခါတရံ ဆီးသီး၊ ဆီးဖြူသီး စသော အသီးများကိုလည်း စားလေ့ရှိသည်။

တကြိမ်လျှင် သားငယ်သုံးကောင်မှ လေးကောင်အထိ ပေါက်ဖွားလေ့ရှိသည်။ သားငယ်များကို အထီးအမနှစ်ကောင်စလုံးက ကြည့်ရှု စောင့်ရှောက်သည်။

ခွေးအ များကို အများအားဖြင့် အာရှတိုက်တွင်သာ တွေ့ရပြီး အာဖရိက တိုက်တွင်လည်း အနည်းအကျဉ်းတွေ့ရသည်။ မြန်မာနိုင်ငံရှိ ခွေးအ များမှာ အိန္ဒိယနိုင်ငံမှ ပြန့်ပွားလာသော ခွေးအ များ ဖြစ်လေသည်။

ရဲမြင့်

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး

ဂျာနယ်ဝ

၁၃၃၆ ခု၊ ကဆုန်လဆန်း ၁၄ ရက် (၄-၅-၇၄)

လူပျိုကြီး ကျိုဝက်ကြီး

ရေးသားသူ-မြေကြီးသားမောင်ကျော်

လယ်သမားကြီး ဦးအောင်ဘတွင် သားနှစ်ယောက် ရှိ၏။ သားကြီးက မောင်ဝကျော်ဖြစ်၍ သားငယ်က မောင်သူရ ဖြစ်သည်။ သူတို့ နှစ်ဦးသည် ဖခင်ကြီး၏ လယ်ကို အတူလုပ်ကိုင်ကြလေသည်။



ဦးအောင်ဘသည် အသက်ကြီးပြီဖြစ်၍ မကျန်းမမာ ဖြစ်နေ၏။

စနေနေ့တိုင်း ထုတ်ဝေသည်။

အားမလျှော့ဟိန့် အဖေ့ယောကျ်ား အဖေဘာမှမဖြစ်ဘူးနော်
အဖေမသေခင်သားတို့ကိုမှာခဲ့ချင်တယ်၊ အဖေ့ကိုထူပေးကြစမ်းပါကွယ်

အဖေ့ကျေးဇူးကို အဖေသိပါတယ်၊ ဒါကြောင့်မို့-- အဟွတ်-အဟွတ်-အဟွတ်
ဖွေးဖွေးမြှောပါ-မောနေမယ်အဖေ

အဖေ့ကားကို နားထောင်ပါမယ်၊ စိတ်ချပါအဖေ
အဖေမရှိတဲ့အခါအဖေ့လယ်တွေကိုတဝက်စီခွဲယူဖြီး လုပ်ကြပါကွယ်


ထိုရောဂါဖြင့်ပင် ဦးအောင်တာသည် မကြာမီ ကွယ်လွန် သွားလေသည်။


ထိုနောက်တွင် ညီအစ်ကို နှစ်ဦးသည် လယ်များကို အညီအမျှ ခွဲယူကြပြီး လုပ်ကိုင်ကြသည်။
ကြိုးစားပြီး လုပ်ကိုင်ကြသဖြင့် စပါးများမှာ အတော်ပင် အောင်လေသည်။

ဒါညီလောက်ဌအောင်
ဘယ်လိုလုပ်ပြီးကုန်စီ
ရပါလိမ့်---
အင်း-အကြံ
တော့ကြဘီ
ထိုနောက် သူတလင်းထဲမှ စပါးတဝက်ကို သူညီ
တလင်းထဲသို့ တိတ်တဆိတ် သယ်ပိုထားလိုက်
လေသည်။
တညဉ့်တွင် မောင်ဝဏ္ဏသည် အိပ်မပျော်ဝဲ
နေ၍ အစေ့ရှိစဉ်က ညီအစ်ကို နှစ်ယောက်
လယ်အတူ လုပ်ခဲ့ကြသည်ကို သတိရမိ
လေ၏။
ဒါညီမှာကသား
နဲ့မယား နဲ့ဆိုတော့
လောက်လောက်
ငှဌမှကိုပါလေစ
ထိုအချိန်တွင် မောင်
သူရလည်း အိပ်မ
ပျော်၍ အစ်ကိုကို
သတိရမိလေ၏။
ဒါမှာကသား နဲ့မယား နဲ့ဖြစ်
တော့ငါအိုလာယင် ငါသားတွေ
ကိုအားကိုးဖို့ကိုတယ်
အကိုတယောက်
ဘယ်လိုနေလိုက်ပယ်
လိုက်သောက်နေ
ပါလိမ့်.


အကိုကတယောက်ထဲသမား ဖြစ်တော့ ကျောထောက်နောက်ခံ သားသမီးမရှိဘူး၊ အိုလာယင်ခက်မယ်၊ အခုကတည်းကစုထား ဆောင်းထားမှ-အကိုစုဆောင်းထားနိုင် အောင် ဘယ်လိုကုန်ကျစရိတ်မလဲ မသိဘူး
အင်း- အကြံ တော့ရပြီ
သို့နှင့် သူတလင်းထဲမှ စပါးတဝက်ကို အစ်ကို တလင်းထဲသို့ တိတ်တဆိတ် သယ် ပို့ထားလိုက်လေ၏။
မိုးလင်းသောအခါ-
ဘယ်လိုဖြစ်လို့ ပါလိမ့်---
ညက ငါကိုယ်တိုင် ထမ်းပို့ခဲ့တာကို
မိမိတို့ စပါးပုံမှာ မလျော့ပဲ ဖြစ်နေ၍ အံ့အားသင့်နေကြ၏။
ဒုတိယ ညဦး တွင် မောင်ဝဏ္ဏသည် သူ၏ စပါးများကို ထမ်းပို့ ပြန်၏။
ဒါဟာ-တယောက် ယောက်ဂို့ လက်ချက်ဘဲ ဖြစ်မယ်---
နောက်နေ့တွင် မိမိစပါးများ ပြန်ရောက်နေ သည်ကို တွေ့ပြန်၏။ သို့နှင့်

ထိုညတွင် မောင်ဝက္ကာ ချောင်းဖမ်းရာ

တယောက်ကို တယောက် ပြောပြကြသောအခါ
ညီအစ်ကိုနှစ်ဦးမှာ ယခင်ကထက် ပို၍ ချစ်သွား
ကြလေတော့၏။



ထိုစဉ် အရှေ့ဆီမှ ရောင်နီဖျိုးလာပြီး

မောင်သူရဇ၏ ဇနီးနှင့်သားတို့
ရောက်လာကြရာ

ပိုလ်လုပ်ယင်

ရေးသူ ... လှမြင့်








ခေါင်းပေါက်လေး ပုပ်ကြပါဒုံး
ဂုတ် ဂုတ်
ခင်ဗျာ. ကြားကျယ်လို့ ဆင်းဘဲ ဒီလို ယုတ်ကြည့်မမြင်းပါဘူး
ဘိုးဘိုး
ဂုတ် ဂုတ်
ဒုံး ဒုံး ဒုံး
ဒုံး ဒုံး ဒုံး

ပဲခူးမြို့

ရေးသူ - ရေနံမြေတူ
သရုပ်ဖော် - ကဆုံ

ပဲခူးတိုင်း၏အုပ်ချုပ်ရေးဗဟိုဌာနဖြစ်သည်၊ ရန်ကုန်မြို့၏ အရှေ့မြောက်ဖက်တွင်ရှိပြီး မီးရထားလမ်းအားဖြင့် ၄၇ မိုင်၊ မော်တော်ကားလမ်းအားဖြင့် မိုင် ၅၀ ကွာဝေးသည်။ မန္တလေးမော်လမြိုင် မီးရထားလမ်းများ ဆုံရာမြို့ ဖြစ်၍ စည်ကားသည်။ ရန်ကုန် မန္တလေး ကားလမ်းမကြီးက ပဲခူးမြို့လယ်ကို ဖြတ်သွားသည်။ ပဲခူးမြစ်ကိုခွလျက် မြို့တည်ထားသဖြင့် သံတန်တားဖြင့် ကူးသန်း သွားလာကြရသည်။ မော်တော်ကားများ အသွားအပြန် ကူးသန်းနိုင်သော တန်တားမျိုးဖြစ်၍ စစ်အတွင်းက ပျက်စီးခဲ့ရာ ပြည်ထောင်စုခေတ်တွင် ပြန်လည်ဆောက်လုပ်ထားရသည်။ ပဲခူးရိုးမမှ ဖြာထွက်သော တောင်စွယ် ကလေးသည် မြို့၏ အရှေ့ဖက်စွန်း ဟသံကုန်းအထိ မြို့ကိုဖြတ်သွားသည်။

ပဲခူးမြို့နယ်သည် ဆန်စပါးအထွက်ဆုံးဒေသ ဖြစ်သည့်ပြင် သစ်လည်း များစွာ ထွက်သည်။ ရာသီဥတု သင့်တင့်မျှတသည်။

ပဲခူးမြို့ စတင်တည်သည့်သမိုင်းကြောင်းကား ဒဏ္ဍာရီဆံ့လှသည်။ ရွှေမော်ဓော စေတီသမိုင်းနှင့် မွန်သမိုင်းတို့တွင် သထုံမင်းဆက်မှ မင်းသားတပါးက တည်ထောင်သည်ဟု ဆိုသည်။ သို့သော် ထိုမင်းသားမြို့မတည်မီကပင် ယင်းမြို့သည် ရှိပြီးဖြစ်ကြောင်းကို ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်က ဆံတော်ကို ဌပနာ၍ ရွှေမော်ဓောစေတီကို တည်ထားပြီးသည့် အချက်ဖြင့် ယူဆရသည်။ သထုံမင်းသား တည်ထောင်အုပ်စိုးသော မြို့တော်တွင် မင်း ၁၇ ဆက် စိုးစံပြီးနောက် မင်းနေပြည်တော် မဟုတ်တော့ချေ။









သက္ကရာဇ် ၇၁၁ ခုနှစ်တွင် မွန်ဘုရင် မညားဦးက မြို့ကို မွမ်းမံပြုပြင်ပြီး ဟံသာဝတီ နေပြည်တော်ဟု ခေါ်ဝေါ်သမုတ်ခဲ့သည်။ ပဲခူးမြို့၏ အကြီးကျယ် အခမ်းနားဆုံး ကာလမှာ ဘုရင် နောင်မင်းတရားကြီး၏ လက်ထက် ဖြစ်သည်။ အလောင်းဘုရားတိုက်ခိုက်သိမ်းပိုက်ပြီး နောက်ပိုင်းတွင် ဟံသာဝကိုပဲခူ ပြိတော်ကြီးသည် မွေးမြိုန်လာခဲ့သည်

မြို့၏ ကျက်သရေဆောင်မှာ ရွှေမော်ဓော စေတီတော်ကြီးဖြစ်၍ ရွှေသာလျောင်း ရုပ်ပွားတော်ကြီးကလည်း ထင်ရှား ကျော်ကြားလှသည်။ ယင်းတို့အပြင် ကလျာကီသိမ်၊ မဟာစေတီ၊ ကိုးသိန်းကိုးသန်း၊ ရွှေဂူကြီး ရွှေဂူလေးနှင့် ကျိုက်ပွန်စသော ရှေးဟောင်း ဘုရားစေတီပုထိုးများပြားစွာရှိသည်။ သက္ကရာဇ် ၁၂၉၂ ခုနှစ်တွင် လျှင်ကြီး၏ဒဏ်ကြောင့် ရွှေမော်ဓော စေတီတော်ကြီးနှင့်တကွ မြို့၏လူနေအိမ်ခြေများပါ အကြီးအကျယ်ပျက်စီးခဲ့ရသည်။ စေတီတော်ကြီးကို ၁၃၁၆ ခုနှစ်တွင် လက်ရှိဘုတော်အတိုင်း ပြန်လည် တည်ဆောက်ပြီးခဲ့လေသည်။

ပဲခူးဟု ခေါ်တွင်ခြင်းမှာ ဝမ်းပဲဟသ်များ ကူးသန်းနေထိုင်ရာအရပ်ဖြစ်၍ ဝမ်းပဲကူး၊ ယင်းမှ ပဲကူး၊ ပဲကူးမှတပန် ပဲခူး ဖြစ်လာရသည်ဟု အဆိုကအိုကြလေသည်။

ပန်းကလေးများဖြင့်

ရေးဆွဲသည်





ကျနော် ထင်သည့်အတိုင်း ပန်းအိုးအပြာနှင့် ပန်းဝါဝါလေးတွေမှာ လိုက်ဖက်လှသည်။

ဟော်ဒီ ပန်းကလေးတွေ ယူယူလာတာ ဘယ်သူလဲမော့
ဤပန်းကလေးများကို ကျနော်ယူလာကြောင်း ဆရာမ မသိပါ။ ကျနော်ကလည်း မပြောချင်ပါ။ သို့သော် တနေ့တွင်
ကျောင်းတက်ရသည့် နေ့များ၌ ကျနော်ယူလာသော ပန်းကလေးများဖြင့် ဆရာမစာပွဲမှာ လှပနေပါတော့သည်။
ကျော်ကျော် ယူလာတာပါ ဆရာမ
ဟုတ်သလား မောင်ကျော်ကျော်
ဟုတ်ပါတယ်ဆရာမ ကျနော်တို့ စာသင်ခန်းမှာ လှလှပပ ရှိစေချင်လို့ပါ
အေး-မောင်ကျော်ကျော်ရဲ့ စေတနာနဲ့ စိတ်ကူးဉာဏ်ကို ဆရာမ - ချီးကျူးပါတယ် ဒါပေမဲ့----
ဒါပေမဲ့-အဲတာပါ-ပန်းခြံထဲက ပန်းတွေကို ပိုင်ရှင်မသိဘဲ ယူယူလာတာတော့ ဆရာမ- မကြိုက်ဖူး၊ ဟော်ဒီမှာ---- ပန်းခြံရှင် လာတိုင်နေတယ်

ကျနော်များစွာ ရွက်သွားမိပါသည်၊ အထန်း သားများကလည်း ဝိုင်းလှောင်ကြပါသည်၊



သူတပါး လုပ်ဘားနဲ့ ပိုက်ဟိုင်းထားတာကို ခွင့်မပြုဘဲ ယူတာမဟာ---ခိုးတာဘဲ

ဟုတ်ကဲ့ ကျနော်..များသွားပါတယ်ဆရာမ

ကျနော်ထင်သည့်အတိုင်း ဆရာမသည် အကြီး အကျယ်ဒေါပွနေပြီး....

နောက်တပတ်ခန့် ကြာသောအခါ ကျနော် သည် ပန်းစည်းကလေးကို ဆရာမစာပွဲပေါ်တွင် ထင်ထားလိုက်ပြန်ပါသည်၊



အခုပန်းစည်းက ကျနော့်လုပ်ဘားနဲ့အတူနောက်ကို ဆုခွတဲ့အခွန့် ဦးလေးကြီးက ပေးလိုက်တဲ့ပန်းစည်းပါ

ကျနော်---အမှားသိလို့ ပန်းခြံရှင်ဦးလေးကြီးကို တောင်းပန်ပြီး၊ အုပန်းခြံမှာ နေ့တိုင်း-ဝိုင်းကူလုပ်ဘား ပေးနေပါတယ်ဆရာမ

ဆရာမ မျက်နှာမှာ ပန်းဝါဝါလေး တွေလိုပင် ဝင်းပသွားပါတော့သည်။

ကျွန်ုပ်တို့သည် အာဘယ်ကြောင့် ဗိုက်ဆာသနည်း

ကျွန်ုပ် တို့ သည် အ ချိန် ကြာမြင့်စွာ ဘာမျှမစား ပဲနေ လျှင် ဗိုက်ထဲတွင် တမျိုးခံစား လာ ရ သည် ကို "ဗိုက် ဆာ" သည်ဟု ခေါ် သည်။ စိတ်ထဲ တွင် အစား အစာတခု စား ရ လျှင် မည် မျှ ကောင်း မည် နည်းဟု ထင်မှတ်ကြသည်။ ဤ အခြင်းအရာမှာ သဘာဝက ကျွန်ုပ်တို့အား တခုခုစား ရန် သတိပေးခြင်းပင် ဖြစ်သည်။

ကျွန်ုပ် တို့ ဝမ်း ဗိုက် ၏ နံရံများမှာ အမြဲလှုပ်ရှား နေ သည်။ စားလိုက်သော အစာ သည် ခဏတာမျှ ဗိုက်ထဲတွင် နေသည်။ ထို့နောက် ဝမ်းဗိုက် အတွင်းရှိ ကြွက်သားများက အစာကို ရွှေ့တိုးလိုက် နောက် တွန်းလိုက်နှင့် ရော မွှေ ပေး သည်။ ထို အ ခါ အ စာ များ သည် အ စာ ကြေ ရန် နောက် တ ဆင့် အ တွက် အ သင့်ဖြစ်သွားသည်။ ဝမ်းဗိုက် ၏ အစွန်တနေရာတွင် တကြိမ် လျှင် အစာ အနည်းငယ်စီ ညှစ်ထုတ်ပေးသော အူသိမ်တ ခုရှိသည်။

ကျွန်ုပ် တို့ ၏ ဝမ်း ဗိုက် တွင်းရှိ ကြွက်သား များ၏ လှုပ်ရှားမှုကို မသိရပေ။ သို့ သော် အစား အစာ မရှိသော အခါ ကြွက်သားများ၏ လှုပ် ရှား မှုမှာ ပိုမိုပြင်းထန်ပြီး မြန် လာသည်။ ထိုအခါ အာရုံ ကြောမှတဆင့် ဦးနှောက်သို့ ဗိုက်ဆာကြောင်း သတင်းပို့ လေသည်။ ဤသို့ဖြင့် ထမင်း စားချိန်ကျလျှင်အလိုလို ဝမ်း ဗိုက်က အစာ တောင်းလာ ခြင်းကို "ဗိုက်ဆာ" သည်ဟု ခေါ်ခြင်း ဖြစ်သည်။

တက္ကသိုလ် - မြူမြင့်

ကြိမ်လုံးကိုဘဲကြောက်တယ်



ကျစ်တူးမသည် စာ မေး ပွဲ ကြီးပြီး၍ နေ့ရာသီကျောင်းပိတ် လိုက် ပြီ မို့ အလွန်ပျော်နေလေ သည်။ ကျောင်းပိတ်ထားသည့် အတွက် တနေကုန်ဆော့ကစား ရတော့မည်ဖြစ်၍ မနက်မိုးလင်း ကတည်းက ရေမိုးချိုး၊ သနပ် ခါးလိမ်းထားလေသည်။ နံနက် စာမှီကိုပင် ဖြောင့်ဖြောင့်မစား နိုင်ပဲ ကစားဖော် သူငယ်ချင်း များကို သူနှင့် အတူတူကစား ရန်အတွက် သွားခေါ်ဖို့ စိတ် စောနေသည်။

ထိုအချိန်တွင် ဈေးမှ ပြန် လာသော မေမေက သမဝါယမ ဆိုင်တွင် သကြားနှင့် နို့ဆီ ထုတ် ပေးမည်ဖြစ်၍ ကုန်ဝယ်စာအုပ် သွားထပ်ပေးရန် ကျစ် တူး မ ကို ခိုင်းလေသည်။ ကျစ်တူးမသည် အလွန်ကစားမက်သော ကလေး ဖြစ်၏။ ထို့ကြောင့် သမဝါယမ ဆိုင်သည် မဝေးလှသော်လည်း ကစားရန် စိတ်စောနေသည့်အ တွက် မသွားချင်ပေ။

"ကျစ်တူးမ သူငယ်ချင်းတွေ နဲ့ကစားဖို့ပြောထားတယ်၊ ဆိုင် မှာ လူလဲ သိပ်များမှာ မှတ်ပါ ဘူး၊ စာအုပ်မထပ်ဘဲနဲ့ မေမေ သွားရင်း တခါထဲဝယ်ယင် ရပါ တယ်" ဟု ပြော ပြော ဆို ဆို ပြေးသွားလေသည်။

ကျစ် တူး မ လမ်း ပေါ် သို့ ရောက်သောအခါ ပထမဦးဆုံး သူတို့နှင့် မျက် နှာ ချင်း ဆိုင် ၌ နေသော မိပိုတို့အိမ်သို့ သွား၍ ကစားရန် အဖော် ခေါ်လေ သည်။ မိပိုက အိမ်နောက်ဖေးမှ ထွက်လာပြီး

"ငါ မေမေနဲ့ ဝိုင်း ကူ လုပ် ပေးရအုံးမယ်။ နေ့ ခင်း အား တော့မှ ကစားကြတာပေါ့" ဟု ပြောလေသည်။

ကျစ်တူးမလည်း မိပိုကို ခေါ် မရ၍ ချိုရီတို့အိမ်သို့ သွားလေ သည်။

ချိုရီတို့အိမ်သို့ ရောက်သော အခါ ချိုရီ၏ အစ်မက ချိုရီ သမ ဝါယမဆိုင်ကို နို့ဆီ၊ သကြား ထုတ် ရန် သွား ကြောင်း ပြော လေသည်။

ချိုရီနှင့် မတွေ့ရသော ကျစ် တူးမသည် လမ်းထိပ်၌နေသော မေမီတို့အိမ်သို့ သွား၍ ကစား ရန် အဖော်ခေါ်ပြန်သည်။ မေ မီကလည်း ကျောင်းပိတ်ထား တုန်း ခြံဝင်းထဲရှိ အမှိုက်များ ကို ရှင်းလင်းရမည်ဖြစ်၍ ကစား ဖို့ မအားကြောင်း ပြောလိုက် လေသည်။

ကျစ်တူးမလည်း မေမီအိမ်မှ ထွက်လာပြီး နောက်ဆုံး ကျန် နေသော သူငယ်ချင်း စန်းစန်း သိန်းထံသို့ သွားပြန်လေသည်။ စန်းစန်းသိန်းတို့ အိမ်ရှေ့ရောက် ၍ အိမ်ပေါ် သို့ လှမ်းကြည့်လိုက် သောအခါ စန်းစန်းသိန်း ကြမ်း တိုက်နေသည်ကို တွေ့ရ၏။ ထို အခါ ကျစ်တူးမသည် ခေါ်၍ရ မည်မဟုတ်မှန်းသိ၍ စိတ်ပျက် ပျက်နှင့် တယောက်တည်း အိမ် ပြန်ခဲ့တော့သည်။

အိမ်အောက်၌ အိုးပုတ်နှင့် ဈေး ရောင်း တမ်း က စား နေ သော ကျစ် တူး မ သည် တ

ယောက်တည်း ကစားနေရ၍ မပျော်တော့ပေ။ ကစားရသည်မှာ ပျင်းစရာကောင်းသည်နှင့် အိမ်ပေါ် သို့ တက်ကာ သမဝါယမ ဆိုင်သို့ သွားနေသော မေမေ့ကို မျှော်လေသည်။

ဆယ်နာရီထိုးပေပြီ။ ဂျစ်တူးမ ထမင်း ဆာလှပြီ ဖြစ်သည်။ သို့သော် ဂျစ်တူးမ မေမေ ပြန်မရောက်သေး၍ ထမင်း မစားရသေးပေ။ ဟော– ဂျစ်တူးမသူငယ်ချင်း ချို ရီ တောင်စွေးခြင်းတောင်းကို မနိုင့်တနိုင် ဆွဲ၍ သမဝါယမဆိုင်က ပြန်လာပြီ။ ဂျစ်တူးမ၏ မေမေမှာ ပေါ်မလာသေးပါ။

ဂျစ်တူးမသည် စဉ်းစားမိပါပြီ။ မေမေသည် ဆိုင်၌ ကုန်ဝယ်စာအုပ် ထပ်မထား၍ အကြာကြီး စောင့်နေရပေတော့မည်။ ဂျစ်တူးမသာ မေမေ့ခိုင်းသည့်အတိုင်း လုပ်ပေးခဲ့လျှင် မေမေသည် ချို ရီ တို့လို စောစော ပြန်လာရပေမည်။ ထို့အခါ ဂျစ်တူးမလည်း ထမင်း အဆာခံနေရမည် မဟုတ်ပါ။

မေမေ့စကား နားမထောင်မိပဲ ကစားရန်သာ စိတ်စောနေသောကြောင့် မေမေလည်း ပင်ပန်းရပါသည်။ ဂျစ်တူးမ နှင့် ကစားရန် အဖော်လည်း မရရှိခဲ့ပါ။

ဂျစ်တူးမ ဆုံးဖြတ်လိုက်ပါပြီ။ သည်ကနေ့ကစပြီး မေမေ့ပြောစကားကို နားထောင်ပြီး မေမေ ခိုင်းတာကို လုပ်ပါမည်။ အချိန်ကို အလဟဿဖြုန်းမပစ်ပဲ မိုပို၊ ချို ရီ၊ စမ်းစမ်းသိန်းနဲ့ မေမီတို့လို ကျောင်း ပိတ်ရက်မှာ ကိုယ်တတ်နိုင်သည့် တာဝန်ကို ယူပြီး လိမ်လိမ်မာမာ နေပါတော့မည်။

ဂျစ်တူးမ ကစားမမက်တော့ပါ။

ကဆုန်လပြည့်နေ့

ကဆုန်နေ့လ မိုးရိပ်ကြ၊
လေချိုသင်းမြမြ။

ညီညာဖျဖျ မြူးပန်းဝေ၊
သွန်းကြခါညောင်ရေ။

ကန်တော့ဆည်ကြ ရေလှူကြ၊
ငါးလွှတ်လှူပျော်ကြ။

နေခင်းသာစွ သည်ခါချိန်၊
တောလုံးဝင်းဝင်းထိန်။

တိမ်စုံပန်းကြ သာယာလှ၊
ကဆုန်လပြည့်ည။

ထူးမြတ်လှတဲ့ သည်ခါတွင်၊
ဘုရားမြတ်သခင်။

ဖွားမြင်သည့်နေ့ ပွင့်သည့်နေ့၊
နိဗ္ဗာန်ဝင်သည့်နေ့။

မမေ့ထိုက်တဲ့ ရက်မြတ်တွင်၊
ဒို့မျှားအားသစ်ဆင်။

ကန်ကိုပြင်လို့ ရေဝင်ဖို့၊
ကုသိုလ်ယူပါဦို့။ ။

စန္ဒာမြင့်

စက္ကူပိဝိလုပ်နည်း



စက္ကူတရွက်ကို ပုံ-၁ အတိုင်း ကတ်ကျေးဖြင့် ညှပ်ပါ။ ညှပ်ပြီးစက္ကူကို အလယ်တည့်တည့်မှ အစက်များ အတိုင်း ခေါက်၍ ပုံ-၂ တွင် ပြထား သော ကြိုးအနက်ကို ဖြတ်ထုတ်ပစ်ပါ။ ပုံ-၃ အတိုင်း လက်ဖြင့် ကိုင်၍ မှုတ်လျှင် ပိဝိ အသံထွက်ပါလိမ့်မည်။

R. 517

ဗီဗာဖျံ

ဗီဗာဖျံ၏ ကိုယ်ထည် အလျား မှာ နှစ်ပေခွဲခန့်ရှိ၍ အမြီးမှာ ၁၂ လက်မခန့် ရှိသည်။ ကိုက်ဖြတ်သတ္တဝါဖြစ်သဖြင့် ရှေးသွား များမှာ ကြီးမား ချွန်ထက်သည်။ အညို ရောင် အမွေးများ ထူထဲစွာ ပေါက်လျက် ရှိပြီး အပေါ်ယံ အမွေးများမှာ ရှည်လျား သည်။ အမြီးမှာ ပြားချပ်ချပ်ဖြစ်ပြီး အ ကြေးခွံများရှိသည်။

ဗီဗာဖျံများသည် ရေထဲတွင် အနေ များသည်။တအုပ်လျှင် မိသားစု ၁၂ စုခန့် အထိ ပါဝင်တတ်သည်။ အမြဲအလုပ်လုပ်နေ လေ့ရှိသည်။ ချောင်းငယ်များကို တမံဖြင့် ပိတ်၍ ရေအိုင်ဖြစ်အောင် ပြုလုပ် လေ့ ရှိ သည်။ အမြင့် ၁၂ ပေခန့်၊ အလျား ကိုက် ၇၀၀ ခန့် ရှိသော တမံများအထိ ဆောက် လုပ်လေ့ရှိသည်။ အနီးအနားရှိသစ်ပင်များ ကို ကိုက်ဖြတ် လဲချပြီး တမံဆောက်ရာတွင် အသုံးပြုသည်။ အခက်ငယ်များ၊ ရွှံစေးများ ဖြင့် တမံကို ရေမထွက်နိုင်အောင် ပိတ်ဆို့ သည်။ အတော်အတန်ဝေးသောနေရာများမှ သစ်ပင်များကို သယ်ယူရန် တူးမြောင်း များ ဖောက်လေ့ရှိကြောင်း တွေ့ရသည်။

ရေအိုင်အလယ်တွင် အိမ် ဆောက် ၍ နေထိုင်လေ့ရှိသည်။ တုတ်ချောင်းများနှင့် မြေစေးကိုအသုံးပြု၍ တည်ဆောက်သည်။ ဝင်ပေါက်မှာ ရေမျက်နှာပြင် အောက်ဖက် တွင်ရှိပြီး ရေငုပ်၍ဝင်သွားသည်။ အပေါ် ဖက်တွင် လေပေါက်ထားရှိသည်။ အစား အစာ သိုလှောင်ခန်းလည်း ထား ရှိ သည်။ သစ်ခေါက်၊ သစ်ကိုင်းများကို စားသုံးသည်။

သားငယ် တကောင်မှ ရှစ်ကောင်အထိ ပေါက်ဖွားလေ့ရှိသည်။ သက်တမ်း ၁၉ နှစ် ခန့်အထိ နေနိုင်သည်။

ယခင်က ဗီဗာဖျံများသည် ဥရောပ တိုက်နှင့် အာရှ မြောက်ပိုင်းတွင် ရှိခဲ့သော် လည်း ယခုအခါ မြောက်အမေရိကတိုက်တွင် သာ ရှိတော့သည်။

ရဲမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဖဝါ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၆။ အမှတ် ၁၉။

ရွှေသွေး ဂျာနယ်ဝ

ပန်းချီ- ဦးဘကြမ်

•

ဇာတ်လမ်း- ဦးကျော်ထွန်း



၁၃၃၆ ခု၊ ကဆုန်လဆုတ် ၆ ရက် (၁၁-၅-၇၄)



စနေနွေတိုင်း ထုတ်ဝေသည်။

ထိုဥမ္မ ကျေးကလေးတကောင် ပေါက်လာပြီး တလခန့်ကြာလျှင် အသိုက်နား နီးချင်းများကို ဖိတ်၍ ကင်ပွန်းတပ်ပွဲ ကျင်းပ၏။



တချိန်က တောအုပ်ကြီးထဲတွင်ကျေးဖို ကျေးမ တို့မှာ ဥ တလုံး ရသတဲ့။



ကျေးဖို ကျေးမတို့ မိသားစုသည် ပျော်ပျော် ပါးပါးနှင့် နေထိုင်ခဲ့ရာမှ တနေ့တွင်

အမှန်မှာ မောင်ရွှေဥကို ကျေးဖခင်ဆမားများ ဖိသွားပြီး ရှိတွင် ရောင်းနေလေပြီ။

ဒေါက်တာကြီး၏ သား သမီးများက ဝယ်လိုက်ပြီး လှပသော လောင်အိမ်တွင် နေရ၏။



အချိန်ကျလျှင် ကျေးသူက ကျေးနှင့် ချစ်သူ ဝိုင်းဝိုင်းလည်နေတော့သည်။



အချိန်မှန် အစားကောင်းများစားရ၍ ပျော်ရွှင်စွာ နေရထဖြင့် ဝဖြိုးလာ၏။

သုံးလခန့်ကြာသော် တနေ့တွင် အိမ်ရှင်များ အပြင်သို့ သွားနေစိုက်

ကြောင်ကြီးသည် တအား ခုန်အုပ်လိုက်ရာ လှောင်အိမ်ပါ ပြုတ်ကျပြီး တံခါးပွင့်သွား၏။

မောင်ရွှေဥလည်း လွတ်ထွက် သွားပြီး ကြောက်အား လန့်အားနှင့် ပုံလေရာမှ



မိမိမွေးရာဇာတိ တောတွင်းရှိ မိတ အသိုက် ရှိရပြန်သို့ ရောက်သွားသဖြင့်



သေဆုံးပြီဟု ယူဆထားသော ကျေးဖို ကျေးမတို့မှာ ဝမ်းသာမဆုံး ဖြစ်ကြရ၏။




ဆောရီး - ဆောရီး - - - ငွတ်တမောနှင်း - - -
ဆိုတာ - - - - လူတွေက (ကောင်းသောနံ့ကိုပါ)
လို့ ဆူတုံ့ဆက်တာလေ - - - - - -
စိတ်ကုန်လိုက်တာ -
မာဓီ - ဒယ်ဒီတို့ဟာ
(ကျေးဟောင်း) ကြီးတွေ - မြစ်နေမှာကို
ထိုနောက် ကျေးဖို ကျေးမတို့ အစာရှာ ထွက်
သွားကြ၍ အတန်ကြာသော်
ဖိုကိုဆာလိုက်တာ၊
ဘယ်သူမှ လဲ
လာမကြို -
ကိုဘာတင်လေး -
နက်စ်ကဖေလေး
လာမတိုက်ပါလား
- - - တော - ဆိုတာ
တုံး ကိုတုံး ပါတဲ့
မွန်းတည့် ချိန်လောက်ကျမှ သစ်သီးများနှင့်
ပြန်ရောက်လာကြပြီး
စားလေ သား ရွှေဥ -
မဆာလိုလား - ဟင်
နေမှ ကောင်း
ရဲ့လား
အဆာလွန်သွားပြီ၊
ဒီအသီးတွေက - စားလိုလဲ
မကောင်းဘူး၊
မြေနီကုန်းကလို အချိန်
ကျလျှင် အစာကျွေး စေချင်၏။ အစာရှာ
မထွက်လို အခြားကျေးများက
ကျေး ဘွဲ့ကို
ဖြစ်နေမှီ၊
ဟေ့
ဒေါက်တာ
ရွှေကျေး
ဒိုက်ပေး
နေတယ်။
ပေါင်းလို့ကိုနဲ့၊ မရတော
ပါဘူး
မောင်ရွှေဥမှာ တနေ့တခြား စိတ်ဆင်းရဲ၍
ငေးမိုင်ကာ နေတော့၏။
တောမှာနေရတာ
တယ်ပျင်းစရာကောင်း
ပါလား။ ရေဒီယို
တေးသံ လဲမရှိ၊
ဘိုကိုစကရုင် တို့ -
ချိ(စ်) တို့ - အေ ကွန်တို့
လဲမရှိ။ စိတ်မီးတို့
ယန်ကာတို့၊ မော်တော်ကား တို့
လဲ မရှိ
အေးလေ -
ငါ့မြို့ကိုတဲ့
ပြန်သွားမယ်၊
ကျေးဖြစ်ရ
ကျိုး မနပ်
လိုက်တာ


ကိုကျော်ရယ်-
သား ပြန်ဦး-ဟာ-တဖြိုင်
မိုးစိ-တတွေတွေနဲ့ -
အစာလဲမစား၊ -တနေ့တမြား
ပိန်ပိန်ပါးပါးတယ်။ ဒီအတိုင်း၊
ထားယင် ခန္ဓာကြွေ
လိမ့်မယ်၊ကြံ
ပါအုံးခွင်..
သူက-ယေးယေး
ထဲက-မြို့မှာ
ကြီးတော့-ပုံစံ
တမျိုးမြစ်နေ
တာပေါ့၊ မတတ်
နိုင်မယ့် အတူတူ
တော့-မသေခင်
လေး-ခင်းမယ်
ပျော်ရွှင်ရွှင်နေ
တာ-ဖြင့်ချင်ယင်
တော့ xxxxxx
xxxxxxxxx ဒါဘဲလုပ်
လို့ရမယ်....

နောက်တနေ့တွင်
သား-ဖွေဦး-
သား-ဒီမှာနေရတာ-ဖယ်ပျော်ဘူးဟုတ်
လား။ ဒီကလဲ-တောသား၊ဆိုတော့မှိုက်ကို
လိုက် မပို့ရဲဘူး၊ကွဲ။ သား-ဒီလိုဖစား၊ဘဲ
နေတာ-ပိန်လာတာ-ငိုင်နေတာ-ဖြီးတော့
ရင်နင့်မိုး၊ ခံစားနေရတာတွေကို-အဖေတို့
မကြာခဏ်ရက်ဘူး၊ကွဲ။ ဒီတော့-
ဟို့း...ဖြောက်ပို့ငါး၊က-
ပန်း၊ခင်းကို သွား၊ပို့ဖယ်၊
သား စား၊ချင်-သောက်ချင်
စိတ် ပေါ်လာဖြီး ပျော်ဖယ်
ဆိုယင် အဖေတို့ ဝတ္တရား၊
ကျေပါ့လိမ့်မယ်...
...ကဲ-သား-ဖို့။


များမကြာမီ
အဖေရယ်-
ဒီပန်း၊ခင်းကြီး၊က-
တယ်လှပါလား၊
သား၊ပျော်လိုက်တာ၊
စိမ်း၊ဖွေးဖွေးနဲ့
တော်တော်ဖွေး
ပါလား။
ဘာပန်း၊တွေမဲ့
သား-ဖင်း သဘောကျသလောက်-တင်
ဒဲ့ဒီပန်း၊တွေကို စား၊ပေတော့။
အသီး၊တွေကိုလဲ စား၊ချိုင်တယ်-
ဖင်း၊ပျော် ဘို့သာ
ပဓာန-ဘဲကွဲ

ကျေးဖို့ခမျာ ပြောသာ ပြောရသော်လည်း
ရင်ထဲ မရိုလှ၍ မျက်ရေဝဲလျက် -

မောင်ရွှေဥသည် ပန်း၊ခင်း၊ထဲသို့ ထိုးဆင်း
သွား၍ အား၊ရပါး၊ရ စား၊ပြီး၊နောက်
ဟို့-----
စား-ဂွင်း-စား-ဂွင်း
အာသာ ဖမြေပါလား။
ကောင်း-ထိုက်တာ-ဝန်း-ဒါ-ဟုတ်-
နဲတင်ကြောင်ကြီး ကျွေးစေကတဲ့
ဒယ်ဒီတို့ကို
ဆာဖို့တို့လဲ
စား-လေ

ခင်များ-ကြီး-က
ဘာငိုင်နေတာလဲ-
ဒီပန်း၊ခင်း ထဲက
အသီး အပွင့်တွေဟာ
ဒို့လို တောသူ-တောင်သား
တွေနဲ့ မတန်ဘူး၊ကွဲ။
ဖင်း-တို့လို မြို့ကြီး၊သား
တွေနဲ့ သာ တန် တယ်

နိုးလာသည် အထိ ကျေးဖို ကျေးမတို့က ကြည့်နေ၏။

ထိုနောက် စားရင်းနှင့်ပင် အိပ်ချလိုက်လေသည်။

မောင်ရွေဥ သည် စားရင်း စားရင်း ငိုက်ကျလာ၏။

နောက်တခါ အားယူပြီး ထစားရင်း အထူး အဆန်းတွေ မြင်ယောင် ကြားယောင်နှင့်

တဖန် ပန်းပွင့် ပန်းသီးများ ထပ်စားပြီး မှိန်းနေ စဉ် ရွှေက အသံများ ကြားယောင်လာသည်။

မောင်ရွေဥ အကျေနပ်ကြီး ကျေနပ်ကာ မိတ များကိုတောင် မမြင်နိုင်တော့ပဲ ပက်လက် လဲကာ ပြိမ်သွားလေ၏။

ကျေးဖိုကျေးမတို့လည်း ပြန်သွားကြပြီး မိမိတို့ အိုက်ကျမှ ရှိုက်ကာ ငိုလိုက်လေသတည်း။

သီချင်းတစ်ပုဒ်ဖြစ်လာပုံ

ဖတ်ကြီးတဲ့အခါ

ဧည့်သည်က ဒီရေးဖြတ်ရပ်ရှင်ကားထွေရဲ့ အမည်ကို ကြော်ငြာထားတဲ့ ကားထွေ အမည်ကို မြောမြ လိုက်တယ်...



ကဆုန်လ

ဇမ္ဗာဝဇ္ဇပါထွန်း
ပန်းချီ-ဇော်ကျော်နိုး ဇော်ဝင်း

ပုဂံခေတ် ကျောက်စာများ၌ ''ကဆုန်'' ကို ''ကုဆုန်'' ဟူ၍ ရေးထိုးခဲ့ကြသည်။ ထိုကြောင့် ''ကဆုန်'' မှာ ''ကုဆုန်'' မှ ရွှေလျော်ဆင်းသက်လာသော စကားဖြစ်သည်။ ''က'' မှာ ''ရေ'' ဟူ၍ အဓိပ္ပာယ်ရှိပြီး ''ဆုန်'' မှာ ''သွန်းလောင်းခြင်း'' ဟူ၍ အနက်ထွက်သဖြင့် ကဆုန်လ ဟူသည် ''ရေသွန်းလ'' ဖြစ်ကြောင်း ပညာရှင်တို့က ဖွင့်ဆိုခဲ့ကြသည်။

ကဆုန်လသည် မြန်မာပြက္ခဒိန်တွင် ဒုတိယလ ဖြစ်သည်။ ကဆုန်လတွင် နေ့ ၃၂ နာရီ၊ ည ၂၀ နာရီရှိသောကြောင့် နေ့တာရှည်၍ ညတာတိုသည်။ ဤလ၌ ရက်စုံ ကွယ်သောကြောင့် ရက်ပေါင်း ၃၀ ရှိသည်။

ဗေဒင် အခေါ် အားဖြင့် ကဆုန်လကို ''ပြဿရာသီ'' ဟူ၍ ခေါ်သည်။ ကဆုန်လ၏ ရာသီရုပ်မှာ နွားရုပ်ပုံဖြစ်၍ ရာသီပန်းမှာ စံကားပန်းဖြစ်သည်။ ဆင်တာရာ ထွန်းပသော ဤကဆုန်လကား မုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသော လမြတ်မဟာ ဖြစ်သည်။

ဘုရားလောင်း သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာဘုရားထံတော်၌ ဘုရားဆုကိုပန်ခဲ့သည်မှာ ဤကဆုန်လ အတွင်းတွင် ဖြစ်သည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွား‌မြင်သော နေ့မှာလည်း မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ဖြစ်သည်။ သိဒ္ဓတ္ထမင်းသား ဘုရား‌အဖြစ်သို့ ရောက်တော်မူသည့်နေ့လည်း မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဖြစ်သည်။ ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံတော်မူသော နေ့မှာလည်း မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ ဖြစ်သည်။ ထိုကြောင့် ဤလတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် "ကဆုန်လပြည့် ဗုဒ္ဓနေ့"ကို ထူးမြတ်သော ဘာသာရေးပွဲတော်အဖြစ် တခမ်းတနား ကျင်းပကြသည်။



ကဆုန်လတွင် နေပူရှိန်အပြင်းထန်ဆုံးဖြစ်၍ ရေများ ခန်းခြောက်သဖြင့် မြတ်စွာဘုရား‌ပွင့်တော်မူရာ မောဓိပင်ကို ရည်မှန်းကာ မောဓိပင်အပွားတော်များကို ဗုဒ္ဓဘာသာဝင်တို့သည် နှစ်စဉ် ကဆုန်လပြည့်နေ့၌ "ကဆုန် ညောင်ရေသွန်းပွဲ" ကျင်းပကြသည်။ "ဇိဝိတဒါန"ခေါ် "ငါးလွှတ်ပွဲ"များလည်း ပြုလုပ်ကြသည်။

ဟာရာလာသမင်းကြီး

လက်ဝဲဆောင်

တရံရောအခါက ကုန်သည်တစုသည် ကုန်ပစ္စည်းများကို လှည်းများဖြင့်တင်၍ တော လမ်းခရီးတနေ့မှ သယ်ဆောင်လာကြရာ–

လမ်းခရီးတွင် သကြားအိတ်တအိတ်မှ သကြားခဲကြီးတခဲသည် ကျကျန်ရစ်ခဲ့လေသည်။



နောက်တနေ့နံနက်တွင် ကြွက်ကလေးနှီးတို့သည် အိပ်ရာမှနိုးရှိ တွင်းဝယ် ထွက်လာသောအခါ

ထိုစဉ် ကြွက်ကလေးတကောင် ရောက်လာပြီး



ဒုတိယ ကြွက်သည် နောက် တကောင်နှင့် တွေ့ရာ–




တတိယ ကြွက်သည် နောက်တကောင်နှင့် တွေ့ရာ –
ဘုန်းကြောင့်ဝတ်စုံဝတ်ထားတဲ့ စစ်သည်တော်လေးဦးဟာ ဘုရင်မတန်တောက်ပတဲ့ စိန်တုံးကြီးကို ယူလာကြီး ဖြိုးတို့ဆီကို လာဆောင်လာပို့တယ်တဲ့ကွ
ဖြတ်
စတုတ္ထကြွက်သည် နောက်တကောင်နှင့် တွေ့ရာ –
ဟုတ်ပါကြီး၊ နှီမေရဲ့ နို့နေပြည်တော်မှာ ဒီလောက်ကြီးတဲ့ စိန်တုံးကြီး ရှိတယ်လို့ ၊ တခါမှ မကြားမိပါဘူး
ဒါဖြင့် ပင်လယ်ရဲ့ ဟိုဖက်က၊ ဟာရာဏာသီပြည်က၊ စိန်တုံးကြီးဖြစ် နိုင်တယ်
ဟာရာဏာသီပြည်က ဝတ်စုံဘုန်းတော်ထားတဲ့ စစ်သည်တော်လေးဦး ဟာ၊ ပင်လယ်ကို ဖြတ်လာပြီး ဖြိုးတို့ဆီကို စိန်တုံးကြီး လာဆောင်လာပေး တယ်တဲ့
ဟုတ်လား၊ ဘာဖြစ်လို့ ပေးတာလဲ
ပဉ္စမ ကြွက်သည် နောက်တကောင်နှင့် တွေ့ရာ
ဟာရာဏာသီမင်းကြီးဟာ-တကျိုက်လာ သူ့ဘုရင်မတန်ခြစ်တဲ့သားလို့ ထောပုန်းတွေ့ဖမ်းသွားတာ၊ ဖြိုးတို့ကလယ်လို့ ကြိုက်လို့ ကျေးဇူးဆပ်တဲ့ အနေနဲ့ ဝတ်စုံဘုန်ကို ဝတ်ထားတဲ့ စစ်သည်တော်လေးဦးလို့ ဂွမ်းလှေကြီးနဲ့ ပင်လယ်ဖြတ်စေလို့ ဖြိုးတို့ဆီ စိန်တုံးကြီး လာဆောင်ပို့ ခိုင်းလိုက်သတဲ့
ဟင်
ဘုန်းကြောင့်
ဘုန်း-နေဒဲ့လား၊ အဲ-အဲ-ဟို ဟာရာဏာသီမင်းကြီးမှာ သူ့ဘုရင်မတန်ခြစ်တဲ့ သားတယောက် ရှိတယ်လို့ ကြားဘူးတယ်၊ အဲဒဲ့ဒီသားဟာ တခါတော ထောပုန်းတွေ့ဖမ်းသွားတယ် ဆိုလား
ဟာ ဟုတ်ပြီ

နေပါဦး မြွေးတို့က ဘုရင့်သား လို့ တောပုန်းတွေလက် က-ဘယ်လို ခေါ်လို့ ဟုတ်ပါ့မလား
အင်း
ဒီလိုလား၊ ဘုရင့်သားတော်ကို တောပုန်းတွေက သစ်ပင်မှာ လှည့်နဲ့ ချည်ထားတယ်။ မြွေးတို့က လှည့်ကို လိုက်ဖြတ်ပြီး လွတ်အောင် လုပ်ပေးတာဖြစ်မှာပေါ့
အေးဟုတ်ပြီ
ကြွက်လောကတခုလုံး မြွေးတို့၏သတင်းကို ပြောမဆုံးအောင် ရှိနေတော့သည်။
ဟာရာဟာသိမင်းကြီးရဲ့ သားတော်ကို တောပုန်းတွေက ဖမ်းသွားပြီး သစ်ပင်မှာ လှည့်နဲ့ ချည်ထားတဲ့အကြောင်း မြွေးတို့က လှည့်ကို လိုက်ဖြတ်ပြီး လွတ်အောင် လုပ်ပေးခဲ့တဲ့အကြောင်း ဟာရာဟာသိမင်းကြီးက လျှောက်ထားတဲ့ လူစွမ်းကောင်းစေ့သည် တော်လေး ဦးကို ဂုဏ်ကျေးဇူးနဲ့ ပင်လယ်ဖြတ် စေပြီး မြွေးတို့အိမ်ကို စီခွဲတဲ့ကြီးတဲ့ လက်ဆောင်ပို့ခိုင်းလိုက်သတဲ့
ထိုသတင်းကို ကြားကြားသမျှသော ကြွက်အပေါင်းသည် မြွေးတို့ထံသို့ စုဝေးလာကြသောအခါ
ဟင် ဘယ်လိုဖြစ်တာလဲ
ဟီး-အိုး ခွက်ခွက်
ဟေ့-မင်းဆီကို ဟာရာဟာသိမင်းကြီး ဆီက၊ ပို့ခိုင်းလိုက်တဲ့ လက်ဆောင်စီခွဲတဲ့ ကြီးပျောက်သွားလို့ လား
ဘာ-ဘာ၊ ဘယ်လို ဟာရာဟာသိမင်းကြီးလဲ၊ အာစီခွဲတဲ့ကြီးလဲ၊ မင်းတို့ကို စောင့်ရတာကြာတာနဲ့ လိုက်ကြီးဝက်ဝံ ကိုပြကြည့်တော့၊ အဲဒါ-အဲဒါ သူ့အိုင် မတန်ကြိုက်တဲ့ သက်ကားခဲကြီးဆိုပြီး၊ လုစားသွားပါပကော
ငတ်ပါပြီမျာ
ပြီး

ကျွန်ုပ်တို့ အတယ်ကြောင့်ငိုသနည်း

ကျွန်ုပ်တို့သည် ပျော်ရွှင်ခြင်းကို ရယ်မောခြင်းဖြင့် သရုပ်ဖော်သကဲ့သို့ စိတ်ညစ်ခြင်း၊ ဝမ်းနည်းခြင်းစသည်တို့ကို ငိုခြင်းဖြင့် သရုပ်ဖော်လေသည်။

ကလေးများသည် ဗိုက်ဆာသောအခါတွင်ငင်း၊ ဝမ်းနည်းသောအခါတွင်ငင်း ငိုကြွေးကြသည်။ ငိုကြွေးခြင်းသည် ကလေးများအဖို့ အခြားလူများထံမှ အကူအညီ တောင်းခံခြင်းဖြစ်သည်။ အချို့ကလေးများမှာ စိတ်ဆိုးသောအခါတွင်ငင်း၊ ကစားစရာများကို သိမ်းယူခြင်းခံရသောအခါ တွင်ငင်း၊ သူတို့မနှစ်သက်သောအရာကို ပြုလုပ်ခိုင်းသည့် အခါတွင်ငင်း ငိုကြွေးကြသည်။ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းများ ဖြစ်သည့်အခါတွင်လည်း ကလေးငယ်များသည် ငိုကြသည်။ အချို့ကလေးငယ်တို့မှာ စိတ်ဆိုးခြင်းသည် မကြာရောက်ဟု သိသောအခါ ငိုကြွေးတတ်ကြသည်။

ကလေးတိုင်းသည် သူ၏ လိုအင်ဆန္ဒများ ပြည့်ဝစွာ ရရှိစေရမည်ဟူသော စိတ်အင်အားဖြင့် မွေးဖွားလာကြသည်။ သို့သော် လိုအင်ဆန္ဒများ မပြည့်ဝပဲ အခက်အခဲများဖြင့် ရင်ဆိုင်ရသောအခါ သူစိတ်တွင် ခံစားရလေတော့သည်။ ထိုအခါငိုကြွေးလေသည်။

စိတ်သဘောကောင်းသော ကလေးများသည် စိတ်ထဲ၌ ခံစားရလျှင် မငိုမိရန် စိတ်ကို ထိန်းတတ် လာကြသည်။ သဘောဆိုးသော ကလေးတို့မှာ လိုအင်ဆန္ဒမပြည့်ဝတိုင်း ငိုကြွေးခြင်းဖြင့် မိမိတို့လိုအင်ဆန္ဒ ပြည့်ဝမည်ဟု မြော်လင့်ပေသည်။

ဇာကသိလ် (မြန်)

ငါးလေးတွေ မအိပ်ဘဲနေသလား





"အောင်နိုင်လဲ အောင်တယ်ကွ"

"ဒီမှာကျော်မြင့်လဲ အောင်ကယ်ကွ"

"ဒို့ လူ သိုက် အ ကုန် လုံး အောင်တယ်ဟေ့၊ ပျော်စရာကြီးဘဲ"

ကျွန်တော်တို့ သူငယ်ချင်း တစုသည် ကျောင်း၌ စာမေးပွဲ အောင်စာရင်းကြည့်ရင်း ဆူဆူညံညံ အော်ဟစ်ကာ ပြောဆို နေကြခြင်းဖြစ်သည်။

"ကျော်မြင့်သာ သူ့အောင်စာရင်းကို တွေ့ရယင် ဝမ်းသာမှာဘဲ။ ဒီကောင်က သူအောင်မယ်မထင်လို့ လာမကြည့်ဘူး။ ငါ့ကို ကြည့်ခိုင်းလိုက်တယ်" ဟု သောင်းရွှေက ပြောပါသည်။

ထို့နောက် ကျွန်တော်တို့သည် ဝမ်းသာအားရနှင့် အိမ်သို့ ပြန် လာ ကြ စဉ် လမ်း၌ "ဟိုမှာ ကျော်မြင့် လာနေတယ်ဟေ့" ဟု သောင်းရွှေက ပြောလိုက်သည်။ ကျော်မြင့်သည် ကျွန်တော်တို့ လူစု ရှိရာသို့ လျှောက်လာနေပါသည်။

အောင်နိုင်က "ကျော်မြင့်ကို စာမေးပွဲကျတယ်လို့ နောက်ရအောင်" ဟု ပြောပါသည်။ ထိုအခါ ကျွန်တော်က "မင်းတို့ ခပ်တည်တည်နေကြ၊ ငါ ကျော်မြင့်ကို ကြည့်လိုမ့်မယ်" ဟု ပြောလိုက်သည်။

ကျော်မြင့် ကျွန်တော်တို့ အနားသို့ ရောက်လာသော အခါ ကျွန်တော်က "ငါတို့စိတ် မကောင်းပါဘူးကွာ၊ မင်း နာမည် အောင်စာရင်းမှာ မပါဘူး" ဟု ပြောလိုက်ပါသည်။

ထိုအခါ ကျော်မြင့်သည် မျက်နှာတချက် ပျက်သွားပြီး "ဟင်" ဟု ဆိုကာ ပြေးထွက်သွားပါတော့သည်။

"ဟေ့ကောင် ကျော်မြင့် နေအုံး" ဟု ကျွန်တော်တို့က လှမ်းခေါ်သော်လည်း ကျော်မြင့်သည် ပြန်လှည့် မကြည့်ပဲ ဆက်ပြေးသွားပါသည်။

အောင်မင်း က " ငါတို့ နောက်လိုက်တာ ဒီကောင် တကယ်ထင်သွားပြီ" ဟု ပြောရာ သောင်း ရွှေ က "နောက် တော့ သူသိမှာပါကွာ" ဟုဖြေပါသည်။

ထိုနေ့ည အိပ်ရာဝင်ခါနီး တွင် ကျော်မြင့်အဖေသည် ကျွန်တော့်အိမ်သို့ ရောက်လာပြီး –

"ဒီမှာ မောင်မျိုးသန့် မင်း သူငယ်ချင်း ကျော်မြင့်ကို မတွေ့ဘူးလား။ ဒီကောင် နေ့ခင်း ထဲက ကျောင်းကို အောင်စာရင်းကြည့်မယ်ဆိုပြီး ထွက်သွား တာ အခုထက်ထိ အိမ်ပြန် မရောက်သေးဘူး"

ကျော်မြင့်အဖေ၏စကားကို ကြားလိုက်ရသောအခါ ကျွန်တော့်စိတ်ထဲ ထင့်ကနဲဖြစ်သွား မိပါသည်။

"နေ့ခင်းက ကျွန်တော်တို့ ကျောင်းက အပြန် လမ်းမှာ ကျော်မြင့်နဲ့တွေ့လိုက်တယ် ဦးလေး။ ကျွန်တော်တို့က သူစာမေးပွဲကျတယ်လို့ နောက်လိုက်တယ်။တကယ်ထင်ပြီး ဦးလေး

ဆူမှာစိုးလို့ အိမ်ကို ပြန်မလာတာဘဲထင်တယ်”

“ခက်တာဘဲ၊ ဒီကောင်ကို ဦးလေးက စာမေးပွဲကျယင် အိမ်ပြန်မလာနဲ့လို့ ကြိမ်းလိုက်မိတယ်။ ထွက်များ ပြေးယင်တော့ ဒုက္ခဘဲ။ ဘယ်လိုက်ရှာရမှန်းတောင်မသိဘူး။ ကဲ ကဲ– မင်းလဲ အိပ်တော့၊ ဦးလေး ကျော်မြင့်ကို လိုက်ရှာလိုက်အုံးမယ်”ဟု ပြောဆိုကာ ကျော်မြင့်၏ အဖေ ပြန်သွားပါသည်။

ကျန်တော်သည် သူမှာ အိပ်စရာ နေစရာမရှိ၊ လမ်းမှာ ယောင်လယ်လယ်နဲ့၊ လူကောင်းနဲ့ တွေ့ယင်တော်၌၊ လူဆိုးများနဲ့တွေ့ယင်တော့ ဒုက္ခတဲ့ စသည်ဖြင့်တွေးရင်း ကျော်မြင့်အတွက် ပူပန်မိကာ တညလုံး အိပ်မရတော့ပါ။

ကျန်တော်သည် မိုးလင်းသည်နှင့်တပြိုင်နက် ကျော်မြင့်သတင်းကို မေးရန် ကျော်မြင့်တို့အိမ်ဘက်သို့ ထွက်လာခဲ့ပါသည်။ ကျော်မြင့်တို့ အိမ်သို့ ရောက်သောအခါ အိမ်အဝင် ကျော်မြင့်ထိုင်နေသည်ကို တွေ့ရ၍ ဝမ်းသာသွားပါလည်။

“ဟာ သူငယ်ချင်းပါလား၊ လာကွာ”ဟု ဆိုကာ ကျော်မြင့်သည် ပြေးဆင်းလာပြီး ကျန်တော်လက်ကိုဆွဲခေါ် ပါ သည်။ အိမ်ပေါ် သို့ ရောက်သောအခါ ကျော်မြင့်အဖေက –

“မောင်မျိုးသန့်ပါလား၊ ညက ငါ့တူဆီက အပြန် ဦးလေးစိတ်ပူတာနဲ့ ရဲစခန်းကိုသွားပြီး အကူအညီ တောင်းတယ်။ ရဲစခန်းကနေ အိမ်ပြန် ရောက်တော့ ဦးရဲ့ညီမ မဝင်းတင့်အိမ်မှာ စောင့်နေတာ တွေ့ရတယ်။ ကျော်မြင့် သူတို့အိမ်ကို ရောက်နေတယ်။ တခြားကို ထွက်သွားမှာ စိုးတာနဲ့ ကျော်မြင့်ကိုချေဒွားပြီး ကျော်မြင့်အလစ်မှာ လာပြောတာဘဲလို့ ပြောတယ်။ ဦးလေ သူနဲ့ချက်ချင်းလိုက်သွားပြီး ကျော်မြင့်ကို ပြန်ခေါ်လာတာဘဲ။ ခု တော့ စိတ်အေးရပြီပေါ့ကွာ”

ကျန်တော်သည် ကျော်မြင့်ကို“သူငယ်ချင်း ငါနောက်မိတာ စိတ်မဆိုးပါနဲ့ကွာ။ မင်း ထွက်ပြေးတော့ ငါလဲ တညလုံးစိတ်ပူတာနဲ့ အိပ်မပျော်ဘူး။ နောက်ဆိုယင် ငါဘယ်သူကိုမှမနောက်တော့ပါဘူးကွာ။ သင်ခန်းစာရပါပြီ”ဟု တောင်းပန်ပါသည်။

“စိတ်မဆိုးပါဘူးကွာ။ မင်းက ငါ့သူငယ်ချင်းဘဲဟာ စိတ်မကောင်းမဖြစ်ပါနဲ့”ဟု ကျော်မြင့်က ကျန်တော့်ခါးကို ဖက်ကာ ပြောပါသည်။

ကျန်တော်သည် ကျော်မြင့်တို့အိမ်မှ စိတ်လက် ပေါ့ပါးစွာဖြင့် ပြန်လာရင်း လမ်း၌ ဆုံးဖြတ်ချက်တခု ချလိုက်ပါသည်။

“မိမိ၏စကားတခွန်းကြောင့် အများဒုက္ခရောက်သွားသည်ကို သိရှိရ၍ နောက်နောင် ထိုကဲ့သို့ မဖြစ်အောင် ဆင်ခြင်ပါတော့မည်ဟု”

လေးစားထိုက်သူများ

မေတ္တာကရုဏာ စေတနာတရားကို
ဝေဖြာပွားလို့ ဆောင်ရွက်သည်။

သည်ပိုးမျှော်ရည် ပြည်သူတွက်မို့
ညီတူလက်တွဲ ယိုင်းပင်းသည်။

ဝိုင်းဝန်းတူညီ အဟုတ်မနားပါ
လုပ်အားတန်ဖိုး ချစ်မြတ်သည်။

ညစ်ပတ်မသတိ စိတ်မိုက်မှားနဲ့
စရိုက်တရားဆိုး ကင်းကွာသည်။

ဝင်းဝါထိန်ကြည် ရွှေစင်အိသို့
ပြေစင်အပြည့် ဖိုးထိုက်ညီ။

ကြက်ခြေနီ ကြက်ခြေနီ။ ။

တောသားကြီး - မုံနှံသာ

မြေပါမြီးတို

မြေပါမြီးတိုကို မြင်တွေ့ရန် မလွယ်လှပေ။ တခါတရံ လမ်းဖြတ်ကူးသော မြေပါမြီးတို တကောင်တလေကို တွေ့ရတတ်သည်။ ခြေလက်များ တိုခြင်းကြောင့် မြက်တောထဲတွင် သွားလာနေပါက မမြင်နိုင်ခြင်းဖြစ်သည်။ တခါတရံ ဘေးရန်ကိုကြည့်ရှုရန်၊ သားကောင်ကို ရှာဖွေရန် နောက်ခြေထောက်ပေါ်တွင် ရပ်၍ကြည့်တတ်သည်။

မြေပါမြီးတိုတကောင်၏ အမြီး အပါအဝင် အလျားမှာ ၁၀ လက်မခန့် ရှိသည်။ ဝမ်းပိုက်ပိုင်း အမွေးများမှာ အဖြူရောင်ဖြစ်ပြီး ကျန်တကိုယ်လုံးရှိ အမွေးများမှာ အုန်းခွံရောင်ဖြစ်သည်။ အလွန်အေးသော ဒေသများတွင်မူ ဆောင်းတွင်းကာလတွင် အမွေးအဖြူရောင်သို့ ပြောင်းသွားလေသည်။

အမြဲလှုပ်ရှားသွားလာနေတတ်သည်။ လှုပ်ရှားရာတွင် အလွန်မြန်ဆန်သည်။

အသားစား တိရစ္ဆာန်များထဲတွင် ပါဝင်သည်။ ကြွက်၊ ဖား၊ ငှက်ငယ်များကို ရှာဖွေဖမ်းဆီးစားသောက်သည်။ တခါတရံ ရေထဲသို့ဆင်း၍ ငါးများ၊ ရေကြွက်များကိုပင် ဖမ်းဆီးစားသောက်တတ်သည်။ သစ်ပင်များပေါ် သို့တက်ပြီး ငှက်သိုက်များထဲမှ ငှက်ပေါက်ကလေးများ၊ ငှက်ဥများကို ရှာဖွေစားသောက်တတ်သည်။ ယင်းတို့ထက်ကြီးသော ယုန်များကိုပင် တိုက်ခိုက်သတ်ဖြတ် စားသောက်လေ့ရှိသည်။

တနှစ်လျှင် နှစ်ကြိမ် သားပေါက်သည်။ တကြိမ်လျှင် သားငယ်လေးကောင်မှ ခြောက်ကောင်အထိ ပေါက်ဖွားလေ့ရှိသည်။ သစ်ခေါင်းထဲတွင်၎င်း၊ ကမ်းပါးယံတွင် မြေတွင်းတူး၍၎င်း အသိုက်ပြုလုပ်၍ သားပေါက်သည်။ သားငယ်များ အတော်အတန် ကြီးသည်အထိ မိခင်က စောင့်ရှောက် ထိန်းသိမ်းသည်။ မိခင်က သားငယ်များကို သားကောင်ဖမ်းနည်း သင်ပေးလေ့ရှိသည်။

ရဲမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေပညာရှင်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ ကာဝနမဲ့ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဖဝ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (ပုတ်ပုံတင်အမှတ် ၀၀၃၂၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၆။ အမှတ်-၂၀။

ရွှေသွေး

ကျွန်ုပ်ဝ

ပန်းချီ - ဦးဘကြည်

ဇာတ်လမ်း - နွယ်နီ ကြိုင်သင်း

၁၃၃၆ ခု၊ ကဆုန်လဆုတ် ၁၃ ရက် (၁၀-၅-၇၄)



တခါက နယ်စားကြီးတဦး၏အိမ်ရှေ့တွင် မဏ္ဍပ်ကြီးဆောက်ကာ သမီးကညာ၏ မွေးနေ့ မင်္ဂလာပွဲကြီးကျင်းပသဖြင့် ရွှေရောင်တဖိတ်ဖိတ် တောက်လျက်ရှိ၏။

စုံစုံလင်လင် ကြွရောက်လာကြသော လူကုံထံ အထက်လွှာများအား-

နယ်စားကြီး ဇနီးမောင်နှံတို့က ရွှင်လန်းစွာ ဖြင့် ညှော်တ်ကျေပြန်စွာ ညှဲခံကြ၏။

သမီးတော်လည်း ပျော်ရွှင်အားရလျက် ရှိ၏။

ညှော်ပရိသတ်က ချီးမွမ်းသံတညံညံ ဖြစ်နေစဉ်

အဝတ်အစား နွမ်းပါးစွာနှင့် အဖိုးအိုတဦးသည် မဏ္ဍပ်ရှေ့မှ ကြည့်နေရှာသည်။

အဖိုးအိုလည်း မရဲတရဲဖြင့် မင်္ဂလာပွဲထဲသို့ ဝင်သွားသည်။ သို့သော် မည်သူမျှမခေါ်ချေ။

နောက်မှ နယ်စားကြီးနှင့်ဇနီးက လှမ်းမြင်လိုက်ပြီး-

ဝင်းပြင် ရောက်သောအခါ အဖိုးအိုသည် ပြန်ကြည့်ပြီး တွေးမိလေသည်။

အဖိုးအိုကား တခြားမဟုတ်၊ နယ်ပယ်အတွင်း စနည်းနာရန်ထွက်လာသော နေပြည်တော်မှ ဘုရင်ကြီးပင်တည်း။

နောက်သုံးရက်မျှ ကြာသောအခါ ရွှေနန်းတော်အတွင်း တနေ့ရာ၌–



တနေ့သောအခါ ကျေးရွာများတွင်



ထိုကြောင့် တောသူတောင်သား လယ်သမားများသည် ကြောက်အားပိုကာ–

ပြောင်းရွှေသွားသဖြင့် ပျိုးထားသောသီးပင်၊ စားပင်များသာ ကျန်ခဲ့လေသည်။

ပြုစုမည့်သူမရှိသဖြင့် ထိုသီးပင်၊ စားပင် များသည် မကြာမီ ခြောက်သွေ့ကုန်၏။

ကျန်သောနယ်ပယ်များ၌လည်း မင်းမှုထမ်းများသာ နေထိုင်ကြသည်။

သမီး လဲ ဒီလိုဘဲ ဆုတောင်း နေတာဘဲ။ ဒီလို အရေးမကြီး ကြဲလာယင် - ဘယ်သူ့ဌေး ဘယ်သူကြွယ် ကမ္ဘာ တတ်နိုင်တါ မဟုတ်ဘူး။ ဒီ ရတနာ ပစ္စည်းတွေလဲ - မဝတ်ချင် တော့ပါဘူး။ "ဆန်စပါး - သီးနှံ ရအောင် လုပ်ပေးနိုင်တဲ့ တောသူ တောင်သား လယ်သမား များ ကို ထိုက်ရာကြီးတော့သိပေး လိုက် ချင်ပါဖြစ်...

ထိုသို့ ဆန်စပါးနှင့် သီးနှံများမပေါ်ပဲ ရက်များကြာလေသော် ဆူပူမှုများ ပေါ်ပေါက်လာရာ နယ်စားကြီး၏ အိမ်၌ပင်

အင်း - အခုမှ ခက်တာ၊ ဒိုလို အထက်လွှာ လူကုံထံ ထိုင်းကလဲ ဆန်စပါး - သီးနှံ ရအောင် လုပ်နိုင်ဖို့ ဝေး စွ - မြက်ပင်ကို တောင် ရှင်အောင် မခိုက်နိုင်ဘူး.....

ဒါနဲ့ - နေပါအုံး၊ ဒီနယ်က တောသူ တောင်သား လယ်သမား တွေက ဘယ်ရောက်ကုန်ပါလိမ့်၊ ခုနေများ သူတို့ကိုတွေ့ယင် ဘာပေး ပေးရ

နောက်ဆုံး၌ တိုင်းသူပြည်သားများ စုရုံးကာ ဟစ်တိုင်တွင်စုပြီး ဘုရင့်ရွှေနားတော် ပေါက်အောင် ဟစ်ကြလေ၏။

ကယ်တော်မူပါ ဘုရား... ကယ်တော်မူပါ ဘုရား... ဆန်စပါး - သီးနှံ ဘတွက် ဒုက္ခ ကင်းဝေးအောင် ဖြေရှင်းပေးတော်မူပါ ဘုရား

ဟစ်တိုင်

ထိုအထဲတွင် ထူးထူးခြားခြား အလှူရှင် နယ်စားကြီးမိသားစုပင် ပါလာ၏။

နောက်တနေ့တွင် ဘုရင်ကြီးသည် ညီလာခံခေါ်၍ စည်းဝေးတိုင်ပင်ပြီးသည့်အဆုံး၌

xxxxxxxx ထိုကြောင့် - နယ်စားကြီး ကိုယ်တိုင် - စပါး သီးနှံ စိုက်ပျိုးတတ်သူများကို စုံစမ်း ရှာဖွေ ရန် - တိုဝန်ဝတ်တရား အပ်နှင်းလိုက်သည်။ နောက်ဖြန်မိုး သောက် - အလင်းရောက်သည့် အချိန်မှစ၍ - လုပ်ငန်း စစေဗျာ.....

အမိန့်တော် မြတ် အတိုင်းပါ ဘုရား

ထိုည၌

တကယ် ဆိုတော့ တောသူ တောင်သား လယ်သမား တွေဟာ ဒို့ရဲ့ အသက်သခင် ကျေးရွာ ရှင် တွေဘဲ..

နောက်တနေ့ အရက်တက်ချိန်မှစ၍ တရွာဝင် တရွာထွက်နှင့် လိုက်ရှာတော့၏။

ခရီးဆက်လာရင်း ရက်အတန် ကြာသော အခါ တနေရာ၌ -



ထိုအခါ မြင်းများကိုအပြင်းနှင်ကြ၏။

နယ်စားကြီးသည် သီးပင်၊ စားပင် များထဲ ရဝ ကာ တွေးမိပြန်၏။

ရွာသားများလည်း ထူးထူးခြားခြား နေပြည် တော်မှ အမှုထမ်းတွေကို တွေ့သဖြင့် စုဝေး လာကြလေသော် နယ်စားကြီးက -

ဝင်ကိုယ်အင်္ကျီ ချည်းမကြယ်နိုင်

မြင့်ဟန် - ကါတွန်း

မုတ္တမမြို့ဟောင်း

ရေးသူ — ရဲနုမြေစု သူငယ်တော်ကြီး

မော်လမြိုင်မြို့မှ အနောက်မြောက်ဖက် သံလွင်မြစ်တဖက်ကမ်း လက်ျာဖက် နှစ်မိုင်နီးပါးခန့်အကွာတွင် မုတ္တမမြို့ဟောင်း ရှိသည်။ မဒမမြို့ဟု ခေါ်ဝေါ်ကြသည်။ မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့၏ မီးရထားလမ်းဆုံးတွင် ရှိ၍ မော်လမြိုင်သွား ကူးတို့ဆိပ်ဖြစ်သည်။ ရန်ကုန်မြို့နှင့် ၁၆၉ မိုင် အကွာတွင် ရှိသည်။ ရဲစခန်း၊ ဆေးရုံ၊ စာတိုက်ခွဲ၊ နိုင်ငံတော်အစိုးရ အထက်တန်း ကျောင်း တကျောင်း ရှိသည်။

မုတ္တမမြို့ဟောင်းသည် ရှေးအခါက ရာဇဝင်တွင် ထင်ရှားသော မွန်တို့၏ ရာဇဌာနီ မင်း နေပြည်ကြီး ဖြစ်ခဲ့ဘူးသည်။ စည်ပင်သာယာသော သင်္ဘောဆိပ်မြို့ကြီးဖြစ်ခဲ့၍ အနောက် နိုင်ငံသားတို့ ရောင်းဝယ်ဖောက်ကား ကျက်စားရာ ဖြစ်ခဲ့သည်။ တောင်စဉ် တောင်တန်းများနှင့် ဝိုင်းရံကာနေ၍ ရန်သူများ ဖျက်ဆီးခြင်းငှာ ခဲယဉ်းသည်။ တပင်ရွှေထီးနှင့် မုတ္တမစား စောဗညားတို့ ဖက်ပြိုင်သော မုတ္တမတိုက်ပွဲသည် မြန်မာရာဇဝင်၌ ထင်ရှားခဲ့သည်။

ရာမညတိုင်း မွန်သုံးရပ်တွင် အထင်ရှားဆုံးမြို့ဖြစ်သည်။ မုတ္တမ၏ အမည်ရင်းမှာ မော တမောဟု ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းတွင် ဆိုသည်။ မော့တမော့ ဟုလည်း ခေါ်ကြ





သည်။ မော့တမော့ ကျောက်ဖျာ ကျောက်ညွှန်ပေါ်တွင် တည်ရှိသောကြောင့်ဟု ဆိုသည်။ မော့တမော့မှ မုတ္တမဖြစ်လာသည်။ မုတ္တမမြို့ကို လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ခန့်က မွန်ဘုရင်တပါးက တည်ထောင်ခဲ့သည်။ အနော်ရထာမင်း လက်ထက်တွင် တိုက်ခိုက်သိမ်းပိုက် ခဲ့ရ၍ မြန်မာမင်း လက်အောက် ခံ ဖြစ်ခဲ့သည်။ သို့သော် မြန်မာမင်း ခန့်ထားသော မုတ္တမမြို့စား အလိမ္မာအမတ်ကို သက္ကရာဇ် ၆၄၉ ခုနှစ်တွင် မဂဒ္ဒဆိုသူက လုပ်ကြံ၍ "ဝါရီရူမင်း" အဖြစ် စိုးစံခဲ့သည်။ ဝါရီရူမင်းဆက် ရှစ်ဆက်ရှိခဲ့၍ ရာမညတိုင်းအလုံးနှင့် တနင်္သာရီတိုင်းအလုံးကို ပါ အုပ်ချုပ်ခဲ့ကြသည်။ ရှစ်ဆက်မြောက် ဗညားဦးလက်ထက် သက္ကရာဇ် ၇၃၁ ခုနှစ်တွင် မင်းနေပြည်ကို မုတ္တမမှ ပဲခူးသို့ ပြောင်းသည်။ တပင်ရွှေထီး၏ မုတ္တမတိုက်ပွဲတွင် မြို့အထိနာခဲ့သည်။ တဖြည်းဖြည်း မွေးမိုန်လာခဲ့ရာ မုတ္တမသည် ယခုအခါ ဖွံ့စည်းပုံအခြေခံ ဥပဒေအသစ်အရ မွန်ပြည်နယ်အတွင်းရှိ ပေါင်မြို့နယ်၏ ရွာကြီးတရွာမျှသာဖြစ်နေလေပြီ။

မုတ္တမ၏ အရှေ့ဖက် သံလွင်မြစ် ဆိပ်နားဌာ မြသိန်းတန်စေတီ၊ အနောက်ဖက် တောင်တန်းပေါ်ဌ ကျိုက်ဖျင်ခေါ် ကျိုက်ရှမ်းလန်စေတီ ရှိသည်။ ကာလကြာသော် ကျိုက်ရှမ်းလန်မှ ကျိုက်သံလန်ဖြစ်လာသည်ဟု ဆိုကြသည်။

မုတ္တမမှ မီးရထားလမ်း၊ ကားလမ်းနှင့် ရေလမ်းခရီး ရှိသည်။

ကာတွန်းမြေကြေးဆွဲသည်


ကြွက်ကလေး မောင်ထူးသည် အခြားကြွက်များနှင့် မတူလိုပေ။
ဒယ်တူလို့ဖြစ်မလဲ တခြားကြွက်တွေထက် ထူးခြား နေမှပေါ့-

တခြား ကြွက်တွေထက်ထူးခြား နောင်-ထူးခြား နောင်-?

အိုး အလှလိုပဲ ကြွက်မှန်ယင် အမြီးဂုံတယ်- အမြီးမဂုံတဲ့ ကြွက်ဆိုထူးခြားတာပေါ့-

ဟေ့-ဟေ့-ဆူငယ်ခွင်း ငါ့ အမြီးကိုဖြတ်ပေးစမ်း ကွာ
ဟင်္ခေ ?

ငါက မင်းတို့ထက်ထူးခြားအောင်လို့ကွ ကဲ ဖြတ် မှာဖြတ်ပေးစမ်းကွာ
ဒီမှာ


ဒီကောင်ဟာ တယ်ခက်ပါလား
တော်ကြာမှ - သူ့အမြီးဖြတ်မိတာ
မှား မှန်း သိမယ် - ဒီတော့ သူ့
အမြီးကို မဖြတ် ဘဲချည်
ပေးလိုက်မှ -
ထိုနောက်မကြာမီ
ဖြတ် ခါစ မို့လား ဘဲ - စပ်
ဖျင်း ဖျင်း တောက်ခါသား - အင်း
ငါတော့ ထုးဖြားသွား ပီ -
ထုး ဖြား သွား ပီ -
ဟား ဟား ဟီး ဟီး ဟီး
ဟားဟား
ဟား ဟား
ဘီ!
ဟား ဟား - ဟား
ကြောက်ဟလေး မောင်ထူးသည် သူသူငယ်ချင်း
များရှိရာသို့ သွားလေသည်။
ဟင်း ဟာ! ဘီ!
တွေ့လား - တွေ့လား
ကျပ်အမြီးဖြတ်တာကို
မြင်လို့ အံ့သြကုန်ပီ
ကိုထူး - ခင်ဗျာ အမြီး ကို
ဆာဆာနဲ့ ကိုက်စား
လိုက်တာလား - ခစ်ခစ်ခစ်
ဟား ဟား
ဟား
အလိုလေး - ငါ့ကို ဝိုင်း ဟားပီး
လှောင်နေပါ့လား -
ဟား ဟား
ဟီး ဟီး
ဟိုး ဟိုး

ဒီမိုး - ခွက်လိုက်တာ - ငါက ငါ့လုပ်ဂုဏ်ကို
လက်ခံပီး ထူးခြားမလား လို့ လုပ်တာ
ခုတော့ အဆင်နဲ့ အဖြင်လွဲပီ -

ဟေ့ - မောင်ထူး မင့်ဂုဏ်ဖက်ရှင်ကို
အကြိုက်မျှားရဲ့လား
ဟင်!
သူငယ်ချင်း

မင်းက ပါလျှောင်နေပြန်ပြီ - ခု
ငါ့မှာ အဖြူးမရှိတဲ့ အတွက် ကြွက်တွေက
ကြွက် ဘုရားသွင်းဘဲ
ပြောင်လျှောင်နေ
တယ် ကွ - ကယ်
ရှိုင်ယင်ကယ်
ပါဘူး

ဟဲ့ - မင်း ဘာအဖြူးကို ဖြတ်ခိုင်းပြီး
တော့ - ခု အဖြူး ပြန်လို ချင်ပီလား
လုပ်ပါသူငယ်ချင်း
ဒုယ် - အားကိုးပါတယ်

ငါ့မှာ သူများထက်ထူးပီး
မတူချင်တဲ့ စိတ်ဓါတ်လဲ
မရှိတော့ပါဘူး


အကြိမ်ကြိမ် တောင်းပန်တော့မှ သူ၏ သူငယ်ချင်းသည်
ချည်ထားသောအဖြူးကို ပြန်၍ ဖြေပေးလိုက်တော့သည်။
ဒီလိုလောကမှာ
အဆန်းထွင်တဲ့သူ
မကောင်း
ပါလား
ပြီး

အိပ်မက်ဆိုသည်မှာ အိပ်နေစဉ် စိတ်ထဲတွင် ဖြစ်ပေါ် နေသော အရုပ်ကားချပ်ပင် ဖြစ်သည်။ ထိုရုပ်လှာများမှာ "မသိစိတ်" မှ ထုတ်ပေါ် လာခြင်းဖြစ်သည်။ "သိစိတ်" မှာ လူတယောက်၏ အပြုအမူကို စဉ်းစားပေးသည်။ ညွှန်ကြားပေး အသားများသည် အိပ်မက်အဖြစ် အကောင်အထည်ပေါ် ရှိလာသည်။

အိပ်မက်မက်သော အချိန်မှာ အလွန်ပင် တိုတောင်း၏။ သို့သော် အိပ်မက်မက်သူ၏ စိတ်ထဲတွင် အလွန်ပင် ရှည်လျားသည်ဟု ထင်မှတ်ရလေသည်။ အိပ်မက်မက်သူ ပြန်နိုးလာသောအခါ သူ၏မသိစိတ်တံခါးသည် ပိတ်သွားသောကြောင့် အိပ်မက်ပြီးဆုံးသွားလေသည်။

တခါတရံ လူတဦးတယောက်သည် ချမ်းသာဖြင့် အိပ်မက်ထဲတွင် ဆီးနှင်းမုန်တိုင်းနှင့် ရင်ဆိုင်နေရသည်ဟု မြင်မက်ကောင်း မြင်မက်လိမ့်မည်။ သို့မဟုတ် အမိုးအကာမရှိသော မော်တော်ကားကို စီးနေရသည်ဟူ၍လည်း မြင်မက်

ကျွန်ုပ်တို့ အာဘယ်ကြောင့် အိပ်မက် မက်ကြသနည်း

သည်။ မသိစိတ်မှာကား လူတဦးတယောက်၏ ထင်မြင်ချက်များ၊ခံစားချက်များကို စုဆောင်းထားရာ ဂိုဒေါင်သဖွယ် ဖြစ်၏။ နိုးနေသောအခါ မသိစိတ်၏တံခါးမှာ ပိတ်နေလေသည်။ သို့သော် အိပ်ပျော်နေသောအခါတွင် မသိစိတ်ကို ထိန်းချုပ်၍ မထားနိုင်ပေ။ ထိုအခါ မသိစိတ်၏တံခါးသည် ပွင့်သွားပြီး တိမ်မြုပ်နေသောဆန္ဒများနှင့် အရိပ်သဏ္ဌာန် အမှတ်ကောင်း မြင်မက်လိမ့်မည်။ တခါတရံ ကိုယ်အနေအထား မမှန်ပဲ အိပ်ပျော်နေမိပါက ရုန်းကန်တိုက်ခိုက်ရသည်၊ အမြင့်မှ လိမ့်ကျသည်စသည်ဖြင့် အိပ်မက်မက်တတ်သည်။ အစာမကြေသည့်အခါ အိပ်မက်ဆိုးများကို မြင်မက်တတ်လေသည်။

တက္ကသိုလ် ဖြူမြင့်

ဓါးနဲ့လားဖေဖေ

ကျွန်တော့်ကြောင့်

မောင်သာကြည်

ကျွန်တော် ထမင်းစားပြီး ခါစရှိသေးသည်။ တုတ်ပေါနှင့် အောင်ဖြိုးရောက်လာသည်။ သူ တို့လက်ထဲတွင် လောက်လေးဂွ ကိုယ်စီကိုင်ထားပြီး လွယ်အိတ် ကိုလွယ်ထားသည်။ လွယ်အိတ် ထဲတွင် ဘာရှိသည်ကို ကျွန် တော် အတတ် သိပါသည်။

"ဟေ့ကောင်တွေ၊ လောက် စာလုံးများများ ပါရဲ့လားကွ"

အောင်ဖြိုးက လွယ်အိတ်ကို လက်ဖြင့်ပုတ်ပြပြီး ဖြေပါသည်။ ကျွန် တော် သည် အံ့ ဆဲ ထဲ မှ လောက်လေးဂွက် အမေမသိ အောင် သွားယူ ိုက်ပါသည်။ ကျွန်တော်တို့ သုံ ယာက်ဆုံမိ ၍ မကြာမီမှာပင် မျိုးသက်နှင့် ဟံမြင့် ရောက်လာသည်။

လမ်းထိပ် ဦးစိန်အေးခြံမှ သ ရက် သီး သည် အလွန် စား ကောင်းသော ဘင်္ဂလားသရက် သီးမျိုး ဖြစ်ပါသည်။

ကျွန်တော်၊ တုတ် ပေါနှင့် အောင်ဖြိုးက အပစ်သမား ဖြစ် သည်။ ကျလာသော သရက် သီးများကို မျိုးသက်နှင့် ဟံမြင့် က ကောက်သည်။

အောင်ဖြိုး ပစ်လိုက်သော လောက် စာ လုံး သည် ဦးစိန် အေးအိမ်ခေါင်မိုးပေါ် သို့ သွား ကျပါသည်။ ဦးစိန်အေးသည် လက် ထဲ မှ သစ်သားခွောင်း ကြီးကိုကိုင်ကာ ပြေးထွက်လာ သည်။ အခြေအနေကို ရိပ်မိ သော ကျွန်တော်တို့သည် တ ကြိုးတည်း ထွ ပြေး ကြပါ သည်။ ဦးစိန်အေး လှမ်းပစ် လိုက်သော သစ်သားတုတ်ကြီး ကိုလည်း ပြေးလွှားရင်း ရှောင် တိမ်းရပါသည်။

ဦးစိန်အေး၏ ဆဲရေး တိုင်း ထွာသံကိုလည်း အသေအချာ ကြားလိုက်ရပါသည်။

အစီအစဉ် အသစ်တခု ပြု လုပ်ရန် ကျွန်တော်တို့ တိုင်ပင် ကြပါသည်။

"ဒေါ်လှရှိန်ကြီး ပိန့ဲပင်မှာ အသီး တော်တော်ကြီးနေပြီကွ၊ တို့မျှား သွားခူးပြီး သတ်ရိုက် ထားရင် နှစ်ရက် သုံးရက်နေ စားရမှာဘဲ"

ကျွန်တော့်အကြံကို သူငယ် ချင်းများ သဘော ကျသော် လည်း ဟံမြင့်က တွန့်ဆုတ်နေ ပါသည်။

"ဒေါ်လှရှိန်ကြီးက အဆဲ သန်တယ်ကွ၊ တွေ့သွားယင် တော့ မလွယ်ဘူး"

"မတွေ့ပါဘူးကွာ၊ မင်းက ကြောက်လိုက်တာ လွန်ရော"

ပိန့ဲပင်သည် အိမ် နောက် ဖေးတွင် ရှိသည်။ ဒေါ်လှရှိန် ကြီး၏ အရိပ်အရောင်ကို မတွေ့ ရချေ။ ကျွန် တော် တို့ သည် ဒေါ်လှရှိန်ကြီး ထွက်လာမလာ ကို ခဏစောင့်ကြည့်သည်။ စိတ် ချ ရ လောက် ပြီ ထင်မှ ကျွန် တော်သည် ရေ စည် ပိုင်း ပေါ် ခုန်တက်ကာ အတော် အသင့် ကြီး သော ပိန့ဲသီး တ လုံး ၏ အညှာကို လိမ်ခူးယူပါသည်။

ထိစဉ်

"အမေ – ေ ကို ပိန့ဲ သီး ခိုးနေတယ်"

ရွက်တရက်မှီ ကျွန်တော် ကြောင်သွားပါသည်။ ဒေါ်လှ ရှိန်ကြီး၏သမီး မခင်ညွန့် အသံကြောင့် သူအမေ ထွက်လာသည်။ ပိန္နဲသီး တန်းလန်းကြီးနှင့် ကျွန်တော့်ကို တွေ့သွားပါသည်။ ကျွန်တော်သည် ဘာမျှ စဉ်းစားမနေနိုင်အားပါ။ ရေစည်ပိုင်းပေါ်မှ ခုန်ချပြီး အိမ်သို့ ဒလကြမ်း ပြေးလာခဲ့ပါသည်။

ရေသောက်ပြီး အိမ်ရှေ့ပြန် အထွက်တွင် ကျွန်တော့် မျက်လုံးများ ပြာဝေ သွား ရပါသည်။ အိမ်ရှေ့လမ်းမတွင် ဒေါ်လှရှိန်ကြီးသည် မားမားမတ်မတ်ကြီးရပ်နေပါသည်။ ဒေါသဖြစ်နေသဖြင့် သူမျက်လုံးများ တောက်ပြောင်နေပါသည်။

"ဟဲ့ - သူခိုးလေး၊ မိမဆုံးမ ဖမဆုံးမသားလေး၊ ငတ်စရာ ရှားလို့ ငါ့ပိန္နဲသီးမှ လာခိုးစား ရတယ် ဟင်၊ မိဖတွေကလဲ ကိုယ့်သားသမီးကို မဆုံးမဘူးလား၊ ပေါက်လွှတ်ပဲစား လွှတ်ထားသလား"

ဒေါ်လှ ရှိန်ကြီး၏ အော်ကျယ်အော်ကျယ် အသံကြောင့် မေမေ ထွက်လာပါသည်။ မေမေက တောင်းပန်သော်လည်း ဒေါ်လှရှိန်ကြီးက မကြေအေးပါ။ အရမ်းအော်ဟစ် ဆဲဆိုပါသည်။ အိမ်နီးနားချင်း လူကြီးများက ဝင်ရောက် တောင်းပန်မှ မကျေမနပ်နှင့် ပြန်လှည့်သွားပါသည်။

ရွက်စရာ ကောင်း လှပါသည်။ လမ်းသွား လမ်းလာများက ဝိုင်းအုံကြည့်ကြသည်။ မေမေသည် ရွက်လွန်းသဖြင့် မျက်ရည်များ စီးကျလောက်အောင် ငိုပါသည်၊ ကျွန်တော့်ကိုလည်း ရိုက်ပါသည်။ ရိုက်ပါစေ၊ ကျွန်တော့်ကြောင့် မေမေ အရှက်ကွဲရသည်မို့ ရဲရဲတင်းတင်း အရိုက်ခံပါသည်။ ထို့မှ ဖေဖေ ပြန်လာသောအခါ မေမေသည် ဖြစ်သမျှ အကြောင်းကို တိုင်တမ်းပါသည်။ ဖေဖေ မျက်နှာ မကောင်းပါ။ ကျွန်တော့်ကို သူ့ရွေ ခေါ်ပါသည်။

"ဖေဖေက ရိုက်မဆုံးမတတ် ပါဘူးသား။ သားကို ဖေဖေဆဏ ဆုံးမဘူး တယ် မဟုတ်လား၊ သား အတွက် ကြောင့် မိဘဂုဏ်၊ ဆွေမျိုးဂုဏ်၊ ဆရာသမားဂုဏ် မထိခိုက်ပါစေနဲ့လို့။ ခုသားက နားမဝင်တော့ဖေဖေ မေမေတို့ ဂုဏ်သိက္ခာကိုထိခိုက်ရပြီ၊ အရှက်ရကြပြီ။ ကိုယ်ချင်းစာတရား ထားပါ သားရယ်၊ ဘယ်သူမဆို ကိုယ့်ပစ္စည်းထိယင် ဘယ်ခံချင်ပါ့မလဲ"

ဖေဖေသည် ထိုကဲ့သို့ ဆုံးမပြီး ရေချိုး ခန်း ဝင် သွား ပါသည်။ မျက် ရည် များ သည် ကျွန်တော့် ပါးပြင်ပေါ် သို့ တလိမ့်လိမ့် ကျဆင်းလာပါသည်။ ကျွန်တော့်ကြောင့် မိဘများ ထိခိုက်ရသည်ကိုတော့ တသက်တာ မေ့ပျောက်နိုင်မည်မဟုတ်တော့ပါ။

မိုးသောက် ရောင်ခြည်

မိုးသောက်ရောင်ခြည် နှံနှံ၊
ငှက်ကလေးတွေ ကျီကျီ။
ပျံပြီအစေး ဟိုးခေး၊
ငမ်းစားကာရး ငမ်းအာရး။
မိုးသောက်ရောင်ခြည် နှံနှံ၊
လိပ်ပြာတောပေါ်ဝဲ
ပန်းဥယျာဉ်ထဲ ပြေးပြေး၊
ပန်းမျိုးဆက်ဖို့ လုပ်အားပေး။
မိုးသောက်ရောင်ခြည် နှံနှံ၊
ပုရွက်ဆိတ်လမ်း ညီညီ။
မိုးလရာသီ ဝမ်းစာရေး၊
ရိက္ခာစုဆောင်း
ကြကဲလေး။ ။

မောင်ကင်စိုး (သစ်ရာကောက်)

R. 517

မျောက်လျှောင်

မျောက်လျှောင်ကို မျောက်လေပွေ ဟုလည်း ခေါ်ကြသည်။ ကိုယ်ထည်အလျားမှာ ဦးခေါင်းအပါအဝင် ၁၃ လက်မခန့်ရှိသည်။ အမြီးမရှိပေ။ ကျောရိုးတလျှောက်တွင် အညိုရင့်ရောင် အစင်းကြောင်းရှိပြီး ဦးခေါင်းနှင့် ပခုံးမှာ နီနှစ်ရောင်ဖြစ်သည်။ ကျန်အမွေးများမှာ သံခြေးရောင် သို့မဟုတ် ပြာရောင်ဖြစ်သည်။ အမွေးများ ပေါက်ပုံမှာ သိုးမွေးနှင့်တူသည်။ ဦးခေါင်းလုံးဝိုင်းပြီး မျက်လုံးများမှာ ကြီးမားပြူးကျယ်သည်။ မျက်လုံးများကို အညိုရောင်အမွေးများ ရစ်ဝိုင်း၍ ပေါက်နေသည်။

ညအချိန်တွင် အစာရှာထွက်၍ ကျက်စားလေ့ရှိသည်။ ထူထဲသော သစ်တောများတွင် အနေများသည်။ သစ်ကိုင်းကို တွဲလောင်းခိုရှိ၍ နေးကွေးစွာ လျှောရှားသွားလာသည်။ နေ့အချိန်တွင် သစ်ပင်ခွကြားများ၌ထိုင်လျက် အိပ်စက်နေတတ်သည်။

တိတ်ဆိတ်စွာ နေတတ်သော်လည်း တခါတရံ စူးစူးရှရှ အော်မြည်တတ်သည်။ ဒေါသထွက်လျှင် အော်မြည်သည်။ ရန်သူကို လက်သည်းဖြင့် ကုတ်ခြစ်ခြင်း၊ ကိုက်ခြင်းပြုတတ်သည်။

တကြိမ်လျှင် သားငယ်တကောင်သာ ပေါက်ဖွားသည်။

သစ်သီး၊ သစ်ရွက်များအပြင် ပိုးမွှားများ၊ ငှက်ဥများ၊ ငှက်ပေါက်ကလေးများကိုလည်း ရှာဖွေစားသောက်တတ်သည်။

မြန်မာ နိုင်ငံတွင် အခြား ဒေသများထက် တနင်္သာရီဖက်တွင် မျောက်လျှောင်များကို ပိုမို တွေ့ရှိရသည်။

ရဲမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဖေါ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်ဝ

၁၃၃၆ ခု၊ နယုန်လဆန်း ၅ ရက် (၂၅-၅-၇၄)

ပေါင်ချိုနှင့် ဖြူးသံချို

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ပန်းအို

တခါတုန်းက ဆင်းရဲသော်လည်း ရိုးသား သော မောင်ရိုးဆိုသူ တယောက်ရှိ၏။ လူကြီး မိဘစကားကိုလည်း အလွန်နာခံ၏။

အရာရာကို - ဖဖွေနှံးတီးယင်း - (လိုတယ်) ဆိုတာ - ဖရိုဖရဲကွဲ။ သံလေးတချောင်းတောင်မှ သိပ်ပြီးတော့ တတ်မယ်ဆို တာနဲ့ကျေး - ဥစ္စာ မစွဲငဲ့ပါ ပေါ့ကွာ၊ ရှိုင်တယ်.....

တခုနေ့တွင် မောင်ရိုးသည် ရွာတွင် လုပ်ငန်း မဖွံ့ဖြိုးသဖြင့် မြို့တွင် အလုပ်ရှာရန်ထွက်ခဲ့၏။

အင်း..... ဘယ်လိုကောင်းကောင်း ရှာလို့ ရပါ့မလဲ

ကဲဒီစာလောက် စုဖြစ်အောင် ဘယ်နှစ်ရက် ဘယ်နှစ်လ ကျော် အားခဲ လုပ် ရမလဲ မသိဘူး၊ ဘူး

ခရီးခပ်လှမ်းလှမ်း ရောက်သောအခါ မြင်းစီး ခရီးသည်တယောက်ဖြတ်တက်စဉ်

ဟင်... ဖြင်းသံစွဲ ကြတ် ကျန်ခဲ့ပါလား။ ကေါက် လေးလို့ကိုပါ ဘဲ့းမယ်လေ

ကျိ ဆရာ - ကျိ ဆရာ..... ဖြင်းသံစွဲကြတ်ကျန် ခဲ့တယ်လေ။

ဒီမှာပဲ ဖြင်းသံစွဲ တစုံ....

မောင်ရိုးသည် မြင်းသံစွဲသယ်ပြီး ခရီးထွက်ခဲ့ရာ တနေရာ၌ လှမ်းခေါ်သံ ကြားသဖြင့်-

ဒီမှာ - ငါ့ကျေ.... ဘကြီးကို - ကူညှိစေးပါ။ ကျေးရှုးဆပ်ပါ့ဗျ။ခေတ်ဆင် ဆိုင်- နှစ်ဆယ်လောက် ဝေး တဲ့ ခရီး ရောက်အောင် သွား စရာ ရှိလို့ပါ

ခင်ဗျားဘဲ - ယူထား လို့ကိုတော့၊ လက်ဆောင်ပေါ့ --- ဟား ဟား ဟာ ဟာ:

တော်တော်ကွ ကျတဲ့ ပျဉ်ခဲ့ ခရီးဖင့်အောင်လုပ်တာယ်၊ သံစွဲလောက်ကျော ဘာကျော ဘဲ့းတဲ့ ရှိလဲ.... ကြံရာစခန်း တစုံတမှာ - ဖြင်းသံစွာ လောက်တော့ - လွယ်လွယ် ရမှာပေါ့။

ထိုသို့ ပြောပြီးလျှင် လမ်းမှ ကောက်ယူ လာသောမြင်းသံခွာကို တပ်ပေးလိုက်သော်-

ကြည်လိုက်ရာ မှောက်နေသော မြင်းလှည်း တစီးနားမှလူကြီးကိုတွေ့၍ သွားရောက်စုံစမ်း ပြီးလျှင်-

အမေယ် လေးလေးလေး အောင်မယ်ကြီးဆော၊ ကျည်ဖိုလိုဘဲပေါ့။ ဒီမှာဒီ သံခွါ အဟောဒီလေး ဟာ - ဒီအစိုးမှာ - ဖြွေးဒဂါ၊ တပြားလောက် တန် ဖို့၊ ရှိပါမေတဲ့သေး။ ကောင်းပြီဒဂါး။

မြို့သို့ရောက်လျောအခါ မောင်ရိုးသည် ထမင်း ဝယ်စားပြီး မုန့်များကိုပါဝယ်ပြီးလျှင်-

ထိုအချိန် အတောအတွင်း၌ မြင်းစီးခရီးသည် မှာကား မြင်းသံခွာ တဖက်ပြုတ်ကျန်ခဲ့၍ ခရီး ကြာကြာ အပြင်းမပြေးနိုင်ချေ။

မြို့ပြင်ရှိ ဇရပ်တဆောင်တွင် ခေတ္တအမောဖြေ နေလေသည်။

တောတွင်းတနေရာ ရောက်သောအခါ ဝေးပြ
တိုက် ခံလိုက်ရလေသည်။

မောင်ရိုးသည် အိပ်ရာမှ နိုးသော် နေဝင်လု
ဆဲဆဲဖြစ်နေ၍ ပြန်လိုဇောဖြင့် တောလမ်းမှ
ပင် ဖြတ်လာရာ တနေရာ၌

အသံရှင်နားသို့ ရောက်သွားလေသော်—

ကလေးများ အားရပါးရ စားကြသလောက်
မောင်ရိုးမှာ ဝီတိဖြစ်နေတော့သည်။

စားသောက်ပြီး များမကြာမီ မောင်ရိုးလိုက်
ပို၍ တိုက်ညှိကြီးသို့ ရောက်လျှင်

မောင်ရိုးပြန်လာခဲ့ပြီး တစေ့ဝ ရောက်သော်
လရောင်အောက်၌ အထုပ်ဖွင့်ကြည့်ရာ

ထိုရွေဒင်္ဂါးများကို အင်္ကျီအထဲထည့်၍ စိုးရိမ်
ကြီးစွာခပ်သုတ်သုတ်အိမ်ပြန်စဉ်

မောင်ရိုးသည် အသံကြားရာသို့ သွားကြည့်ရာ
လရောင်အောက်၌ တွေ့ရပုံကား—

ကြိုးများကို ဖြေပေးစဉ် ဖြစ်ပုံပြောပြ၏။

ကြီးအားလုံးဖြေပြီးသော် အကြောင်းစုံ သိရ ပြီဖြစ်၍ မောင်ရိုးက ပြောသည်။

မောင်ရိုးအိမ်သို့ ရောက်သောအခါ



မောင်ရိုး၏မိန်းမသည်ထမင်းချက်ရင်း

တမင်းစားသောက်ရင်း ပြည့်သည်ကား

... ခင်ဗျား ပြောတဲ့ အချိန်ကသာ ကျနော် ဖြင်းဆဲစွာ ပြန်ရိုက်လိုက်ယင် - အရှုံခံစား နေရတဲ့ ဒုက္ခတွေက လွတ်မှာ။ ဒါကြောင့် ခင်ဗျား လိုလျှတယောက်ကို ကျနော့်ဘေးမှာ အဖော် ထား လိုပါတယ်။ ကျနော်နဲ့ အတူလိုက်ပြီး လယ်ခင်း၊ ယာခင်းတွေကို ထိုင်းခန်း ထိန်း ပေးပါ။ ထိုက်တန်တဲ့ လစာတွေနဲ့ နေထိုင်

ထိုအခါမှစ၍ မောင်ရိုးမှာ တိုးတက်ကြီးပွား လာတော့လေသတည်း။

ဖြီး

မြင့်ဟန် - ကါတွန်း

ကိုကိုဦးနှင့် တင်မောင်အုံး၊ အောင်ကြည်၊ ဝင်းမြင့်၊ ဇော်ဝင်း၊ သိန်းဇော်၊ ခင်မောင်ဝင်း၊ ဌေးမြင့်၊ ထွန်းလင်း၊ မောင်မောင်တင်တို့သည် ဖျော်စေး ရှင်စေခြင်းငှာ ဘောလုံးကန်နေကြသည်။

ဘိုးကြောင်ပေါ်စတာ မဂကျိုးတဲ့

မော်လမြိုင်မြို့

မော်လမြိုင်မြို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်အရ မွန်ပြည်နယ်၏ မြို့တော် ဖြစ်သည်။ မြန်မာနိုင်ငံတွင် တတိယအကြီးဆုံးမြို့နှင့် ဒုတိယအကြီးဆုံး ဆိပ်ကမ်းမြို့ဖြစ်သည်။ ရှေးမွန်မြို့ဟောင်းကြီးတမြို့လည်း ဖြစ်လေသည်။

သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အငြိုရံမြစ်နှင့် သောင်ရင်းမြစ်တို့၏ ဆုံရာ၌သံလွင်မြစ်ဝ၏ ဝဖက်ကမ်းပေါ်တွင် တည်ရှိ၍ ပင်လယ်မှ ၂၀ မိုင် ဝေးသည်။ သာယာစိုပြည်၍ ရွှမျော်ခင်း ကောင်းသော ဆိပ်ကမ်းမြို့တမြို့အဖြစ် ထင်ရှားသည်။

မော်လမြိုင်မြို့သည် ၂၁ စတုရန်းမိုင် ကျယ်ဝန်းသည်။ ၁၉၆၂ ခုနှစ် ခန့်မှန်းသန်းခေါင်စာရင်းအရ လူဦးရေ ၁၁၅,၉၃၁ ယောက် ရှိသည်။ မိုးများသောဒေသဖြစ်ခြင်း၊ ပင်လယ်နှင့်နီးခြင်း၊ တောင်အခံရှိခြင်း၊ တိုက်ကြောင့် ရာသီဥတုမှာတ၍ မြေဩဇာ ကောင်းမွန်သည်။

မော်လမြိုင်မြို့၏ ကျောထောက်နောက်ခံနယ်များမှ သစ်မာ၊ ဆား၊ ဆန်စပါးနှင့် ကော်ဖတ် အမြောက်အမြား ထွက်သည်။ မြို့၏ ဆိပ် ကမ်းရိုးတန်း တလျှောက်၌ သစ်စက်၊ ဆန်စက်များရှိသည်။ ဘီလူးကျွန်းသည် မော်လမြိုင်မြို့ ဆိပ်ကမ်းကို ကာကွယ်ထားသဖြင့် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ် နိုင်သည်။ ဒူးရင်းသီး၊ မင်းကွတ်သီး၊နာနတ်သီး၊ကြက်မောက်သီး၊ သရက်သီး များစွာထွက်၍ ရန်ကုန်မြို့နှင့် အခြားမြို့များသို့ တင်ပို့ရောင်းချရသည်။

မြို့၏ အရှေ့တောင်တန်း၌ ကျိုက်သံလန်း၊ မဟာမြတ်မုနိ၊ (ဦးဖိနခေါ်) ဖိနမာရ်အောင်စေတီ၊ မြို့လယ်၌ ကျိုက်သုတ်စေတီနှင့် ဘုန်းကြီးကျောင်းများ ရှိသည်။ အထက၊ အလက၊ အမက ကျောင်းများ၊ ဆရာအတတ်သင် သိပ္ပံ



ကျောင်း၊ မျက်မမြင်ကျောင်း၊ ကုဋ္ဌနုနာဆေးရုံ၊ ဘိုးဘွားဂေဟာနှင့် အစိုးရရုံးများဖြင့် သိုက်မြိုက်စည်ကားသည်။ ၁၉၅၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော မော်လမြိုင် ဥပစာကောလိပ်သည် ၁၉၆၃ ခုနှစ်၌ ဒီဂရီကောလိပ် ဖြစ်လာသည်။ တမြို့လုံးကို ရေပေးသော မြိတောင်ဖက် တောင်ပိုင်းရှိ ကင်မွန်းချုံ ရေလှောင်ကန်ကြီးမှ ရေကောင်းရေသန့် ရသည်။

သာသနာသက္ကရာဇ် ၁၅၇ ခုနှစ်တွင် မွန်မင်း တပါးဖြစ်သော ရာမညရာဇာက ယခု မော်လမြိုင်မြို့ကို စတင်တည်ထောင်ခဲ့သည်ဟု ဆိုသည်။ ထိုစဉ်က ရမ္မာပူရဟုဎင်း၊ ရမ္မာဝတီဟုဎင်းခေါ်တွင်ခဲ့သည်။ ထိုမင်းကို သားတော်ကြီး မွတ်ဒိရာဇာက ဆက်ခံရာ ထိုအမည်မှာ မျက်မှောင်

နှစ်ခုအလယ်၌ မည်သူ့ဂုဏ် တလုံးပါသဖြင့် မျက်စိသုံးလုံးဘုရင်ဟု အဓိပ္ပာယ်ရသည်။ နောင်အခါ ထိုမည်သူ့ဂုဏ် ကွယ်လေသဖြင့် "မွတ်မယ်လိန်း" (မျက်စိတလုံးကွယ်) ဘုရင်ဟု ခေါ်တွင်သည်။ မြို့အမည်ကိုလည်း ဘုရင်၏အမည်ကို စွဲ၍ ခေါ်ကြရာ ကာလရွှေလျှောလေသော် မွတ်မယ်လိန်းမှ မော်လမိန်၊ ထိုမှ မော်လမြိုင် ဖြစ်လာသည်ဟု ဆိုလေသည်။

မော်လမြိုင်မြို့၏ သင်္ကြန်ရေသဘင်ပွဲတော်သည် မြန်မာနိုင်ငံ၌ နာမည်ကျော်ကြားသည်။

ရာဇဝင် ဆရာဦးဘသန်း၊ စာရေးဆရာကုသ (ဦးတိုးအောင်) တို့၏ ဇာတိ မြေဖြစ်၏။

ပုဆိန်သေ

ပါခါတုန်းက အာလုနဲ့ခြောက်ဝမ်း
သောဒေသတွင် ရေတွင်းတွင်း
ရှိလေသည်။ ထိုရေတွင်းထဲနေ့စဉ်
ရွာတဲ့ငယ်တခုတွင် အဖိုးအို
တယောက်နှင့် ဖြူငယ်ကလေး
တယောက်ထိုနေရာတွင်သည်။

ရက်ခွဲဝန်ထိုးခေါ်သွားပေးသည်ရေတွင်းတွင်ဂျပ်ကြ၊
မြင်းများကိုရေတိုက်ခေါ်၊ ငှဲးတိုကိုယ်တိုင်လည်းရေသောက်
ကြ။ အဖိုးအိုကိုနွားတဆက်တည်း ခေါ်ဆောင်ကြမှုန်သည်။

အဖိုးအိုသည်ရေတွင်း
တွင်းရေပန်းတခုကို၊ ကြိုး
ရွှဲသွင်းချည်ကြ၊ ကြိုး
ဆုံးကောင်းကင်
သို့တိုင်တွင်ချည်ထား
ပြုန်သည်။

တနေ့သောအဖိုးအိုဆင်ရေပန်းကိုဆွဲသော
ကြိုးသည်ပြတ်ကြိုးရေပန်းသည်ရေတွင်းထဲသို့
ကျသွား၊ ဖြစ်ပြီးဖိုးအို မျှော်ရေပန်းမရှိသဖြင့်
ရေမခပ်ဘဲနေရသည်။

ဟိုး-ရေပန်းကြိုး
ပြတ်သွားပြီ-
ဘယ့်နှယ်၊

ရွာတက်တနေ့နံနက်တွင် ခေါ်သည်တဦးရောက်လာ၍ဆွဲသည်
ရွာတက်မတိုင်ရေပန်းတပ်အာသင်ဟိလာသည်ကိုသောထိခေါ်သည်
သည်ရေတွင်းကိုတလှည့်အဖိုးအိုနှင့်ဖြူငယ်ကိုကျွေးကြသည်ကြွေး
ခေါ်ဆောင်သွား၍သည်။

ကျွန်တော်ကို ဘာလုပ်ခိုင်းမှာလဲ ဆရာ။
ကျွန်တော်ကို ဘာလုပ်ခိုင်းမှာလဲ ဆရာ။
ကျွန်တော်ကို ဘာလုပ်ခိုင်းမှာလဲ ဆရာ။
ကျွန်တော်ကို ဘာလုပ်ခိုင်းမှာလဲ ဆရာ။
ကျွန်တော်ကို ဘာလုပ်ခိုင်းမှာလဲ ဆရာ။

ဒုတိယခါကြီးသည်ကို
ငါ့ကိုခဲ့ဆဲတဲ့သူလို့!
ဘာကြောင့်ဖြစ်ပါတာလဲ။
ပထမခါကြီးသည်ကိုကြည့်ပြီး ဘုရားသခင်ကသူ့ကိုမေးတော်မူသည်။
ဘာတတ်တဲ့ခိုးပါးဝမဟုတ်ဘူး။
ဒါကြောင့်လည်းသူ့ကိုဘုရားမ
မခေါ်တော်မူဘူး။
?

ဒုတိယခါကြီးသည်ကိုကြည့်ပြီးကိုယ်တိုင်ကိုယ်တိုင်တွေးတော်မူသည်။
သတိပါပါ၊ ခါးဖဲခဲ့ခောက်လိုက်ရင်ကျွတ်သွားတတ်တဲ့အတွက်
ဖခင်ဖြစ်ပါးဘုရားနဲ့
ငါ့ကိုနဲ့ဆံတာဘုရားကြွေး
ငါ့ကိုနဲ့ဆံတာဘုရားကြွေး

တတိယမြောက်သားလဲဆုံတော်
ငါ့တာဘုရားကိုလို့၊ဘုရားနဲ့
ဘုရားတော်ပြီးပြီး၊

တတိယမြောက်သားသည်ထိုအကြောင်းကိုကြားသိတော်မူသောအခါ
ပြီးပြီးမဟုတ်ဘုရား
ငါ့ကိုလည်းခဲ့ဆဲတဲ့သူလို့
ဘာကြောင့်ဘုရားသခင်
ဒုတိယခါကြီးသည်ကိုခေါ်တော်မူသနည်း။

အဘယ်ကြောင့် အိပ်ပျော်ရန် အရေးကြီးသနည်း

ကျွန်ုပ်တို့သည် ကျန်းမာသန်စွမ်းစွာ နေနိုင်ရန်အတွက် အနားယူရန် အရေးကြီးပေသည်။ အိပ်ပျော် ခြင်းသည် ခန္ဓာကိုယ်ကို ထူခိုင်နှုန်းအပြည့်အဝ အနားပေးခြင်း ဖြစ်ပေသည်။ စက်များပင်လျှင် တချိန်လုံးခုတ်မောင်းနေပါက ပူလာပြီး ပျက်စီး သွားနိုင်သည်။ လူများသည်လည်း စွမ်းအားကို အသုံးပြု၍ တနေကုန် သွားလာလှုပ်ရှားနေရ၏။ ထိုတနေ့ တာ ကုန်ခဲ့သော စွမ်းအားကို အိပ်ခြင်းဖြင့် သဘာဝက ပြန်လည်၍ ဖြည့်တင်း ပေးလေသည်။ လူသည် မအိပ်ပဲ တချိန်လုံး လှုပ်ရှားနေမည်ဆိုလျှင် အမောဆို့ပြီး နေထိုင်မကောင်း ဖြစ်နိုင်ပေသည်။ အလုပ်သမားများ၊ စစ်သားများနှင့် တိရစ္ဆာန်များပင်လျှင် အနားယူ အိပ်စက်ကြရပေသည်။

ကျွန်ုပ်တို့သည် အပြည့်အဝ မအိပ်ရလျှင် စိတ်တိုခြင်း၊ အစားအသောက် ပျက်ခြင်းတို့ ဖြစ်လာတတ်သည်။ ကျွန်ုပ်တို့အိပ်လောအခန်းတွင် လေကောင်းလေသန့်ဝင်ရန်လည်း အရေးကြီးသည်။ သို့သော်လေစိမ်းတိုက်လျှင် ကျန်းမာရေးကို ထိခိုက်တတ်ပေသည်။

တက္ကသိုလ် မြူမြင့်

တော်တော်တရားတဲ့မောင်

ကျွန်တော် ကျောင်းသွား ကျောင်းပြန်တိုင်း ကျွန်တော်တို့ လယ်ကွက်ထဲမှ ဖြတ်သွားရပါသည်။ ကျွန်တော်နေသည့် ကျောင်းသည် ကျွန်တော်တို့ ရွာနားမှ "ဝါးရုံစုရွာ" တွင် ရှိပါသည်။ လယ်ကွက်ထဲမှ ဖြတ်သွားတိုင်း အဖေက ကျွန်တော့်ကို လှမ်း၍ နှုတ်ဆက်လေ့ ရှိပါသည်။

ကျွန်တော့်ကို တယောက်တည်းသော သားမို့ အဖေတို့က အလွန်ချစ်ကြသည်။ "မင်းကို ပညာ တတ်အောင် သင်ပေးတယ်၊ ပညာတတ်တော့ ပင်ပင်ပန်းပန်း လုပ်စားရဘူးပေါ့ကွာ၊ မင်းကလဲ ကြိုးစားရမယ်" ဟု အဖေက အမြဲဆုံးမလေ့ ရှိပါသည်။

ကျွန်တော့်အဖို့ ကျောင်းနှင့် အိမ်မှာသာ အချိန် ကုန်ခဲ့ရသည်။ ကျွန်တော်နှင့် ရွယ်တူဖြစ်သည့် ဖိုးကျော်၊ တင်မြင့်တို့က ကျောင်းအားလျှင် သူတို့အဖေ လယ်ထဲသို့ လိုက်ကူညီကြသည်။ ကျွန်တော်ကတော့ တခါတရံသာ လယ်ထဲသို့ လိုက်ပြီး ကျန်အချိန်များတွင် ကျောင်းစာများကို ကျက်မှတ်နေခဲ့သည်။ လယ်လုပ်ငန်း အကြောင်းကိုလည်း များစွာ စိတ်မဝင်စားမိပါ။ နေ့တိုင်း မြင်တွေ့နေရသည် ဖြစ်၍လည်း ကျွန်တော့်အတွက် အဆန်းမဟုတ်တော့။

ယခုတလော ကျွန်တော် ခါတိုင်းထက် စာပိုကျက်နေရပါသည်။ အကြောင်းမှာ ကျွန်တော်တို့ ကျောင်းတွင် ကျင်းပမည့် စာစီစာကုံး ပြိုင်ပွဲဝင်ရန် ကတွက်ဖြစ်သည်။ ခြောက်တန်းနှင့် ခုနစ်တန်းအတွက်ပြီး ပြိုင်ရမည် ဖြစ်၍လည်း ပို၍ ဂရုစိုက်နေရပါသည်။

စာစီစာကုံးပြိုင်ပွဲနေ့ ရောက်သောအခါ ကျွန်တော်နှင့် တင်မြင့်တို့ တခုတည်း ထိုင်ရပါသည်။ ရေးရမည့် ခေါင်းစဉ်ကို ကြည့်လိုက်သောအခါ "လယ်သမားတို့၏တန်ဖိုးတာလုပ်ငန်း" ဟု တွေ့ရပါသည်။ "လယ်သမားသားတဲ့ ဒီလယ်လုပ်ငန်း အကြောင်းတွေ သိတာပေါ့၊ ဘာခက်တာမှတ်လို့" ဟု စိတ်ထဲမှ ကြိုးဝါးရင်း စတင် ရေးချပါတော့သည်။ သို့သော် တကယ်တမ်းတွင် ပိုင်ပိုင်နိုင်နိုင် မရေးနိုင်တော့ပါ။ လယ်ထွန်ပုံ၊ ပျိုးကြဲပုံ၊ ပျိုးနုတ်ပုံ၊ ကောက်စိုက်ပုံတို့ကအစ ကောက်ရိတ်သိမ်းသည်အထိ မယ်မယ်ရရ မသိပါ။ နေ့တိုင်း မြင်တွေ့ နေရသော်လည်း အမှတ်မထားမိခဲ့၍ ကျွန်တော့်မှာ ဟိတိကျကျ ရေးမပြနိုင်ခဲ့ပါ။ လယ်လုပ်ငန်းနှင့် ရာသီဥတု အချိန်အခါ၊ လယ်သမားတို့၏ အသုံးအဆောင်ပစ္စည်းစသည်တို့ကိုပင် ကျွန်တော် ခပ်ဝါးဝါး ဖြစ်နေမိပါသည်။ ကိုယ့်ကိုယ်ကိုလည်း ဒေါသဖြစ်မိပါသည်။

တင်မြင့်ကို လှမ်းကြည့်လိုက်သောအခါ ခေါင်းပင် မဖော်

မြန်မာ့လက်ဝှေ့ပွဲ

တယ်ဗိုက်ညောသွင်း လက်သီးပြင်း၊
ထိုးသတ်တယောက်ချင်း။

အတင်းပူးကပ် တဖန်ခွာ၊
ကြိုးဝိုင်းအတွင်းမှာ။

ရှောင်ကာ တိမ်းကာ ခွမ်းရည်ပြေ၊
ရဲစိတ်ရဲမာနဲ့ကြွေ။

ထိုးကြသတ်ကြ လျင်မြန်ရွာ၊
ရန်သူမဟုတ်ပါ။

လက်ဖမောင်းတတ်ကာ ဘယ်ညာဝိုက်၊
ကြိုးဝါးစိန်ခေါ် လိုက်။

အင်တိုက်အားတိုက် နှစ်ယောက်ဆိုင်၊
လုံလင်္ကြံခိုင်။

သတ္တိချင်းပြိုင် တနိုင်နဲ့၊
မြန်မာ့ရိုးရာလက်ဝှေ့ပွဲ။ ။

သလွာ မြက်လေးဆွေ

တော့ပဲ သွက်သွက်လက်လက် ရေးနေသည်ကို တွေ့ရသည်။ ကျွန်တော်လည်း မှတ်မိသမျှတို့ကို လျှောက်ရေးရင်းဖြင့် အချိန်စေ့သွားတော့သည်။ကျောင်းမှ ဝိုးကျွဲ၊ တင်မြင့်တို့နှင့်အတူ ပြန်ခဲ့သည်။ လမ်းတွင် ကျွန်တော် ကောင်း ကောင်း မရေး နိုင်ကြောင်းကို သူတို့အား ဖွင့်ပြောမိပါသည်။ ထိုအခါ တင်မြင့်က –

"မင်း ကလဲ အားအားရှိ အိမ်ထဲ ကုပ်နေတာကိုးကွ၊ ငါတော့ အားယင် ဟဖေတို့နဲ့ စိုင်း ကူ လုပ် ပေး ရင်း ဒီ အကြောင်းတွေကို နားလည်လာတာဘဲကွ၊ လယ်သမားသားတွေဘဲ ဒီ အကြောင်း တွေ ကို နားလည်ထားရတယ် စိုးပိုင်ရဲ့" ဟု ပြောပါသည်။

သူပြောသမျှ မှန်နေသဖြင့် ကျွန်တော် ဘာမျှ ဆင်ခြေမတက်နိုင်တော့ပါ။

"ပတ်ဝန်းကျင် လေ့လာရေးမှာ ဒို့တွေ သင်ရသားဘဲကွ ပတ်ဝန်းကျင်ကို သတိထားကြည့်ပြီး မှတ်သားရမယ် ဆိုတာလေ။ ကျောင်းမှာ သင်တဲ့ စာခဲ့ဘဲ မလုံလောက်ဘူးကွ၊ ဒို့ ပတ်ဝန်းကျင်က လယ်လုပ်ငန်း အကြောင်းကို ဒို့မလေ့လာလို့ ဘယ်ဖြစ်မလဲ"

ကျွန်တော့်ထက် တတန်း ကြီးသည့် ခုနစ်တန်းမှ ဝိုးကျွဲကလည်း ဝင်ပြောပါသည်။

"မင်းတို့ ပြောတာ ဟုတ်တယ်ကွ။ ငါကစာကြည့်ရုံနဲ့ ပြေနိုင်မယ်ထင်နေတာ၊ ငါနေ့တိုင်း လယ်ထဲက ဖြတ်သွားနေရက်နဲ့ လယ်လုပ်ငန်းအကြောင်း မရေးနိုင်တာကို ငါသိပ်ရှက်တာဘဲကွာ"ဟု ကျွန်တော် ဝန်ခံမိပါသည်။

ကျွန်တော်တို့ လယ်ကွက်ထဲသို့ ရောက်သောအခါ ကျွန်တော် အိမ်သို့ ဆက်မသွားတော့ပါ။ ကန်သင်းရိုးပေါ် တွင် လွယ်အိတ် ကို ချထား ခဲ့ပြီး ပေါက် တူး တလက် ဖြင့် ရေဖောက်နေသည့် အဖေဆီသို့ လျှောက်သွားပါသည်။ ကျွန်တော့်ကို ပြုံး၍ ကြည့်နေသည့် အဖေ့အား ကျွန်တော်က အားပါးတရ ပြောပြလိုက်ပါတော့သည်။

"ဒီနေ့ကစပြီး ကျောင်း အားယင် အဖေတို့နဲ့ လယ်ထဲ လိုက်မယ်၊ အဖေ ကျွန်တော့်ကို ဝိုင်းချင်ရာဝိုင်းပါ။ ဟဲ့ကတ် ပေမဲ့ လယ်လုပ်ငန်းအကြောင်း မှမသိဘူးဆိုယင် ရှက်ရောကြီး"

တန်ဆောင်မုန်းလပြီ၊ စပါးပင် စိမ်းစိမ်းလေးများသည် သီးနှံလေး များ ဖြင့် ပြည့်လျက် ခေါင်းငိုက်နေပေသည်။

× × ×

သင်းခွေချပ်

သင်းခွေချပ်သည် ဝမ်းပိုက်ပိုင်းမှလွဲ၍ ကျန်အပိုင်းများတွင် အကြေးခွံမာများ ရှိသော တိရစ္ဆာန်ဖြစ်သည်။ အကြေးခွံများမှာ ငါး အကြေးခွံများကဲ့သို့ အထပ်ထပ်ရှိနေပြီး၊ ယင်း အကြေးခွံများ အကြားမှ အမွေးရှည်များ ကြိုးကြားထွက်လျက် ရှိသည်။ ဝမ်းပိုက်တွင် ဖြူညစ်ညစ်အမွေးနုများ ခပ်ကျဲကျဲပေါက်လျက် ရှိသည်။ ဝမ်းပိုက်ပိုင်း အရေခွံမှာ နူးညံ့ပျော့ပျောင်းသည်။ နွေတ်သီးခွန်ပြီး သွားလုံးဝမရှိပေ။ အပြင်သို့ ရှည်လျားစွာ ထုတ်နိုင်သော လျှာရှိသည်။ ခြေလက်များ ပုတိုသည်။ ခြေချောင်း၊ လက်ချောင်း ငါးခုစီရှိပြီး လက်ခလယ်တချောင်းစီတွင် ရှည်လျားသော လက်သည်းပါရှိသည်။ ယင်းလက်သည်းများဖြင့် မြေကျင်းတူးသည်။ သစ်ပင်များပေါ် သို့ ကုတ်၍ တက်နိုင်သည်။ နားမှာ သေးငယ်၍ ပြားကပ်လျက် ရှိသည်။

သင်းခွေချပ်များသည် မြေကြီးထဲတွင် တွင်းတူး၍ နေထိုင်လေ့ရှိသည်။ တခါတရံ သစ်ပင်



များပေါ်တွင် နေထိုင်သည်။ မြေအောင်းပုန်ဆိတ်နှင့် ခြမ်းကို ရှာဖွေတူးဖော် စားသောက်သည်။ အကြားအမြင် အားမကောင်း၊ သော်လည်း အနံ့ခံကောင်းသည်။

အသံပြုခဲသည်။ သို့သော် "ရှီးရှီး" ဟူသော အသံမျိုးကို ပြုတတ်သည်။

သွားလာရာတွင် နှေးကွေးသည်။ လမ်းလျှောက်ပါက ရှေ့လက်သည်းရှည် များကို လက်ဖဝါးအောက်တွင်ကွေးထားသည်။ နောက်ခြေနှစ်ချောင်းပေါ်တွင် ရပ်လျက် ဟို သည် ကြည့်ရှုတတ်သည်။

အန္တရာယ်ရှိပါက ကိုယ်ကို ရစ်ခွေထားလိုက်သည်။ ယင်းသို့ ရစ်ခွေထားသည်ကို ဖြေရန် မလွယ်လှပေ။

တကြိမ်လျှင် သားတကောင်သာ ပေါက်ဖွားသည်။

ရဲမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီး က ကင်းပလာဘွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေပဟန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စွန့်စားလိုသော ဂိတကေး

ဝတ္ထုရေးသူ
မြ ဒဂုန်

ပုံဆွဲသူ
ဦးကြွယ်ဇင်

ရွှေသွေး ဘာသာမစ်ဝ

၁၉၇၆ ခု၊ နိုယုန်လဆန်း ၁၂ ရက် (၁-၆-၇၄)

စနေနွေတိုင်းထုတ်ဝေသည်။

ဘဝါတွင်းကလေးတွေက အားနိုင်ရှိုးကြောင်းအားဆုံးဖြတ်ခြင်းဖြင့်တွင်းချောင်းတွေကို ရှင်းလင်းပြီးသည်။

ငါတို့ဒီမှာအိမ်ဆောက်ရတော့မလား။ ဒီကနေပြီးကျွန်းတွေကိုကြည့်ရတာ ကောင်းတဲ့နေရာတွေချည်းပဲ။

ကြိုးတေ့ ကျွင်းပြင်ကြီးထဲမှာအားရှိုင်းဝါပြောင်တဲ့အရာတွေကို ဖြိုဖျက်ခြင်းဖြင့်ကောင်းတဲ့နေရာကို ရှင်းလင်းပြီးသွားပါပြီ။

ဝမ်းသာလိုက်တာ။

ဝမ်းသာလိုက်တာ-မဟုတ်ပါဘူး။ ဒီနေရာကိုရှင်းဖို့ ငါတို့ကြိုးစားခဲ့ရတာ ဘယ်လောက်ပင်ပန်းခဲ့ရသလဲ ဆိုတာ သေချာကြည့်ပါဦး။

သေချာကြည့်ပါတယ်။

ခရီးသွားမှာ ဟုတ်ဘူး။

ခရီးသွားမှာ မဟုတ်ရင် ဘယ်လိုလဲ။ ငါတို့ကြိုးစားခဲ့ရတဲ့အကြောင်းတွေကို ကျွန်းသားတွေကို ပြောပြပါလား။ ငါတို့ကြိုးစားခဲ့ရတဲ့အကြောင်းတွေကို ကျွန်းသားတွေကို ပြောပြပါလား။

ကြက်ဖြူ
ကြက်ဖြူ

ကြက်ဖြူ
ကြက်ဖြူ

ကြက်ဖြူ

အင်း- အခုမှ ငါ့ကိုယ်ငါ သတိရတော့တာပဲ
တဟင်း

ကြက်ဖြူ

အင်း- ဒီတော့တော့ ငါ့ကိုယ်ငါ ဘာလုပ်ရမှာလဲ

ထိုည တွင် လေကြီး မိုးကြီး ကျ လာသည်။

ဟာ - လေကြီး မိုးကြီး ကျလာပြီ
ငါတော့ မိုး ဆိုတာ မမြင်

မိုးလုံတဲ့ နေရာ
ရှာဖို့ မတွေးနိုင်တော့
ဘဲ။

ဒိုင်း

ဗြိမ်း
ဗြိမ်း
ဗြိမ်း

ဟာ-ပါပဲလား။ ဒီလောက်ကြီးတဲ့ ကြက်ကို
ကျွန်တော်တစ်ယောက်တည်း ဘယ်လိုလုပ်
ကိုင်တွယ်ရမှာလဲ။ ကြီးကြီးမားမား
ကြက်ကြီးတွေကို ကျွန်တော်
ကြောက်တယ်ဆိုတာ
သိသားပဲ။

ကြက်ကြီးတွေကို ကျွန်တော်
ကြောက်တယ်ဆိုတာ
သိသားပဲ။

ဒီကြက်ကြီးတွေကို ကျွန်တော်
ဘယ်လိုလုပ်
ကိုင်တွယ်ရမှာလဲ။

ဟာ-ပါပဲလား။ ဒီလောက်ကြီးတဲ့ ကြက်ကို
ကျွန်တော်တစ်ယောက်တည်း ဘယ်လိုလုပ်
ကိုင်တွယ်ရမှာလဲ။ ကြီးကြီးမားမား
ကြက်ကြီးတွေကို ကျွန်တော်
ကြောက်တယ်ဆိုတာ
သိသားပဲ။

ငနှာကတေနှံနှကတွေးခိုထီးသည်
ခကိုးဆက်ခဲ့ပြန်သည်။







ဟင်း-ဒီလိုဆိုယင်၊ကိုယ့်အား
ကိုယ်ကို-ပြီး ကိုယ့်အားနဲ့ ဂျယ်ကို
သွတ်သွင်းလိုက်ပြီမှာပေါ့၊
ဟာ-ဟာ-

ဟင်း-ဒီလိုဆိုယင်၊ကိုယ့်အား
ကိုယ်ကို-ပြီး ကိုယ့်အားနဲ့ ဂျယ်ကို
သွတ်သွင်းလိုက်ပြီမှာပေါ့၊
ဟာ-ဟာ-

ဟာ-

ဟာ-

ဟာ-

ဟာ-

ဟာ-

ဟာ-

ဟာ-

ဟာ-

မြိတ်မြို့

ရေးသူ- ရဲနုမြေစို
သုတ္တပဏ္ဍိတ- ကဆုန်

မြိတ်မြို့သည် မြန်မာနိုင်ငံ၏ တောင်ဖက်စွန်း တနင်္သာရီ ကမ်းမြောင်ဒေသ၌ ရှိသည်။ ကျွန်း ကလေးပေါင်း ၁၀၀ ကျော် ပါဝင်သော မြိတ် ကျွန်းစုထဲမှ ကျွန်းတကျွန်း ပေါ်တွင် မြို့တည် ထားသည်။ တနင်္သာရီ မြစ်ဝအနီး လှိုင်းလေ လုံခြုံသော ကျွန်းပေါ်၌ တည်ထားခြင်းဖြစ်၍ သဘော်ဆိပ်ကောင်း ရှိသည်။ မြို့မျက်နှာပြင် မှာ မြေပြန့် များသော်လည်း တောင်ကုန်း တောင်ပူစာ ကလေးများလည်း ရှိသည်။ မြို့၏ ကျက်သရေဆောင် ပထော်ပထက် စေတီနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံ အားလုံး လိုပင် တောင်ကုန်းများပေါ်၌ တည်ရှိကြသည်။

ဗြိတိသျှ အုပ်ချုပ်ရေး ခေတ်ဦးကပင် မြိတ် ခရိုင်၏ ရုံးစိုက်မြို့ ဖြစ်ခဲ့သည်။ ၁၉၆၃ ခု ခန့် မှန်းခြေ သန်းခေါင်စာရင်း အရ လူဦးရေ ၃၅,၉၉၂ ယောက်ရှိခဲ့သည်။ ၁၉၇၂ ခုနှစ်အုပ် ချုပ်ရေးစနစ်သစ်အရ ခရိုင်အဆင့် မရှိတော့ပဲ၊ မြိတ်အနောက်ဟူ၍ မြို့နယ်နှစ်ခု ခွဲလိုက်သည်။ အရောင်းအဝယ် ကောင်းသော ပင်လယ်ကမ်းရိုးတန်း ဆိပ်ကမ်းမြို့ကြီးတမြို့ဖြစ်၍ စည်ကားသည်။ သို့သော် လူနေအိမ်ခြေထူထပ်၍ ရှေးမြို့တမြို့ ဖြစ်သဖြင့် လမ်းများကလည်း ကျဉ်း မြောင်းသည်။ ၁၉၇၂ ခု ဒီဇင်ဘာလတွင် မီး အကြီးအကျယ်လောင်ကျွမ်း၍ မြို့၏ထက်ဝက်ခန့် ပျက်စီးခဲ့ရသည်။

အိကွေတာနှင့် နီးကပ်သောဒေသ၌ တည်ရှိ သဖြင့် အပူချိန်များသည်။ သို့သော် မိုးများ၍ ပင်လယ်လေ ရရှိသောကြောင့် နွေနှင့် ဆောင်း အခါ သင့်တင့်မျှတသော ရာသီဥတုမျိုးရှိသည်။

ရန်ကုန်၊ မော်လမြိုင်မြို့ တို့နှင့် လေကြောင်း ရေကြောင်းဖြင့် အဆက်အသွယ် ရှိသည်။ ရေကြောင်းဖြင့် ဆက်သွယ်ရာတွင် ရေကြောင်း ပို့ဆောင်ရေး ကော်ပိုရေးရှင်းပိုင် ပင်လယ်ကမ်း ရိုးတန်းသွား သဘော်ရှိသော်လည်း စက်လှေ ကြီးများကို ပို၍ အသုံးများလေသည်။

မြိတ်မြို့၏ ကျောထောက်နောက်ခံ နယ်မြေမှ အဓိက ထွက်ကုန် များမှာ ကြက်ပေါင်စေးနှင့်



တွင်းထွက် သတ္တုများ ဖြစ်သည်။ မြေတ်ကျွန်းစု များမှပုစွန်ခြောက်၊ငခြောက်၊ ပုလဲ၊ငှက်သိုက်နှင့် ဂျပန်နိုင်ငံသို့ တင်ပို့ရသော ကညင်ဖြူဆန်စပျစ်များ ထွက်သည်။ မြေတ်စိမ်းစားငပိနှင့် ငန်ပြာရည် သည် မြေတ်မြို့၏နာမည်ကျော်ထွက်ကုန်ဖြစ်သည်။ ကွမ်းသီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး များလည်း ထွက်၍ မြေတ်ဒူးရင်းယိုကို လူကြိုက်များသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက မြေတ်မြို့ပေါ်တွင် ရက်လုပ်သော မြေတ်ပိုးလုံချည်သည် ထူထဲခိုင်မာ သော ပိုးစစ်လုံချည်အကောင်းစားများ ဖြစ်၏။

မြေတ်မြို့နှင့် ပက်ဂန်းကျင် တပိုက်တွင် မွန်၊ ကရင်၊ မြန်မာနှင့် ဆလုံလူမျိုးများ နေထိုင်ကြ သည်။ မြေတ်မြို့သည် မြန်မာနိုင်ငံ၏အောက်ပိုင်း အကျဆုံး ဖြစ်၍ ယိုးဒယားနိုင်ငံ၊ မာလာယု ကျွန်းဆွယ်၊ ဘင်္ဂလား ပင်လယ်အော်တို့ဖြင့် နယ်နိမိတ် သတ်မှတ်ထားသည်။

မြေတ်မြို့၏ ဂုဏ်ယူဖွယ် ထွက်ကုန်ကား ကမ္ဘာက မြန်မာ့ပုလဲဟုခေါ်ကြသော မြေတ်ပုလဲ ပင်ဖြစ်သည်။ တော်လှန်ရေးအစိုးရ လက်ထက် တွင် ၁၉၆၄ ခုနှစ်မှစ၍ နှစ်စဉ် ပြုလုပ်သော မြန်မာ့ ရတနာပြပွဲများတွင် မြေတ်ပုလဲကား ပြပွဲလာ ကမ္ဘာအရပ်ရပ်မှ ကုန်သည်ကြီးများ၏ မျက်စိအကျဆုံး ကုန်ပစ္စည်းတမျိုးဖြစ်၍ မြန်မာ နိုင်ငံအတွက် နိုင်ငံခြားသုံးဝင်ငွေ ကောင်း ကောင်းရသော ရတနာ ဖြစ်ပေသည်။

ပျားယိုကလေး

ကာတွန်း
နိုင်သန့်ဇော်
ဇာတ်လမ်း
မျိုးမျိုး

အစာရှာဖို့ ထွက်လာတဲ့ ပျားယော်ကလေး တကောင်ဟာ လမ်းမှာ ယင်ကောင်ကြီးနဲ့ ဆုံမိကြတယ်။


ဟား-ဟား-ဟား-တကယ်ပါကွ
မင်းအဝတ်စားကမယ်-ပေါ်လဲ
ပေါ်ကမယ်-အလှပလဲလုံးဝ
လှပစကာမလိုဘူး-ဘယ်နဲ့လဲ
တကယ်လား-ဟု
အက လျှံးမပေးနဲ့နော်


ဟာ-ဒါဆို သိပ်လိုက်တပေါ့
ကျိပ်က အလှပလှပကုတ
သိပ်ပျင်းတယ်
အေး-ဒါဆို
ငါ့နောက်
လိုက်ခဲ့

အလှပ် မလှပ်ချင်တဲ့ ပျားပျင်းလေးဟာ
ယင်ကောင်ကြီးခေါ်ရာ နောက်ကို ဝမ်း
သာအားရ လိုက်သွားသတဲ့။

ယင်ကောင်ကြီးဟာ အိမ်တအိမ်က သကြား
ပုလင်းကြီးဆီကိုရောက်တော့....

ကဲ-ဟိုမှာတွေ့လား
ငါ့အပေါင်းအသင်းတွေ
စားနေကြတာ-



ပျားပျင်းလေးဟာ သကြားတွေခိုးစားနေတဲ့ ယင်ကောင်တွေနှင့်အတူ အားရပါးရ ဝင်စားတော့တယ်။

ပျားပျင်းလေး သကြားခဲတွေမက်ပြီး စားနေတုန်း မိန်းမကြီးတယောက်က သကြားပုလင်းအဖုံးကို ပြန်ပိတ်လိုက်တော့....

အလုပ်မလုပ်ပဲ ခိုးဝှက်စားနေတဲ့ ယင်ကောင်တွေနဲ့ပေါင်းမိပြီး....



အချောင်လမ်း လိုက်တဲ့ ပျားမိုက် လေးဟာ သကြားပုလင်းထဲမှာပဲ သေသွားရှာသတဲ့။

ကျင်ရှိ ဖုန်အမှိုက်စသည့် အညစ်အကြေးများ ထဲတွင် ရှိနေပေသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ် ထဲသို့ ထိုရောဂါပိုးများ ဝင်ရောက် သွားပါက ကျွန်ုပ်တို့သည် နေထိုင်မကောင်း ဖြစ်တတ် သည်။ ရောဂါရတတ်သည်။

ရောဂါပိုးများသည် ကျွန်ုပ်တို့၏ နှာခေါင်း ပါးစပ်များမှတဆင့် ဝင်နိုင်သည့်အပြင် အရေ

အဘယ်ကြောင့် လက်ကို သန့်ရှင်းအောင် ဆေးကြောဖို့ လိုသနည်း

ပြားမှတဆင့်လည်း ဝင်နိုင်သည်။ ရေးချီးခြင်း ဖြင့် ကျွန်ုပ်တို့၏ အရေပြားကို သန့်ရှင်းစေလျှင် ရောဂါပိုးများသည် အရေပြားမှတဆင့် မဝင် နိုင်တော့ပေ။

အကယ်၍ လက်မဆေးပဲ အစားအစာ များကို စားလျှင်လည်း လက်တွင်ရှိသော ရော ဂါ ပိုးများသည် အစားအစာနှင့်အတူ ဗိုက်ထဲ သို့ ဝင်သွားနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ သည် လက်ကို ဆေးကြောရန် လိုအပ်ပေသည်။

တက္ကသိုလ် ဖူးမြင့်

ကျွန်ုပ်တို့၏လက်မှာ သန့်ရှင်းသည်ဟု ထင် ရသော်လည်း သာမန်မျက်စိဖြင့် မမြင်နိုင်သော ရောဂါပိုးများသည် လက်တွင်ကပ်၍ ပါရှိနိုင် သည်။ ထိုရောဂါပိုးများကို အားကောင်းသော မှန်ဘီလူးဖြင့် ကြည့်မှသာ မြင်နိုင်ပေသည်။

ယင်းရောဂါပိုးများသည် ကျွန်ုပ်တို့ပတ်ဝန်း

မယုံယင်နေပေါ့

အလိမ်မာဆုံးသောနေ့

မောင်ကြွေးကြိုင်



ကျွန်တော် မလုပ်ချင်ဆုံး အလုပ်မှာ သွားတိုက်ရသော အလုပ်ပင် ဖြစ်ပါသည်။ နံနက်စောစောအိပ်ရာမှထပြီး သွားတိုက်ရခြင်းမှာ ကြက်သီး ထဖွယ် ကောင်းသည်သာမက အေးလှသော ရေကြောင့် သွားများ ကျင်မတတ် ခံစားရပါသည်။

ထို့ပြင် အစာစားပြီးတိုင်း သွားတိုက်ရခြင်း မျိုးသည်လည်း စားထားသော အစာ၏ အရသာမှာ ပျောက်သွားတတ်သဖြင့် နှမြောဖွယ် ကောင်းလှသည်။ ထို့ကြောင့် ကျွန်တော်သည် ဘယ်သော အခါကမျှ သွားတိုက်ရန် မကြိုးစားခဲ့ပါ။

အဖေကဖြစ်စေ၊ အမေကဖြစ်စေ ဤကိစ္စနှင့် ပတ်သက်၍ ဆုံးမ အကြံပေးတတ်သည့်အခါ မျိုးတွင် ကျွန်တော်သည် ငြိမ်၍ နားထောင်ခဲ့ပါသည်။ သို့သော် လုပ်ဖြစ်အောင်ကိုပင် စိတ်မကူးခဲ့ပါ။

တခါတရံ ကျွန်တော့်တွင် သွားကိုက်ခြင်း၊ သွားနာခြင်း ဖြစ်တတ် ပါသည်။ သို့သော် ကျွန်တော် မစိုးရိမ်ပါ။ ထိုအခါမျိုးတွင် ဆရာဝန် ညွှန်ကြားသည့်ဆေးကိုစားလိုက်ပါသည်။ မည်မျှခံစားရသော ဝေဒနာဖြစ်စေ နောက်ဆုံး ပျောက်သွားသည်ချည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် မစိုးရိမ်ပါ။

သို့သော် ကျွန်တော်စိုးရိမ်ရသည့် နေ့တနေ့သည် မမြော်လင့်ပဲ ရောက်ရှိ လာပါတော့သည်။ ထိုနေ့သည် ကျွန်တော်တို့ အလယ်တန်းကျောင်း စာမေးပွဲ ပြီးဆုံးပြီး နောက်တနေ့ ဖြစ်သည်။ ဆရာမက ဦးဆောင်၍ တ တန်း လုံး ရှိ ကျောင်း သူ ကျောင်း သား များ နေ့ ထု သို့ တွင် အချိန်ကို မည်သို့ အသုံး ပြုရန် ဆိုဆုံးမမည့် ပျော်ပွဲစား ထွက်သော နေ့ ဖြစ်ပါသည်။

ကျွန်တော် အလွန်တောင်း တသောနေ့လည်း ဖြစ်၍ လိုချင် လှသည့် အခွင့်အရေးလည်း ဖြစ် ပါသည်။ သို့သော် ကျွန်တော် မသွားနိုင်ခဲ့ပါ။ အဘယ်ကြောင့် ဆိုသော်. ညဦးကတည်းက သွား ကိုက် နေ ခြင်း ကြောင့် ဖြစ် ပါ သည်။

ဤတကြိမ် သွားကိုက်ခြင်း မှာ အခါတိုင်းနှင့်မတူပါ။ ကိုက် လိုက်သည်မှာ ပြောစရာမရှိ။ သွားဖုံးများ နာကျင်လိုက်သည် မှာလည်း ပါးစပ်ပင် မဟနိုင်။ ပါးတခြမ်း ရောင် နေ သည် မှာ လည်း မှန်ထဲကြည့်မိသောအခါ ကိုယ့်ရုပ်ကိုပင် ပြန်၍ လန့်မိပါ သည်။

ထိုနေ့တနေ့လုံး ကျွန်တော့် မှာ နေ၍မရ၊ ထိုင်၍မကောင်း၊ အိပ်၍မရ၊ စား၍မဝင်၊ ခံစား နေရသော ဝေဒနာကို မည်ကဲ့သို့ ပင် ဖြေဖျောက် ကြည့် ပါ သော် လည်း အ ချည်း နှီး ပင်။ တခါတရံတွင်မူ ကိုက်လှသည့် သွားကို ပလာယာဖြင့်သာ နုတ် ပစ်လိုက်ချင်ပါတော့သည်။

ဤတွင် စကားကို တိုတိုဖြင့် လိုရင်းကိုသာ ပြောတတ်သော အဖေ၏ စကား ရှည် ကြီး ကို

မကြားစဖူး ကြား ရ ပါ တော့ သည်။

"ကဲ–အခု မင်း သွား ကိုက် နေပြီ။ ဒါဟာ ဘာကြောင့်လဲ ဆိုတော့ သွားမတိုက်လို့ဆိုတာ ကလွဲပြီး ဘာအကြောင်းမှမရှိ ဘူး။ လူရဲ့ခန္ဓာကိုယ်တခုလုံးမှာ အမာဆုံးအရိုးဟာ သွားဘဲကွဲ့။ ဒီလောက်မာတဲ့ အရာကိုတောင် အနာတရဖြစ်တဲ့အထိ နေတယ် ဆိုတာကတော့ လူတယောက် အနေနဲ့ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်ကိုမလုပ်ဘဲ ဘယ်လောက် တာဝန်ပေါ့တယ်ဆိုတာ ပြနေ တာဘဲ။ နေ့တိုင်း သွားတိုက်ရ တာဟာ ဘယ်လောက်ပင်ပန်း လို့လဲ။ အဲဒါကို တာဝန်ပျက်ခဲ့ တော့ အခုဒီဒဏ်ကို စုပေါင်းပြီး ခံရတာပေါ့။

"ကြည့်လေ၊ မင်းသွားချင် ပါတယ်ဆိုတဲ့ ပျော်ပွဲစားလဲ မ သွားရ တော့ဘူး။ မင်းမှာလဲ မသက်မသာ ဝေဒနာခံစားနေရ တယ်။ ပိုပြီးဆိုးတာက မင်း တယောက်ထဲ သွားမတိုက်တာ ကြောင့် ပြည်သူတရပ်လုံး ထိ ခိုက်တယ်ဆိုတဲ့ အချက်ဘဲ။

"အခု ဒို့နိုင်ငံဟာ အဖက် ဖက်မှာ လိုအပ်နေတဲ့ ထူထောင် ရေးကိစ္စတွေအတွက် ပြည်သူ တွေရဲ့ အကူအညီတွေ လိုနေ တယ်။ ဒီလိုအခါမျိုးမှာ လုပ် ငန်းခွင်ဝင်နေတဲ့ မင်းရဲ့အမေ ဟာ မင်းကို ဆေးခန်းခေါ် သွား ဖို့ ခွင့်ယူလိုက်ရတယ်။ အမေ ဟာလဲ မင်းအတွက် စိုးရိမ်ပြီး အလုပ်ကိုတောင် ဖြောင့်အောင် မလုပ်နိုင်ဘူး။ တကယ်လို့ အ လုပ်မှာ အမှားအယွင်းသာ ဖြစ် သွားမယ်ဆိုယင် ဒီအမှားရဲ့ဒဏ် ကို ပြည်သူတွေဘဲ ခံစားရမှာ ကွ။ ဒါဟာ ဘာ့ကြောင့်လဲ။ မင်းကြောင့်၊ ငါ့သားကြောင့်၊ ငါ့သားတယောက်ထဲက သွား မတိုက်တာလေး တခုကြောင့် ပေါ့ကွယ်"

အဖေ့စကားကြောင့် ကျွန် တော့်မှာ လန့်ဖျပ် သွားမိပါ သည်။ ထို့ကြောင့်လည်း ကျွန် တော်က ကြားဖြတ်၍ ဝင်ပြော ရပါတော့သည်။

"တော်ပါတော့ အဖေရယ်- ကျွန်တော် ဒီထိအောင် မတွေး မိလို့ပါ။ ကျွန်တော် ကတိပေး ပါတယ် အဖေ၊ ကျွန်တော် အမြဲ သွားတိုက်ပါတော့မယ်"

"အေး– ဒီလိုဆို အဖေ ဝမ်း သာတယ်။ တကယ်တော့ တ ယောက်သည် အမျှားအတွက်၊ အမျှားသည် တယောက် အ တွက်ဆိုတဲ့ စကားလိုပေါ့ကွယ်။ မင်း သွားမှန်မှန်တိုက်တာလေး ကိုက အဖေတို့ကိုသာ မကဘူး ပြည်သူတရပ်လုံးကိုပါ ကူညီတဲ့ သ ဘော သက် ရောက် ပါ တယ် ကွယ်"

"ကျွန်တော် ထပ်ပြီး ကတိ ပေးပါတယ် အဖေ"

ကျွန်တော့်စကားအဆုံးတွင် အဖေသည် ပီတိပြုံး ပြုံးရင်း ခေါင်းညိတ် နေပါတော့သည်။

– : o : –

ခေတ်ရထား

မကြိုလင့်ဘဲ ရောက်လို့လာ၊
နှေစဉ်ရက်ဆက်ပါ။
မနှင်ပစ်ဘဲ ပြန်ကာပြေး၊
ခရီးသွားသည့် ရထားလေး။

ရထားလေးက ဘူတာစဉ်၊
ထွက်ဝင်ဆိုက်လို့ပင်။
ခရီးသည်တင် လိုရာပို့၊
သူ့ရဲ့တာဝန်မို့။

ရထားလေးမှာ သနားစရာ၊
မြစ် ချောင်း အင်း အိုင် ကျော်
ဖြတ်ကာ။

မရပ်မနား ဖြတ်ကျော်ပြေး၊
ပြည့်တွက်ရထားလေး။

ရွှေမြောင်စိမ့်ဂူ သူမမူ၊
ပြည့်တွက်တာဝန်ကူ။
ကြည်ဖြူစိတ်ထား စေတနာပွား၊
လုပ်အားအတွက် တန်ဘိုးထား။ ။

တက္ကသိုလ်–ကိုကိုအောင်

အမေရိကန် ကျားသစ်

အမေရိကန် သစ်တောများတွင် သာ တွေ့ရတတ်သဖြင့် အမေရိကန် ကျားသစ်ဟု ခေါ်သည်။ ကျားသစ် ရိုးရိုးနှင့် ဆင်တူသော်လည်း အမေရိကန် ကျားသစ်၏ အစက်အပြောက်များမှာ လေးထောင့်ဆံဆံ ဖြစ်ပြီး အလယ်တွင် အစက်ငယ်များ ပါရှိသည်။ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သည်။ ခြေလက်များ အနည်းငယ်တို သည်။ အမြီးမှာ ကိုယ်ခန္ဓာနှင့် နှိုင်းယှဉ်သော် တိုသည်။ဦးခေါင်းမှာ ကြီးမားပြီး လေးထောင့်ကျကျ ဖြစ်သည်။

သစ်ပင်များပေါ်တွင်တက်၍ နေလေ့ရှိသည်။ ရေစပ်နှင့် နီးသောနေရာများကို နှစ်ခြိုက်ပြီး ရေကူးခြင်းကိုလည်း သဘောကျသည်။ သစ်ပင်များပေါ်ရှိ ငှက်သိုက်များမှ ငှက်ဥနှင့် ငှက်ငယ်များအပြင် အခြား တိရစ္ဆာန်ငယ်များကိုလည်း ဖမ်းဆီး စားသောက်တတ်သည်။ ရေထဲရှိ ငါးများနှင့် အခြား ရေသတ္တဝါများကိုလည်း ဖမ်းဆီး စားသောက်တတ်သည်။ မြေပြင်တွင်လည်း တိရစ္ဆာန်ကြီးများကိုပင် တိုက်ခိုက် သတ်ဖြတ် စားလေ့ရှိသည်။ မိမိနှင့် အရွယ်တူသော အခြား တိရစ္ဆာန်များထက် အင်အား ပိုမိုကြီးမားသည်။

ခပ်ကိုင်းကိုင်း သစ်ကိုင်းများပေါ်တွင် တိတ်တဆိတ် ပုန်းအောင်းနေပြီး သားကောင် လာပါက ခုန်အုပ်၍ တိုက်ခိုက် သတ်ဖြတ်လေ့သည်။

မိတ်လိုက်သောရာသီတွင် ကျယ်လောင်စွာ အော်မြည် တတ်သည်။

ရဲမြင့်

၁၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ခုဖ၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး

ဂျာနယ်ဝ့်

အဖျားအာကျိုး အဖျားဆဆနဲ့

ပန်းချီ.....ဦးဘကြည်...၊
စာတိုလေး.....လှလှ...၊

၁၃၃၆ ခုနှစ် ဖေဖော်ဝါလဆုတ် ၄ ရက်(၀၁–၆–၇၄)



ထခါတုန်းက တောင်းပလုံးများ ရက်လုပ်ရောင်းတဲ့ မောင်းဖိုးသာဆိုတဲ့သူဟာ ရိုးလဲကြိုးစား၊ လက်ရာကလဲ ကောင်းသတဲ့။

အပြောအဆိုကလဲချိုတော့ သူပစ္စည်းတွေဟာ ရောင်းပန်းလှသတဲ့။

ထိုရွာတောင်းပိုင်းက သာညိုတို့ ညီအစ်ကို လေးယောက်ကတော့ လက်ရာ ညံ့တယ်။ မရေမသင်နဲ့တဲ့။

အပြောအဆိုကလဲ ကြမ်းတမ်းတော့ သူတို့ ဆိုင်မှာဝယ်သူတောင်မရှိဘူးတဲ့၊

ဖိုးသာအိမ်သို့သွားကြပြီး--

အင်း - ခင်များတို့ မြောတာလဲ ဟုတ်ပေသားတဲ့ ဒီလို ကျနော့် အပေါ် ထားရှိတဲ့ ခင်များတို့ စေတနာကို ကျေးဇူးတင် ပါတယ်များ

သို့ဖြင့် စုပေါင်းပြုလုပ်၍ အရောင်း အဝယ် စည် စည် ကားကားဖြစ်လာသတဲ့။

တပတ်ခန့်ကြာတော့ ဖိုးသာက တကုပ်ကုပ်နဲ့ ကြိုးစားလုပ်ယလောက်

ညီအစ်ကိုလေးယောက်ကတော့—

ဧနေကလဲ ယူလိုက်တာ - လွန်ကျော် ဝ - တော့ အယူအဆ် ဖစ်နိုင်ဘူး။ ရွေးတွေ သိပ် ထွက် ပြီ ငိုက် ငိုက် ကျလာတယ်၊ ခကာမြစ်ဖြစ် တမွေး လောက် ပြန်း လိုက်အုံးမှ ဖြစ်မယ်

ကိုပိုးသာရေ - ဒီ ဝတုတ်ပြဿ က - တမွေးဆို - နေဝင်မှ ရိုးမှာမှ....

ဖေဟူတ်ပါဘူးကွဲ

ဖြေင်း ကိုက် ကိုက်တာ။ နွေးလေးအိမ်မှာ ဆေး သွားတောင်းသောက် အုံးမှ ဖစ်ခဲ့။ ဒီနေ့တော့ - ဘိမှ လုပ်လို့ ရမှာ ဖေဟူတ်အဘကိုပိုးသာလယ် - ဒီနေ့ ကျနော့် အတွက်ပါ ပို လုပ်ပေးပါလား - ဟင်

အား ပါး ပါး

ရပါတယ်။

ကျတ် ကျတ်

ထို - ဆေးလိပ်တွေကလဲ ငါးနေတာပဲ။ ဈေးထဲ သွားရှာဝယ် အုံးမှ ဖစ်ခဲ့။ ကိုပိုးသာတို့များ ဆေးလိပ် ဖသောက် တတ်တာ သိပ် ကျေးဇူးကြီးတဲ့။ ဈေးထဲ - တာမှာ အုံးမလဲ၊

မှာစရာမရှိပါဘူး။

ဈေး သွား ယင် နေဝင်ခဲ့ ပြန်လာဖယ်ဟုတ်လား

ဖေဟူတ်ပါဘူးကွာ

ဒါကတော့ ရွှင်းရွှင်းကဲ့ ဖင်းတို့လို ဖသွာဘူးကွ။ ဒီနေ့ ငါ အလယ်ထဲ စိတ်ဖပါဘူး ကြက်သွား တို့ကိုဖယ်
ဟာမျာ - ငိုင်းလုပ်ဘုံးမှပေါ့ဗျ
ဟေ့ — ကြက်တို့ကိုလို့ နိုင်ယင် ဒီနေ့ ဖင်းတို့တို့-ဆိုင်မှာ ညစာဝယ်ကျွေးမယ်။ ရွှင်းယင် - အဲဒီကြက် သတ်စားကြပေါ့။

တယောက်ထဲ အပ်ထည်များ ပြီးအောင်ကြိုး စားလုပ်ရင်း - - -
အင်း ... ဆက္ခပါဘဲ။ ဒီလူတွေဟာ - တကဲ့ လူမျိုး - လူတေ - လူဥာတွေ ဘဲ ပါကလား။

ရက်ကြာလာတော့ မောင်ဖိုးသာဟာ သူတို့ရဲ့ စိတ်ထားဆိုးပုံနဲ့ အကျင့်အကြဆိုးကို ရိပ်မိပြီး စိတ်ထဲတွင်သာ မထားနိုင်လို
... ဘယ်နဲ့မျာ ... ဝယ်သူတွေကို တယ်နေ့ ရဖယ် ဆိုပြီး ကတိဖတည်ဘူး။ သူတို့လေး ယောက်လုံး လုပ်တာထက် - ငါလုပ်တာ ကဖှ များနေသေးတယ် ငါတယောက်ထဲ နေ့တိုင်းဖှ သက်သာသေးတယ်။ ရတော့ ဘားစိုနဲ့ လုံးလုံး ဖရတော့ဘူး ..... သူတို့နဲ့ ခွဲထွက်ဖှပါဘဲ ...

နောက်တနေ့တွင် ဖိတ်ဆွေတို့ ... ကျနော်တော့
စုပေါင်းလုပ်ငန်းကို ဖကြိုက်တော့ဘူး။ ဒါကြောင့် ဒီနေ့ကစပြီး ခင်များထဲနဲ့ ခွဲပြီး ကိုယ့်လုပ်ငန်း ဘဲ ကိုယ်လုပ်တော့မယ်။
ဟာ - ဖဟုတ်တာမျာ။ (အများ အကျိုး - အများ ဆန္ဒ) ဆိုတာကို အစက သတောထူတယ်ဆို။ အခု ဘာဖြစ်လာပြန်တဲ့။ ဒီထိဖလုပ်ပါနဲ့။ သဘောဖတူနိုင်ဘူး။

ထိုသို့ နေ့စဉ် ရက်ဆက် ပြောဖန်များတော့
ဒါတော့ ခင်များတ သက်သက်ထထိဖတိတာဘဲ။ အားလုံး ငါးယောက်ထဲမှာ - ကျပ်တိုက လေးဖဲ၊ ခင်များတ - တ ဖဲထဲပါ။ အများ ဆန္ဒ ဆို ... ဒါပေမဲ့ ကျပ်တိုက အနှစ်နာခံပါ့မယ် ... တယောက်ကိုမှတ်ကြီး တလုံးစီနဲ့ - တောင်းနှစ်လုံးစီ တနေ့ထဲ ဂွက်ပေးနိုင်ထဲ့နေ့ ကျယင် - ခွဲထွာနွင့် ပေးမှာပေါ့။
ကျေးဇူးလေ - ဒီနေ့ဘဲ ဂွက်ပေးမယ်။

မောင်ဖိုးသာဟာ တနေကုန် ကြိုစားရက်ပြီး ခွဲထွက်သွားတဲ့အခါမှာ -
ဟဲဟဲ - ဟဲဟဲ - ဟို ငနဲတော့ ဆွဲထားလို့ ဖရလို့ ဘွတ်လို့ကိုရဖြစ်။
အသားတင် အဖြတ်ဖဲ - ဟဲဟဲ - ရိုးချာတဲ့ ဖိုးသာရဲ့ - ဒါးတော်တော် ရှိမှာ သလား - ဟားဟား။
ဟုတ်ဖြစ် - ရ - လုံး ဟောင်း - ဂ - လုံးတော့ အပိုင်ထုလို့ ရလိုက်သေးတယ်။ ဟဲဟဲ
ဒါဆိုယင် - ရ - ၅ - ရက်တော့ - အလုပ်ဖလုပ်ဖဲ - ပျင်း ကြော်ဆွဲ နေနိုင်မယ် - ဟဲဟဲ

မောင်ဖိုးသာဟာဝိရိယရှိသူဖြစ်တော့ အိမ်ပြန်ရောက်ပြီး တည်လုံးဆက်ရက်သတဲ့။



ထိုညတွင်....ညီအစ်ကို လေးယောက် ထာ ချောင်းကြည့်ပြီး မြင်လွှားတော့-

အရိုန်အတော်ကြည်ဖွဲ့နက်လွှားတော့-

မောင်ဖိုးသာမှာ မောမောနဲ့ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားစဉ် ထိုတောင်းများကို ဝင်ရောက်ခိုးပြီး -

မလှမ်းမကမ်းရှိလမ်းမပေါ်မှာမီးရှို့လိုက်သတဲ့။

နံနက် မိုးလင်းလို့ အိပ်ရာက နိုးမှ အကျိုး အကြောင်းရိပ်မိတဲ့ဖိုးသာမှာ -

နေအတော်မြင့်မှ ဈေးကမြန်လာရင်း ငွေတွေကို လူမြင်သာအောင် ရေတွက်လာသတဲ့။



နောက်တော့ မောင်ဖိုးသာဟာ ပြာတွေကို တောင်းဟောင်းတလုံးနဲ့ကျုံးထည့်ပြီး ဈေးကို ထွက်သွားသတဲ့။

တောင်း - ဆွဲ - ပုတ် - ဂျက်ဈေး တဲ့ လူပါနဲ့ ကာ အကျိုး မပေးတော့ပါဘူးဗျာ..... ဂျိတဲ့ တောင်း လေး တွေလဲ - ဥစ္စာ - ဘယ်လို ဖြစ်ဖြစ် မီးလောင် ကွန်လဲ မသိပါဘူး..... ဒဲ့ - မီးလောင်ပြာ တွေကိုဘဲ ဖြိုးမှာ သွား ရောင်းတာ - ဖွန်လိုက်တါမျိုး၊ ခံကလေး ကွန်သွားတာဘဲ။ ဖွေလွှတဲ့ ကောင်းတဲ့ ဆါတ်ပြာ ဆိုပြီး ဝယ်လိုက်ကြတာ - အလုအယက်ပါဘဲ။ ယုံနိုင်စရာ တောင် မကျိုးဘူးဗျာ ....

ညီအစ်ကိုလေးယောက်နဲ့ဆုံမိတော့ -

ပြာတွေကို မြို့မှာသွားရောင်းကြသတဲ့။

ဒီသတင်းလဲကြားရော လောဘကြီးတဲ့ညီအစ်ကို လေးယောက်ဟာ ချက်ချင်းအိမ်ပြန်ပြီးတောင်း တွေကို မီးရှို့ကြသတဲ့။ နောက်ပြီးတော့ -



ညနေ ဈေးကွဲချိန်အထိ မရောင်းရတော့ အနှစ်ခံရကြောင်းသိတော့ -

မောင်ဖိုးသာ အိမ်ကို ထွားကြိုး -

တယောက်တခွန်း စကားများကြပြီး ရွာသူကြီးထံ ရောက်သွားကြသတဲ့။ တဖက်နဲ့တဖက် တိုင်ချက်ဖွင့်လေတော့ -

ကောင်းကြီး သေသေချာချာ နားထောင်ကြ၊ မင်းတို့ညီအကိုတွေ - ဒီရွာမှာနေတာ ကြာပြီ၊ ကိုယ့်အလုပ်ကို ကြိုးစားလုပ်ကိုင်ချင်တဲ့ဆန္ဒလဲမရှိဘူး၊ အချင်းချင်းလဲ ခေါင်းပုံဖြတ်စားလိုတာဘဲတွေ့ရတယ်။ မင်းတို့ဒီရွာမှာရှိယင် - မင်းတို့လိမ်ညာစားသောက်ချင်တဲ့ စိတ်ဓါတ်တွေဟာ - နို့ရွာသားတွေဆီကို ကူးစက်ဆင်ပွားလိမ့်မယ်၊ ဒီတော့ - နို့တရွာလုံးက အများအကျိုး အတွက် - မင်းတို့ကို ဒီရွာမှာလက်မခံနိုင်ဘူး၊ တွက်သွားကြ။ ဒါဟာ - နို့ရွာသားရဲ့ အများဆန္ဒ အရ - ဆုံးဖြတ်ချက်ဖဲ့ . . . . . .

ဒီတော့မှ မောင်သာညီတို့ ညီအစ်ကို လေးယောက်ဟာ ငိုယိုပြီး ဝန်ချတောင်းပန်ကြသတဲ့။

ရမည်းသင်းမြို့

ရေးသူ- ရေနံဖြေစု
သချိတ်ဖော်- ကဆုံ

ရမည်းသင်းမြို့သည် မြန်မာနိုင်ငံ အထက်ပိုင်း မန္တလေးတိုင်းအတွင်း ပါဝင်သော မြို့ဖြစ်သည်။ ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးသစ် မတိုင်မီက ရမည်းသင်းခရိုင်၏ ရုံးစိုက်မြို့ဖြစ်ခဲ့သည်။ ရန်ကုန် မန္တလေးမီးရထားလမ်းနှင့် မော်တော်ကားလမ်း ပေါ်တွင်ရှိ၍ ရန်ကုန်မှ ကားလမ်းဖြင့် ၂၉၉ မိုင်၊ မီးရထားဖြင့် ၂၇၄ မိုင်ကွာဝေးသည်။

အပူပိုင်းဒေသတွင် တည်ရှိသော်လည်း နေခင်း ထိုင်ခင်း ကောင်းသည်။ ၁၀၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြေမျက်နှာပြင်မှာ မို့မောက်၍ တဖက်တွင် တောင်စွယ်တောင်တန်းများ၏အဆက်အစပ်ဖြစ်နေသည်။

မြို့၏လူဦးရေမှာ ၁၉၆၇ ခုနှစ် ကခန့်မှန်းခြေ ၁၄,၅၁၀ ရှိခဲ့၏။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးမှာ အများစုဖြစ်သည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား၍ လုပ်ကိုင်သော မြို့ဖြစ်သည်။ "ရေ – စစ်ကိုင်း၊ လှိုင်း – ပခန်းငယ်၊ လယ် – တောင်တွင်း၊ စပါး – ရမည်းသင်း" ဟူသော ရွေးအဆိုရှိခဲ့သည်။ စပါးမှာ အထင်ရှားဆုံး တက်ကုန် ဖြစ်သည်။ ငရုတ်၊ ဝဲ၊ ဝါ၊ ပြောင်း၊ နှမ်း၊ မန်ကျည်း များလည်း ထွက်သည်။

ရန်ကုန်–မန္တလေး ကားလမ်း၊ မီးရထားလမ်း ဖြတ်သန်းသွားရာ မြို့ဖြစ်၍ သွားရေး၊ လာရေး လွယ်ကူ သည်။ ရှမ်းပြည် တောင်ပိုင်း ဆင်တောင်၊ ကလောတို့သို့လည်း ခြေကျင်လမ်းများ ရှိသည်။ စစ်ရေး၊ အုပ်ချုပ်ရေး၊ ကူးသန်းသွားလာရေးအားလုံးတွင် အရေးပါသော မြို့ဖြစ်၏။

အစိုးရရုံး၊ ဆေးရုံ၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်း ကျောင်း

များ၊ မြေစည်ပင်သာယာရေးအတွက် မြို့နိုစပယ်အဖွဲ့၊ နောင်အခါ မြို့မကောင်စီဟု အမည်ပြောင်းခေါ်ဝေါ်သောအဖွဲ့က ဒေသန္တရအုပ်ချုပ်မှုကို နှစ်ပေါင်း ၆၀ ကျော် ဆောင်ရွက်ခဲ့သည်။

ရှေးခေတ်ကစ၍ တည်ထား ကိုးကွယ်ခဲ့သော ရွှေမုဋ္ဌော၊ ရွှေပြည်သာ၊ ရန်အောင်မြင်၊ မင်းသမီး၊ မင်းနံ့သူ၊ ရွှေစည်းခုံ၊ ရွှေမြင်တင်စေတီများအပြင် ခရစ်ယန် ဘုရားရှိခိုးကျောင်းများလည်းထင်ရှားရှိသည်။

ရမည်းသင်းမြို့ကို ပုဂံခေတ်နောက်ပိုင်း သက္ကရာဇ် ၆၆၅ ခုနှစ်တွင် ဆင်ဖြူမယ်မဖုရား တည်ထောင် ခဲ့သည်။ ကျုံးတော်ကို တူးဖော်ရာမှ ရေထွက်လာသဖြင့် မြည်းစမ်းကြည့်ရာ သင့်တင့်သော အရသာကို တွေ့ရာမှ ရေမြည်းသင့်မှ ကာလ ကြာသော် ရမည်းသင်း ဖြစ်လာသည်ဟူ၍ဂင်း၊ တောရွင်းရာမှ နွားမည်းတသင်းကို တွေ့ရ၍လည်း နွားမည်းသင်းမှ ရမည်းသင်းတွင်သည်ဟူ၍ဂင်း အဆိုရှိခဲ့သည်။

မြန်မာမင်းများ လက်ထက်တွင် မြို့စားများ အုပ်ချုပ်ခဲ့သော်မြို့တမြို့ ဖြစ်သည်။ ရမည်းသင်းစားသီလဝသည် မြန်မာရာဇဝင်တွင် ထင်ရှားခဲ့ပေသည်။

ဘဝင်မြင့်သူ ဘီလူးသမား

အရေးအသား မြင့်မောင်လွင်

ပုံဖော်သူ နွယ်နီကြိုင်သင်း

ထခါက ယဉ်ကျေးသိမ်မွေ့သော မုဆိုးကြီးတဦးသည် မိုက်မဲသော သားအတွက် ဆုံးမရန် အခက် အခဲတွေ့နေလေ၏။

ထနေ့တွင်အမဲလိုက်ရာသို့ခေါ်သွားပြီး-

သားကောင် ခြေရာကောက်နည်းနှင့် ဒူးလေးပစ်နည်းများကို သင်ကြားပေးသည်။

မကြာမီ ချေတကောင်ကို ပစ်လိုက်၏။

သို့ဖြင့်ပြန်ခဲ့ကြစဉ်....

ရွာသို့ရောက်သော် ချေသားကိုဖျက်၍ အရောင်းထွက်ကြလေ၏။

မကြာမီလူတယောက်လာဝယ်၏။

သို့နှင့် အသားညှပ်များကိုသာ ရောင်းလိုက်၏။

နောက်တယောက် လာဝယ်ပြန်၏။

မုဆိုးကြီးသည် အသားကောင်းများကို ရွေးရွေပေးလေ၏။

ထိုအမူအရာများကို နားမလည်နိုင်သောသားငယ်မှာ စဉ်းစားမိလေသည်။

သားဖြစ်သူလည်း မနေနိုင်တော့ဘဲမေးမိ၏။

အဖေကြီးရဲ့ဝယ်သူတွေဟာ
ဈေးလဲမကွာဘဲနဲ့ဘာဖြစ်လို့တပုံစံ
ထဲညီညီမျှမျှမရောင်းဘဲတမျိုးစီ
ရောင်းရတာလဲဟင်?

ထိုနောက် ဝယ်သူ တယောက်က ဖခင်ဟု
ခေါ်ပြီး လာဝယ်သဖြင့် နှလုံးသည်းပွတ်ကို
ထုတ်ရောင်းလိုက်၏။

ပထမဝယ်သူက ရိုးတယ်
ဒုတိယဝယ်သူကနဲနဲ ယုံကျေးတယ်
တတိယလူကတော့ ပိုကြီးယုံတယ်
ဒီဘဲ့သားသမီးလိုဆက်ဆံတဲ့အတွက်
သားသမီးနဲ့တူတဲ့ နှလုံးသည်းပွတ်
ကိုပေးတော့ပါကွ - ဟားဟား
ဟားဟား ..

သား
ဖြစ်သူလည်း တစိမ့်စိမ့် အဖြေ
ရှာရာမှ

အင်း
တယောက်က
ခပ်ရိုင်းရိုင်း
တယောက်ကအကိုကြီး
တယောက်ကဖခင်

နောက်ဆုံးတွင် သတောပေါက် သွားလေ
တော့၏။

ဂျ - ရိုးရိုးဖြင့်
စိုးစိုးမိုက်မိုက်ကနဲ့
ကန်းမနေတော့ဘူး .
ယုံကျေးသိမ်မွေ့စွာ
နေမှ၊ နေကတတွာမှာ
ဦးစားပေး ချီး .
မြှောက်ခြင်းခံ
ရမှာ

ကျွန်ုပ်တို့သည် ရယ်ဘွယ်ကောင်းသော အရာကိုတွေ့လျှင် "ဟား - ဟား - ဟား" ဟု အသံထွက်၍ ရယ်မောတတ်ကြသည်။ တခါတရံ ကိုယ်ခန္ဓာပါလှုပ်၍ ရယ်ကြသည်။ တခါတရံ အလွန်ရယ်ချင်၍ ကြမ်းပြင်ပေါ် တွင် လိမ့်ပြီးပင် ရယ်တတ်ကြ၏။ ရယ်မောခြင်းသည် စိတ်ထဲတွင် ခံစားနေရသော ခံစားမှုကို ကိုယ်က ဖော်ပြခြင်းဖြစ်လေသည်။ တခါတရံ တစုံတခုကို ကြားရသောအခါ ဖြစ်စေ၊ တွေ့မြင်ရသောအခါဖြစ်စေ ကျွန်ုပ်တို့သည် ရယ်မောခြင်းဖြင့် သရုပ်ဖော်တတ်ပေသည်။

ယင်းသို့ ရယ်မောရာတွင် အူလှိုက်သည်းလှိုက် ရယ်မောမိသောအခါ ကျွန်ုပ်တို့၏ မျက်လုံးအိမ်မျှားထဲမှ မျက်ရည်များ ကျဆင်းလာတတ်ပေသည်။ အဘယ်ကြောင့် မျက်ရည်ကျရသနည်း။

မျက်လုံးတလုံးစီ၏ အပြင်ဖက်နေရာတွင် အကျိတ်တခု(ဂလင်းတခု)စီ ရှိသည်။ ယင်းဂလင်းသည်မျက်လုံးနှင့် မျက်ခွံတွင် စွတ်စိုနေစေရန် အရည်တမျိုးကို မှန်မှန် ထုတ်လုပ်ပေးနေသည်။ ထိုအရည်များ မျက်လုံးထဲမှ တဆင့် နှာခေါင်းထဲသို့ ဆင်းသွားနိုင်ရန် လမ်းကြောင်းကလေးတခု ရှိသည်။

အူလှိုက်သည်းလှိုက် ရယ်မိပါက ဂလင်းအတွင်းမှ အရည်များ ပိုမိုထွက်လာသည်။ ထိုအခါ နှာခေါင်းထဲသို့ စီးဆင်းရာ လမ်းကြောင်းကလေးတွင် ပြည့်လှုံ သွားသဖြင့် မျက်လုံးအပြင်ဖက်သို့ အရည်များ ထွက်လာသည်။ ယင်းသဘောကြောင့် အူလှိုက်သည်းလှိုက် ရယ်လျှင် မျက်ရည် ကျခြင်းဖြစ်သည်။

တက္ကသိုလ် ဖြူမြင့်

အူလှိုက်သည်းလှိုက် အဘယ်ကြောင့် မျက်ရည်ကျသနည်း

ဒို့အဖေကစက်ပိုင်ရှင်

ဘဝသင်ခန်းစာ

ခင်အောင်နွဲ့

ကျမတို့တအိမ်လုံးတွင် ဖေဖေရယ်၊ မေမေရယ်၊ ကျမရယ် ပေါင်း သုံး ယောက် သာ ရှိ ပါ သည်။ ကျမမှာ တဦးတည်း သော သမီးဖြစ်၍ ဖေဖေရော မေမေပါ အလို လိုက် ထား ကြ သည်။ ထို့ကြောင့်ပင် ကျမမှာ အသက် ဆဲ့ သုံး နှစ် အ ရွယ် သို့ ရောက် လာ သည့် တိုင် အောင် အိမ်၌ ဘာတခုမျှ မယ်မယ်ရရ လုပ်ကိုင်ခဲ့ရသည် မရှိပါ။

ယခုတလောတွင်မှ မေမေက ဘာကြောင့်ရယ်မသိ စျေး ဝယ်သွားတိုင်း ကျ မ ကို ခြင်း တောင်းကိုင်၍ လိုက်စေသည်။ ဖေဖေကလည်း ကျမကို အဝတ် လျှော်ခိုင်း၊ တံမြက်စည်းလှဲခိုင်း လာပါသည်။

ယခင်က အေး အေး ဆေး ဆေး နေ လာ ခဲ့ ရ သ ဖြင့် ယခု ကျမမှာ စိတ်အညစ်ကြီး ညစ်ရ ပါသည်။ ပန်း ကန် ဆေး ရာ၌ လက်မှ လွတ်ကျသဖြင့် ကွဲခဲ့ သည်မှာ လေးငါးချပ် ရှိပါပြီ။ ကြက်သွန် လှီးရင်း ခေါင်းထိခဲ့ သဖြင့်လည်း ကျမလက်ချောင်း ကလေးများမှာ ခေါင်းထိရာလေး များနှင့် အ လှ မဲ့ နေပါတော့ သည်။ ထမင်းရည် ငဲ့ရာတွင် လည်း ထမင်းရည်ပူလောင်ခံခဲ့ ရပါသည်။ ကြာတော့ ကျမရင် တွင်းရှိသမျှကို မေမေ့အား ဖွင့် ပြောမိပါတော့သည်။

"မေမေရယ် ဘာ လို့ များ သမီးကို ဒီလောက်ခိုင်းနေရတာ လဲဟင်။ မေမေ တယောက်ထဲ လုပ်ယင်လဲ ရသားဘဲ မဟုတ် လား မေမေရယ်"

ကျမက မျက်နှာ ငယ်လေး နှင့်ပြောမိပါသည်။ သည်တော့ မေမေက ကျမကိုကြင်နာသော အကြည့်ဖြင့် ကြည့်ရင်း –

"သမီး၊ သမီးဟာ ခုဆိုယင် ငယ် တော့ တာ မ ဟုတ် ဘူး။ မိန်းကလေးဆိုတာအိမ်မှုတာဝန် ကို တတ်ကျွမ်း နားလည်ထား ရတယ်ကွဲ့။ အခုတော့ သမီးက ဘယ်နားလည်အုံးမလဲ၊ကြီးလာ တဲ့အခါကျမှ သမီးသိလိမ့်မယ်"

သို့သော် ကျမမှာ မေမေ့ စကားကိုနားမဝင်နိုင်ပါ။ ပျော်မှု၊ ရွှင်မှု၊ လှုပမှုကိုသာ အလေး ထားစိတ်ဝင်စားမိခဲ့ပါသည်။

တနေ့မေမေ မအား၍ စျေး သို့ တ ယောက် တည်း ခြင်း တောင်းဆွဲကာထွက်ခဲ့ပါသည်။

စျေးထဲ၌ ကျမ မတွေ့ချင် ပါဘူးဟု အမြဲ တောင်း တ ခဲ့ သောတတန်းတည်းသူငယ်ချင်း တင် တင် ခိုင် နှင့် မျက်နှာချင်း ဆိုင်တွေ့ရပါသည်။ တင်တင်ခိုင် မှာ အရာရှိကြီးတဦး၏ သမီး ဖြစ် ၍ လည်း အ ဝတ် လှလှ က လေးများက သူ့ကိုယ်ပေါ် မှာ နေရာယူထားကြပါသည်။

တင်တင်ခိုင်မှာ ကျမကို မြင် သွားသဖြင့် ကျမဆီသို့လျှောက် လာပြီး –

"ဟေ့–အန္ဓဲ၊ မင်းကိုယ်တိုင် စျေးလာရသလားကွ။ မင်းသိပ် တုံးတာဘဲကွာ၊ ကိုယ်တို့တော့ ဘယ်တော့မှ ဒီလို စျေးမဝယ် ဘူး၊ မာမီဖြစ်ဖြစ်၊ အိမ်ကဒရိုင် ဘာ ဖြစ်ဖြစ် ဝယ်ခိုင်းတာဘဲ"

တင်တင်ခိုင့် စကားကို ကျမ မည်သို့ချေပရမည် မသိလောက်အောင် ပင် ကြောင် နေ မိ ပါ သည်။ ကျမ စကားမပြန်ဆိုခင် မှာပင် တင်တင်ခိုင်က ကျမပခုံးကို ပုတ်၍ –

"ကဲ–အန်တီ၊ ကိုယ် ကျူရှင် သွားစရာရှိလို့ကွာ၊ သွားလိုက်အုံး မယ်" ဟု နှုတ် ဆက် ကာ ထွက်သွားပါသည်။

"ဟေ့ – အန်တီ၊ ဘာ ငိုင် နေ တာလဲကွ၊ ဈေး မ ဝယ် ရ သေး ဘူးလား"

ကျမ ငိုင် နေ မိ ရာမှ အသံ ကြားရာသို့ လှည့်ကြည့် လိုက်မိ ပါသည်။

"ဟာ–ယဉ်ယဉ်၊ အေးကွာ ဈေးမဝယ်ရသေးပါဘူး"

ယဉ်ယဉ် လက် ထဲ တွင် ဆဲ ခြင်း တလုံး ပါ လာ သည် ကို တွေ့၍ –

"အော်....မင်းဈေးလာဝယ် တာလားကွ၊ မင်းမေမေ မဝယ် ဘူးလား"

"အေးကွာ၊ တို့ဘဲ ဈေးဝယ် ရ တယ် ကွ။ မေ မေ က သား သမီးများတော့ အိမ်မှာပင်ပန်း တယ်ကွ။ ဒီတော့ တို့ကလဲ တ ဖက် တလမ်း တတ်နိုင်တဲ့ဖက် ကနေပြီး အဝတ်လျှော်၊ ထမင်း ချက်၊ အိမ်မှာ သိမ်းဆည်းတန် သိမ်းဆည်းနဲ့ လုပ်ပေးရတာပေါ့ ကွာ။ အလှ ပြင်နေဖို့ထက် အိမ် မှုကိစ္စတွေကို ထိန်းသိမ်းနိုင်ဖို့က အ ရေး ကြီး တယ် လို့ မေမေက ပြောတယ်။ ဒါတွေကို ကိုယ် သဘောပေါက်လို့လဲ မေမေ့ကို ကူညီနေတာပေါ့ကွာ"

ဟုတ်ပါသည်။ ယဉ်ယဉ်မှာ နာမည်နှင့်လိုက်အောင်ပင် ယဉ် ကျေး သူ တ ဦး ဖြစ် ပါ သည်။ ဝတ် စား ဆင် ယင် ပုံ မှာလည်း မြန်မာဆံပြီး သနပ်ခါးနံ့လေးက ယင်းပျံလို့ နေပါသည်။ ကျမ မျက်စိထဲတွင် စောစောက မြင် ခဲ့ရသော တင်တင်ခိုင်နှင့် ယဉ် ယဉ်ကို ယှဉ်တွဲပြီး မြင်ယောင် မိ ပါ သည်။ တ ကယ် တော့ တင်တင်ခိုင်၏ အလှသည် ယဉ် ယဉ်၏ သဘာဝ အလှ အောက် တွင်သာ ရှိနေပေသည်။ ယဉ် ယဉ်၏ မိန်းကလေး ပီသသော သဘောထားကို ကြားလိုက်ရ သော ကျမမှာ ကျမ၏ အဖြစ် မှန်ကို ထုတ်မပြောချင်လောက် အောင် ရှက်စိတ် ဝင်မိပါသည်။ ပြီးတော့လည်း ကျမတို့အတွက် အစစအရာရာ ပင်ပန်းခဲ့ရသော မေ မေ့ ကို မြင် ယောင် လာ ပါ သည်။ တကယ်တော့ အိမ်မှု ကိစ္စ အဝဝမှာ ကျမ၏ တာဝန် သာ ဖြစ်နေပါတော့သည်။ကျမ အမြင်မှန်။ ရလာပြီ၊ အမြင်မှန် ရလာပြီ ဖြစ်ကြောင်း မေမေ့ကို သိစေချင်ပါသည်။ မေမေသာ သိရှိပါက မည်မျှ ဝမ်းသာပေ မည်နည်း။

ယနေ့ ကျမ ဈေးသို့ လာခဲ့ ရာမှ ဘဝ သင်ခန်းစာ အမြတ် တခု ရခဲ့ပြီ ဖြစ်ပါသည်။

ရာဇကုမ္မာ

မေမေပြောမယ် သားရွေးသွေးရဲ့
ဟိုရွေးတုန်းက ရာဇဝင်။
ရာဇကုမ္မာ အမည်မွေးတဲ့
မင်းသားကလေး ရွှယ်လှလင်။
မြေးတော်လေးကို ထီးနန်းနှင်း တော့
သားရင်းသူက မငြိုငြင်။
ဘခင်ထီးလို့ငိုင် မမာကျန်းတော့
ညီးနွမ်းကိုယ်စိတ် မကြည်လင်။
ဆင်းတုတဆူ ရွှေသွန်းထုလို့
သူဘခင်လက် ဆက်သလျှင်။
ကျန်စစ်မင်းမှာ ဝမ်းသာမှုနှင့်
သာဓုသုံးကြိမ် သွန်းရေစင်။
ကျောက်သားပေါ်မှာ ထွင်းကာထုလို့
သူကုသိုလ်ကို ကမ္ဘည်းတင်။
ကျေးဇူးတုံ့ကို သည်နှယ်ဆပ်လို့
သားမြတ်သားကောင်း သူကျင့်စဉ်။
မှတ်အစဉ်၊ မှတ်အစဉ်။ ။

ရဲမြင့်သျှင် (ချောက်)

ဆတ်ချိုပြား

ဆတ်ချိုပြားသည် အလုံးအထည်အားဖြင့် မြင်းထက်ပိုမို ကြီးထွားသည်။ ရှေ့လက်များ ရှည်၍ နောက်ခြေများ အနည်းငယ်တိုသည်။ နှာခေါင်းမှာ ကြီးမားကျယ်ပြန့်သည်။ လည်ပင်းမှာ လည်ပင်းကြီးရောဂါ စွဲကပ်နေသကဲ့သို့ ဖောင်းကားနေသည်။ အမွေးအရောင်မှာ ပြာရောင်ဖြစ်ပြီး ကြမ်းတမ်းသည်။

ဦးချိုပေါက်စတွင် ခေါင်းမြောင်နှင့်တူပြီး၊ တဖြည်းဖြည်း ကြီးမား ပြန့်ကား လာသည်။ ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ ဦးချိုသည် တရိုဂံပုံသဏ္ဌာန် ဖြစ်နေတော့သည်။ ဦးချိုအဖျားပိုင်းတွင်လည်း အချွန်အတက် ပိုမို များပြားလာသည်။ အသက် ကြီးရင့်သည်နှင့် အမျှ ဦးချို၏အလေးချိန်သည်လည်း ပို၍ ပို၍ လေးလာသည်။ ပေါင်ငါးဆယ်မှ ခြောက်ဆယ်ခန့်အထိ ရှိလာတတ်သည်။

ယင်းတို့သည် ဥရောပနှင့် အမေရိကတိုက် မြောက်ပိုင်း သစ်တောများတွင် နေထိုင်ကျက်စားကြသည်။ အုပ်စုအနည်းငယ်စီဖွဲ့လျက် ရေနှင့်နီးသော တောစပ်များတွင် သွားလာနေသည်ကို တွေ့ရသည်။ ရေကူးကျွမ်းကျင်ပြီး ချဲ့ထူသောနေရာများတွင် လျင်မြန်စွာ သွားလာနိုင်သည်။ အနုံခံ အလွန် ကောင်းသဖြင့် အန္တရာယ်အနံ့ရလျှင် ရှောင်တိမ်း ပြေးသွားတတ်သည်။ လေးမိုင် ငါးမိုင်ခန့် အဝေးသို့ ရောက်မှ ရပ်နားသည်။ သစ်ခေါက်၊ သစ်ရွက်၊ မြက်၊ မို့၊ ကျောက်ခက်ပင် စသည်များကို စားသည်။ ငယ်ရွယ်စဉ် ဖမ်းမိသော် မွေးမြူ၍ ထားနိုင်သည်။

ရဲမြင့်

ပြ ၅၅ ပြား

ရန်ကုန်မြို့၊ ၅၂-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ခုဖဝ မြည်လမ်း၊ စာပေဒီဇိုင် နှ ုိင်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စာမတတ်လျှင်.....

ပန်းချီ-မိုးဘကြည်
ဇာတ်လမ်း-ထွန်းမင်းထွန်း

ရွှေသွေး ဂျာနယ်

၁၉၃၆ ခု၊ နယုန်လဆုတ် ၁၁ ရက် (၁၅-၆-၇၄)

ထခါက ရွာတရွာတွင် ဒေါ်အို ဆိုထော မုံ့စိမ်းပေါင်းသည် တယောက်ရှိ၏၊

တနေ့ထောအခါ မုံ့စိမ်းပေါင်းသည်ရောင်း ပြီး၍ အပြန် နောက်နေ့အတွက် မုံ့ထောင်း နေစဉ်-

ဒေါ်အိုသည် မခံမရပ်နိုင်ဖြစ်ပြီး ဆရာအား ရန်တွေ့လိုသဖြင့်-

ဒေါ်ဆမ္မန်လျက် အလျင်စလို သွားသဖြင့် ခလုတ် ကန်းထင်မျှားကို မမြင်နိုင်တော့ပဲ တိုက်မိကာ မှောက်လျက်သား

ဒေါ်အိုသည် ရုတ်တရက် ပြန်မထနိုင်ချေ။ မြေကြီးနှင့်ခေါင်း ဆောင့်မိကာ မူးမေ့နေ၏။



ထမင်းထွေးလမ်းဆောများက မြင်တော့မှ ဝိုင်း ဝန်း၍ ကူညီကာ

နီးရာအိမ်သို့ ယူဆောင်လွှားငြိုး ပြုစုကြလေသည်။



ဒေါ်အိ ထတ်ပြန်လည်လာသောအခါ

ဒေါ်အိ်ယည် သမီးကိုကြည့်ရင်း ကြည့်ရင်း မျက်စိထဲတွင် မှုံဝါးဝါးဖြစ်ကာ ယော်စဉ်က တဝကို မြင်ယောင်လာလေသည်။



အဖ ရွာသူကြီး ဦးရာကျော်နှင့် အမိ သူကြီးကတော် ဒေါ်ငွေခင်တို့၏ တဦးတည်းသော သမီးလေး ခင်စိန်အိ။

ချစ်လွန်း၍ တော်တော်လေး ကြီးလာသည် အထိ ကျောင်းမပို့ပဲ တစိုင်စိုင်ကြည့်နေကြသည်။

ဆွေမျိုးများနှင့် အိမ်နီးချင်းများက ဝိုင်း ပြောကြမှ ကျောင်းထားဖြစ်သည်။ ခင်စိန်အိ က အိမ်တွင်ပဲနေချင်သည်။

ဦးလေးကြီးဖင်း သမီးလေး ခင်စိန်အိ-က တော့ ချောတိ-လှတိ-မြောတိ-နပ်တိတော့ လွန်ကျော်ဘဲ၊ ကျောင်းတော့ ထားပါလေး ပညာလဲ-ထူးစွန်မှာဘဲ။ တက္ကသိုလ်က-အိုအေ တွေ-ဘာတွေဖြစ်မှာပါဘဲ။

အိမ်တွင်အလိုလိုက်ထားသော ခင်စိန်အိမှာ ကျောင်းတွင် ထင်ရာလုပ်နေတော့၏။

သူကြီးသမီးဟူသော မာနထောင်လွှားစ်။

ဟဲ့-ဖယ် ကုန်စမ်း၊ ငွေက မနှိုး နေးတုပ် နေး တုပ်ရဲ့

စာကိုကောင်းစွာ မသင်ချေ။ ဆင်းရဲသော ကလေးများအပေါ် ဖိလိက္ခနေ၏။

ဟဲ့-ဖန်ကတုံး၊ ငါ့ ဖနပ်ကိုင်ခဲ

ပွတ်ချေး-မ-ဘာငေး၊ ခေတာလဲ

အား

ခံရပါများသော ကလေးများက ဆရာထံ ဝိုင်းတိုင်တန်းကြတော့သည်။

ဆရာကြီး-ခင်စိန်အိက ခေတယ်

ကျမ-ဖုံလဲ လူစားတယ်

အရော့ ဆရာအုပ်လဲ ဖြုပစ်တယ်

ဆဲတယ်

တကြွမ်၊ နှစ်ကြွမ်၊ သုံးကြွမ်ဆိုသလို ချော့ မြောကြည့်၊ တားကြည့်၊ မာန်ကြည့်၍

.....ကျောင်းသူကျောင်းသား အချင်းချင်း-ကို-မောင်နှမ အရင်းလိုဘဲ-စိတ်ထား ရမယ်.....

မရသည့်အဆုံး၌ စိတ်မချမီနိုင်တော့ဝဲကြိမ်းမောင်းသည်ကိုပင်

အော်ငိုလျက် ဆောင့်ကြိုး အောင့်ကြိုးနှင့် အိမ်သို့ပြန်ပြေးလေသည်၊

အိမ်ဝင်းသို့ ဝင်မိလေလျှင်

သူကြီးသည် ဒေါသအမျက် ချောင်းချောင်း ထွက်လာပြီး—

အင်္ဂလိပ်မင်း ဆုအဖြစ်ပေးထားသော နှစ်လုံးပူး သေနတ်ကိုယူကာ

ကျောင်းသို့လိုက်သွားပြီး—

ဘယ်ကောင်လဲ
ဘယ်ကောင်လဲ
ဘယ်ကောင်လဲ

သူကြီးကတော် ဒေါ်ငွေခင်လည်း ရှိသမျှ ပစ္စည်းလေးများ ရောင်းနှုန်းစားသောက်နေရသည်။

ကမ္ဘာစစ်ကြီးဦးရှိ တိုင်းပြည် ချမ်းသာ ထောအခါ ပစ္စည်းလည်း မရှိတော့ပဲ ရှာ လည်းမစားတတ်သဖြင့်

ထိုအရိန်တွင် ဒေါ်ဖိန်ကိုမှာ အပျိုရွယ်ဖြစ် လာဖြစ်ရှိ အိမ်တွင်းရှိ ချက်ပြုတ်နေရ၏။

ဒေါ်ငွေခင်ကား နေစဉ်နှင့်အမျှ

ထန်းခရုကြောသော် ဝင်ဖိန်အိယည် လှပ် ထားလေး မောင်သာညိုနှင့်-

အိမ်ထောင်ကျလေသည်။သမီးဦးတယောက် ရလာသောအခါ -

နယုန်လဆန်းပိုင်းကျောက်ကျောက်

နယုန်လကို ပုဂံခေတ်၌ "နံယုန်" ဟူ၍၎င်း၊ အင်းဝခေတ်၌ "နံမျိန်" ဟူ၍၎င်း ရေးသားခဲ့ကြသည်။

"နရယုဂ" (မိန်းမရုပ်နှင့် ယောကျ်ားရုပ် ယှဉ်တွဲနေခြင်း) ဟူသော ပါဠိစကားမှ ဆင်းသက်၍ "နယုန်" ဖြစ်လာသည်ဟု ဆိုသည်။ တနည်းအားဖြင့် "နှ" မှာ "အချိန်ကာလ" ဖြစ်ပြီး "ယုန်" မှာ "မိုးရွာခြင်း" ဟူ၍ အဓိပ္ပာယ်ထွက်သောကြောင့် "နယုန်" ဟူသည် "မိုးရွာသောလ" ဟူ၍လည်း အဆိုရှိသည်။

နယုန်လသည် မြန်မာပြက္ခဒိန်တွင် တတိယလဖြစ်သည်။ ဤလတွင် ရက်မစုံ (၁၄ ရက်ကွယ်)သောကြောင့် ရက်ပေါင်း ၂၉ ရက်သာ ရှိသည်။ မြန်မာနာရီအားဖြင့် နေ့ ၃၄ နာရီ၊ ည ၂၆ နာရီရှိရာ နေ့တာရှည်၍ ညတာတိုသည်။ နယုန်လတွင် နံနက် ၅း ၂၀ နာရီတွင် နေထွက်၍ ညနေ ၆း ၄၀ နာရီတွင် နေဝင်သည်။

နယုန်လကို မေဒဝင်အခေါ်အားဖြင့် "မေထုန်ရာသီ" ဟု ခေါ်သည်။ ရာသီရုပ်မှာ မိန်းမနှင့်





ယောကျ်ား ယွင်တွဲနေပုံ ဖြစ်သည်။ ရာသီပန်းကား စယ်ပန်းနှင့် မြတ်လေးပန်းများ ဖြစ်လေသည်။

မိုးဦးကျကာလတွင် ပါဝင်သော နယုန်လ၌ မိုးသေးမိုးဖွဲများ ရွာသွန်း၍ သစ်ပင် မြက်ပင်များ ရွက်စိမ်းဝေရိုန် ဖြစ်သည်။ ထို့ကြောင့် "နယုန်မိုးသေး၊ မြက်သားမွေး" ဟူ၍ ဆိုစမှတ်ပြုကြသည်။

ရှေးအခါက အစဉ်အလာအားဖြင့် နယုန်လတွင် "စာတော်ပြန်ပွဲ" များကျင်းပခဲ့ကြသည်။ စာတော်ပြန်ပွဲတွင် ရဟန်းတော်များသည် ဗုဒ္ဓတာသာ စာပေများကို ရွတ်ဖတ်ပြန်ဆိုကြသည်။ ယင်းပွဲတော်ကို ဘုရင်မင်းမြတ် ကိုယ်တိုင် ကြီးကြပ် ကျင်းပ လေ့ရှိသည်။

နယုန်လသည် ဗုဒ္ဓတာသာဝင်တို့အဖို့ တမူထူးခြားသော လဖြစ်သည်။ ဗုဒ္ဓရှင်တော်သည် လူနတ်ဗြဟ္မာ အပေါင်းတို့အား မဟာသမယသုတ်တရားတော်ကို နယုန်လပြည့်နေ့တွင် ဟောတော်မူခဲ့သည်။ ရောဟိနီ မြစ်ရေကို အကြောင်းပြု၍ ကပ္ပိလဝတ်နှင့် ကောလိယ တိုင်းသားတို့ အငြင်းပွားကြသည်။ စစ်ဖြစ်အံ့ဆဲဆဲတွင် ဘုရားရှင်သည် ကောင်းကင်မှ ရောင်ခြည်တော်လွှတ်လျက် စစ်ဖြစ်ခြင်း၏ မကောင်းကျိုးနှင့် အချင်းချင်း ချစ်ကြည်စည်းလုံးခြင်း၏ ကောင်းကျိုးကို ဟောကြားတော်မူခဲ့လေသည်။

ထို့ကြောင့်ပင် မြန်မာလူမျိုးတို့သည် နှစ်စဉ် နယုန်လပြည့်နေ့ကို "မဟာသမယ အခါတော်နေ့" ဟူ၍ သတ်မှတ် ကျင်းပကြသည်။ ထိုနေ့၌ မဟာသမယ သုတ်တော်ကို ရွတ်ဖတ်၍ ကုသိုလ်ကောင်းမှုပြုကြသည်၊

ဒေါင်ပေါ်တွန်း

ရောဂါခိုက်သို့
ထလောတုန်းက စာပို့သမားကြီးတယောက်ဟာ စာအိတ်တအိတ်ကို ကိုင်ပြီး တအိမ်ဝင် တအိမ်ထွက် လိုက်မေးနေတယ်။
ရောဂါခိုက်သို့
စာအိတ်ပေါ်မှာ လိပ်စာအပြည့်ရေးမထားပေမဲ့ စာပို့သမားကြီးဟာ ဒီစာကို အယ်လွှတ်ပေးရမယ်ဆိုတာ ရိပ်မိပုံရတယ်။
စာပို့သမားကြီးဟာ မျိုတူးကို မြင်တယ်ဆိုယင်–
ဝမ်းနည်းစရာဘဲ ရောဂါခိုက်သို့ အတွက် အာဇာစောင့်ပါတယ်
ဂျင်
ရောဂါခိုက်သို့
မျိုတူးဟာ သူ့သောက်ဖိုးနိုက်ကို သူ့အရွယ်နဲ့သူ့ မသောက်တဲ့ သူ့အမေကို ဇွန်းနဲ့ ခွံ့ခိုင်းနေတုန်း သူ့အိမ်ရဲ့ တံခါးပေါက်မှာ စာပို့သမားကြီး လာရပ်တာကို တွေ့လိုက်ရတယ်။
မျိုတူးဟာ ကြောက်ကြောက်လန့်လန့်နဲ့ သူ့အမေဆီက ဇွန်းကို ဆွဲယူလိုက်ပြီး၊ နို့ကို သူဟာသူ ဝင်သောက်လိုက်တယ်။ ဒီတော့မှ သူ့အမေက–
စာပို့သမားကြီးဟာ မျိုတူးကိုကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်တယ်။
ဒီအိမ်မှာ ရောဂါခိုက်သို့ မရှိပါဘူး
ကျနော်မှာသွားဖြဲ့ခွင့်ပြုပါဘူး၊ ဒီစာအိတ်ရဲ့–ပို့ဆောင်ရမဲ့လိပ်စာ ရှာရဘူးမယ်
ရောဂါခိုက်သို့

ကျနော်သာစီတွဲးတွေနဲ့ အိမ်ဆောက်တမ်းကစားနေတာပါ၊ ကစားပြီးတဲ့အခါ ကျနော့်ကစားစရာတွေကို ကျနော်ကိုယ်တိုင်သိမ်းနေကျဘဲ၊ ဒီတော့ ရဲသားခိုအဟာ ကျနော်မဖျစ်နိုင်ပါဘူး

ဟဲ့၊ ခလေး ဒီစာဟာ မင်းအာတွက်လားလွှ

ဗျာ!

ဒီတော့ စာပို့သမားကြီးဟာ ပြန်ဆင်းသွားပြီး နောက်တအိမ်ရဲ့တံခါးကို ခေါက်ပြန်ကယ်။

တံခါး ပွင့်သွားတယ် ဆိုယင်တဲ့ ကောင်လေး တယောက်ဟာ သူ့ကိုယ်မှာ ဝတ်ဆားတဲ့ အင်္ကျီကို သူညီမလေးကို ချွတ်ပိုင်းနေတာ၊ စာပို့သမားကြီး တွေ့လိုက်ရတယ်။

ဟင်

စာပို့သမားကြီးရဲ့ စကားကို ကြားလိုက်တယ် ဆိုယင် ကောင်လေးဟာ သူ့အင်္ကျီကို သူ့ကိုယ်တိုင် ကပြာကယာ ချွတ်လိုက်တယ်။

ဦးလေးကြီး ဟားနေပြီ ကျနော်ဟာ ကိုယ့်အဝတ်အစားကိုယ့်ဟာ ကိုယ်ဝတ်တတ်-ချွတ်တတ်ပါတယ်၊ အခု၊ ကျနော့် ညီမလေးကို ကျနော့်ဆီအတိုင်အောင် သင်ပေးနေတာပါ

ဟုတ်ပါတယ်ဗျာ

ဦး၊ ခုမှာဘဲ မင်းကို တွေ့ရတော့တယ်၊ မင်းဟာ ရဲသားခို သူ ဘဲ ဒီစာဟာ မင်းအာတွက်ပြစ်ရမယ်

စာပို့သမားကြီးဟာ နောက်တအိမ်ရဲ့ တံခါးဝဆီ ရောက်လာပြန်တယ်။

စာပို့သမားကြီးဟာ ရက်ရက်နဲ့ ပြုံးလိုက်ပြီး-



တကယ်လို့ ဒီစာအိတ်ထဲမှာဘာစာများပါသလဲလို့ သင် သိချင်ယင် ကျွန်ုပ် ပြောပြနိုင်ပါတယ်။ အဲဒီစာအိတ်ထဲမှာ စာ နှစ်လုံးထဲ ရေးထားတဲ့ စာရွက်တရွက်ဘဲ ပါပါတယ်။ အဲဒီစာကတော့ "ရှက်ဖွယ်"တဲ့။

ဒီလိုဆို ဘယ်သူမှ "ရေသာခိုသူ" ဖြစ်လိုကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် သင့်ထံကိုလဲ ဒီစာရောက်မလာအောင် ကြိုးစားနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ပြီး

စာပို့သမားကြီးဟာ လမ်းထဲသို့လျှောက်လာရင်း အိမ်တအိမ်ရှေ့မှာ ကောင်လေးတယောက် ပန်းပင်တွေ ရေလောင်းနေတာ တွေ့ရတယ်။



စာပို့သမားကြီးဟာ အိမ်တွေးကို လျှောက်လာတော့ ပန်းကန်ဆေးနေကြတဲ့ သားအမိနှစ်ယောက်ကို တွေ့ရတယ်။

စာပို့သမားကြီးဟာ အဲဒီစာအိတ်ကို ပိုင်ရှင်လက်ထဲ ပို့နိုင်ဖို့ ဒီနေ့ထိ ခွဲကောင်းကောင်းနဲ့ တအိမ်တက် တအိမ်ဆင်း လိုက်ရှာနေတုန်းဘဲတဲ့။

အဘယ့်ကြောင့် အပြင်ဖက်တွင် ထွက်ပြီး ကစားရန်လိုပါသနည်း

ညနေ ကျောင်းဆင်း၍ အိမ်ပြန်ရောက်သည်နှင့် ရေဒီယိုမှ ဇာတ်လမ်းပမာကို ထိုင်နားထောင်နေသော ကေသီအား မိခင် ဒေါ်ခင်မြင့်က အပြင်ထွက်ကစားရန် ပြောသည်။ ကေသီ ရေဒီယို ဇာတ်လမ်းဆုံးအောင် နား ထောင်လိုသည်။ အဘယ်ကြောင့် အပြင်ဖက်ထွက်၍ ကစားဖို့ လိုသနည်းဟု ကေသီ တွေးလိုက်သည်။ ကေသီ တွေးသကဲ့သို့ သင်တို့လည်း တွေးကြမည်။

အပြင်ဖက်တွင် ကိုယ်လက်လှုပ်ရှားပြီး ကစားခြင်း သည် အကြောများ ကြွက်သားများကို သန်မာ စေသည်။ သင့်မိုက်ထဲရှိအစာကို ကောင်းစွာကြေစေပြီး၊ အစားအစာ သစ်များကို နှစ်ခြိုက်စွာ စားလိုစိတ် ဖြစ် ပေါ်လာစေသည်။ ညဖက် အိပ်ရာဝင်သောအခါလည်း ကောင်းစွာ အိပ်ပျော်စေသည်။ လေကောင်း လေသန့် များကိုလည်း ရှူရှိုက်ရသည်။

ထို့ကြောင့် အပြင်ဖက်တွင် ကိုယ်လက်လှုပ်ရှား ကစားသူများသည် အခြားသူများထက် ပိုမိုကျန်းမာသည်။ ပိုမို၍ ကြီးထွားမြန်သည်။ သို့ကြောင့် ကျွန်ုပ်တို့သည် အပြင်ဖက်တွင် ထွက်၍ကစားဖို့ လိုအပ်ပါသည်။

တက္ကသိုလ်ဖြူမြင့်

အိပ်တဲ့အခါ ဘယ်လိုနေသလဲလို့



ကြွေးသောအခါ

သောင်တာမင်း

ရာသီဥတု ကြည်လင် သာယာ သော နေ့ ဖြစ်ပါသည်။ ကောင်းကင်ပြာတွင် ငှက်များ ပျံဝဲနေကြပါသည်။ ပန်းများ စုံလင်စွာပွင့်သောနေ့လည်း ဖြစ်ပါသည်။ ထိုအချိန်တွင် နှစ်ထပ်အိမ်ကြီးတလုံးဘေးရှိလှပသော ဥယျာဉ်ကြီးအတွင်းမှ အရွက်များနှင့် အပွင့်များ၏ အပြိုင်အဆိုင် ငြင်းခုံနေကြသော တီးတိုး အသံများကို သေချာစွာ နားထောင်ကြည့်မည် ဆိုပါက ကြားနိုင်ပါသည်။ အရွက် ကလေးများမှာ အရွှံးသမားများ အဖြစ် ခေါင်းငိုက်စိုက် ကျနေသလောက် နှင်းဆီ၊ သစ်ခွ၊ ယုဇန၊ သဇင်စသော ပန်းများမှာ ဝင့်ဝါနေကြပါသည်။ ပန်းရောင် နှင်းဆီပန်းကြီးတပွင့်က ပွင့်ဖတ်များကို လှုပ်ခါပြရင်း –

"ဒို့အပွင့်ဆိုတာက အရောင် အမျိုးမျိုးရှိတယ်၊ အနံ့လဲ မွှေးတယ်၊ ပြီးတော့လဲ ဒို့မရှိယင် မျိုးဆက်ပြန့်ပွားဖို့ မလွယ်ဘူး"

ခရမ်းဖျော့ရောင် သစ်ခွပွင့် ကလေးများက လေ ပြေ တွင် ဖြည်းညှင်းစွာ ယိမ်းနွဲ့၍ကရင်း-

"နားထောင်ကြစမ်း၊လူတွေ ပြောတဲ့ စကားကို မကြားဘူး လား။ လှတဲ့ မိန်းကလေးတွေ ဆိုယင်မာလာလို့ခေါ်ကြတယ်။ နောက်ပြီး ပန်းကလေးလို လှလိုက်တာလို့လဲ ပြောသံကြား ဘူးတယ်။ အရွက် ကလေးလို လှလိုက်တာ လို့များ ပြောသံ ကြားဘူးသလား"

ထို စကားကို ကြွေလုဆဲ နှင်းဆီအရွက်က ကြားသော အခါ –

"ငါတော့လူတွေရဲ့စကားကို မယုံနိုင်ပါဘူး။ တခါတလေ ကျယင် လူတွေဟာ လိမ်ညာပြော နေကြတာဘဲ"

စပယ်ပွင့်က ပွင့်ချပ်များကို ဖွင့်၍ တဟားဟား ရယ်လိုက် လေသည်။ ထိုစဉ် မွှေးရနံ့များ လွှင့်တက်သွားလေသည်။

"အရွက်တွေဟာ အတော် ခေါင်းမာတာဘဲ။ ဘာဘဲ ဖြစ်ဖြစ် လှတဲ့နေရာမှာရော၊ မွှေးတဲ့ နေရာမှာပါ ဒို့ကို မယှဉ်နိုင်.... ဟော--ဟော–ဟိုမှာ ကြည့်ကြစမ်း"

စပယ်ပွင့်ညွှန်ရာသို့ အားလုံး လှမ်း၍ ကြည့်လိုက်သော အခါ အိမ်ကြီးအတွင်းမှ ပန်းအိုးကို ကိုင်၍ ထွက်လာသော မိန်းက လေးတဦးကို တွေ့ရလေသည်။ သူသည် အလှဆုံး ပန်းများကို ခူးဆွတ်ယူ၍ သရက်ပင်အောက်ရှိ မြစ်ဆုံပေါ် ဦးကျနစ္စာထိုင်ကာ အရွက်အားလုံးကို ဖဲ့ခြွေ လိုက်သည်။ ပြီးမှ အနီးရှိ အမှိုက်တွင်းထဲသို့ ပြစ်ချလိုက်၏။ ပန်းများကမူ ဖန်ပန်းအိုးအတွင်းမှာ နေရာယူ၍ ပျော်ရွှင် နေကြသည်။

"နှက်ဆက်ခဲ့ပြီဟေ့ – ငါတို့ကိုတော့ ဘုရားကပ်တော့မယ်၊ အမျှယူကြပေတော့"

မိန်းကလေးလက်ဦး ကျေနပ်စွာ ပါသွားသော ပန်းများကို

မေးငေါ့ ပြရင်း စောစောက နှင်းဆီပွင့်ကြီးက စကားဆက်ပြန်သည်။

"တွေ့ပြီမဟုတ်လား၊ ဒို့အပွင့်တွေ့ရဲ့ တန်ဖိုးကို။ တကယ်တော့ ဒို့ဟာ ပန်းပင်တပင်လုံးရဲ့ဘုရင်ဘဲ။ မင်းတို့ဟာ ဒို့ဂုဏ်ကျေးဇူးကို သိဖို့ကောင်းတယ်"

သရက် ရွက်ကြီး များက သက်ပြင်းချ၍ ခေါင်း ခါ လျှင် သရက်ပွင့်များက ကျေနပ်စွာ ခေါင်းညိတ်၏။ အားငယ်တတ်သော စပယ်ရွက်လေးများကမူ-

"ဒို့ကြောင့် မင်းတို့ပိုလှတာပါ"ဟု မရဲတရဲ ပြောလိုက်ရာသည်။ နောက်ဆုံးတွင် မခံချင်လွန်းသော ဒေါင်းဂမုံးရွက်က-

"ကဲဟော့-အခုလို ငြင်းခုံနေမဲ့အစား ပညာရှိ တယောက်ယောက်ရဲ့ အဖြေကို ယူယင်ကောင်းမယ်"

ပန်းများက မထေမဲ့မြင်ရယ်၍ စိမ်လိုက်ဟု သဘော တူလိုက်ကြသည်။ ကံအား လျော်စွာပင် သရက်ပင် ကိုင်းဖျားဌ နားနေသော တောကျီးကန်းကြီးတကောင်ကို တွေ့ရှိရသဖြင့် ပန်းများက လှမ်းခေါ်၍ သူတို့၏ ပြဿနာကို ထင်မြင်ချက်ပေးရန် တောင်းခံ လိုက်လေသည်။ ကျီးကန်းကြီးက အတန်ကြာ စဉ်းစားနေပြီးမှ -

"ပန်းတွေဟာ လှတာလဲအမှန်၊ မွှေးတာလဲအမှန်မို့ အဆင်းလှ အချင်းပါ ပြည့်စုံကြပါပေတယ်"

သစ်ရွက်များမှာ သူ၏ စကားကို နားထောင်၍ ရင်မောနေကြရာလေသည်။

"သစ် ရွက် က လေး တွေက တော့ အစိမ်းရောင်ဘဲ များကြတယ်။ ဒါပေမဲ့ ဒီအစိမ်းရောင်နဲ့ဘဲ သူတို့ဟာ နေရောင်ရဲ့ အကူအညီကိုယူပြီး အစာချက်လုပ်ပေးကြရာတယ်။ အသက်ရှူတဲ့ လုပ်ငန်းကိုလဲ ဆောင်ရွက်တဲ့ အပြင် ရွက်ကျပင်ပေါက်များကျတော့ မြို်းပွားကြပြန်တယ်။ ပွင့်တူရွက်တူမျိုးကလဲ အလှအပနဲ့ ဂုဏ်ယူကြတယ်။ဒါကြောင့်မို့ သူနေရာနဲ့သူ အသုံးဝင်ကြတဲ့အပြင် အရွက်ကလေးများကတောင် အချို့နေရာမှာ သာကြပါသေးတယ်"

စကားဆုံးသောအခါ ငိုနေသော အရွက်စိမ်းကလေးများက ရယ်မောရှ် သြဘာပေးကြသည်။ အပွင့်များကမူ မကျေမနပ်နှင့် မေးမြန်းလိုက်၏။

"ဒါတွေကို သင်ဘယ်လို သိပါလဲ"

"အို- လွယ်ပါတယ်။ အိမ်ကြီးပေါ်က မိန်းကလေး စာဖတ်တဲ့အခါ ကျုပ်က နားထောင်ထားတာပေါ့"

ထိုအခါမှ ဗဟုသုတနှင့် ပြည့်စုံသောတောကျီးကန်းကြီးအား နှုတ်ဆက်ရင်း ပန်းကလေးနှင့် သစ်ရွက် ကလေး များမှာ ကျေနပ် ချစ်ကြည်စွာဖြင့် မိတ်ဆွေ ဖြစ်သွားကြ လေတော့သည်။

ထန်းလျက်ခဲ

ဗလုံပွက် ဗလုံပွက်၊
ထန်းရည်ချိုကို
ထန်းလျက်ချက်။

မပွက်တခါ ပွက်တခါ၊
စေးပျစ်လာပေါ့ကွာ။

ခပ်နာနာသာ မွှေပေရော့၊
မမောစတမ်းပေါ့။

ပျစ်ခဲလာတော့ လုံးစို့ကွာ၊
လေအေးခံရမှာ။

တို့အညာက ထန်းလျက်ခဲ၊
ချိုဆိမ့်လှသည်ဘဲ။ ။

မောင်တင်စိုး (သစ်ရာကောက်)

သစ်နက်

တကိုယ် လုံးတွင် နက်ဖမှောင် နေသော အမွေးများ ပုံးအုပ်လျက်ရှိသည်။ အစက် အပြောက်များကိုမူ ခပ်မှိန်မှိန် သာတွေ့ရသည်။ ကျားသစ် တာမျိုး ဖြစ်သ ဖြင့် တော ခကြောင်ကြီး ဟုလည်း ခေါ် ခေါ် ကြသည်။ အာဖရိက တိုက်နှင့် အာရှတိုက် တောင် ပိုင်းတွင် တွေ့ရသည်။

သစ်နက်သည် မြေပြင်မှာ ဆက် သစ်ပင်များ ပေါ်တွင် ခနထိုင် ကျက်စား လေ့ ရှိသည်။ အလွန်မြင့်သော သစ် ပင် များ ကိုပင် ကောင်းစွာ တက်ရောက်နိုင်သည်။ သစ်ပင် များပေါ်ရှိ မျောက်များနှင့် အခြား တိရစ္ဆာန်ငယ်များကို လိုက်လံ ဖမ်းဆီး စားသောက် သည်။ သစ်ပင်များပေါ် တွင်ပင် ပုန်းအောင်းနေပြီး အခြားတိရစ္ဆာန်များကို ခုန်အုပ် ဖမ်းဆီး စား သောက် တတ်သည်။ ရွာနီးချုပ်စပ် ဝင်၍ ခွေးနှင့် သိုး၊ ဆိတ်တို့ကိုလည်း ဖမ်း ဆီး စား သောက် တတ်သည်။

အလွန် အပြေးမြန်သည်။ သို့သော် ကိုက်ငါးရာခန့် အဝေးအထိသာ ယင်းသို့ တရှိန်ထိုး ပြေးနိုင်သည်။ ထိုထက် ဝေးဝေးပြေးပါက မမြန်တော့ ပေ။ ထို့ကြောင့် အချို့တိရစ္ဆာန်များကို အတင်း လိုက်လံ ဖမ်း ဆီး နိုင် သော်လည်း၊ အချို့ကို လိုက်လံမဖမ်းဆီးနိုင် ပေ။

သစ်နက်၏အမြီးမှာ ရှည်လျားသည်။ ကိုယ် ထည် အလျား (ခေါင်းနှင့် လည်ပင်းမပါ)နှင့် အတူတူဖြစ်သည်။

သစ်နယ်များကို ငယ်ရွယ်စဉ် ဖမ်းယူပြီး ယဉ်ပါးအောင် မွေးမြူနိုင်သည်။ ယဉ်ပါးနေပါက လူကို အန္တရာယ် မပြုတော့ ပေ။

ရဲမြင့်

၂၅ မြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ဝ၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ခွဗ၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

(၆-၅-၂၀၂၄) ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်

စာတတ်ပျင်း...

သမီးလေး မဖွားမေ အတော်ကလေး
ကြီးချိန်တွင် မိခင် ဒေါ်ငွေခင် သေဆုံး၍

အမေရယ် သမီး ကို ပစ်သွားပြီလား တော့၊
သမီးတို့ ဘယ်သူ့ကို အား ကိုး နေရမှာလဲ
အမေ ရဲ့

ဟီး ရွာတ် ရွာတ်

စိတ်အားငယ်ပြီး နေစဉ် ထိုင်ငိုနေသော
ကြောင့် ကိုသာညိုက အားပေးရ၏။

စိတ် ကို ထိန်းပေါ့ - မအိရယ် - - - - -
လူဆိုတာ - တနေ့ကျ - သေစရာ ရှိမှာဘဲ ကွယ်၊
အားမငယ် ပါနဲ့၊ ကိုသာညို ရှာကျွေးမှာ

ပေါ့ . . . .
ကိုယ့် ကိုယ်
ကို
ကျွေး မွေး
သွား ရတဲ့ ဘဝ . . .

အသုဘကိစ္စများ ပြီးသည့်နေ့မှစ၍ ကိုသာညိုသည် ခါတိုင်းထက် ကြိုးစား၍

လုပ်ကိုင်သည်သာမက အချိန်ရလျှင် ချောင်း
ထဲတွင် ငါးဖမ်းသေး၏။

တနေ့သော် တနေကုန်နေပူထဲ ငါးဖမ်းပြီး
ပြန်လာရာ ညတက်၌

အောင်း ကိုက် လိုက် တာ ကွယ်။
ကိုယ်လက်တွေလဲ ကိုက်
တယ်။ ခြေက်တွေလဲ
လေး တယ်။

ကျမ - ဒီပဲ ပေးဖယ်း
ကိုသာညို - အိပ် ပျော်
အောင် - အိပ် လိုက်

ဒေါ်အိသည် ကမန်းကတန်း ထလိုက်ပြီး

ဟင် - ကိုယ်တွေကလဲ - ပျင်းစိုက်စာ အုပ်အုပ်တောက် နေပါလား

ငါ့တလောက ဖြို့က ဝယ်လာတဲ့ - ဆေးနီ မှုန့် ဂျာဖြို့ တိုက်စမ်းပါ။ စက္ကူနဲ့ ထုပ် ဖြီး - စာရေးထားတယ်။ ဂိုက်ဂိုက် ဂိုက် - ဂိုက် - - -

ညသန်းခေါင်းကျော် ထရေးနိုးတွင်

မနဲ့ - ထဖြီး - နှင်းကိုယ်နဲ့ စိတ်ဆိုးစမ်းပါ။ အမယ်လေး - ချမ်းလိုက်တာ - - - - -

ဂိုက်ဂိုက်

ဂိုက်ဂိုက်

ဟင် - ကိုသာထွေး တို့နေပါလား။

မှေ့နှောက် ရှာယင်း စက္ကူထုပ်ကလေးကို တွေ့သဖြင့် ဝမ်းသာအားရ

အမယ်လေး - တော်ပါသေးရဲ့ — စာရေးထားတဲ့ စက္ကူထုပ် ခေးတွေ့ဖြို့

ဟိုက် — ခက်ဖြီး ငါ ကလဲ အမဟတ်တတ်အောလေ - အရေးကြီးနေဖြီဘဲ။ ရှာကြည့် တာပေါ့လေး နဲမှတော့ - ပြောပြနေဘို့ အချိန် မရှိ ဘူး — ရှာလို့ ရှာ့ စကြီး

ဒေါ်အိသည် ဆေးမှုန့်ကို ရေနှင့်ဖျော်၍ ကိုသာညိုကို တိုက်လိုက်သည်။

သို့သော် ထိုဆေးထုပ်မှာ ကိုသာညို ငါး ဖမ်းသော်အခါသုံးရန် ဆောင်ထားသည့် ဝိုးဆေးဖြစ်နေ၏။

ဝိုးဆေး

ဆေးသောက်ပြီး များမကြာမီ

ဟူတယ် - ဟူတယ်
ရင်ထဲမှာ အီးစ, ကြီး
ထိုးထားသလိုပဲ

အား အ
ဝေ့
ဝေ့

ဒေါ်အိသည် ခြေမကိုင်မိ လက်မကိုင်မိ
ဖြစ်ပြီး တပြင်သို့ ပြေးထွက်ကာ

ဟင် ....မြေးမြှော်ကို
ဟာ ကလေ ..... အိမ်တွေ
က - အဝေးကြီးပဲ.....
.... မှောင်လိုက်တာတော်
ပဲလို့.... ငါလဲ တယောက်
ထဲ မသွားရဲ ဲ သူ့
ကိုလဲ စိတ်မချ....
ဒုက္ခပါပဲ.....

ထဖန် တထဲသို့ပြန်ဝင်ကြည့်ရာ ကိုသာညိမှာ
ပျော့ခွေလျက်ရှိပြီး

ဆေး ဆေး များသွားပြီ
အမေ အမေ့ရေ အမေ့ မရတော့ ဘူး

သို့ဖြင့် သေဆုံးသွားလေရာ—

အမယ်လေး - ကိုသာညို့ရဲ -
ကျမ - အမတော်လို့
ဖြစ်ရလေခြင်း၊
အဖြစ်ဆိုး ဂျ ဈေ
ကလား --- ဟဲ့ဟဲ့
ကျုပ်သာ သေ
လို့ကျွင်တယ်
တော့ ----

ယခင်ယခုစဉ်က ဖြစ်ရပ်များကို တွေးမိပြီး
ရင်ထုမနာဖြစ်ကာ ဖြစ်ဆဲဝေဒနာသည်ပင်
ပျောက်သွားလျက်

သမီး သမီး
ရှိတယ်- ရှိတယ်-
ထူးလိုက်လေ
မှားမေ
ဟင် - မေမေ

သမီး ကျောင်းသွား နော်

ဟင့်အင်း
ဟင့်အင်း
မသွားချင်
ဘူး၊
ဆရာ-ငိုလို့
မှာပေါ့

ဘာ ဆရာရိုက်မှာမေါ့ လဲ -
စာမူတော်တော်ငင် ဒုက္ခရောက် မယ်ဟဲ့

ထိုအခါ ဖွားမေသည် ရှိုက်ကြီးတငင် ငိုချ
လိုက်သဖြင့် ဒေါ်အိန္ဒလုံးသားမှာ ပျော့
ပျောင်းသွားပြန်၍

ဖွားမေကို လှမ်းဖက်လိုက်၏။
သမီး ရယ်.....
ကျောင်းပြန်တက်
နော်.....စိတ်တော်မှ
ကြီးသ်ယင်
လူကုန်
မှာ

ပြောရင်းဆိုရင်း မှက်ရည်များ ကျလာပြီး
သတိလည်လာကာ
ဟင် - သွေးလေး -
ကျမ - ကျမ.....
အေး လေ -
ညည်းလဲကျဖြီး မေ့နေတာ၊
ဖွားမေကလဲ ဘေး ထိုင်ငို
နေတာ ဇွေ့လို့ - ဒို့ကတွေ

- -

ကျေး ဇူးကြီးလှပါတယ် - သွေးလေးတို့
ရယ်။ မသေကောင်း မပျောက်ကောင်း
ဖြစ်တာဘဲ။ ကျမ အတွက်နဲ့ အားလုံး
အလုပ်များနေ
ကြဖြီ -
အား ဆာ
လိုက်တာ
ရှင်

အို - ကိစ္စမရှိပါဘူး - မအိုရယ်။ အခု
အိမ်ပြန်နိုင်ရဲလား။ တယောက်ယောက်
လိုက်ပို့ပေးမှထင်တယ်
မာ - ရပါတယ်
သွေးလေး ....
နေကောင်းသွားပါပြီ။
သွေးလေးတို့ကို
ကတော့ပါတယ်
အေးအေး -
နေကောင်းအောင်
နေ....ကြား
လား

ဆရာနှင့် ကိုယ်တိုင် ဝင်တွေ့လေ၏၊

နောက်တနေ့တွင် ဒေါ်အိသည် ပွားများနှင့်
ကျောင်းလိုက်သွားပြီး





ထိုနေ့မှစ၍ ဒေါ်အိမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ မျော်လင့်နေတော့၏။

အသုံးလုံးအဖွဲ့ ရောက်လာသော နေ့တွင် ရွှေဆုံးမှ ကၡ ကြွေဆိုလေတော့၏။

အသုံးလုံးသင်တန်းတွင် ဒေါ်အိ ညစဉ် မှန်မှန် ကျောင်းတက်လေသည်။

သင်တန်းတွင် ဒေါ်အိ ရွှေကပြေးနေ၏။



သင်တန်းရက်ကုန်ဆုံး၍

သင်တန်း ဆင်းသောနေ့တွင် ဒေါ်အိသည် ပရိသတ်ရှေ့တွင် မြို့မှလာသော လူကြီးများအား စာဖတ်ပြ နိုင်လေသတည်း။

ဆိုးဝါးသား

နှစ်ပေါင်းများစွာကပင် လူတို့သည် အဝတ်အထည်၊ သား ရေ၊ စက္ကူစသော အရာဝတ္ထုတို့ကို ဆေးဆိုးခြင်းဖြင့် ပို၍လှပ အောင် ဖန်တီးခဲ့ကြပေသည်။ အီဂျစ်လူမျိုးနှင့် ပီရူးတိုင်းသား အင်ကာလူမျိုးတို့၏ သမိုင်းများအတွင်းမှ အလွန်လှပသော အဝတ်အထည်များကို တွေ့ရှိခဲ့သည်။ ယင်းကို ထောက်ခြင်း အားဖြင့် ထိုလူမျိုးတို့သည် ဆေးဆိုးခြင်းအတတ်ကို ကောင်းစွာ တတ်မြောက်နေကြောင်း သိနိုင်လေသည်။

တိုင်ယာပြည်သားတို့သည်လည်း ခရစ်မပေါ်မီ နှစ်ပေါင်း တထောင်လောက်ကပင် ပင်လယ်ခရုတမျိုးမှ ခရမ်းရောင် ဆိုးဆေးတမျိုးကို ထုတ်လုပ်တတ် နေကြလေသည်။ သို့သော် တန်ဖိုးများလွန်းပြီး ချမ်းသာသူများနှင့် မင်းမျိုးမင်းနွယ်များ သာ သုံးစွဲနိုင်ကြသဖြင့် ထိုအရောင်ကို မဟာနွယ်များ၏ ခရမ်းရောင်ဟူ၍ ခေါ်ဝေါ်ကြသည်။ ရှေးအကျဆုံးသော ဆိုးဆေးမှာ မဲနယ်ဖြစ်၍ ယင်းကို အရှေ့တိုင်းတွင်ပေါက်သော အပင်များမှ ရရှိလေသည်။သီးဘီးမြို့ဟောင်းမှရရှိသော အဝတ် အထည်တခုမှာ ခရစ်မပေါ်မီ နှစ်ပေါင်း သုံးထောင်ခန့်က မဲနယ်ဖြင့် ဆိုးထားသည်ကို တွေ့ရှိရသည်။

သဘာဝမှရရှိသောဆိုးဆေး။ လူတို့သည် သစ်ပင်နှင့်သတ္တဝါ တို့မှ ရရှိသော ဆိုးဆေးများကို ရှေးဦးစွာ အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။ အင်းဒီးဂိုးခေါ် မဲနယ်ပင်၊ ကိုချင်းနီခေါ် ချိပ်နီ ဆေး၊ နီးပါးဆေးပင်နှင့် မြေထဲပင်လယ်မှ ရရှိသော ခရု တမျိုးစသည်တို့ ဖြစ်၏။ အမေရိကတိုက်သို့ ရှေးဦးစွာ ရောက် ရှိလာသော ဥရောပတိုက်မှ အမျိုးသမီးများသည်သစ်သီး၊သစ်ဥ၊ သစ်မြစ်များကို ဆိုးဆေးအဖြစ်အသုံးပြုကြသည်။

တွင်းထွက်ဓာတ်သတ္တုမှ ရသောဆိုးဆေး။ လူတို့သည် ကမ္ဘာမြေကြီးအတွင်းမှ ရရှိသော ဓာတ်သတ္တုများကို ဆိုးဆေးအဖြစ် သုံးတတ် လာကြသည်။ တွင်းထွက် ဓာတ်သတ္တုနှင့် သစ်ပင်မှ ရသော အရောင်များကို ပေါင်းစပ်သောအခါ အရောင်များ ပိုမို ထောက်ပလာသည်ကို တွေ့ရှိရသည်။

ယခုအခါ သဘာဝဆိုးဆေးနှင့် တွင်းထွက်ဆိုးဆေးတို့မှာ ဓာတုဗေဒနည်းဖြင့် ဖော်စပ်ထားသော ဆိုးဆေးများဖြင့် အစားထိုးခြင်းကို ခံနေရပေပြီ။

ဓာတုဗေဒဆိုးဆေးများမှာ အဖိုးနှုန်းချိသာသည့်အပြင်အရောင် အသွေး ပို၍ များပြားသည်။ ဆေး ပိုခိုင်ပြီး၊ အရောင်လည်း ပို၍ ညီညာသည်။

ဓာတုဗေဒဆိုးဆေး။ကတ္တရာစေးမှထွက်သော ဖင်ဇင်း၊ နက်သာလင်း၊ အန်သရာဆင်း စသည်တို့မှ ဓာတုဗေဒ ဆိုးဆေးများကို ထုတ်လုပ်သည်။၁၈၅၆ခုတွင် အင်္ဂလိပ်ဓာတုဗေဒပညာရှင်ဝီလျံဟင်နရီပါကင်က ဓာတုဗေဒဆိုးဆေးကို စတင်တွေ့ရှိခဲ့သည်။ ပထမက မ္ဘာစစ်မဖြစ်မီက ဆိုးဆေးများကို ဥရောပတိုက်တွင် အကြီးအကျယ် ထုတ်လုပ်ခဲ့သည်။

ဆေးဆိုးရာတွင် ဓာတုဗေဒနည်းဖြင့် အဆင့်ဆင့် ဆိုးရသည်။ အထည်အမျိုးအစားပေါ် မူတည်ပြီး နည်းအမျိုးမျိုးကို အသုံးပြုလေသည်။ အရှိုချည်မျှင်များကို ဆိုးပြီးမှ အထည်အဖြစ် ရက်လုပ်သည်။ အရှိုကို အထည်အလိပ်အဖြစ် ရက်လုပ်ပြီးမှ ဆေးဆိုးလေသည်။

အရှိုဆိုးဆေးများသည် အထည်ကို ဆိုးသောအခါ နဂို အရောင် တခါတည်းနှင့် ရသည်။ ဤဆိုးဆေးမျိုးကို တိုက်ရိုက် အရောင်ဆိုးဆေးဟု ခေါ်သည်။ အရှိုဆိုးဆေးများမှာ နောက်ဆေးတခုဖြင့်ကူမှသာ ကိုယ်လိုချင်သော အရောင်ကို ရရှိလေသည်။ အရှိုဆေးများသည် အထည်တမျိုးကို ဆိုးသောအခါ တိုက်ရိုက်အရောင်ရရှိပြီး အခြားအထည်တမျိုးကို ဆိုးသောအခါ အခြားဆေးတမျိုးနှင့် ရောစပ်မှသာ လိုသောအရောင်ကို ရရှိသည်။ ထို့ကြောင့် ဆိုးဆေးပေါင်း မြောက်မြားစွာ ပေါ်လာသည်။ဆိုးဆေးများကိုအသုံးပြုရာ၌ ဆိုးလိုသောအထည်နှင့်လိုက်ဖက်ညီသော ဆိုးဆေးကို တိကျစွာသိရန် လိုအပ်ပေသည်။ ဓာတ်ပစ္စည်းအမျိုးမျိုးမှ ထုတ်လုပ်သော ဆိုးဆေးများမှာ တာရှည်အခံဆုံးနှင့် အရှိုသော အထည်အလိပ်များအတွက် ဆေးအခိုင်ဆုံး ဖြစ်လေသည်။

မျိုးကဗို

ကိုယ်အပြစ်နဲ့ကိုယ်

ကာတွန်းဖော်ပြချက်
ရဲအိသဲ



တခါက တခုသော တောကြီး အတွင်း၌
တိရစ္ဆာန်အပေါင်းတို့ နေထိုင်ကြကုန်၏။

ဦးဝက်ဝံ ခေါင်း ဆောင်သော တောတွင်း သားတို့သည် ရေတွင်းတူးရန်အတွက် ထွက်ခဲ့ကြလေသည်။

ဟာ ငါတကိုယ်လုံး ဂုန်းလို့မရပါလားဟေ့ သွတ်
သွတ်
ဟေ့ကောင်- မင်းဘယ်သူလဲကွ- ဟေ့ဟေ့- ငါ့လက်ကိုသွတ်ကွာ ဟေ့ သွတ်ကွ-
ရေတွင်း အနီးရောက်သော်-
ဟာ- ဟိုမှာမှောက်ဘာကောင်လဲ- ငါ့ပိုက်ရေခိုးခဲတဲ့ကောင်ထင်ပါ့-
နံနက်လင်းသော်-
ဟင်- သစ်ခေးတွေနဲ့ လှည်းတော်ဘဂျိကြီးက- ဒါကြောင့် ချိမဲဥကာကပ် နေတာကိုး-
မကြာမီ တိရစ္ဆာန်များ ရောဝင်ရန် ရောက်လာကြ၏။
ဟာ
ဖိုး ရွှေယုန်ပါလား
ဦးရွှေယုန်မှာ ဂျက်လွန်းလှပြီး နောင်တလည်း ရမိလေတော့သည်။
ဦး- ငါ့အပြစ်နဲ့ ငါ- ခံရတာကဲ့- ခံရတာကဲ့
ဟာ
ဟား
ဟား
ဟား
ဟား

အချို့များများစားလျှင်အဘယ်ကြောင့် သွားပိုး စားတတ်သနည်း

သကြားလုံးနှင့် အချိုကြိုက်တတ်သော ကလေးများတွင် မကြာခဏသွားကိုက်ခြင်း၊ သွားပိုးစားခြင်း ဖြစ်တတ်သည်ကို တွေ့ရပေလိမ့်မည်။ သွားပိုးစားခြင်းဟုခေါ်သော်လည်း စင်စစ် အများထင်သကဲ့သို့ သွားကိုပိုးမွှားကောင်ငယ်လေးများက ကိုက်ဖြတ်ထိုးဆွခြင်းမဟုတ်ပေ။ သွားပိုးဟူ၍မရှိပေ။ သွားကိုက်ခြင်း၊ သွားပိုးစားခြင်းမှာ "လက်တစ်အက်ဆစ်" ခေါ် "နို့အက်ဆစ်" ကြောင့် ဖြစ်လေသည်။ နို့ချဉ်သွားခြင်းမှာ ယင်းအက်ဆစ် ဖြစ်လာသောကြောင့် ဖြစ်သည်။ သကြားနှင့် အချိုဓာတ်သည် ပါးစပ်ထဲရှိ ဗက်တီးရီးယားတို့ကြောင့် အချဉ်ပေါက်ပြီး နို့အက်ဆစ် ဖြစ်လာသည်။ ယင်း နို့အက်ဆစ်သည် သွားပေါက်များနှင့် သွားအက်ကြောင်းများ အတွင်းသို့ ဝင်ရောက်ပြီး တဖြည်းဖြည်း သွားကိုတိုက်စားပစ်သည်။ ကြာလာသောအခါ သွား၏ အပေါ်ယံကြွေ ကျောက်လွှာ ပျက်စီးသွားပြီး နာဗ်ကြောလေးများ ရှိသည့်အလွှာ ပေါ်လာသည်။ ယင်း အလွှာကို နို့အက်ဆစ်သို့မဟုတ် ရေအေး၊ ရေပူထိသောအခါ အထိမခံနိုင်ပဲ သွားကိုက်ခြင်း၊ သွားနာခြင်း ဖြစ်ပေါ်ရလေသည်။

တင်လှဦး

ဒီလိုဆိုညီအကို တော်မှာပေါ့!

ရင်ဖွင့် မဲမှသည်

ညောင်ခြေဆင်မောင်မြ



ကျောင်းကြီး စတင်ဖွင့်လာသည်မှာ တပတ်လောက် ရှိခဲ့ပြီ။ နွေရာသီ ကျောင်းရက်ရှည်ပိတ် တုန်းက ပျင်း ရိ စဘွယ် တကိုယ်တည်း အိပ်မောကျနေခဲ့သော ကျောင်းခေါင်းလောင်းကြီးသည် ယခုတော့ အသက်ဝင် လှုပ်ရှားကာ အားရ ရွှင်လန်းလျက်ရှိ၏။

ကျောင်းဆရာမလေး ဒေါ်မြမြယဉ်သည် သူ အုပ် ချုပ် ရမည့် နဝမတန်း(ခ) အတန်းထဲသို့ ဝင်လိုက်သည်နှင့်တပြိုင်နက် "မင်္ဂလာပါ ဆရာမ"ဟု နှုတ်ခွန်း ဆက် လိုက် ကြ သော ကျောင်း သူ ကျောင်း သား ကလေးများ၏ အသံသည် တတန်းလုံး ဆူညံသွားလေသည်။

"မင်္ဂလာပါ"ဟု ဆရာမလေး ကလည်း ပြန်၍ နှုတ်ဆက်လိုက်သည်။

ဆရာမလေး ဒေါ်မြမြယဉ်သည် ကျောင်းသူ ကျောင်းသားများကို အထိုင်ခိုင်းလိုက်ပြီး၊ တစုံတခုကို တွေးတောနေပါသည်။ခဏကြာသော် ဆရာမ၏ မျက်နှာသည် ကြည်လင်လာပြီး –

"ဒါနဲ့ မင်းတို့ လေး တွေ့ ကို ဆရာမ တခုမေးမယ်၊ ဖြေဆိုချင်ကြ တဲ့ သူ တွေ ငါး ယောက်လောက် ဆရာမဆီ စာရင်းပေးနိုင်တယ်"

ကျောင်းသား နှစ်ယောက်နှင့် ကျောင်းသူ သုံးယောက်က ဆရာမဆီသွားပြီး စာရင်းပေးကြသည်။ အချို့က နောက်ကျသွား၍ စာရင်း မပေးလိုက်ကြရပေ။ ကျောင်းသား ကျောင်းသူများမှာမူ ဆရာမ ဘာများ မေးမှာပါလိမ့် ဟူသော အတွေးဖြင့် အချင်းချင်း ခေါင်းချင်း ရိုက်၍ ဆွေးနွေးနေကြသည်။ မကြာမီ ဆရာမက–

"စာ ရင်း ပေး ထား ကြသူ တွေ့ကို ဆရာမ ဖတ်ပြမယ်။ မောင်မြင့်လွင်၊ မောင်ဝင့်ဇော်၊ မနီနီ၊ မဖုံးတင့်နဲ့ မချိုချို့တို့ဖြစ်တယ်။ ကဲ....ဆရာမ မေးမှာက နွေကျောင်းပိတ်ရက်မှာ မင်းတို့ လေးတွေ ဘယ်သွားခဲ့ကြသလဲ၊ ပြီး ဘာလုပ်ခဲ့ကြသလဲ။ ပထမ ဦးဆုံး မောင် မြင့် လွင် က စ ပြီး အစဉ်လိုက် တတန်းလုံး ကြား အောင် ဖြေပါ"

မောင်မြင့်လွင်။ ။"ကျနော် ဟာ နွေကျောင်းပိတ်ရက်တုန်းက ဖေဖေနဲ့အတူ ရန်ကုန်သွားခဲ့ပါတယ်။ ပြီး ရွှေတိဂုံ၊ ကမ္ဘာအေး၊ ဆူးလေစေတီ၊ နဘဂလိုဏ်ဂူ အစရှိတဲ့ ဘုရားတွေအနှံ့ ဖူးရင်း ကုသိုလ် ရှာဖွေခြင်း အလုပ်ကိုလုပ်ခဲ့ပါတယ် ဆရာမ"

မောင်ဝင့်ဇော်။ ။"ကျနော်က နွေကျောင်းပိတ်ရက်တုန်းက ဦးလေး တယောက်နဲ့အတူ မန္တလေးသွားခဲ့ပါတယ်။ ပြီး.... မန္တလေးနန်းတော်ထဲဝင်ရောက်လေ့လာခဲ့လို့ ဗဟုသုတအနေနဲ့ အတော်လေး ရလာခဲ့ပါတယ် ဆရာမ"

မနီနီ။ ။"ကျမက နွေကျောင်းပိတ်တုန်းက တောင်ကြီးမြို့ကို အမ တ ယောက်နဲ့

မြန်မာ့တေးနှင့် ကရေးဆင်

ရွှေအိုးစည်က မြည်သံသာ၊
ဗေထိုဗေထိုပါ။
သာသာယာယာ လီအိုပြု၊
ကိုကိုန္နတ်ကြည်မြူ။
ညီမထွေးက မခေါ်
ကကွက်ပြိုင်ပြွင်အိုင်း။
ချိုးလက်ပိုင်ပိုင် အကဆန်း၊
ကြည့်ကြရှုကြစမ်း။
ရွှင်လန်းတက်ကြွ တေးဂီတာ၊
မြန်မာ့တူရိယာ။
သံပြေညည်း [illegible] တား၊
ဖေါင်ဒင် ဖေါင်ဒင်မေး။
[illegible]
တင်လှိုက်ကာ၊
မျက်စိရှက်စရာ။
ဟိုမှာသည်မှာ တချို့တွဲ၊
နောက်တိုင်း အကပွဲ။
နဲ့ကြဆင်ကြ ယဉ်[illegible]တယ်၊
တို့တေးဝန်းကျင်ဝယ်။
ကမယ်ခုန်မယ် လှလှပ၊
မြန်မာ့တေးဂီတ။ ။

မောင်လှ (ကျောက်မော်)

သွားခဲ့ပါတယ်။ ပြီး....သာယာအေးချမ်းလှတဲ့ တောင်ကြီးမြို့ပေါ်က စင်စံထွန်း ဆေးရုံကြီးကို ဝင်ရောက် လေ့လာ ခဲ့ပါတယ်။ ဒါနဲ့ ဆရာဝန်၊ ဆရာမတွေရဲ့ စေတနာတွေကို မြင်ပြီး ပညာ တတ် လာ တဲ့ တန္ခေကျယင် ဆရာမ လုပ်မယ်ရယ်လို့ ဆုံးဖြတ်လာမိပါတယ် ဆရာမ”

မဖုံးတင့်။ ။“ကျမဟာ နွေကျောင်းပိတ်ရက်တုန်းက အမေနဲ့အတူ အင်းလေး ရောက်သွားခဲ့ပါတယ်။ ပြီး....သဘာဝ အလှတွေ ပေါပြည့်ဝတဲ့ အင်းလေးဆီမှာ ရေခြံစိုက်ပျိုးခြင်း နည်းတွေကို လေ့လာရင်း ကိုယ်တိုင် ပါ ဝင် စိုက် ပျိုး ခဲ့ ဘူး ပါ တယ် ဆရာမ”

မချိုချို။ ။“ကျမကတော့ ဆင်း ရဲ နွမ်း ပါး သူ မို့ ဘယ်မြို့ ဘယ်ဌာနကိုမှ မရောက်ခဲ့ပါဘူး ဆရာမ။အိမ်မှာနေပြီးဘဲ မေမေနဲ့အတူ အိမ်မှုကိစ္စတွေကို ကူညီလုပ် ဆောင် ပေး ခဲ့ ရ ပါတယ်။ စျေး လဲ ရောင်း ခဲ့ ပါ တယ်။ ကျောင်း ဖွင့် ယင် ဝယ် နိုင် ဖို့ စာအုပ်ဖိုးတွေကို စျေးရောင်းရင်း စု ဆောင်း ခဲ့ ရ ပါ တယ် ဆရာမ”

ဆရာမလေး ဒေါ်မြမြယဉ်သည် သူတို့လေးတွေ၏ ပြောစကားများကို နား ထောင် ၍ အပြီး ခေါင်းတချက်ညိတ်ကာ–

“မင်းတို့လေးတွေရဲ့ လုပ်ဆောင်ချက်တွေဟာ အင်မတန်သန့် စင် မွန် မြတ် တဲ့ အ တွက် ဆရာမအနေနဲ့ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ မင်းတို့လေးတွေ အထဲမှာ မချိုချိုလို ရွန်းကန် လှုပ်ရှားနေရတဲ့ ဘဝမျိုးလဲ ပါ ကြမှာဘဲ။ ဒါပေမဲ့ ဒါဟာ ရှက်စရာ ဝမ်းနည်းစရာ မဟုတ်ဘူး။ ဒီ ငါး ယောက် အ ထဲ မှာ မချိုချို တယောက်ဟာ အဆင်းရဲ အနှမ်းပါးဆုံးဘဲ။ သူ့ခမျာ နွေ ကျောင်း ပိတ် ရက် ပေမဲ့ အ နားမနေခဲ့ဘူး။ အိမ်မှုကိစ္စတွေမှာ ပါဝင်ကူညီခဲ့သလို ကျောင်း ဖွင့်ချိန်အတွက် ငွေကြေး မွန်း ပြီး စျေးရောင်းရင်း စာအုပ်ဖိုးတွေ စုမိခဲ့တယ်”

ဆရာမ လေး ဝမည် နဖူးမှစို့ထွက်လာသော ချွေးကို သူ၏ လက် ကိုင် ပုဝါ ဖြင့် သုတ်ရင်း ခေတ္တ စကား ဖြတ်၊ ထား လိုက် သည်။ ထို့နောက် စကားဆက် ပြန်သည်။

“ဆရာမ နောက်ဆုံး ပြော ချင်တာကတော့ ငေနာက်နောင် ကျောင်းရက်ရှည်ပိတ်တိုင်း မင်းတို့လေးတွေဟာ အချိန်ကို တန်ဖိုးရှိရှိ အသုံးပြုကြပါလို့ တိုက် တွန်းချင်ပါတယ်ကွယ်”

“ဟုတ်ကဲ့ပါ ဆရာမ”

တပြိုင်တည်း ညီညာဖျဖျက တီ ပေး လိုက် ကြ သော ကျောင်းသူ ကျောင်းသားများ၏အသံမှာ တတန်းလုံး ဖုံးလွှမ်းသွားသည်နှင့်အမျှ ဆရာမ၏ရင်ထဲဝယ် ပီတိအဟုန်လွှမ်းခြုံသွားပေတော့သတည်း။ ။

× × ×

ပိုးကျိုင်းကောင်

ပိုးကျိုင်းကောင် များကို ပြေ၊ မေ နှင့် ဇွန်လ များတွင် မိုးရွာ ပြီးစ ညနေချိန် များ၌ လယ်ကွင်း များတွင် အများဆုံး တွေ့ရသည်။ ဂုံးကောင်၊ ပိုးတီကောင်၊ ဖိုးလမင်းဟူ၍ ဒေသအလိုက် ခေါ်ကြသည်။ အညို ရောင်၊ အနက်ရောင်နှင့် အချို့မှာ အနက်တွင် အဝါစင်း နှင့် ဖြစ်သည်။ အနက်ရောင် ပိုးကျိုင်းကောင်သည် နှမ်းပင်နှင့် ချဉ်ပေါင်ပင်များမှ အရွက်များကို စားကြသည်။ အညိုရောင် ပိုးကျိုင်းကောင်သည်။ အချို့ ပိုးစာရွက်ကိုစား၍ အချို့မှာ နှင်းဆီ ရွက်ကို စားကြသည်။ အများအားဖြင့် အပင်ရိုင်းများကို စားသောက်ကြသည်။ အရွယ်အစားမှာ အမျိုးမျိုးရှိသည်။



ပိုးကျိုင်းကောင် များသည် ညအခါ အုပ်လိုက်ထွက်ကာ အဖို့အမ မိတ် လိုက်ပြီး နေ့အလင်းရောင်မပေါ်မီ မြေတွင်းအောင်းကြသည်။ အဖြူရောင် ဂပုံဝိုင်းသော ဥများကို ပြောင်း၊ ကြံ၊ စပါး၊ မြေပဲနှင့် အခြားသီးနှံပင်များ၏ အမြစ်အကြားဌာနတွင်း၊ သစ်ရွက်ဆွေး၊ နွားချေးနှင့် အမှိုက်ပုံများအတွင်းဌာနတွင်း၊ အုံကြသည်။ ဥမှ ပိုး တီကောင် များပေါက်လာသည်။ ပေါက်ဖွားသည့် နေရာ ဝန်းကျင်ရှိ အပင်များမှ အမြစ် များကို စားသည်။ ထိုနောက်မြေကြီးအတွင်း အသိုက်များ ပြုလုပ်ကာ ပိုး တုံး လုံး ဘဝ ဖြင့် အောင်းနေသည်။ နောင်နှစ် ပြေ လ ခန့် တွင် ပိုး ကျိုင်းကောင်ဖြစ်လာပြီး မြေပြင်သို့ ထွက်လာကြသည်။

ပိုး ကျိုင်း ကောင် များသည် စိုက်ပျိုးပင်နှင့် ဟင်းသီးဟင်းရွက်တို့၏ အညွှန့်အဖူး များ ကို ကိုက် ဖြတ် စား သောက်ကြသည်။ ပိုးကျိုင်းကောင်ဘဝဖြင့် တလမှ နှစ်လကြာအထိ အသက်ရှင်နေထိုင်ပြီးသေဆုံးကြသည်။

မောင်ဆုပန်

၂၅ မြား

ရန်ကုန်မြို့၊ ၂၂၉-၅၃၁ ကုန်သည်ငယ်စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ် ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး
ဂျာနယ်ဝ

၁၃၃၆ ခု၊ ပထမဝါဆိုလဆန်း ၁၁-ရက် (၂၉-၆-၇၄)



ခရီးလေပန်းပြီ နေကလဲဝင်တော့
မယ် ဟိုရေရပ်ကလေးမှာဘဲ
တည် နားကြစို့ဗျာ

မိတ်ဆွေသုံးဦးတို့သည် ပညာသင်ပြီး မိမိတို့
နေရပ်သို့ ပြန်ခဲ့ရာတွင် လမ်း၌ ခရီးပန်းသဖြင့်

ဂျုတ်ကြီး ထဲတည့်ဝင်အိပ်ပြီး
ကံကောင်းယင်တော့ဆုကြီး
ရမှာမလွဲဘူး
ကံကိုချည်း အားမကိုးစမ်း
ပါနဲ့ဗျာ-ဒါဉာက်စမ်းထား
တာဗျ-ဉာက်ကိုသုံးရမယ်
ဒါပေမဲ့ ဝိဇ္ဇာ များများ
ရှိဘို့လိုမယ်ထင်တယ်
သူတို့သုံးဦးသည် ဂူထဲဝင်ရန် ထက်သန်စွာ
စာရင်းပေးသွင်းကြ၏၊
ကျုပ်တို့သုံးယောက်
တလှည့်စီဝင်မယ်
ပထမဆုံးအလှည့်
ကျသူကတော့ . . . .
မောင်ကံပါဘဲ
ဂူပေါက်ပိတ်
ပေတော့

ကျောက်တုံးတတုံး!
ခေါင်းအုံးလုပ်ရဖယ်
အမလေး--မောင်လိုက်ထာ
အေး လိုက်ထာလဲ လွန်ရော
ဟီး--ဟီး--ဟီး
မောင်က သေးခြင်း
သေပြီ
ဟီး--ဟီး ချမ်း လိုက်
ထာ--လုံချည်ခြုံပြီး
ကွေးမှဘဲလေ....
ဥာဏ်ရှိတဲ့လူဆိုတော့
ဖယောင်းတိုင် နဲ့ မီးခြစ်
ဌက်ယူခဲ့တာပေါ့
ဒုတိယ အလှည့်ကျသူ
ကတော့ မောင်ဥာဏ်
ပါဘဲ

ဒီလောက် အေးယင်
သွေး ခဲပြီး သေ လိမ့်မယ်
မီးလုံကို ထင်းများမှ ဘဲ

ပယောင်းတိုင်လေ တပြုတ်းပြုတ်း
တိုလာပြီ ထင်းလေများ မရ
ချမ်းလိုက်တာ..ဟီးဟီး

မောင်ဉာက်လေ
သေပြန်ပြီ

မောင်ကံနဲ့ မောင်ဉာက်တို့ကော
သေများပြီ - ငါ့အလှည့်တောင်
ရောက်လာပါပကော

ကဲ မောင် ဝိရိယ
ကြိုးစားပေတော့

အလို...တယ်အေးပါလား
ဒါကြောင့် သေကြတာကိုး

သွေး ဟူအောင် ဘာလုပ်
ရပါ့မလဲ
ဖီးလုံ့ ဘို့ ထင်းရှာ လို့
ရွာ မဟုတ် ဘူး-ဒီအတိုင်း
နေယင်လဲ-သွေး ခဲပြီး သေ
မှာ မလွဲဘူး
ဒီ ကျောက်တုံး ကို-မ
လိုက်-နား လိုက် လုပ်ပြီး
သွေး ဟူလေ့ကျင့် ခန်း လုပ်
ပေးမှာ
မပေါ့ မ လေး
ကျောက်တုံး တွဲတုံး
တော့တွေ့ပြီ
၁၀၀...
၁၀
၃၀
၆၀
၅၀
အကြိမ် ၅၀..

ဂူပေါက်ကြီး ဖွင့်လိုက်သောအခါ...
ဟယ်!
ဟာ!

အချိန်ဆွေပြီ ဂူပေါက်
ဖွင့်တော့
သူလဲသေမှာ
ပါဘဲဗျာ

ဟုတ်တယ်-ဘယ်အလုပ်မျိုး
မဆို ဝိဇိယစိုက်ပြီး ပြုလုပ်
ယင် အောင်မြင်နိုင်တယ်

ဝိဇိယ-စိုက်ထုတ်ပြီးတ
ည်းသွေးပူအောင်လုပ်
နေလို့ မသေတာပါ

ပြီး

ကံဆိုတာ မသေချာဘူး
ဥာက်ဘယ်လောက်ရှိရှိ-ဝိဇိယ
စိုက်ပြီး အလုပ်မလုပ်ယင်
မအောင်မြင်နိုင်ဘူး

ဆေးဝါးထုတ်လုပ်ခြင်း

ဆိုးဇာင်

ကျွန်ုပ်တို့သည် တခါတရံ နေထိုင်မကောင်း ဖြစ်တတ်သည်မှ လွဲ၍ များသောအားဖြင့် ကျန်းမာ ပျော်ရွှင်စွာ သွားလာလှုပ်ရှား၍ နေကြသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ကောင်းစွာ အလုပ်လုပ်နေသဖြင့် ကျန်းမာ၍နေသည်။ သမိုင်းမတင်မီ ခေတ်က လူတို့သည် နေထိုင်မကောင်း ဖြစ်သောအခါ လူ့ခန္ဓာကိုယ်တွင်းသို့ မကောင်း ဆိုးဝါးများ ဝင်သည်ဟု ယူဆခဲ့ကြသည်။ ယခုအခါတွင်မူ အချို့သောပိုးမွှားများသည် ရောဂါ ဖြစ်စေကြောင်းကို သိရှိလာကြသည်။ ထိုရောဂါ ပိုးများ သေစေရန် ဆေးသောက်ခြင်းဖြင့် ရောဂါကို ပျောက်ကင်း စေနိုင်ပေသည်။

ဆေးများ စတင်ရာဌာနမှာ သုတေသနဓာတ်စမ်းခန်းများ ဖြစ်သည်။ ဤနေရာတွင် သိပ္ပံပညာရှင်များသည် ဆေးဝါးအဖြစ် သုံးနိုင်စရာရှိသော ဖြေပေါင်းအမျိုးမျိုးဖြင့် စမ်းသပ်ကြသည်။ ပုံမှာအဆပေါင်း ၂၅၀,၀၀၀ အကြိမ်ခွဲ၍ မြင်နိုင်သော အီလက်ထရွန် မိုက်ကရိုစကုပ်ပုံဖြစ်၍ ရောဂါဖြစ်နေသော ဆဲလ်များတွင် ဓာတ်ဆေးများ ထည့်ကာ လေ့လာနေခြင်း ဖြစ်၏။

ဤပုံမှာ သိပ္ပံပညာရှင် တဦးသည် ဆေးအသစ်တခုကို တွေ့ရှိပြီးနောက် ထိုဆေးကို သက်ရှိသတ္တဝါတို့၏ တစ်သျှူးခေါ် အသားမျင်များပေါ်၌ စမ်းသပ်နေပုံ ဖြစ်သည်။

ဆေးအသစ်တခုကို တွေ့ရှိရန် အတွက် သိပ္ပံပညာရှင် များသည် နှစ်ပေါင်း များစွာ ကြိုးစား၍ စမ်းသပ်ရာဖွေတီထွင် ရပေသည်။



ဆေးအသစ်တခုကို တွေ့ရှိသောအခါထိုဆေးကိုအများအပြား ထုတ်လုပ်ရန် ဆေးတွင် ပါဝင်သော ပစ္စည်းများကို အများအပြား ထုတ်လုပ်ရလေသည်။

ဆေးဝါး ထုတ်လုပ် ရာ၌ အရေး အကြီး ဆုံး သော အချက် မှာ သန့်ရှင်းရေး ဖြစ် ၍ စက်ရုံအတွင်း ဝယ်ရောက် အသုံး အဆောင်များပါ သန့်ရှင်းစေရန် အမြဲဂရုစိုက် ရလေသည်။

ဆေးများကို အမြဲနီး အဆ တိကျ ဖေရန် ဆေးလုံးများ ပြုလုပ်ထား လေ့ရှိ၏။ ထိုအတွက် ဆေးမှုန့်များကို ရောစပ်ပြီး အစေ့ ကလေး များ ပြုလုပ် ကာ အခြောက်ခံ ပေးရသည်။

ထိုနောက် ဆေးလုံး လုပ်စက်သို့ ပြောင်းရွှေ့ပြီး လိုရာ အရွယ် ပြုလုပ်သည်။ ဤစက်သည် တနာရီလျှင် ဆေးလုံး ၉၀,၀၀၀ အထိထုတ်လုပ်နိုင်သည်။

အချို့သော ဆေးလုံးများကို သကြား အုပ် ပေး သည်။ ထို အတွက် ဆေးလုံးများကို သကြားရည် ထည့်ထားသော လည်နေသည့် စက်များတွင် ထည့်မွှေပေးရသည်။

ဆေးလုံးများကို ဤစက်သို့ ပို့ပေးပြီး ကတော့များမှတဆင့် ပုလင်းထဲသို့ ထည့်ပေးသည်။ ဆေးလုံးမည်မျှထည့်ရမည်ကို ဒိုင်ခွက် လှည့် ပေးခြင်း ဖြင့် ထိန်းချုပ် ပေးသည်။

ဆေးပုလင်းများကို တဖန် ဤစက်များဖြင့် စက္ကူ သေတ္တာများတွင် ထည့်သွင်း ထုပ်ပိုး ပေး ရ သည်။ ထို နောက် သို လှောင်ခန်းသို့ ပို့ပေး၍ သိမ်း ဆည်းထားသည်။

ကျန်ပ်တို့ မြန်မာနိုင်ငံ တွင် လည်း မြန်မာ့ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်း ရှိသည်။ ယင်းလုပ်ငန်း အတွက် ဆေးဝါးထုတ်လုပ်ရေး စက်ရုံကြီး တရုံတည်ဆောက်ထားသည်။

ယခုအခါထိုးဆေး၊ စားဆေး၊ သောက်ဆေး၊ လိမ်းဆေး စသည့် ဆေးများစုံကို ထုတ်လုပ်ပေးလျက်ရှိ၍ ဆေးအသစ်များကိုလည်း သုတေသန ပြုလျက် ရှိပေသည်။

စပေါင်းဘလ

ရေးဆွဲသည်

ပန်းချီဆရာတဦး၏ ပုံဆွဲစားပွဲထဲ၌ ပုံကြမ်းဆွဲရန်ထားသော ရောင်စုံခဲတံကလေးများ ရှိသည်။

ထိုရောင်စုံခဲတံကလေးများသည် အချင်းချင်းလိုင်ဆိုင်လျက် ရှိကြ၏။



ထို့အတူ ခဲတံပြာနှင့် ခဲတံနက်တို့ကလည်း တစခန်း ထကြပြန်သည်။



အဝါနှင့် အပြာကို ပေါင်းစပ်လိုက်သော အခါ အစိမ်းရောင်၊



အဝါနှင့်အနီကို ပေါင်းစပ်လိုက်သောအခါ လိမ္မော်ရောင်၊



အပြာနှင့်အနီကို ပေါင်းစပ်လိုက်သောအခါ မရမ်းရောင်၊



နောက်ဆုံးတွင် ခဲတံအနက်ဖြင့် ကောက်ကြောင်း ရေးခြစ်လိုက်သောအခါတွင်ကား

အရောင်အသွေးစုံ၍ လှပမြင်ဆိုင်သော ပန်းချီကားတချပ် ဖြစ်လာတော့သည်။

ကော်ဖီခါးခါး သောက်လျှင် ဘာကြောင့်မအိပ်ချင်သနည်း

ကျွန်ုပ်တို့သည် ညလုံးပေါက် အလုပ်လုပ်လိုသော အခါဖြစ်စေ၊ စာကြည့်လိုသောအခါ ဖြစ်စေ ကော်ဖီခါးခါးကို သောက်လေ့ရှိသည်။ ထိုအခါ အိပ်ချင်စိတ် ပျောက်ပြီး လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ဖြစ်လာသည်။ လက်ဖက်ရည်ကျကျ သောက်လျှင်လည်း အထက်ပါအတိုင်းပင် အိပ်ချင်စိတ် ပျောက်ပြီး လန်းလန်းဆန်းဆန်း ဖြစ်လာ သည်။ အဘယ်ကြောင့် ပါနည်း။ အကြောင်းမှာ ကော်ဖီနှင့် လက်ဖက်ခြောက်တို့တွင် "ကေဖင်း"ခေါ် ဓာတ်ပစ္စည်းတမျိုး ပါဝင်သောကြောင့် ဖြစ်သည်။

ကေဖင်းသည် ကျွန်ုပ်တို့၏ အာရုံကြောများကို တက်ကြွ ဖျတ်လတ်စေသည်။ ထို့ကြောင့် အိပ်ချင်စိတ်နည်းပြီး အလုပ်လုပ်နိုင်ခြင်း ဖြစ်သည်။ သို့သော် ကော်ဖီ သို့မဟုတ် လက်ဖက်ရည်ကို အမြဲအစဲ့ကြာရှည် စွာသောက်သုံးပါက စိတ်ချောက်ချားခြင်း၊ မတ်မငြိမ်ခြင်း၊ အိပ်မပျော်ခြင်းနှင့် အစာအိမ်ရောဂါတို့ ဖြစ်ပေါ်လာတတ်သည်ကို သတိပြုသင့်ပေသည်။

တင်လှဦး

လေးဂွလိုချင်တယ်

ညီညီညွတ်ညွတ်

မောင်မောင်ကိုလေး



မိုးသည် အဆက်မပြတ် ရွာသွန်းလျက်ရှိ၏။ တောင်ကျောကုန်း တလျောက်မှ အသွယ်သွယ်သော ရေဝေစမ်းကလေးများမှာ နိမ့်ရာအရပ်သို့ ဒလဟောထိုးဆင်းနေကြသည်။ ထို့နောက် တောင်ကြား ရှိ ချောင်းမထဲသို့ စီးဝင်ကြသည်။

တောင်ကြား ချောင်းမသည် ဤဒေသအတွင်း၌ ရေတံခွန်များကို ဖြစ်ပေါ် စေလျက် ပြင်းထန် သော အဟုန် ဖြင့် တောင်အောက်လွင်ပြင်ဒေသသို့ စီးသွားသည်။ ဤ နေ ရာ ကား ရေ၏သဘာဝ အင်အား အစ ပြုံးရာ ဒေသတည်း။

ဆယ်ရက်ခန့် ရွာနေခဲ့သော မိုးကား မတိတ်။ ဆားကွင်းလွင်ပြင်ဒေသရှိ ကျယ်ပြန့်သော မြစ်မကြီးသည် တောင်ကျရေတို့ဖြင့် ပြည့်လျှံလာသည်။ မြစ်ကမ်းတလျောက်ရှိရွာများကိုရေလွှမ်းမိုးမည့် ဘေးရန်သည် ခြိမ်းခြောက်လာသည်။

ရေသာရွာသားတို့သည် မြစ်ရေပြည့်လျှံလာသည်ကို သတိမမူကြပေ။ တောင်ကျရေနှင့် အတူ မျောပါလာသော ထင်းများကို သာ အလုအယက် ဆယ်ယူနေကြသည်။

"ဗျို့– ဟို က မျော လာ တဲ့ ထင်းဟာ ကျုပ်မြင်တာ၊ ကျုပ် ထင်းဗျနော်"

"ဒီလိုလုပ်လို့တော့ မရဘူးဗျ။ ကျုပ်လဲမြင်တာဘဲ၊ ကျုပ် ဆယ်လို့ရယင် ကျုပ်ယူမယ်"

"အခုနကလဲ ခင်ဗျားဘဲ မဟုတ်လား ကျုပ်ထင်းကို ဝင် ဆယ်သွားတာ။ ဒီတခါတော့ ဆယ်ဝံ့ဆယ်ကြည့်ဗျာ"

"ခင်ဗျားက လူမိုက်စကား ပြောတာလား၊ မိုက်ယင်ထွက်ခဲ့"

ဤသို့ဖြင့် ရွာသားအချင်းချင်း တုတ်တပြက် ခားတပြက် ဖြစ်ကြရာမှ တရွာလုံးမညီမညွတ် စိတ်ဝမ်းကွဲပြားရ၍ နေကြလေသည်။

ညဉ့်အမှောင် ရောက်လာပြီး မကြာမီအချိန်အတွင်း တရွာလုံး မောမောဖြင့် အိပ်မောကျကုန်တော့၏။ ထိုအချိန်တွင်တန္ခူလုံး တရွှေ့ရွှေ့ မြင့်တက် လာသော မြစ်ရေသည် တရိုးပေါ် ရောက်လုသည်အထိ တိတ်တဆိတ်တက်လာသည်။ မကြာမီ မြစ်ရေကို အရံအတား ပြုလုပ်ထားသော တရိုးသည်မခံနိုင်ပဲ ကျိုးပေါက်သွားလေသည်။

ရေထုသည် အလုံးအရင်းနှင့် ရွာတွင်းသို့ ဒလဟောဝင်လာပြီး တဲအိမ် အတားအဆီးမှန်သမျှကို ဒလကြမ်း တိုက်ချသွားသည်။ ကြက်၊ ဝက်၊ ကျွဲ၊ နွားတိရစ္ဆာန်များသာမက မပြေးနိုင်သော အဘိုးအို၊ အမယ်အို၊ ကလေးသူငယ်များပါ ရေထဲ မျောပါကုန်ကြသည်။

မကြာမီ တရွာလုံး ရေအောက် တွင် ပြား ပြား ဝပ်ပျောက်ကွယ် သွားတော့သည်။ အန္တရာယ်ကို သတိမမူသည့် အပြင် စည်းလုံးညီညွတ်မှုလည်း မရှိသော ရေသာရွာကား သဘာဝရေအင်အား၏ ကျော်နင်းလှမ်းမိုးမှုကို ခံလိုက်ရလေပြီ။

ကုန်းသာရွာဘ၌ကား ရွာသူ ရွာသားတို့သည် မြစ်ရေသည် တောင်ကျရေတို့ဖြင့် မာန်စွယ် တပြပြ ဖြစ်လာကတည်းက ရွာသူကြီးကို အကြောင်းကြားကြသည်။ မြစ်အတွင်း မျောပါလာသော ထင်းများကို ရေကူးကျင်လည်သူများကဆယ်ယူ၍ တရွာလုံး ဝေယူကြသည်။

ရွာသူကြီးသည် မောင်းထုကာ လူစုစေသည်။ တရွာလုံး ညီညာဖျဖျ ရေဘေးအန္တရာယ်ကာကွယ်ရန်နှင့် ကင်း စောင့် ရန် စီစဉ်ကြသည်။

တညဉ့် လူခြေတိတ် အချိန်တွင် မြစ်ရေသည်လျင်မြန်သော အဟုန်ဖြင့် တာရိုးရောက်သည် အထိ မြင့်တက်လာသည်။ တညလုံး စောင့်ကြည့်နေသော ရေကင်းက မြင်သဖြင့် ရွာသူကြီးအား ပြေးပြောသည်။ချက်ချင်းပင် သူကြီးအိမ်မှ မောင်းထုသံ တဒိုင်ဒို ထွက်ပေါ်လာသည်။

ရွာသူရွာသားများ ရွာသူကြီးအိမ်သို့ အပြေးအလွှား စုရုံးရောက်ရှိ လာကြသောအခါ ရွာသူကြီးက –

"ရွာသူရွာသားတို့ မြစ်ရေကတော့ စိုးရိမ်ရမဲ့ အခြေအနေရောက်နေပြီ။ ကလေး တွေနဲ့ သက်ကြီးရွယ် အို တွေက ရေဘေးလွတ်နိုင်မဲ့ ရွာမြောက်ဖက်က တောင်ကုန်းပေါ်မှာ သွားနေကြပါ။ ကျန် တဲ့ လူ တွေက တော့ ကျုပ်စီစဉ်ထားတဲ့ အတိုင်း ရေဘေး အန္တရာယ် ကို ညီညီညွတ်ညွတ် ကာကွယ်သွားကြရလိမ့်မယ်။ ကဲ– အချိန်မရှိဘူး၊ ကိုယ့်တာဝန်ကိုယ် ကျေကျေပွန်ပွန် ဆောင်ရွက်ကြပါ"

ရွာသူရွာသားတို့သည် တာရိုးစာလျှောက်၌ သဲအိတ်များ ထပ်ဖိုကြသည်။ တာရိုးအောက်သို့ ကျောက်ခဲများ ပစ်ချကြသည်။ တာရိုး၌ အားပျော့သော နေရာများကို ပိုမိုကျစိုက် ဆောင် ရွက် ကြ သည်။ ရေထုအားကလည်း တဝုန်းဝုန်း ထိုးဖောက်နေသော်လည်း တာရိုးကို မကျော်ဖောက်နိုင်ပေ။ သဘာဝရေအားနှင့် လူသားတို့၏ တိုက်ပွဲတရပ်ပင်ကည်း။

တာရိုးကို မကျော်နိုင်၊ မထိုးဖောက်နိုင်သော ရေအားသည် မိုးသောက်လုနီးအချိန်၌ လူသားတို့၏ ညီညွတ်စွာ ခုခံတိုက်ခိုက်မှုကို အရှုံးပေးသွားရလေသည်။ မိုးလင်းသည်နှင့် မြစ်ရေသည် ပြန်ကျသွားတော့၏။

နှစ်စဉ်နှစ်တိုင်းပင် မိုးကြိုးသောကာလ၌ ဆားဂုံငုံးလွင်ပြင် ဒေသသို့ သဘာဝရေအားသည် အန္တရာယ် ပြုလာတတ်သည်။ ညီညွတ်မှုမရှိပဲ၊ ရေဘေးကို မထေမဲ့မြင်ပြုသော ရွာများကို ရေအားက လွှမ်းမိုး အနိုင်ယူခဲ့၏။ သို့ရာတွင် ရေဘေးအန္တရာယ်ကို အစဉ်သတိထား၍ ညီညာဖျဖျတွန်းလှန်တတ်သော ရွာအချို့ကိုမူကား ရေအားသည် အစဉ်ထာဝရ အရှုံးပေးရသည်သာ ဖြစ်ပေသတည်း။

ချွေတာရေး

အင်းဝဘုရင် သာလွန်မင်းက၊
ချွေတာခြင်းကို အားပေးတယ်။

တနေ့သောခါ တိုင်းခွင်လှည့်တော့၊
ဆင်းရဲမရဲ့ အိမ်ရွှေဝယ်။

ထမင်းရည်ကို ငွေသွန်ချလို့၊
မိုက်မဲလှတဲ့ သူဘဲကွယ်။

ထမင်းရည်ဟာ အာဟာ[illegible]ပြည့်မို့၊
ဆားမှုန်ထည့်လို့ တိုက်ကျွေးတွယ်၊

ကလေးမြေးငယ် ခွေးဝက်မျှ ဘးဟာ
အားခွန်ပြည့်အောင် စားရဝ ယ်။

စဉ်းစားမြော်မြင်
ချွေတာခြင်းကြောင့်၊
ဝေဒနာကင်းလို့ ကျန်းမာမယ်။

လန်းဖြာမယ် ဝမ်းသာဘွယ်။ ။

မောင်မောင်မိုးမင်း

ရွက်ဖြတ်ပိုး

ရွက်ဖြတ်ပိုးသည် ပိုးဖလံတမျိုး၏ အကောင်ခလောင်း ဖြစ်သည်။ ဒေသကိုလိုက်၍ ရွက်ပလိပ်ပိုး၊ ရွက်ဖြတ်ပိုး၊ ရွက်ပြတ်တောင်တဲပဟူ၍ ခေါ်ကြသည်။ စိမ်းစိုနေသော စပါးရွက်များကို ကိုက်ဖြတ်ပြီး ပတ်၍ ဖောင်းကဲ့သို့ အသုံးပြုကာ ရေတွင်မျောသည်။ ထိုနည်းဖြင့် ရွက်လိပ်အတွင်း နေကာ စပါးပင်တပင်မှ တပင်သို့ ကူးပြောင်းပြီး စိမ်းစိုသော အမျှင်များကို စားသောက်သည်။ စပါး ရွက်ဖြတ်ပိုးကျသည့် လယ်ကွင်းတွင် ယင်းကဲ့သို့သော စပါးရွက်လိပ်ကလေးများ ရေတွင်မျောပေါ်နေသည်ကို တွေ့ရတတ်သည်။

ရွက်ဖြတ်ပိုးသည် ရေစွတ်စိုနေမှသာ အသက်ရှူနိုင်သည်။ ကိုယ်ခြောက်သွေ့သည်နှင့် ရွက်ဖြတ်ပိုး သေဆုံးသွားသည်။ တို့ကြောင့် သစ်ပင်မှ အမျှင်များကို စားပြီး စပါးရွက်ကိုလိပ်၍ ရေထဲသို့ ဖြုတ်ချလိုက်ခြင်းဖြင့် စွတ်စိုမှုကို ရယူသည်။ စပါး ရွက်လိပ်ဟောင်း ပုပ်ခါနီးတွင် စွန့်၍ ရွက်လိပ်အသစ်သို့ ကူးပြောင်းကာ အောင်းနေသည်။ ထိုသို့ဖြင့် တပင်မှတပင်သို့ ကူးကာဖြင့် ရက်သတ္တနှစ်ပတ်ကြာမျှ စားသောက်နေထိုင်ပြီး နောက် ပင်စည်တွင် တွယ်ကပ်၍ ပိုးတုံးလုံးတဝဖြင့် နေသည်။ တပတ်မျှ ကြာသော အခါ အတောင်တွင် အနက်စက်နှင့် အဝါစက်များ ပါရှိသည့် လိပ်ပြာအဖြူအဖြစ် ကူးပြောင်းသွားသည်။ ယင်းလိပ်ပြာသည် စပါးခင်းတွင် ပျံသန်းသွားလာရင်း ဥများအုံကာ ရွက်ဖြတ်ပိုးများ ပေါက်ပွားကြပြန်သည်။

ရွက်ဖြတ်ပိုးကျသည့် စိုက်ခင်းတွင် အရွက်များ ဝါ၍ခြောက်သွေ့သွားသည်။ ပင်ထွားနှုန်း တန့်၍ သီးနှံထွက် ဆုတ်ယုတ်သည်။

မောင်ဆုပန်

ရန်ကုန်မြို့၊ ၁၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ငှဉ် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ကုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဓ၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at

⬇ Click below link ⬇

https://www.facebook.com/shwethwayjournal/